
www.burmeseclassic.com




# သင်မြတ်နိုး

ဝေလွင်ကြွေ

L လင်း

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပ နိုင်ငံ များအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုး သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုး ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သင်မြတ်နိုး

# ပေလွင်ငြေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၇၃၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၄၄၀၂၁၀
အဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယံအော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ်၊ ဇွန်လ။
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
သင်မြတ်နိုး
ဝေလွင့်ကြွေ/ သင်မြတ်နိုး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ဝေလွင့်ကြွေ

# အခန်း [၁]

"ကဗျာရေ"

"ကဗျာရေ"

စကားဝါပင်ကြီးအောက်မှ တအားပြေးလာခဲ့ရ၍ ကိုလင်း အရမ်းမောနေရှာသည်။ ကဗျာနေသော လရိပ်မွှန် ခြံကျယ်ကြီး၏ တံခါးနားအရောက် ကဗျာနာမည်လေးကို ကြောက်ကြောက်လန့်လန့် တမ်းခေါ်ရင်း ရင်ထဲတလှပ်လှပ် ခုန်နေတော့သည်။

"ကဗျာ"

"ကဗျာ"

ကဗျာကလည်း ခေါ်သံကြောင့် ကိုလင်းကို အသံပေး ထိုက်သည်။

"ကိုလင်းရေ ကဗျာဒီမှာပါ"

ကဗျာ့အသံကို ကြားလိုက်ရ၍ ကိုလင်း အရမ်းဝမ်းသာ

www.burmeseclassic.com



သွားသည်။

ကဗျာ အသံသာကြားပြီး လူကိုမမြင်ရ၍ ကိုလင်းက ကဗျာဘယ်မှာလဲ၊ ကိုလင်း မမြင်ရပါ။

လူတစ်ရပ်စာမက မြင့်မားသော စကားပါပင်တွေ ကာဆီး နေ၍ အသံသာကြားပြီး ဘယ်နားက အော်နေမှန်း မသိသော ကဗျာကို ကိုလင်း လိုက်ရှာနေမိသည်။

"ဒီမှာ…ဒီမှာ"

"ကဗျာ ဒီဘက်မှာပါ"

ကိုလင်း အရမ်းလန့်သွားသည်။

လှုပ်သွားသော စကားဝါပင်တွေကြားထဲမှ လှပသော ကဗျာမျက်နှာလေး ဝင်းဝင်းလေးထွက်လာတော့မှ ကိုလင်း အရမ်း အရမ်းကို ပျော်မိပြန်သည်။

ကဗျာရယ် ကိုယ့်ကို ဘာကြောင့် လန့်အောင်လုပ်ရတာလဲ။

"ရော့…ယူလေ"

"ကဗျာ အရမ်းလိုချင်နေတဲ့ စကားဝါပွင့်လေးတွေလေ"

"ကိုလေ မနက်စောစောထပြီး ကောက်ထားရတာ"

လှပသော စာရွက်ဖြူဖြူလေးထဲမှ စကားဝါပွင့်လေးတွေ က ကဗျာရဲ့ လက်ခုပ်လေးထဲမှာ နေရာယူလိုက်ကြသည်။

"ဟော့…ဟော့ ကောင်းလေး"

"ဟင်"



ကဗျာလက်ထဲမှ စကားဝါပွင့်ထုပ်ကလေးမှာ နောက် ဘက်မှ ဆွဲလုခြင်းကို ခံလိုက်ရသည်။

လှည့်ကြည့်လိုက်တော့ စိမ်းရဲ့မိခင် ဒေါ်မိမိလေ။

"ဟင်"

လင်းထက်ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်အထိ လန့်သွားရသည်။

"ဟိတ်…မပြေးနဲ့"

ထပြေးရန် ပြင်လိုက်သော လင်းထက်ရဲ့ ပခုံးပေါ်မှ အင်္ကျီ ကော်လံစကို တအားဆုပ်ကိုင်ခြင်း ခံလိုက်ရ၍ လင်းထက်ကိုယ် လေး ယိမ်းယိုင်သွားရသည်။

"နင်က ငါ့ကို အာခံတာလား၊ ပြောစမ်း"

"မဟုတ်…မဟုတ်ပါဘူး ကြီးကြီးရယ်၊ ကျွန်တော် ကြီးကြီးကို ကြောက်ပါတယ်၊ ကျွန်တော့်ကို မရိုက်ပါနဲ့နော် ကြီးကြီး"

"ဘာပြောတယ်ကွဲ့"

ဆုပ်ကိုင်ထားသော အင်္ကျီကော်လံစကို တအားဆောင့် ဆွဲလိုက်သဖြင့် လင်းထက်ရဲ့ကိုယ်လေး နောက်ပြန်လဲကျသွား သည်။

"အား"

တင်ပါးဆီက နာကျင်သွားသော အတွေ့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လင်းထက်မျက်နှာလေး ရှုံ့မဲ့သွားသည်။

လင်း မျက်ဝန်းထဲက မျက်ရည်ပေါက်တွေ တလိမ့်လိမ့် စီးကျလာသည်။ စောစောက ပုဏ္ဏရိတ်ပင်တန်းကြားကလေးထဲသို့ ကဗျာ ရှိလိုရှိငြား ရှာကြည့်လိုက်သောအခါ ကဗျာကို မတွေ့ရတော့ချေ။

"နင်က ငါ့သမီးဆီက ချောကလက်တွေ၊ မုန့်တွေ ညာစားဖို့ လာနေတာပေါ့ ဟုတ်လား၊ နင်ယူလာတာ ဘာထုပ်လဲ ပြောစမ်း"

"ဟို"

"ကြီးကြီး…ဟို ကဗျာလေ ကဗျာက စကားဝါပန်းတွေ လိုချင်တယ်ဆိုလို့ ကျွန်တော်ကောက်ပြီး လာပို့တာပါ ကြီးကြီးရယ်၊ ကြီးကြီးမယုံရင် လက်ထဲကအထုပ်လေးကို ဖြေကြည့်လိုက်ပါ၊ ကျွန်တော် မလိမ်တတ်ဘူး"

လင်းထက်၏အသံထဲမှ ငိုသံလေးက သိသာစွာ လိုက်ပါလာပြီး ဒေါ်မိမိမေထံမှ ဝင့်ခနဲ တိုက်လိုက်သော မျက်စောင်းနှင့်အတူ နားတစ်ဖက်တစ်ချက်ဆီမှ ပြုံးခနဲပျက်ခနဲ ဝင်းလက်သွားသော စိန်နားကပ်အရောင်ကိုပါ လင်းထက် လှမ်းမြင်လိုက်ရသည်။

"ဒီမှာ…ဒီမှာ"

"ခင်ဗျာ"

"နင့်ကို ငါပြောထားတယ်မဟုတ်လား၊ ကဗျာနဲ့ ဝေးဝေး



နေပါလို့၊ ပတ်သက်စရာမရှိဆိုတာ နင်နားလည်ရဲ့လား၊ ဟင်း ဟင်း"

"ကလေကဝ အရက်သမားသားကများတော် တန်ရာတန်ရာ မပေါင်းဘဲ မတန်မရာနဲ့ လာပေါင်းရတယ်လို့၊ နင်နဲ့ ငါ့သမီး အဆင့်အတန်းချင်း တူလို့လားဟဲ့၊ ကဲ…ဟယ်"

"……"

လင်းထက်မျက်လုံးထဲမှာ လျှပ်စီးလက်သလို ဝင်းလက်သွားသည်။

ဒေါ်မိမိမေသည် သူ့မလက်ထဲမှ စကားဝါပန်းထုပ်နှင့် လင်းထက်၏ မျက်နှာတည့်တည့်ကို ပစ်ပေါက်လိုက်လေသည်။

လင်းထက်၏ ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားလိုက်ရသည်။

"နောက်တစ်ခါ ဒီခြံဘက်ကို လာရဲလာကြည့်၊ ငါ့အကြောင်း သိသွားမယ်"

ဒေါ်မိမိမေလည်း ပြောပြီး လင်းထက်နားက ချာခနဲလှည့်ထွက်သွားသည် လင်းထက်သည် မြေပေါ်ပြန့်ကျဲနေသော စကားဝါပွင့်လေးတွေကိုကြည့်ရင်း ဝမ်းနည်းလာသည်မို့ ဒူးကလေးထောက်ကာ ထိုင်ရင်း ပန်းပွင့်လေးတစ်ပွင့်ကို လှမ်းယူလိုက်သည်။

"စကားဝါပွင့်ကလေးရယ်…တို့က အရမ်းဆင်းရဲလို့ အနိမ့်ခံရတာပါ၊ စကားဝါပွင့်တွေကို ရင်ဝယ်ပွေ့ရင်း ဝမ်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲစွာ ကျန်ရစ်ခဲ့တော့သည်။

လင်းထက်ရင်ထဲမှာ နင့်နေအောင်ခံစားရကာ ကဗျာ တစ်ယောက် သိမှာမဟုတ်ပါဘူးလေ။

၀ ၀ ၀

## အခန်း [၂]

"တီ…တီ"

"တီ"

"ကိုလင်းရေ"

"ဟင်…ကဗျာ…ကဗျာ"

ကဗျာကို ဝမ်းသာအားရ လှမ်းခေါ်လိုက်ရင်း…

"ဖေဖေရေ့ သူက သားသူငယ်ချင်း ကဗျာဝေလေ"

လင်းထက်တို့ သားအဖနှစ်ယောက် စီးလာသော ဆိုက်ကားလေးကို ကျော်တက်ရင်း ကဗျာကားပေါ်က လက်ပြ လိုက်သည်။

ဆိုက်ကားကလည်း နှေးလိုက်တာအဖေရယ်၊ ကဗျာ့ ကားလေးက လင်းထက်တို့စီးလာတဲ့ အနှေးယာဉ်လေးနဲ့ တော်တော် ဝေးသွားပြီဖြစ်သည်။ ကားလေးကို မျက်စိတစ်ဆုံး ငေးကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့မှာပင် ကားကလေးက လင်းထက်မျက်လုံးအိမ်ထဲမှ ပျောက်ကွယ်သွားသည်။

"သားသူငယ်ချင်းနာမည်က ကဗျာဝေတဲ့လား"

"ဟုတ်တယ် ဖေဖေ၊ ကဗျာတို့က အရမ်းချမ်းသာတယ် ဖေဖေရေ၊ ကျောင်းရောက်ရင်လည်း သားကို မုန့်တွေအများကြီး ကျွေးဖို့ စောင့်နေတော့မှာ သေချာတယ်"

"သားရယ်"

သည်ကမ္ဘာလောကကြီးတွင် သည်သားကိုတော့ ဦးထွန်းညို အချစ်ဆုံးပင်။

သားအတွက် နေ့ရက်၊ နာရီ၊ စက္ကန့်များစွာ အသက်ရှင်ခဲ့ရသည်ဟု ဦးထွန်းညိုစိတ်ထဲမှာ စွဲနေမိသည်။

သားက အမိမဲ့သား။

မွေးကတည်းက မိခင်ရင်ငွေ့ကို ခိုလှုံခွင့်မရခဲ့သည့်သားမို့ နှလုံးသားနှင့်ရင်းပြီး သားကို ချစ်ခဲ့ရသည်။

"သားသူငယ်ချင်း ကဗျာက သားတို့နဲ့ တစ်တန်းတည်း လားဟင်သား"

"တစ်တန်းတည်းပေါ့ ဖေဖေရ၊ ကဗျာက သဘောလည်း ကောင်းတယ်၊ အတန်းထဲမှာဆို စာအတော်ဆုံးပဲ၊ သားကိုလည်း အဆင့်အတန်းမခွဲခြားဘဲ ကောင်းကောင်းဆက်ဆံတယ်၊ အရမ်းခင်ဖို့ကောင်းတဲ့ သူငယ်ချင်းပေါ့ ဖေဖေရ"



ဦးအောင်သိန်းက…

"သား…ဟိုတစ်နေ့က စကားဝါပွင့်တွေ ကောက်ပေးလိုက်ပြီလား"

"ဗျာ"

လင်းထက် ဘာဖြေရမှန်းမသိအောင် ငိုင်သွားသည်။ ကဗျာမိခင် ဒေါ်မိမိမေ၏အကြောင်းကိုတော့ ဖခင်ဖြစ်သူ စိတ်မကောင်းဖြစ်နေမှာမို့ ခုချိန်ထိ လင်းထက် မပြောမိသေးချေ။

"ဟုတ်…ဟုတ်ကဲ့၊ ပေးလိုက်တယ်ဖေဖေ၊ ကဗျာက စကားဝါပန်းလေးတွေ အရမ်းချစ်တယ်၊ ကျောင်းရောက်ရင် ပေးဖို့ ထပ်တောင်ကောက်လာသေးတယ်၊ ဒီမှာကြည့်ပါဦး ဖေဖေ"

"အားပါး…လွယ်အိတ်နဲ့တောင် မဆံ့တော့ပါလားကွာ၊ ငါ့သားကတော့ကွာ ဟား ဟား"

ဦးအောင်သိန်း၏ သဘောကျရယ်မောသံတွေ လှိုင်တက်လာသည်။

"ဖေဖေကလည်းဗျာ"

"ဖေဖေက မင်းကို ဘာပြောလို့လဲကွ၊ ဘာလဲ ဖေဖေ ပြောတာ သားက ရှက်သွားလို့လား၊ ဟား…ဟား"

ဦးအောင်သိန်းတစ်ယောက် ရယ်မောလို့မဆုံးအောင်ဖြစ်သွား၏။ သားအပြုအမူနဲ့ သားမျက်နှာကိုကြည့်ပြီး သဘောကျရပြီ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆိုတဲ့ ကောင်မလေးကို ပေးဖို့တဲ့။

ပန်းတွေကလည်း လွယ်အိတ်နဲ့အပြည့်။ ပြီးတော့ သားက ခင်လိုက်ပါတဲ့။ တွေးရင်းနှင့် ဦးအောင်သိန်းတစ်ယောက်တည်း ပြုံးနေမိသည်။ အေးလေ မွေးကတည်းက သူငယ်ချင်းအပေါင်း အသင်းဆိုတာ သားလင်းထက်ဆီမှာ မရှိခဲ့တာပဲ။

အင်း…ဒါပေမဲ့ သူတို့က လူချမ်းသာတွေဆိုတော့လည်း ခက်ပါတယ်လေ။

"ဟင်"

ဦးအောင်သိန်းတွေးပြီး ပင့်သက်ရှည်ကြီးကို မှုတ်ထုတ်လိုက်မိသည်။ ဆိုက်ကားလေးကတော့ ကျောင်းရှေ့ကိုပင် ရောက်လာခဲ့ပြီးဖြစ်သည်။

"ကိုလင်းရေ"

"ဟင်…ကဗျာ"

ကျောင်းအပေါ်ထပ်ကနေ လက်ကလေးပြပြီး ကဗျာ လှမ်းခေါ်နေသည်။ ဦးအောင်သိန်းက…

"သား…အဖေသွားတော့မယ်"

"သားလည်းသွားမယ်အဖေ၊ ဟိုမှာ ကဗျာ လှမ်းခေါ်နေပြီ၊ သားသွားပြီဖေဖေ"

"အေး…သွားတော့ကွယ်"

လင်းထက် ခြေလှမ်းခပ်သွက်သွက်ဖြင့် ကျောင်းဝင်းထဲ



ပြေးဝင်ခဲ့တော့သည်။

ခင်မင်ရဆုံး သူငယ်ချင်း ကဗျာအတွက် တစ်ညနှင့် တစ်မနက် ကောက်လာခဲ့သည့် စကားဝါပွင့်တွေကို ပေးရတော့မှာမို့ လင်းထက်တစ်ယောက် အရမ်းပျော်နေပြီ မဟုတ်လား။

"ရော့…ကဗျာ ယူလေ"

စကားဝါပွင့်လေးတွေကို ယုယစွာ ကိုလင်း လှမ်းပေးလိုက်သည်။

"လှလိုက်တဲ့ ပန်းလေးတွေ"

ကဗျာက ကိုလင်းပေးတဲ့ စကားဝါပွင့်တွေကို လှမ်းယူလိုက်သည်။

"လှလိုက်တဲ့ စကားဝါပွင့်လေးတွေနော်၊ ကဗျာလေ ကိုလင်းကို အရမ်းကျေးဇူးတင်ပါတယ်"

"ညကတည်းက မအိပ်ဘဲနဲ့ တစ်ညလုံးစောင့်ကောက်ထားတာ ကဗျာရဲ့၊ မနက်ကျတော့လည်း ထပ်ကောက်ထားတယ်၊ အများကြီးပဲနော် ကဗျာ"

"သြော်"

"ဒါနဲ့…မနေ့က ကိုလင်းကို မေမေဆူလိုက်သေးလား"

ကြည်လင်နေသော လင်းထက်မျက်နှာလေးမှာ ချက်ချင်း ညှိုးကျသွားသည်။

"ရပါတယ် ကဗျာရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဗျာလေ ကြောက်လိုက်တာ အရမ်းပဲ၊ မေမေက ကဗျာကို ဆူတယ်၊ ကဗျာလေ ငိုလိုက်တာပေါ့"

ဆံပင်လေးတွေ လှုပ်ရမ်းပြီး ပြောနေသော ကဗျာကို မျက်တောင်မခတ်ဘဲ ကိုလင်း စိုက်ကြည့်နေမိသည်။

မဟော်ဂနီရောင် ဆံနွယ်လေးက ကဗျာပခုံးထက်မှာ ဝဲနေအောင် လှပပြီး ဖင်ရော်တောင်မျက်ခုံးတန်းလေး နှစ်ခုအောက်က ကြည်လဲ့နေသော မျက်ဝန်းတစ်စုံ၊ ပန်းနုရောင်သန်းနေသော ပါးမို့မို့နှစ်ဖက်နှင့် ချိုသွေးနေသော နှုတ်ခမ်းပါးလေးက ရယ်လိုက်လျှင်လည်း ပါးချိုင့်လေးနှစ်ဖက်နှင့် ချစ်စဖွယ် ကောင်းမလေးပါ။

ကဗျာရဲ့ ဝင်းဝါနေသော အသားအရေ၊ အရပ်အမောင်း၊ ခန္ဓာကိုယ်အချိုးအစားလေးက ပုရိသတို့ ရင်ခုန်စရာ ကျစ်လစ်ပြီး အရမ်းကြည့်ကောင်းပြီး ဆွဲဆောင်မှုရှိသည်။

"ကိုလင်း"

ကဗျာအသံလေး ကြားရတော့မှ ဖျတ်ခနဲ ကိုလင်း သတိဝင်သွားသည်။

"ပြောလေ ကဗျာ"

"ကိုလင်းကို ကဗျာလက်ဆောင်တစ်ခု ပေးချင်လို့"

ကိုလင်း ထိတ်လန့်သွားမိသည်။ ကဗျာပေးမယ့် လက်ဆောင် ကိုလင်းမယူချင်။ မယူရဲဘူး။ ခေါင်းလေးကို ခါယမ်းပြီး ငြင်းလိုက်မိသည်။



ကဗျာမျက်ဝန်းလေး ဝိုင်းစက်သွားရသည်။

"ဘာဖြစ်လို့လဲ ကိုလင်းရယ်"

"ကဗျာတို့အိမ်က သိသွားရင် ကိုလင်းကို အထင်သေးမှာပေါ့၊ ကိုလင်း လက်မခံပါရစေနဲ့၊ မယူပါရစေနဲ့"

"ဟင့်အင်း…ဟင့်အင်း ပေးတာမှန်သမျှ ကိုလင်းယူရမယ်၊ လက်မခံရင် ကိုလင်းကို ဘယ်တော့မှ မခေါ်တော့ဘူး၊ တ်လည်းမပတ်သက်တော့ဘူး"

ကဗျာ ထုတ်ပြလိုက်သော ပစ္စည်းလေးကို ကြည့်ပြီး အံ့သြသွားရသူက လင်းထက်။

စိမ်းလက်ထဲမှာ ရွှေရောင်ဝင်းနေသော ကိန္နရီမောင်နှံ ရုပ်ပြားလေးတစ်ခုကို လင်းထက် တွေ့လိုက်ရသည်။

"ဒါ ကဗျာမွေးနေ့တုန်းက ဖေဖေဝယ်ပေးထားတဲ့ လက်ဆောင်လေးပါ၊ ကိုလင်းကို အရမ်းခင်လို့ ကဗျာပေးထားတာ ပါ"

လှမ်းယူရမယ့် လင်းထက် လက်ချောင်းကလေးတွေ တဆတ်ဆတ် တုန်နေတော့သည်။ လက်မခံရင်လည်း ကဗျာ စိတ်ဆိုးသွားမှာကို လင်းထက် စိုးရိမ်မိသည်။

ကဗျာကလည်း လှမ်းပေးနေသည်။

"ယူလေ"

ယူလိုက်ပါ ကိုလင်းရယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းလေးကို ကိုလင်းဘဝတစ်လျှောက်လုံးအတွက် ထာဝရ အမှတ်တရ လက်ဆောင်လေးအဖြစ် သိမ်းထားရမယ်နော်၊ ဒီဘူးထဲမှာစာပါတယ်၊ ဖတ်ကြည့်လိုက်ပါဦး ကိုလင်း"

ကိုလင်း ဖတ်ကြည့်လိုက်သည်။

"ကဗျာကို အမြဲတမ်း သတိရပါတဲ့"

"ကဗျာရယ်"

လင်းထက် ကဗျာအတွက် ဘာလက်ဆောင်မှ ပြန်မပေး နိုင်၍ ဝမ်းနည်းသွားရသည်။

"ကဗျာနဲ့ ကိုလင်း ဘယ်တော့မှ မမေ့ကြေးနော်"

သူတို့နှစ်ယောက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကတိ ပေးကြသည်။

ဝင်းလက်သွားသော ကဗျာမျက်နှာပေါ်မှ ကြည်နူးဝမ်းသာ အပြုံးလေးများကို လင်းထက် လှမ်းမြင်လိုက်ရသည်။

"လာ...ကိုလင်း ဟိုထောင့်က ကုံကော်ပင်ကြီးအောက် မှာ သွားထိုင်ကြမယ်နော်"

မုန့်စားဆင်းချိန်မို့ ကျောင်းဝင်းထဲမှာ ကျောင်းသားတွေ ရှုပ်ထွေးနေသည်။ တို့နှစ်ယောက်ထိုင်တဲ့ ကုံကော်ပင်က ကျောင်းဝင်းနဲ့ နည်းနည်းအလှမ်းဝေးတော့ အေးအေးဆေးဆေး ဖြစ်တာပေါ့။

"ကိုလင်းကို ကဗျာ မေးစရာရှိလို့"



"ဘာမေးမလို့လဲဟင် ကဗျာ"

အတော်ကြာတော့မှ ကဗျာ မေးလိုက်သည်။

"ဟို...ဟိုလေ"

"ကဗျာမေးတာကို ကိုလင်း စိတ်မဆိုးရဘူးနော်"

"မေးမှာသာမေးပါ ကိုလင်း စိတ်မဆိုးပါဘူး"

ကဗျာ မျက်တောင်လေးတွေ တဖျတ်ဖျတ်ပုတ်ရင်း

"ဟိုလေ...ဟို ကိုလင်းဖေဖေက အရက်တွေအရမ်း သောက်တာပဲဆို"

"ဟင်"

သည်ကိစ္စကို ကဗျာဘယ်လိုသိသွားတာလဲ။ လင်းထက် ငြင်းရဲပါ။ ငိုင်သွားမိသည်။

လင်းထက်အတွေးထဲမှာ ဖေဖေ့ရဲ့ နီရဲနေသော မျက်လုံး တွေကို ပြန်မြင်နေမိသဖြင့် ကဗျာခေါ်သံကို လင်းထက်မကြားမိ လိုက်ပါချေ။

"လင်း...ကဗျာကို စိတ်ဆိုးသွားပြီလားဟင်"

လင်း မဖြေ။

ကဗျာထံမှ ရှိုက်သံလေး ထွက်လာတော့မှ လင်းထက် လည်း ထိတ်ခနဲဖြစ်သွားရသည်။

"ကိုလင်း ကဗျာကို စိတ်မဆိုးပါဘူး၊ မငိုနဲ့နော်၊ ကဗျာ မေးတာ ဘယ်လိုဖြေရမှန်းမသိလို့ ကိုလင်းစဉ်းစားနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်း ဘာမှမဖြေနဲ့တော့နော်၊ ကဗျာလည်း ဘာမှ မမေးတော့ဘူး"

"ကိုလင်းရယ်"

"ကဗျာ သိချင်တာကို ကိုလင်း ဖြေပါ့မယ်၊ ကိုလင်း ခံစားနေရတဲ့ ဝေဒနာတွေကိုတော့ ကဗျာသိမှာမဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုလင်းကို နားလည်ပေးပါကွာ"

"ကဗျာသိအောင် ကိုလင်းပြောမယ်နော်"

ကဗျာ နားထောင်နေသည်။

"ကိုလင်း ဖေဖေက အရက်တွေ အရမ်းသောက်တယ်"

"ကိုလင်းရယ်"

ညှိုးငယ်သွားသော ကိုလင်းမျက်နှာလေးကို ကဗျာ စိတ် ကောင်းစွာ ကြည့်နေမိသည်။

"ဖေဖေ တစ်နေကုန် ဆိုက်ကားနင်းနေရတော့ ပင်ပ တာပေါ့ ကဗျာရယ်၊ ကဲ ကဗျာ ဘာမေးချင်သေးလဲ၊ မေးလေ"

"မေမေက ကဗျာကို ပြောဖူးတယ်၊ အရက်သမားသ က မွေးရင် အရက်သမားပဲ ဖြစ်မယ်တဲ့၊ ကိုလင်းကြီးလာ ကိုလင်းဖေဖေလိုပဲ အရက်တွေအများကြီး သောက်မှာလား ကဗျာ အရမ်းသိချင်လို့မေးတာပါ"

"ကိုလင်း စိတ်မဆိုးပါနဲ့နော်"

"ကဗျာက အဲဒီလိုလုပ်တာ မကြိုက်ဘူးလား"



"အင်းပေါ့ ကိုလင်းရဲ့၊ ကိုလင်း ကြီးလာရင် ကိုလင်း ဖေဖေလို အရက်တွေသောက်နေရင် ရင်ကျိုးရမှာ"

ကဗျာသည် ရင့်ကျက်တည်ငြိမ်တဲ့ လူကြီးလေး တစ်ယောက်လို ခပ်တည်တည် ပြောလိုက်သည်။

ကိုလင်းကို ပြုံးကြည့်ရင်း...

"ကဗျာရယ်...ကဗျာမကြိုက်ရင် ကိုလင်း ဘာမှမလုပ် ပါဘူး"

ကိုလင်း ကတိတွေပေးလိုက်တော့ ကဗျာမျက်နှာ ဝင်းဝင်း လေး ကြည်လင်တောက်ပသွားရသည်။

"ပြီးတော့ ရှိသေးတယ်ကိုလင်း၊ ကိုလင်းကြီးလာရင် ရည်းစားတွေအများကြီး မထားနဲ့နော်"

"အင်း"

သည်တစ်ခါတော့ ကိုလင်း အသံကလေးထွက်အောင်ပင် ရယ်လိုက်တော့သည်။

"ရည်းစားလည်း မထားပါဘူး ကဗျာရယ်၊ ကိုလင်း ကြီးရင်"

"ကဲ...ကဗျာလေး ကျေနပ်ပြီလား"

"ကိုလင်းကိုတော့ ဟိုဟာမထားရ၊ ဒီဟာမလုပ်ရနဲ့ ကဗျာ ကျ ဘာကတိတွေ ပေးမှာလဲ"

"ဟင်း...ကဗျာက ပိုတောင်ဝေးသေး၊ တစ်ယောက်ဆို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ပိတောက်ဆိုပိတောက်၊ မယုံရင် ကိုလင်းစောင့်ကြည့်လိုက်''

''ဘုရားစူး''

''စူး''

''မိုးကြိုးပစ်''

''ပစ်''

ကဗျာကလည်း အားကျမခံ ကိုလင်းဘက် မျက်နှာလေးလှည့်ကာ…

''ကိုလင်းလည်း စူး''

''စူး''

''မိုးကြိုးလည်းပစ်''

''ပစ်''

''တကယ် တကယ်ပေါ့''

''ဘာလဲ မယုံလို့လား''

''ဒါကြောင့်မို့ ကိုယ့်ကို ကိန္နရီမောင်နှံဆွဲပြားလေး လက်ဆောင်ပေးတာ သိရဲ့လား လင်းရဲ့၊ ဖေဖေကပြောတယ် ကိန္နရီကိန္နရာတွေဟာ အရမ်းပဲချစ်ကြပြီး သစ္စာအရမ်းရှိတယ်ဆို''

''အင်း…ဟုတ်တယ်''

''တစ်ယောက်သေရင်တောင် နောက်တစ်ယောက်ကလည်း လိုက်သေကြတာပဲတဲ့၊ သမီးလေး အရွယ်ရောက်လာရင်



သူတို့လို သစ္စာတရားမျိုး ထားရမယ်တဲ့''

ကဗျာက မျက်လုံးလေးမှိတ်ပြီး ပြောနေသည်။

''ကဗျာလေးပေးထားတဲ့ ဆွဲကြိုးလေးကို အမြဲတမ်း သိမ်းထားပေးပါနော် ကိုလင်း''

''ကဗျာလေးကို ကို အရမ်းခင်တာပဲသိလား''

''ကဗျာ ခင်သလို ကဗျာ့စကားကိုလည်း နားထောင်ရမယ်နော်၊ ကဗျာ မကြိုက်တာတွေကို မလုပ်ရဘူးနော်''

ခေါင်းကလေးကိုသာ ကိုလင်း ညိတ်ပြလိုက်မိတော့သည်။

ကဗျာရယ်…

ကဗျာကို ကိုလင်းရင်ထဲမှာ တစ်သက်စာထာဝရ ခင်မင်နေချင်တယ်ဆိုတာ ဒီကုက္ကိုပင်ကြီးအောက်မှာ သက်သေတည်ပြီး ပြောတာပါကွာ။

ယုံပါနော် ကဗျာ။

ဝ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၃]

ကဗျာခေါ်၍သာ လရိပ်မှန်ခြံဝင်းနားသို့ ကိုလင်းရောက်လာခဲ့ရသည်။ ကြောက်စိတ်တွေကြောင့် ကိုလင်းရင်တွေ တုန်ခါသွားသည်။

လမ်းပေါ်က လှမ်းကြည့်လိုက်လျှင် ခမ်းနားထည်ဝါလှသော ကဗျာတို့ရဲ့ တိုက်ဖြူမြင့်မြင့်ကြီးကိုပင် လှမ်းမကြည့်ရဲအောင် ကိုလင်း ကြောက်နေမိသည်။

ရှေ့ဆက်မလျှောက်တော့ဘဲ ကဗျာတို့ခြံနှင့်ကပ်လျက် ခြံရှေ့က ခုံတန်းလေးပေါ်မှာ ထိုင်ရင်း ကဗျာအလာကို စောင့်နေလိုက်သည်။

"ဒီမှာ ဟေ့လူ"

"ဟင်"

"မင်းဘာဖြစ်လို့ တို့ခြံရှေ့မှာ ထိုင်နေရတာလဲကွ၊ ဘာလဲ



ခြံထဲဝင်ပြီး အလစ်သုတ်မလို့ ချောင်းနေတာလား"

"ဘာပြောတယ်ကွ"

ကိုလင်းမျက်နှာ ဒေါသရိပ်တို့ ထင်းခနဲ ဖြစ်သွားသည်။ ကိုယ်နှင့်ရွယ်တူလောက်ရှိသည့် ကောင်လေးတစ်ယောက်က ကိုလင်းကို စူးစိုက်ကြည့်ပြီး အကဲခတ်နေသည်။

"ငါမေးတာ ရှင်းရှင်းလေးပါကွာ၊ အလစ်သုတ်မလို့ဆိုရင်တော့ ငါ့လက်သီးက ဘယ်မျက်နှာကိုမှ ရွေးမှာမဟုတ်ဘူး"

ကိုလင်း ဒေါသကြောင့် ဆူပွက်သွားသော အသိက ကိုလင်းတစ်ကိုယ်လုံး ပျံ့နှံ့သွားတော့သည်။

"ဒီမှာကွ၊ မင်းကိုယ်မင်း ချမ်းသာတယ်ထင်ပြီး သိပ်ဘဝင်မမြင့်နဲ့၊ မင်းတိုက်တစ်ခုလုံး အလကားပေးရင်တောင် ဒီကမယူဘူး၊ ငါ့သူငယ်ချင်းကို စောင့်နေတာကွ"

"လေသံက မာလှချည်လား"

"မာတော့ မင်းက ဘာလုပ်ချင်လဲ"

"ဒီလောက်တောင် မာတဲ့ကောင်၊ ကဲကွာ ကဲကွာ"

အတင်းဝင်လာသော လက်သီးကို ကိုလင်း အသာရှောင်လိုက်သည်။ သူ့ကိုရှောင်ပြီး တစ်ပတ်လည်ကာ အသင့်အနေအထားမျိုး ရောက်အောင် ပြင်ထားလိုက်သည်။

"ကိုလင်း...ကိုလင်း"

"ဟင်...ကဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဝင်လာသဖြင့် ပွဲအခြေအနေ ငြိမ်သွားသည်။ ကဗျာက သူတို့နှစ်ယောက်ကြား ဝင်ရပ်လိုက်သည်။

“ကိုလင်း ဘာဖြစ်တာလဲ”

ကဗျာ အလောတကြီး လှမ်းမေးလိုက်သည်။

“ကိုလင်းကို ရန်လာစလို့”

“ဘာပြောတယ်ကွ၊ ခြံထဲ အလစ်ဝင်သုတ်မလို့ ခြံရှေ့မှာ ရစ်သီရစ်သီ လာလုပ်နေတာ ထည့်ပြောဦးလေကွာ”

ကဗျာ ခါးကလေးထောက်ပြီး ချာခနဲ ကောင်လေးဘက် လှည့်ကြည့်လိုက်သည်။

“အောင်မာ…အောင်မာ ဒါ တို့သူငယ်ချင်းဟ သိရဲ့လား၊ နင်ပြောတဲ့စကားတွေ တို့သူငယ်ချင်းကို စော်ကားရာရောက်နေပြီ သိရဲ့လား၊ ကဲ ကိုလင်း သွားရအောင်”

ကဗျာ ကိုလင်းလက်ကိုဆွဲပြီး ခြံထဲဝင်သွားလေသည်။

ကဗျာခေါ်လို့သာ လိုက်ခဲ့ရတာ၊ ကိုလင်း အရမ်းကြောက်နေမိသည်။

ကိုလင်းကိုကြည့် ကဗျာက…

“ဘာလဲ မေမေ့ကိုကြောက်လို့လား၊ ဘာမှမပူနဲ့၊ ဒီနေ့ ဖေဖေရော မေမေရော အိမ်မှာမရှိကြဘူး၊ အပြင်သွားကြတယ်”

“ဟုတ်လားကဗျာ၊ တကယ်လား”

ကိုလင်း အရမ်းပျော်သွားသည်။



ခြံဝင်းတံခါးကြီးက တကယ့်ကို အနိုင်အမာ ကျယ်ဝန်းလှသော ခြံကြီးထဲမှာ ကွန်ကရစ်ခင်းထားသည့် လမ်းလေးအဆုံး ကဗျာတို့ရဲ့ ထည်ဝါလှသော တိုက်ဖြူဖြူကြီး ရှိနေသည်။

“ဝင်လေ”

ကဗျာက ကိုလင်းလက်ကို အတင်းဆွဲနေတော့သည်။

ကိုလင်း မရဲတရဲ အိမ်ထဲလှမ်းဝင်လိုက်သည်။

“ဦးလေးခန့်ရေ…ဦးလေးခန့်”

“ဦးလေးခန့်”

“ကဗျာရေ…ဦးလေးခန့် ဒီမှာဟေ့”

“ခဏ…ဦးလေးခန့်ရေ၊ ကဗျာ ပြောစရာရှိလို့”

“အေး…အေး…လာပြီ…လာပြီ”

အသံကြားတာနဲ့အတူ ပန်းချုံကြားထဲက အသက်လေးဆယ်ခန့် ဦးလေးကြီးတစ်ယောက် ထွက်လာသည်ကို လှမ်းမြင်လိုက်သည်။

ဦးလေးခန့်ဆိုတဲ့သူက ကိုလင်းမျက်နှာကို အကဲခတ်ပြီး ကြည့်နေသည်။

“ဦးလေးခန့်”

“ဘာလဲဟ”

“ဒါ…ကဗျာ့သူငယ်ချင်းလေ”

“ဩော်”

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးခန့်မျက်နှာမှာ လင်းထက် မခန့်မှန်းနိုင်တဲ့ အရိပ် ကလေးတစ်ခု ထင်ဟပ်သွားသည်ကို မြင်လိုက်သည်။

ခေါင်းကလေးကို ကိုလင်း ငုံ့ထားလိုက်မိသည်။

"သူ့နာမည်က ကိုလင်းတဲ့ ဦးလေးခန့်၊ အဲဒါ သူနဲ့ ကဗျာ ခြံထဲမှာ အတူတူဆော့မလို့ ကဗျာခေါ်ထားတာ၊ ဖေဖေနဲ့ မေမေ ပြန်လာရင် ကဗျာသူငယ်ချင်းအကြောင်းကို မပြောရဘူးနော်"

"အေး…အေး"

ကဗျာ မျက်နှာကလေး ပြုံးရွှင်သွားသည်။

"လာ…ကိုလင်း ခြံထောင့်က ခုံတန်းလေးမှာ သွားထိုင် ကြမယ်နော်"

ခြံဝင်းထဲမှာ ရေကူးကန်၊ တင်းနစ်ကွင်း၊ အရောင်အသွေး စုံတဲ့ လှပတဲ့ ပန်းပင်ကြီးများကို ကိုလင်း တွေ့လိုက်ရသည်။

အိမ်ကြီးကတော့ တကယ့်ကို အပျံစား၊ အရမ်းခန့်ညား ထည်ဝါပြီး ခြံဝင်းထဲမှာလည်း မြက်ခင်းစိမ်းစိမ်းလေးများနဲ့ နင်းရက် စရာ မရှိပါချေ။

"ထိုင်…ကိုလင်း၊ ကဗျာ မုန့်တွေသွားယူလိုက်ဦးမယ်"

ကဗျာ ခပ်သွက်သွက်ပင် တိုက်ကြီးထဲ ပြေးဝင်သွား သည်။

ကိုလင်းတစ်ယောက်တည်း ထိုင်နေစဉ် ဦးလေးခန့် အနား သို့ ရောက်လာသည်။



"ကောင်လေး မင်းကို ခုကတည်းက ဦးလေးခန့် မှာထား မယ်နော်၊ ကဗျာ ဖေဖေနဲ့မေမေ ပြန်လာတာနဲ့ ဟိုးအပေါက်လေးထဲ က ငုံ့ထွက်ပြီး ပြေးတော့ကွ၊ ကြားလား ကောင်လေး"

"ဟုတ်ကဲ့ ခင်ဗျာ"

"အေး…မသွားရင်တော့ မင်းလည်းမလွယ်ဘူး၊ ငါလည်းမချောင်ဘူး ဖြစ်သွားမယ်၊ မျက်လုံးကို လျှင်လျှင်ထား၊ ခြံပေါက်ဝကို ကြည့်နေ၊ ကဲ ဦးလေးခန့် သွားမယ်"

"ကဗျာရယ်"

ကဗျာကိုခင်ရတာ မလွယ်ပါလား။ တကယ်မလွယ်တဲ့ ကိစ္စပါလား။

ပင့်သက်ကို ဟင်းခနဲနေအောင် ချပစ်လိုက်တော့သည်။

"ကိုလင်း"

"ဒီမှာမုန့်တွေ အများကြီးစားနော် ကိုလင်း"

"ကဗျာတို့ ဘာတမ်းဆော့ကြမလဲဟင်"

"ဟော…သိပြီ၊ ကိုလင်းနဲ့ကဗျာ ပုံပြောတမ်းဆော့ကြ မယ်လေ"

"အင်း…ကောင်းတယ်၊ ကောင်းတယ်"

"ကိုလင်း အရင်ပြောရမယ်နော်"

"ဟိုးရှေးရှေးတုန်းက လယ်ကွင်းကြီးတစ်ခုထဲမှာ လယ်ကြွက်မကြီး သားအမိနှစ်ယောက် နေကြတယ်တဲ့ ကဗျာရ"

www.burmeseclassic.com



ကိုလည်း ငယ်ငယ်က ဖေဖေပြောပြဖူးတဲ့ ပုံပြင်တွေထဲက အကြိုက်ဆုံးပုံပြင်တစ်ပုဒ်ကို ကဗျာ ပြောပြလိုက်သည်။

ကဗျာမျက်တောင်လေး မခတ်ဘဲ ငြိမ်ငြိမ်လေး နားထောင်နေသည်။

"အဲဒီလိုနေလာကြရင်းနဲ့ လယ်ကွင်းထဲက လယ်ကြွက်မလေးဟာ လယ်ကြွက်ကြီးတစ်ကောင်နဲ့ မေတ္တာမျှခဲ့ကြရောတဲ့"

"ဒီအကြောင်းကို သိသွားတဲ့ လယ်ကြွက်မလေးရဲ့ မိခင်ကြီးဟာ ဒေါသူပုန်ထပြီး သူ့သမီးလယ်ကြွက်မလေးကို လယ်ကြွက်ကြီးနဲ့ မတူမတန်လို့ မပေးစားနိုင်ဘူးဆိုပြီး သူတို့နှစ်ဦးကို အမျိုးမျိုးခွဲကြတော့တာပေါ့"

ငြိမ်သက်စွာ နားထောင်နေသော ကဗျာမျက်နှာလေးကို လှမ်းကြည့်လိုက်မိသည်။

"ဒီလိုနဲ့ လယ်ကြွက်မကြီးဟာ သူ့သမီး လယ်ကြွက်မလေးရဲ့ လက်ကိုဆွဲပြီး ကမ္ဘာပေါ်မှာ အင်အားကြီးမားဆုံးဖြစ်တဲ့ နေနတ်မင်းဆီကို သွားသတဲ့"

"အဲဒီတော့ ဘာဖြစ်လဲ၊ ဘာဖြစ်သွားသေးလဲ၊ ဘယ်သူနဲ့ ပေးစားရမယ်ဆိုတာ သိအောင် ဇာဒင်သွားမေးတာလားဟင် ကိုလင်း"

"ဘယ်…ဘယ်ကလာ ဟုတ်ရမလဲ၊ အင်အားကြီးတဲ့သူနဲ့ သူ့သမီး လယ်ကြွက်မလေးကို ဆက်သဖို့ ခေါ်သွားတာပေါ့



ကဗျာရဲ့"

"သြော်…ဒီလိုလား"

ကဗျာ နားလည်သွားသဖြင့် ခေါင်းလေးတညိတ်ညိတ်နှင့် ဆက်နားထောင်နေလိုက်သည်။

"အဲဒီနောက် နေနတ်မင်းဆီရောက်တော့ နေနတ်မင်းကို လျှောက်တင်လိုက်ပုံက ကမ္ဘာပေါ်မှာ အင်အားအကြီးမားဆုံးဖြစ်တဲ့ နေနတ်မင်းကြီးအတွက် သူမ၏သမီး လယ်ကြွက်မလေးကို ဆက်သလိုပါကြောင်း ပြောလိုက်တော့ နေနတ်မင်းကြီးက ငြင်းဆန်လိုက်တယ်တဲ့"

"ဟင်…ကိုလင်းကလည်း နေနတ်မင်းကြီးက ငြင်းရအောင် လယ်ကြွက်မလေးကို ရုပ်အရမ်းဆိုးနေလို့လား"

"အဲဒီလိုမဟုတ်ဘူးလေ၊ နေနတ်မင်းကြီးက သူ့ထက်အင်အားကြီးမားတဲ့ လနတ်မင်းရှိနေလို့ ငြင်းရတာပါလို့ ပြန်ဖြေလိုက်တာပေါ့၊ ဘာကြောင့်လဲဆိုတော့ လနတ်မင်းကြီး ထွက်လာရင် နေနတ်မင်းကြီးက ထွက်ပြေးရတာမဟုတ်လား"

"အင်း…ဟုတ်သားပဲနော်"

ကဗျာက ကျေနပ်စွာ ခေါင်းညိတ်ပြီးလိုက်သည်။

"အဲဒီနောက် လနတ်မင်းကြီးဆီ သွားကြပြန်ရော၊ လနတ်မင်းကလည်း သူ့ထက်အင်အားကြီးမားတဲ့ တိမ်နတ်မင်းကြီးဆီ လွှတ်လိုက်ပြန်သတဲ့၊ တိမ်နတ်မင်းကြီးကလည်း သူ့အရင်ကြောက်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ လေနတ်မင်းဆီ လမ်းပြလိုက်ပြန်ရောတဲ့""

""အမလေး...တော်တော်မလွယ်ဘူးနော်""

ကဗျာလေးကို ပင့်သက်လေး ချမိပြန်သည်။

""ဟုတ်တယ်လေ ကဗျာရဲ့၊ ကဗျာစဉ်းစားကြည့်ပါလား၊ လနတ်မင်းကြီးက ဘယ်လောက်ပဲ အင်အားကြီးပါစေ တိမ်နတ်မင်းကြီးက သူ့ကို ဖုံးကွယ်လိုက်တာနဲ့ ဘယ်မှာ သာနိုင်တော့မှာလဲ၊ ဟော တိမ်နတ်မင်းက ဘယ်လောက်ပဲ တန်ခိုးပြပြ လေနတ်သားက ခပ်ကြမ်းကြမ်းလေး အစွမ်းပြ တိုက်ခတ်လိုက်တာနဲ့ တိမ်နတ်မင်းကြီးလည်း ကြောက်အားလန့်အား ပြေးရတော့တာပဲလေ""

ကဗျာ ငြိမ်သွားပြီး...

""နောက်တော့ရော ဘာဖြစ်သွားလဲဟင် ကိုလင်း""

""ဘာဖြစ်ရမှာလဲ ကဗျာရဲ့၊ လေနတ်မင်းက တစ်ခါတုန်းက သူဘယ်လိုမှ မနိုင်ဟဲ့ ကျောက်တုံးကြီးဆီကို ညွှန်လိုက်တာပေါ့၊ ကျောက်တုံးကြီးကလည်း နွားသိုးကြီးကို ကြောက်နေပြန်ရော၊ နွားသိုးကြီးက သူ့ချိုကြီးတွေနဲ့ ကျောက်တုံးကြီးကို ခဏခဏထိုးခတ်နေတာကိုး၊ အဲဒီနွားသိုးကြီးကလည်း သူ့ကိုချည်ထားတဲ့ နွားဖားကြိုးကြီးကို ကြောက်နေပြန်ရော""

""နောက်ဆုံးကြတော့ နွားဖားကြိုးကြီး ကြောက်နေရတဲ့ လယ်ကြွက်ကြီးတစ်ကောင်ဟာ သူ့ကိုလာပြီး ညစဉ်ကိုက်ဖြတ်နေ



လို့ အဲဒီလယ်ကြွက်ကြီးသာ ဒီကမ္ဘာပေါ်မှာ အင်အားအကြီးမားဆုံးပါလို့ ပြောလိုက်တော့မှ လယ်ကြွက်မလေးရဲ့ ချစ်သူ လယ်ကြွက်ကြီးနဲ့ပဲ သူ့သမီးကို လက်ထပ်ပေးစားလိုက်ရတာပဲ မဟုတ်လား""

""ကိုလင်းရယ် ကဗျာကလေ ဘယ်တော့မှ အဆင့်အတန်းမခွဲတတ်ဘူးသိလား၊ ကဗျာချစ်တဲ့သူဆိုရင် ဘယ်သူ့ပဲဖြစ်ဖြစ် ကဗျာကတော့ ချစ်မှာပဲ""

""တီ...တီ""

""တီ""

""ဟော""

""မေမေတို့ပြန်လာပြီထင်တယ် ကိုလင်း""

ကိုလင်း ဘာမှစဉ်းစားမရတော့ပါဘူး။

""ကိုလင်း အမြန်သွားမှဖြစ်မယ် ကဗျာ""

ဦးလေးခန့်ပြထားသော ချုံပေါက်လေးနေရာကို ဘယ်ကဘယ်လို ရောက်သွားမှန်းပင် မသိလိုက်။ တအား တိုးထွက်လိုက်စဉ် ချွန်ထက်နေသော ဆူးပင်တွေက ကိုလင်းလက်မောင်းကို တအားခြစ်မိသွားတော့သည်။

""အား...အား""

ကိုလည်း လက်မောင်းပေါ်မှ သွေးစလေးတွေ စီးဆင်းလာသည်ကို မြင်လိုက်ရသည်။

""ကဗျာရယ်""

www.burmeseclassic.com

www.burmeseclassic.com



"အဆင့်အတန်း မခွဲခြားဘူးဆိုတဲ့ ကဗျာရဲ့ စိတ်ဓာတ်လေးကိုတော့ ကိုလင်း လေးစားပါတယ်ကွာ"

ဒါပေမဲ့…

ကဗျာ မေမေ ဒေါ်မိမိမေရဲ့ အဆင့်အတန်း ခွဲခြားလွန်းတဲ့ မျက်လုံးစိမ်းတွေကိုတော့ ကိုလင်း အရမ်းကြောက်နေမိသည်။

○ ○ ○

## အခန်း [၄]

"မင်းတို့ကျောင်းမှာ ကောက်ရိုးပုံစောင့်တဲ့ ခွေးတစ်ကောင်ရှိတယ်ဆိုပါလားကွာ၊ ဘယ်မှာလဲ အဲဒီခွေးတွေ့မှ ဂိန်ခနဲနေသွားအောင် ဆော်ထည့်လိုက်ဦးမယ်"

"ဟား…ဟား…ဟား"

စိတ်ထဲမှာ တင်းခနဲဖြစ်အောင် နားထဲတိုးဝင်လာသည့် စကားသံကြောင့် လှမ်းလက်စ ခြေလှမ်းကို တို့ခနဲ ကိုလင်း ရပ်ပစ်လိုက်သည်။

နောက်ဘက်ကို ချာခနဲလှမ်းကြည့်လိုက်တော့ ကဗျာတို့အားခြင်ကို မကြာသေးခင်ကမှ ပြောင်းလာတဲ့ ဇေနည်သွေး။

"ဘာလဲ ကိုယ့်လူ မကြည်လို့ ကြည့်တာလား၊ မကျေနပ်နင်လည်းပြောနော် ရယ်ဒီပဲ"

ကျောင်းရောက်တာ ဘာမှမကြာသေးသော်လည်း ငွေကြေး

www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သူမို့ ဇာနည်သွေးနားမှာ ကျောင်းက လူမိုက်လေးတွေ ဝိုင်းဝိုင်းလည်နေသည်။

သူတို့အားလုံး ကိုလင်းကိုကြည့်ပြီး ဟားတိုက်ရယ်မောကာ လှောင်ပြောင်နေကြသည်။ ဒေါသထောင်းခနဲ ထွက်သွားသူက ကိုလင်း။

ဒါမျိုးတော့ ကိုလင်းတို့က လုံးဝသည်းခံလိမ့်မည် မဟုတ်။

"မဟုတ်သေးဘူး ဇာနည်သွေး၊ ဟိုတစ်ခါတုန်းကလည်း မင်း ငါ့ကို သက်သက်မဲ့ ရန်စပြီးပြီ၊ ခုလည်း မင်းစကားက ဘယ်သူ့ကို စောင်းပြောသလဲဆိုတာ ငါသိတယ်၊ ကဲ မင်း ငါ့ကို ဘာမကျေနပ်တာရှိလဲ၊ ရှိရင် ပွင့်ပွင့်လင်းလင်း ပြောပေါ့"

ကိုလင်းက လေသံမာမာနှင့် ခပ်တည်တည်ပြောလိုက်သဖြင့် နည်းနည်းရှိသွားရ၏။

"အေး...ဘာမကျေနပ်တာလဲဆိုတော့ ကြည့်လို့မရတာပေါ့ကွ"

"အဲဒီတော့ မင်းဘာလုပ်ချင်လဲ"

လွယ်အိတ်ကို စလွယ်သိုင်း ပြောင်းလွယ်လိုက်ပြီး လုံချည်ကိုပါ အတိုဆုံးဖြစ်အောင် ပြင်ဝတ်လိုက်သည်။

"ကဲကွာ"

"ချ...ချ"

"ခွပ်...ခွပ်"



"ဟာ...ချကုန်ပြီ၊ ချကုန်ပြီ"

"ကိုလင်း ကိုလင်း မလုပ်နဲ့"

ကဗျာ အသံကလေးက စူးခနဲ အော်လိုက်ရင်း...

ပြီးတော့ သူတို့ရန်ပွဲသို့ အပြေးအလွှားလာနေကြသည့် ခြေသံတွေ။

"မှော့ကောင်တွေ ရပ်လိုက်စမ်း"

ကိုလင်းလက်မောင်းကို တင်းကြပ်စွာ ဆုပ်ကိုင်ခြင်းခံလိုက်ရသဖြင့် လှည့်ကြည့်လိုက်တော့ အတန်းပိုင်ဆရာ ဦးရဲထွန်း။

"တော်ကြစမ်း"

ဇာနည်သွေးက သူ့နှုတ်ခမ်းထောင့်စွန်းတွင် စွန်းထင်းသွားသော သွေးစများကို လက်ဖြင့် ပွတ်သပ်လိုက်ရင်း ကိုလင်းကို မကျေနပ်သည့်အကြည့်နဲ့ ကြည့်နေသည်။

နောက်ဆုံး သူတို့နှစ်ယောက်စလုံး ကျောင်းအုပ်ဆရာကြီးရုံးခန်းသို့ ရောက်သွားခဲ့ရသည်။

အတန်းပိုင်ဆရာက ကျောင်းသားချင်းအတူတူမို့ နှစ်ယောက်စလုံး ဘယ်သူ့ကိုမှ မျက်နှာသာမပေးဘဲ ကြိမ်လုံးဖြင့် ဆယ်ချက်စီ အပြစ်ပေးလိုက်သည်။

"အရမ်းနာနေလားဟင် ကိုလင်း၊ ကဗျာ အရမ်းငိုချင်တယ် ကိုလင်းရယ်"

ကဗျာ ကိုလင်းမျက်နှာကို စိုက်ကြည့်ရင်း မျက်ရည်ဝဲ

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

“ကိုလင်းက ရပါတယ် ကဗျာရယ်၊ ကဗျာ မငိုပါနဲ့နော် ကိုလင်း မနာပါဘူး”

မုန့်စားဆင်းချိန်ဖြစ်သော်လည်း သူတို့နှစ်ယောက်ထိုင်နေတဲ့ ကံ့ကော်ပင်အောက်မှာတော့ လူရှင်းနေသည်။

“သူတို့နဲ့ပြိုင်ပြီး မမိုက်ချင်စမ်းပါနဲ့ ကိုလင်းရယ်၊ သူတို့ ဘာပြောပြော ဂရုစိုက်နေရမှာလား၊ နောက်တစ်ခါ သူတို့ပြောချင်တာ ပြောပါစေ မကြားသလိုနေလိုက်ပေါ့”

ကဗျာနားလည်အောင်တော့ ကိုလင်း ရှင်းပြမနေချင်တော့ပါ။ အဝေးက လှမ်းမြင်နေရသော ကျောင်းဝင်းထဲကိုသာ ငေးကြည့်နေမိသည်။

“ပြီးတော့ ကိုလင်းကို ကဗျာပြောစရာရှိတယ်၊ မေမေတို့က ကဗျာကို ကျောင်းပြောင်းထားတော့မယ်တဲ့ ကိုလင်း”

“ဘာလို့ ကဗျာ”

ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ ကိုလင်းရှေ့မှာ ထိုင်နေတဲ့ ကဗျာမျက်နှာကလေး မှုန်ဝါးသွားသည်ဟု ထင်မိသည်။

“ဟုတ်တယ် ကိုလင်း၊ ဖေဖေရော မေမေရော ကဗျာကို ကျောင်းပြောင်းဖို့ အစီအစဉ်လုပ်ပြီးသား၊ ကဗျာ အရမ်းငိုချင်တယ် ကိုလင်းရယ်၊ ကဗျာလေ…ကဗျာ”

ကဗျာ ပြောရင်းနဲ့ ရှိုက်ကာ ရှိုက်ကာ ငိုချလိုက်မိသည်။



ကဗျာရယ်…

ကိုလင်းလည်း ကဗျာနဲ့ ဘယ်ခွဲချင်ပါ့မလဲ။

ကဗျာနဲ့အတူ ကျောင်းတက်ချင်တာပေါ့။ မုန့်စားဆင်းတိုင်း ဒီနေရာလေးကို အမြဲတမ်းလာပြီး ကဗျာနဲ့ စကားတွေ အများကြီးပြောချင်တာပေါ့။

ကိုလင်းရင်ထဲက စကားတွေကို ကဗျာသိမှာမဟုတ်ပါဘူးလေ။ ရင်ထဲက တိုးတိုးလေးပြောနေမိသည်။

ကဗျာရင်ထဲမှာလည်း ကိုလင်းလိုပဲ ထပ်တူထပ်မျှ ခံစားနေရသည်ဟု ထင်သည်။

ကိုလင်းရယ်…

ကိုလင်းနဲ့ မတွေ့ရတဲ့နေရာမှာ ကဗျာ မနေချင်ဘူး။

ကိုလင်း ကောက်ပေးတဲ့ စကားဝါပွင့်လေးတွေကို ကဗျာ ချင်သေးတယ်။

အခုတော့…

ကဗျာနဲ့ ကိုလင်း ဝေးရတော့မယ်နော်။ ဝေးသွားပေမဲ့လည်း ကိုလင်းကို ကဗျာ အမြဲတမ်း သတိရနေမှာပါ။

“အဟင့်…ဟင့်”

ကဗျာရှိုက်ရင်း ငိုနေမိသည်။

“မငိုပါနဲ့ ကဗျာရယ်၊ ကဗျာနဲ့ကိုလင်း မတွေ့ရတော့ သည်း တစ်ယောက်ကိုတစ်ယောက် သတိတရ ရှိနေမယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ပြီးတာပါပဲ''

''ကဗျာလည်း နောက်ထပ် သူငယ်ချင်းအသစ်မထားနဲ့၊ ကိုလင်းဘဝအတွက် အမြဲထာဝရ သူငယ်ချင်းတစ်ယောက်အဖြစ် ကဗျာ နေပေးပါနော်''

''ဟဲ့ ... ကဗျာမငိုနဲ့တော့၊ မျက်ရည်တွေ သုတ်လိုက်တော့နော်''

ကိုလင်း ကဗျာ မျက်ရည်လေးတွေကို တယုတယ သုတ်ပေးလိုက်ရသည်။

ကဗျာ လွယ်အိတ်ထဲက လက်ကိုင်ပဝါတစ်ထည် ဆွဲထုတ်၍ ကိုလင်းလက်ထဲ ထည့်ပေးလိုက်သည်။

''အဲဒီလက်ကိုင်ပဝါလေးကို ကိုလင်း သိမ်းထားပေးပါနော်''

ကဗျာရယ်။

ရင်ထဲမှာ ခံစားရတဲ့ ဝေဒနာကို ကဗျာသိနိုင်မှာ မဟုတ်ပါဘူးလေ။

ကဗျာမရှိတဲ့ကျောင်းမှာ ခေါင်းလောင်းသံကို ကိုလင်း ဘယ်လိုနားထောင်နိုင်တော့မှာလဲ ကဗျာရယ်။

ကဗျာနဲ့ ဝေးရပေမဲ့ ကဗျာချစ်တဲ့ စကားဝါပွင့်တွေကို ကိုလင်း အမြဲတမ်း ကောက်နေဦးမှာပါပဲ ကဗျာရယ်။

ဝ ဝ ဝ

## အခန်း [၅]

ကိုလင်းနဲ့ ဝေးတဲ့နေရာသစ်၊ ကျောင်းသစ်မှာ ကဗျာ ဘယ်လိုမှ မပျော်နိုင်ဘူး။ ကျောင်းမုန့်စားဆင်းချိန်တိုင်း ဘယ်ကိုမှ မသွားဘဲ အခန်းထဲမှာ တစ်ယောက်တည်း ထိုင်နေမိသည်။ လွမ်းလိုက်တာ ကိုလင်းရယ်။

စဉ်းစားမိတိုင်း ကဗျာမျက်ဝန်းထဲမှာ မျက်ရည်များ တသွင်သွင် စီးဆင်းနေရတော့သည်။

ကဗျာတစ်ယောက်တည်း ထိုင်ငိုနေစဉ် ကဗျာနှင့်အတူ ဘေးချင်းကပ်ထိုင်သည့် ဝတ်ရည်က မုန့်သွားစားရအောင်ဆိုပြီး ခေါ်နေသော်လည်း ကဗျာ မလိုက်ချင်ပါ။

ကိုလင်းကိုပဲ သတိရနေသည်။ အဲဒီအချိန်မှာပဲ ...

''ကဗျာရေ ... ကဗျာ''

''ကဗျာ''

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒါ ကိုလင်းအသံ"

"ကိုလင်း"

ကျောင်းခြံရှေ့မှာကပ်ပြီး ကိုလင်းက ကဗျာထိုင်နေသော ပြတင်းပေါက်ရှိရာသို့ လှမ်းအော်လိုက်သည်။

ကဗျာ အရမ်းဝမ်းသာသွားသည်။

စောစောက ဝတ်ရည်ခေါ်တာတောင် မလိုက်တဲ့ ကဗျာ တစ်ယောက် ကိုလင်းကို ရုတ်တရက် မြင်လိုက်ရ၍ ကျောင်း အောက်ဘက်သို့ တစ်ချိုးတည်း ပြေးဆင်းခဲ့တော့သည်။

"ကိုလင်း"

"ကဗျာ"

ကဗျာမြင်ချင်နေသော ကိုလင်းမျက်နှာကို တွေ့ရသဖြင့် ရုတ်တရက် စကားမပြောနိုင် ဖြစ်သွားရသည်။ ကဗျာရင်ထဲမှာ တလှပ်လှပ်ခုန်နေသလို ကိုလင်းကိုယ်တိုင်လည်း ရင်တွေအရမ်းခုန် နေရသည်။

"ကိုလင်း...ကိုလင်း ကဗျာဆီ လိုက်လာတယ်နော်၊ ကဗျာ အရမ်းဝမ်းသာလိုက်တာ ကိုလင်းရယ်"

"ကိုလင်းဆီကို အရမ်းမလာနဲ့နော် ကဗျာ၊ ကဗျာရှေ့မှာ ရေမြောင်းအနက်ကြီးရှိတယ်"

"ဟင်...ဟုတ်လား ကိုလင်း"



"မြက်ပင်ကြီးတွေ ပိတ်နေလို့ ကဗျာ မမြင်ရတာ၊ ရှေ့ဆက်မတိုးနဲ့တော့"

ကဗျာ မျက်ရည်တွေ အလိုလိုစီးကျလာသည်။

"ဟင်...ကဗျာ ငိုနေတယ်"

"မငိုပါနဲ့ ကဗျာရယ်နော်၊ မငိုနဲ့"

"တိတ်...တိတ်"

ကဗျာဘက်မှ ကိုလင်းကို ကောင်းစွာ မမြင်ရသော်လည်း ကိုလင်းဘက်က ကဗျာကို ကောင်းစွာ မြင်တွေ့နေရသည်။

"ကဗျာ မငိုပါဘူး၊ ကိုလင်းရယ်၊ ကဗျာ အရမ်းဝမ်းသာ လို့ပါ"

ပြည့်ဝန်းလာသော မျက်ရည်တွေက ကဗျာ့ပါးပြင်လေး ပေါ် တစ်ပေါက်ချင်း စီးဆင်းသွားရသည်။

"ဒီနေ့ရာလေးကနေ ကဗျာကို လာကြည့်တာ နှစ်ရက်ရှိ ပြီ ကဗျာရဲ့၊ ဒီနေ့မှ ကဗျာကို တွေ့လို့ ဝမ်းသာအားရ လှမ်းခေါ် လိုက်တာ"

"ဟင်း...ဒီနေ့ ကိုလင်း ကျောင်းမတက်ဘူးလား"

"ဟင့်အင်း...ကဗျာ၊ ဒီမှာလေ လွယ်အိတ်"

"အို...ကိုလင်း ကျောင်းပြေးလာတယ်"

ကဗျာရင်ထဲ နင့်နေအောင် ခံစားလိုက်ရသည်။

"ဒီလိုမှမလုပ်ရင် ကဗျာနဲ့ကိုလင်း မတွေ့ရတော့ဘူးပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



အခုလိုတွေ့ရတော့ နှစ်ယောက်လုံးပျော်ရတယ် မဟုတ်လား”

“ကိုလင်းရယ်”

ကဗျာ ပိုတောင် ဝမ်းနည်းသွားရသည်။

“နောက်တစ်ခါကျရင် ကဗျာနဲ့တွေ့ရဖို့အတွက်တော့ ကိုလင်း ကျောင်းမပြေးနဲ့နော်၊ တော်ကြာ စာမေးပွဲကျနေဦးမယ်”

“ကျပါစေပေါ့၊ ဆယ်ခါပြန်ကျလည်း ကဗျာနဲ့လာတွေ့မယ်”

“အဲဒီလိုမလုပ်ပါနဲ့ ကိုလင်းရယ်၊ နောက်လုပ်မယ်ဆိုရင် ကဗျာ လာမတွေ့နဲ့တော့၊ လုံးဝဆင်းတွေ့မှာ မဟုတ်ဘူး၊ သိလား ကိုလင်း”

ကဗျာအသံလေး မာသွားသလို နှုတ်ခမ်းဖူးဖူးလေးက စူတက်သွားသည်။

“ကဗျာ…ဒီကျောင်းမှာ ပျော်ရဲ့လားဟင်၊ သူငယ်ချင်း အသစ်တွေရော ရနေပြီလား”

ကဗျာခေါင်းလေး ခါယမ်းပြီး အဖြေပေးလိုက်သည်။

“ဟင့်အင်း…ကိုလင်း၊ ကိုလင်းရော”

“ကိုလင်းလည်း ကဗျာလိုပဲလေ တစ်ယောက်တည်းပဲ”

“သြော်…ကဗျာရှေ့နား နည်းနည်းတိုးလို့ မရဘူးလား”

“ဒီမှာလေ”

“ဘာလုပ်မလဲလို့ဟင် ကိုလင်း”



“ကောက်ထားတဲ့ပန်းတွေ ပေးမလို့”

မြက်ပင်ကြားထဲ ကဗျာ ငုံ့ကြည့်လိုက်မိသည်။ ရှေ့တိုးဖို့ သိပ်မလွယ်။ ကဗျာ့ရှေ့မှာ လူတစ်ရပ်နီးပါး နက်လိမ့်မည်ထင်ရသောကြောင့် တစ်ခုက ကာဆီးထားသည် မဟုတ်လား။

“ကဗျာ ကြောက်တယ် ကိုလင်း၊ မြောင်းကြီးက အနက်ကြီးပဲ ကိုလင်းရ”

“နေ…နေ ကဗျာရတယ်၊ ကိုလင်း လာခဲ့မယ်”

ပိတ်ထားသော ခြံစည်းရိုးကို တိုးကြည့်သည်။

မရ။

“ဒါဆိုလည်း ကိုလင်း ဒီကနေပဲ ပစ်ပေးလိုက်တော့မယ်၊ ကဗျာ မိအောင်ဖမ်းနော်”

သိပ်ရပီသေချာစွာ ထုပ်ယူလာသည့် စကားဝါပွင့်ထုပ်ကလေးကို ပုဏ္ဏရိပ်ပင်ကြားထဲမှ ခဲရာခဲဆစ် ပစ်ပေးလိုက်သည်။

ကဗျာလက်ထဲ တည့်တည့်မတ်မတ် ရောက်သွားသည်။

ခဏကြာတော့ ဘဲလ်တီးသံ ကြားရ၍ ကဗျာက…

“ဟော…ကျောင်းပြန်တက်ရတော့မယ်၊ ဘဲလ်တီးနေပြီ၊ သွားတော့မယ်နော် ကိုလင်း”

“ကိုလင်း သွားတော့မယ်နော် ကဗျာ”

“ကိုလင်း…ကိုလင်း”

“ဘာလဲဟင် ကဗျာ”

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ ကျောင်းမတက်ဘဲ မနေပါနဲ့၊ အဲဒီအခါ ကျ ကဗျာတွေ့မှာ မဟုတ်ဘူး"

"ကဗျာရယ်"

လှည့်ပြောသွားသော ကဗျာ့ကျောပြင်လေးကို ငေးကြည့်ပြီး ပင့်သက်ကို ကိုလင်း ချလိုက်သည်။

"ဟိတ်…မပြေးနဲ့"

ကိုလင်း လန့်သွားရသည်။

မထင်မှတ်ဘဲ မြင်လိုက်ရသော မျက်ဝန်းတစ်စုံကြောင့် လှည့်ထွက်ရန် ပြင်လိုက်သော ခြေလှမ်းများ ရပ်တန့်သွားတော့သည်။

အသက်ရှူလို့ မဝတော့အောင် ကိုလင်းတစ်ကိုယ်လုံး ကျောက်ရုပ်တစ်ရုပ်လို တောင့်တင်းအေးစက်သွားတော့သည်။

ကိုလင်း အကြောက်ရဆုံး ကဗျာ့မေမေ ဒေါ်မိမိမေ၏ စူးရှတောက်ပသော ဒေါသမျက်ဝန်းတစ်စုံက ဆီးကြိုနေပြီ မဟုတ်ပါလား။

"နင် ဒီကိုဘာလာလုပ်တာလဲ ပြောစမ်း"

"ခင်ဗျာ"

"ဟေ့…မင်းကို မေးနေတာ၊ ဘာလို့ ကြောင်တောင်တောင်ဖြစ်နေရတာလဲ"

ဒေါ်မိမိမေ၏ ခန္ဓာကိုယ်တစ်ခုလုံး ခါယမ်းပြီး မေးလိုက်



သဖြင့် ယန်ထားသော စိန်နားကပ်နှစ်ဖက်မှာ ပြိုးပြိုးပြက်ပြက် လင်းလက်လာသည်။

"ဟို…ကျွန်တော်"

"တော်စမ်း"

တင်းမာပြတ်သားသည့်အသံတစ်ခုက ကိုလင်းနားထဲ စူးရှစွာ တိုးဝင်လာသည်။

"မနေ့ကလည်း နင့်ကို ဒီနားမှာတွေ့တယ်၊ နင် ဒီနေရာကို လာပြီး ငါ့သမီးကျောင်းတက်တာကို လိုက်နှောင့်ယှက်နေတာ ပေါ့လေ"

"မဟုတ်…မဟုတ်ပါဘူး"

"ဘာလိမ်ချင်သေးတာလဲ၊ ပြောစမ်း"

ဒေါ်မိမိမေ အသားတွေ တဆတ်ဆတ်တုန်လာပြီး မျက်လုံးတွေကလည်း အရမ်းကြောက်ဖို့ ကောင်းအောင် ဒေါသတွေ ထွက်နေလေသည်။

"နင်…နင် ငါ့ရှေ့က အခုချက်ချင်းထွက်သွား၊ ထွက်သွား၊ နင့်မျက်နှာကို ငါမမြင်ချင်ဘူး"

"ဒီအနားမှာ နောက်တစ်ခါ တွေ့ရင်တော့ ငါ့အပြစ်မဆိုနဲ့"

ကိုလင်းလည်း ဒေါ်မိမိမေရဲ့ အနားက အမြန်ထွက်ခဲ့တော့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၆]

နောက်တစ်နေ့နံနက် ကိုလင်းတစ်ယောက် ခေါင်းက လေးမဖော်နိုင်အောင် ဆရာရှေ့မှာ လက်ကလေးပိုက်ရင်း အပြစ်တွေ ဝန်ခံရသည်။

"မင်းအပြစ်ကို သိတယ်မဟုတ်လား၊ ဒီကျောင်းမှာ ကျောင်းပြေးတဲ့ ကျောင်းသားတွေကို ဆရာဘာလို့ အပြစ်ပေးတယ်ဆိုတာ ငါတပည့် သိတယ်နော်"

"သိ…သိပါတယ် ဆရာကြီး"

"သိရင် ဟိုဘက်လှည့်"

"ရွှတ်…ရွှတ်…ရွှတ်"

"နောက်တစ်ခါ ကျောင်းပြေးဦးမလား လင်းထက်"

အံတင်းခံရင်း…

"မပြေးတော့ဘူး ဆရာကြီး"



"ရွှတ်"

အံကလေးတင်းခံရင်း မျက်လုံးထဲမှာ ကဗျာ့မျက်နှာလေးကို ပြေးမြင်မိသည်။ အတွေးထဲမှ မြင်လိုက်ရသော ကဗျာ့မျက်နှာကြောင့် ကိုလင်း ခံစားရသော ဝေဒနာတစ်ဝက် သက်သာသွားသည်ဟု ထင်သည်။

အချက်နှစ်ဆယ်ခန့် အရိုက်ခံရပြီးနောက် ဆရာကြီးက…

"ကဲ…မင်း အတန်းထဲကို သွားပြီး ကျောင်းဆင်းတဲ့အချိန်ထိ ခုံပေါ်မတ်တပ်ရပ်နေရမယ် ကြားလား"

"ဟုတ်ကဲ့၊ ကြားပါတယ် ဆရာကြီး"

နေးကွေးလေးလံသော ခြေလှမ်းများဖြင့် အတန်းထဲရောက်အောင် လျှောက်လာစဉ် ကျောင်းသားများ၏ လှောင်ပြောင်ရယ်မောသံများ အထင်သေးစွာ ကြည့်နေသော မျက်လုံးများကို ကိုလင်း ရင်ဆိုင်လိုက်ရသည်။

ကျောင်းဆင်းချိန်တွင် အဖေ့ဆိုက်ကားကလေး ရပ်ထားရာ ကျောင်းထောင့်ဆီသို့ ကိုလင်း ပြေးလာခဲ့သည်။

ဆိုက်ကားပေါ် ထိုင်မိချိန်တွင် အဖေ့နှုတ်မှ သူထင်မှတ်ထားသော စကားကို ကြားလိုက်ရသည်။

"သားသူငယ်ချင်း ကဗျာ မေမေလေ"

"ခင်ဗျာ ကဗျာ့မေမေ၊ ဟုတ်လား ဖေဖေ"

"အေး…ဟုတ်တယ်၊ ဖေဖေ့ကို လာတွေ့သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒါကြောင့် ဖေဖေ ဆုံးဖြတ်ချက်ချလိုက်ပြီသား၊ ဖေဖေ တို့ သားအဖနှစ်ယောက် ဒီမြို့ကနေ ထွက်သွားတော့မယ်"

"အမြန်ဆုံးထွက်သွားတော့မယ်သား"

အဖေပြောနေတဲ့ စကားတွေကို ကိုလင်း ဘယ်လိုမှ နားမလည်နိုင်ပါ။

အဖေ့မျက်နှာကို လှမ်းကြည့်လိုက်တော့ ကြေကွဲဝမ်းနည်းခြင်း၊ နာကြည်းခံပြင်းစိတ်များ ဖြစ်နေသည်ဟု ကိုလင်း ထင်သည်။

"ဘာဖြစ်လို့ ကျွန်တော်တို့က ဒီမြို့က ပြောင်းရမှာလဲ"

ဖေဖေ့နှုတ်က ရုတ်တရက် ပြောမထွက်ပေ။ နောက်မှ ခေါင်းကို ဖြည်းညှင်းစွာ ရမ်းပြီး...

"ငါ့သား ဘာကိုမှ မသိချင်ပါနဲ့တော့ကွာ၊ ဖေဖေ ဘာကိုမှ မပြောချင်တော့ဘူး၊ အကောင်းဆုံးက ဖေဖေတို့သားအဖနှစ်ယောက် ဒီမြို့ကနေ ထွက်သွားတာ အကောင်းဆုံးပဲဖြစ်ပါလိမ့်မယ်၊ ကဗျာဆိုတဲ့ ကောင်မလေးကိုလည်း သား မေ့လိုက်ပါတော့"

"ဗျာ"

ကိုလင်းရင်ကို နာကျင်စေတဲ့စကား။

"ဖေဖေရယ် သားက ကဗျာကို ဘယ်လိုလုပ်ပြီး မေ့လို့ရမှာလဲဗျာ၊ အန်တီ ဒေါ်မိမိမေက ဖေဖေ့ကို ဘာတွေပြောသွားလို့ သားတို့က ဒီကနေပြောင်းသွားရမှာလဲ ဖေဖေ"



ကိုလင်း ဘယ်လိုမှ နားမလည်နိုင်တော့ချေ။

"ကဗျာရေ"

"ကဗျာ"

"ဟင်...ကိုလင်း"

ဒီတစ်ခါလည်း ကိုလင်းကျောင်းပြေးပြီး ကဗျာကို သာတွေ့သည်။ ကဗျာက ဘာလဲ ကျောင်းပြေးလာပြန်ပြီလား ကိုလင်း မုန့်စားဆင်းချိန်မို့ ကဗျာ လာတွေ့ရပေမဲ့ ကဗျာကြောင့် ကိုလင်းကို ကျောင်းပျက်မခံလိုပေ။

"ကျောင်းမတက်ဘဲ ကဗျာကို လာတွေ့တာလား ကိုလင်း"

"မဟုတ်...မဟုတ်ပါဘူး"

"ကဗျာကို လာနှုတ်ဆက်တာပါ"

"လာနှုတ်ဆက်တာ ဟုတ်လား ကိုလင်း"

ကဗျာက နားမလည်တဲ့ ပုံစံလေးနဲ့ လှမ်းမေးလိုက်သည်။

"ဟုတ်တယ် ကဗျာ၊ ကိုလင်းတို့ ဒီမြို့ကနေ ထွက်သွားတော့မလို့"

"ဘယ်လို"

ကဗျာတစ်ကိုယ်လုံး တောင့်တင်းသွားရတော့သည်။ ကဗျာ မျက်ရည်တွေ ဝိုင်းသွားရသည်။ ပြီးတော့...

"ဘယ်ကိုပြောင်းရမှာလဲ ကိုလင်း"

www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးတဲ့"

ကဗျာ့မျက်ဝန်းမှ မျက်ရည်များ မထိန်းနိုင်တော့ဘဲ လက်ကလေးအုပ်ရင်း တသိမ့်သိမ့်ရှိုက်ကာ ငိုနေတော့သည်။

"ကဗျာနဲ့ကိုလင်း တစ်ချိန်ချိန်မှာ ပြန်တွေ့မှာပါ၊ အဲဒီအချိန်ကျရင် ကိုလင်းကို မမေ့ပါနဲ့နော် ကဗျာ"

"ကဗျာ မမေ့ပါဘူး၊ ကိုလင်းရယ်"

"ကိုလင်း ကဗျာကို သတိရနေမှာပါ"

"ဒီမှာကြည့်စမ်း ကဗျာ"

ကိုလင်းက သူ့လွယ်အိတ်ထဲက ထည့်ယူလာသော ရွှေရောင်ဘူးလေးကို ကဗျာမြင်အောင် လှမ်းပြလိုက်သည်။

"အဲဒါ ဘာပစ္စည်းလဲ ကိုလင်း"

"ကဗျာအတွက် ကိုလင်းရဲ့ အမှတ်တရ လက်ဆောင်လေးပါ၊ အဲဒီဘူးလေးကို အိမ်ရောက်မှ ဖွင့်ကြည့်ပေးပါနော်"

"ကိုလင်းရယ် ကဗျာ အရမ်းငိုချင်တယ်"

"ရှော့...ကဗျာ"

ရွှေရောင်ဘူးလေးကို ကဗျာဆီရောက်အောင် ပစ်ပေးလိုက်သည်။ ကဗျာကသာ ကောက်ယူပြီး လွယ်အိတ်ထဲထည့်သိမ်းလိုက်သည်။

"ကိုလင်းပေးတဲ့ လက်ဆောင်လေးကို ကဗျာ အမြဲတမ်း သိမ်းထားနော်၊ ကဗျာပေးတဲ့ လည်ဆွဲလေးကိုလည်း ကိုလင်း



အမြဲသိမ်းထားပါ့မယ်"

"ကဲ...ကိုလင်း သွားတော့မယ်နော်"

"ကိုလင်း ခဏနေပါဦး၊ ဒီမှာ ကဗျာ လက်ကိုင်ပဝါလေးကို ယူသွားပါ ကိုလင်း"

"ကဗျာရယ်"

ကိုလင်း ကဗျာမျက်နှာလေးကို လှမ်းကြည့်ရင်း နင့်နေအောင် ခံစားလိုက်ရသည်။

"ကိုလင်းဆီမှာ ပိုက်ဆံတစ်ထောင်ရှိလား"

"ရှိတယ်"

"ဘာလုပ်မလို့လဲ ကဗျာ"

"ခြော်...လက်ကိုင်ပဝါပေးရင် ရင်ကွဲရတတ်တယ်တဲ့၊ ဒါကြောင့် ကိုလင်းဆီက ပိုက်ဆံတစ်ထောင်ယူပြီး ကဗျာ ရောင်းလိုက်တာပါ"

တစ်ယောက်ကိုတစ်ယောက် ခွဲခွာရတော့မယ်ဆိုတဲ့ အသိကြောင့် ကိုလင်းကဗျာမျက်နှာလေးကို နောက်ဆုံးအကြိမ်နှင့် လှမ်းကြည့်နေမိသည်။

နှုတ်ဆက်ခဲ့ပါတယ် ကဗျာရယ်။

ကိုလင်းပြောပြီး ကဗျာ့အနားမှ ချာခနဲ ထွက်သွားလိုက်သည်။

ဝ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၅]

"ကလင်…ကလင်"

"ဟဲလို…အမိန့်ရှိပါ၊ စွမ်းအားရှင် စက်မှုလက်မှုကပါ"

"……"

"ဪ…ဟုတ်ကဲ့"

"ကျွန်တော် အလုပ်သမားနှစ်ယောက်ကို ခုပဲလွှတ်လိုက်ပါ့မယ်ခင်ဗျာ"

"ကဲ…လေင်းရေ အလုပ်ပေါ်လာပြီဟေ့၊ မင်းနဲ့ဖိုးကျော် သွားလိုက်ကွာ"

အလုပ်ရှင် ကိုမောင်မောင်လတ်၏ အမိန့်ပေးသံကြောင့် လေင်းရဲ့ ဖိုးကျော်သံကြောင့် လေင်းနဲ့ ဖိုးကျော်နှစ်ယောက် ပြိုင်တူ ထရပ်လိုက်ကြသည်။

"ဘယ်နေရာကို သွားရမှာလဲ ဆရာ"



"တက္ကသိုလ်ရိပ်သာလမ်းဘက်က ခန်းမဆောင်ကို သွားရမှာ၊ ကားတစ်စီးပျက်နေလို့တဲ့"

"ဟုတ်ကဲ့ဆရာ"

နှစ်ယောက်သား ဆိုင်ကယ်တစ်စီးဖြင့် ထွက်လာခဲ့ကြသည်။ တကယ်တော့ သည်စွမ်းအားရှင် စက်မှုလက်မှုမှာ အလုပ်ဝင်လုပ်ရင်း ကျောင်းတက်ခဲ့ရတာလေ။

ကိုလင်းပင် စက်မှုတက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်ခဲ့ရပြီလေ။

ဖိုးကျော်တစ်ယောက် လေကလေးချွန်ရင်း သီချင်းတအေးအေးဖြင့် ဆိုင်ကယ်နောက်ကနေပြီး

"မင်းသူငယ်ချင်း ကဗျာဆိုတဲ့ ကောင်မလေးကို မရှာတော့ဘူးလား လေင်း"

ဖိုးကျော်အမေးကြောင့် ကိုလင်းရင်ထဲ ကဗျာကို သတိရသွားသည်။

"ဖိုးကျော် ငါတို့နှစ်ယောက်က တွေ့ပါပြီတဲ့၊ ကဗျာက ငါ့ကို မှတ်မိပါ့မလား၊ နှစ်တွေက အရမ်းကြာခဲ့ပြီလေ"

"အေးလေ မင်းကသာ သတိရနေတာ၊ ဟိုက ခုလောက်ဆို အိမ်ထောင်တွေဘာတွေကျပြီး ကလေးတွေတောင် ရချင်ရနေမှာ"

ဖိုးကျော်စကားကြောင့် ကိုလင်း တွေးတောင်မတွေးရဲတော့

www.burmeseclassic.com

www.burmeseclassic.com



ပေ။

ရန်ကုန်ရောက်ကတည်းက နေ့ညမပျက် ကဗျာတို့ကို ရှာနေခဲ့တယ်။ ငယ်ငယ်က ကဗျာတို့ နေခဲ့တဲ့ခြံကို စုံစမ်းကြည့်တော့လည်း ကဗျာတို့တွေ ပြောင်းသွားကြပြီတဲ့။ ပြောင်းသွားတဲ့ အိမ်လိပ်စာကိုလည်း ဘယ်လိုမှ စုံစမ်းလို့မရ။ မည်သူကမျှ မသိချေ။

ဘယ်မှာမှ ရှာလို့မရတဲ့အဆုံး ကိုလင်း လက်လျှော့ခဲ့ရသည်။ ခုတော့လည်း သတိရစရာလေးကျွေကို ရင်ထဲမှာပဲ သိမ်းထားခဲ့ရသည်။

"ရောက်ပြီကွ"

"ရောက်ပြီ"

ဖိုးကျော်ပြောလိုက်တော့မှ ကျောင်းနားရောက်လာမှန်း သိလိုက်သည်။ ပျက်နေသော ကားလေးတစ်စီးက မိမိတို့နှစ်ယောက်ကို အဆင်သင့် စောင့်ကြိုနေသည်။

ကားနားမှာ လက်ပိုက်ရပ်နေသူကိုကြည့်ပြီး ကိုလင်း အံ့သြသွားသည်။

"ဓာနည်သွေး"

တစ်ချိန်က မိမိနှင့်အတူ တစ်ခန်းတည်း ကျောင်းအတူတက်ခဲ့သည့် ဓာနည်သွေးပင်။

"မင်း…မင်း ဓာနည်သွေး မဟုတ်လား"



"ဓာနည်သွေး ဟုတ်ပါတယ်နော်"

"ဘာ…ဘာပြောတယ်ကွ"

ဒေါသသံနှင့် တင်းမာခက်ထန်သော မျက်နှာထားဖြင့် ဆက်ဆံလိုက်သောကြောင့် ကိုလင်း ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

"မင်း…မင်း ငါ့ကို မမှတ်မိတော့ဘူးလား"

"ငါ…လင်းထက်လေ"

"ဒီမှာကိုယ့်လူ ခင်ဗျားလူမှားနေပြီ၊ ကိုယ့်အပေါင်းအသင်းထဲမှာ ဝပ်ရှော့အလုပ်သမား တစ်ယောက်မှ မရှိဘူးကွ၊ နားလည်လား၊ မင်းကို ငါမသိဘူး၊ ငါ့ကောင်မလေးရှေ့မှာလည်း ငါ့ကို ဓာနည်သွေးလို့ မခေါ်နဲ့"

ဓာနည်သွေး၏ တင်းမာပြတ်သားသည့်စကား။

ဒေါသထောင်းခနဲ ဖြစ်သွားရသော်လည်း ကိုယ်က အလုပ်သမားတစ်ယောက် ဖြစ်နေပြီမဟုတ်လား။ ကိုလင်း သည်းခံလိုက်သည်။

ဓာနည်သွေးက ခပ်တည်တည်နှင့် ကားကြည့်ဖို့ ပြောလိုက်လေသည်။

"ကဲ…ဖိုးကျော် ကားစက်ကို နှိုးကြည့်စမ်းကွာ"

ကိုလင်းလည်း ကိုယ့်အလုပ်ကို လုပ်ပြီး နေလိုက်သည်။ အချိန်က မိနစ်နှစ်ဆယ်လောက်ပဲ ကြာလိုက်သည်။ ကားက အားလုံး

www.burmeseclassic.com



ကောင်းသွား၏။

"ရပြီကိုလင်း ရပြီကွာ"

ကားခေါင်းထဲမှ ဖိုးကျော် လှမ်းအော်လိုက်သည်။

ဖိုးကျော်ရှိရာ လျှောက်လာရင်း ကုံကော်ပင်တန်းဘက်သို့ လှမ်းကြည့်လိုက်မိသည်။

အဲဒီအချိန်မှာပဲ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ကိုလင်း ရင်ထဲ လှုပ်ခတ်သွားရသည်။

ဖိုးကျော်ကလည်း ရုတ်တရက် ကိုလင်းနားရောက်လာပြီး ပြောလိုက်သည်။

"အချိုးက တစ်စက်မှမပြောဘူး ကိုလင်းထက်၊ ကောင်မလေးနဲ့ စကားပြောနေတဲ့ပုံစံက အလိုမတူတဲ့ ဖွတ်အတင်းကြီးကို ဆွဲလားရမ်းလား ဖြစ်နေပြီဟ ကြည့်ပါလား"

"ဟ...ဖိုးကျော်"

"အဲဒါ ကဗျာကွ၊ ကဗျာ"

"ငါပြောပြောနေတဲ့ ငါ့သူငယ်ချင်း ကဗျာဆိုတာလေ"

"ဟုတ်ရဲ့လားကွ၊ မင်းကလည်း ကောင်မလေးချောချော မြင်တိုင်း ကဗျာဖြစ်ရမှာလား၊ သေချာရဲ့လားကွာ"

"တော်ကြာ ပြဿနာတက်နေလိမ့်မယ်"

"သေချာပါတယ်ကွ၊ ကဗျာမှ ကဗျာအစစ်"

ကိုလင်းရင်တွေ တလှပ်လှပ်ခုန်လာသည်။



"ကဗျာဆိုလည်း ကဗျာရုံပဲရှိတော့တာပဲ၊ ဟိုကောင်နဲ့ ဘယ်လိုပတ်သက်နေလဲဆိုတာ မင်းအမြင်ပဲလေ လင်းထက်"

ဖိုးကျော်စကားကြောင့် လင်းထက် အားငယ်စိတ်တွေ ဝင်ရောက်လာသည်။

"ကဗျာရယ်"

တစ်ချိန်က ကိုလင်းထက်ဆိုတဲ့ တို့ကိုတောင် သတိမရတော့ဘူး မဟုတ်လား။

တို့လေ ကဗျာကို အမြဲတမ်းသတိတရ ရှိနေခဲ့တယ်ဆိုတာ ယုံပါကဗျာရယ်။

"ဖိုးကျော် ဟိုမှာလာနေပြီကွ"

"ကောင်းသွားပြီလား ကိုယ့်လူ"

"အဆင်ပြေသွားပါပြီ"

ဖိုးကျော် လှမ်းဖြေလိုက်သည်။

"ရော့...ကားပြင်ခ"

"ကဗျာ တက်လေ"

ကဗျာတဲ့။

လင်းထက်ရဲ့ အသည်းနှလုံးထဲ ဖောက်ထွင်းဝင်ရောက်လာသော နာမည်လေးပါ။ အခြေအနေတွေက ပြောင်းလဲကုန်ကြပြီလေ။

အားလုံးကို ကျောခိုင်းပြီး ဆိုင်ကယ်လေးကို မောင်းထွက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တော့သည်။

ကဗျာရယ် ကိုယ်တို့ပြန်တွေ့ကြပေမဲ့ မခေါ်ရဲတဲ့ဘဝမျိုးနဲ့ ပါလား။ ကိုလင်း နှုတ်မဆက်လိုက်မိတာကို ခွင့်လွှတ်ပါ ကဗျာရယ်။

ကိုလင်းလေ ကဗျာကို တွေ့ချင်လွန်းလို့ စာတွေကြိုးစား လာရတာ အခုဆိုရင် တက္ကသိုလ်လည်း တက်နေရပြီလေ။

ဝ ဝ ဝ

## အခန်း [၈]

ကျောင်းပိတ်ရက် အလုပ်ပိတ်ရက်မို့ သည်နေရာလေးမှာ လင်းထက် လာထိုင်နေမိသည်။ ဗိုလ်ချုပ်ကြေးရုပ် တည်ရှိရာ ကန်တော်ကြီးထဲမှ စကားဝါပင်ကြီးအောက်မှာ တစ်ယောက်တည်း ထိုင်နေရင်း ကြွေကျလာသော စကားဝါပွင့်လေးတွေကို ကောက်ပြီး အနီးရှိ ရေကန်ထဲသို့ တစ်ပွင့်စီ ပစ်ချနေမိသည်။

သတိရလိုက်တာ ကဗျာရယ်။

ကိုလင်းတစ်ယောက်တည်း တွေးနေစဉ်…

"ဒီမှာ…ဒီမှာ"

"ဟင်"

မြင်လိုက်ရသော မျက်နှာလေးကြောင့် လင်းထက် တစ်ယောက် အရမ်းအံ့သြသွားရသည်။ ထင်မှတ်မထားတဲ့ မျက်နှာ လေးပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကဗျာ"

"ဟိုလေ…သူ ကူညီနိုင်မယ်ဆိုရင် ကဗျာ့ကို တစ်ခု လောက်ကူညီပါလားဟင်"

ဪ…သူတဲ့လား။ ကိုယ့်ကိုတောင် မမှတ်မိတော့ဘူး ပေါ့။

မိမိကို သူစိမ်းတစ်ယောက်လို စိုက်ကြည့်နေသည့် ကဗျာ ကို ဘယ်လိုသဘောတွေနဲ့ လင်းထက် ဆက်ဆံရမလဲ။

အခြေအနေတွေက ပြောင်းလဲနေပြီလေ။ ပြန်ဆုံတွေ့နိုင် စရာ အကြောင်းမှ မရှိတော့ဘဲ ကဗျာရယ်။

ကဗျာမှာ ဇာနည်သွေးဆိုတဲ့ သူငယ်ချင်း ချစ်သူ တစ်ယောက် ရှိနေပြီပဲလေ။

"တို့…တို့ ဘာကူညီပေးရမလဲ"

လင်းထက်အသံလေး တုန်ရီနေရသည်။

ရင်ထဲမှာ နင့်နေအောင် ခံစားရသည့် ဝေဒနာကို ကဗျာ သိနိုင်မှာမဟုတ်ပါဘူး။

"ဟိုလေ…ကဗျာကလေ ဒီနေရာလေးမှာ စကားဝါပွင့် တွေ အများကြီး လာကောက်နေကျပါ၊ အဲဒါ ဒီကိုလာရင်းနဲ့ ကားစက်ရပ်သွားလို့ အဲဒါ ကူညီနိုင်မလားလို့ပါ"

"ရပါတယ်ခင်ဗျာ"

ကဗျာပုံစံလေးက မိမိကို ဘယ်လိုမှ မမှတ်မိတော့သည့်



ပုံ။ သူ့ကိုလှမ်းကြည့်နေသည့် အကြည့်၊ အဖြူစင်ဆုံး အရိုးသားဆုံး အကြည့် ကဗျာ့ခေါ်ရာနောက်သို့ ကိုလင်း လိုက်ခဲ့ရသည်။

"သူ့ကို အရင်က ဒီနေရာလေးမှာ လာထိုင်တာ မတွေ့ ဘူးနော်၊ သူ ဒီကိုအမြဲလာလားဟင်"

"ဟင့်အင်း"

လင်းထက် ခေါင်းလေးညိတ်ကာ အဖြေပေးလိုက်သည်။

"ကဗျာကတော့ ဒီနေရာလေးကို အမြဲလာတယ်၊ ဒီစကား ဝါပွင့်ကြီးအောက်က စကားဝါပွင့်လေးတွေကိုလည်း အမြဲလာလာ ကောက်တာ"

"ဒီစကားဝါပွင့်တွေကို ချစ်လို့လားဟင်"

လင်းထက်က အရဲစွန့်ပြီး မေးလိုက်သည်။

"ချစ်တာပေါ့၊ ဒီပန်းလေးတွေကို ငယ်ငယ်လေးက တည်းက ကဗျာ ချစ်ခဲ့တာပါ"

"ဪ"

လင်းထက်ရင်ထဲမှာ အတိတ်ဖြစ်ရပ်တွေကို လွမ်းဆွတ် သတိရနေမိသည်။

"ကဗျာရယ်"

စကားဝါပွင့်လေးတွေကို ကဗျာ ချစ်နေတုန်းပဲနော်။

ကားစက်နှိုးကြည့်နေရင်း လှပဝိုင်းစက်နေသော ကဗျာ့ ခုက်နှာလေးကို လင်းထက် လှမ်းကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးကောင်းသွားပါပြီ"

ပုံမှန်ဖြစ်သွားသော စက်သံလေးကို နားထောင်ပြီး ကဗျာက ကျေးဇူးတင်သော အကြည့်ဖြင့် လင်းထက်ကို ကြည့်နေသည်။

"ကဲ…ကျွန်တော်သွားတော့မယ်"

"အို…နေပါဦး၊ ကျွန်မကို ကူညီတဲ့အတွက် ရှင့်ကို တစ်ခုခုလိုက်ကျွေးပါရစေ၊ ကဗျာကို အသိအမှတ်ပြုတယ်ဆိုရင် လိုက်ခဲ့ပါနော်"

လင်းထက် ငြင်းဆန်မနေတော့။ ကဗျာခေါ်ရာနောက်သို့ လိုက်လာရတော့သည်။

"ခဏလေးနော်…စကားပွင့်လေးတွေကိုကောက်ပြီး အပြင်ဘက်ကို သွားကြတာပေါ့"

"ရပါတယ်ခင်ဗျာ"

ကဗျာက စကားဝါပင်ကြီးအောက်သို့ လျှောက်သွားပြီး စကားပွင့်လေးတွေကို အသာအယာ ငုံ့ကောက်နေစဉ် ကဗျာ့ရင်ညွန့်ကြားထဲမှ တွဲလောင်းလေးပြုတ်ကျနေသော လော့ကတ်သီးလေးကို လင်းထက် သတိပြုမိလိုက်သည်။

ကဗျာနဲ့ မခွဲခင် နောက်ဆုံးနေ့က ရွှေရောင်ဘူးကလေးဖြင့် ထည့်၍ ကဗျာကို ပေးခဲ့သည်။ အမှတ်တရပစ္စည်းလေးပါ။

ကဗျာရယ်။

ကိုလင်းရင်ထဲ အတိုင်းအဆမသိ ဝမ်းသာသွားရသည်။



"ကျွန်တော် ကူပြီးကောက်ပေးရမလားဟင်"

"နေပါစေ၊ ကဗျာတစ်ယောက်တည်း ကောက်လို့ရပါတယ်၊ ကျေးဇူးတင်ပါတယ်"

ပြောပြီး ပန်းပွင့်လေးတွေကို လက်ကိုင်ပဝါကလေးထဲ ကဗျာ ထည့်နေသည်။

"ဟင်"

ကဗျာ တိတ်တိတ်ကလေး ရှိုက်ငိုနေသည်။ လုပဝိုင်းစက်သော ပါးပြင်မို့မို့လေးပေါ် မျက်ရည်လေးများ တစ်ပေါက်စီ ကျနေတာကို လင်းထက် မြင်လိုက်ရသည်။

"သွားကြရအောင်"

"ဟိုလေ…သူ့နာမည်ကို ကဗျာ သိခွင့်ရှိရင် သိပါရစေနော်"

"တို့နာမည်လား"

"ဟုတ်ကဲ့ပါ"

မသိချင်ဟန်ဆောင်၍ အုံ့ဩရိပ်ကလေး ဖြစ်သွားအောင် နေပြလိုက်သည်။

"ကျွန်တော့်နာမည်ကို ပြောရမှာ အားနာတယ်ကဗျာရယ်"

"ဘာဖြစ်လို့လဲဟင်"

"နာမည်က တစ်လုံးတည်းဖြစ်နေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



လင်းထက် မှသားစကားသုံးလိုက်သည်။

"ပြောပါ၊ ဘာပဲဖြစ်ဖြစ် သူ့နာမည်ကို တို့က အသိအမှ ပြုပေးမှာပါ၊ လမ်းတွေ့ရင်လည်း နှုတ်ဆက်လို့ရတာပေါ့"

"မောင်ပါ ကဗျာ၊ ကျွန်တော့်နာမည်က မောင်ပါ"

"မောင်"

ကဗျာ နာမည်လေးကို ရွတ်လိုက်သည်။

လင်းထက်ရင်ထဲမှာ ပြောမပြတတ်တဲ့ ဝေဒနာတ ခံစားလိုက်ရသည်။

ကဗျာ တို့ကို မမှတ်မိနိုင်တော့လို့ တို့ဝမ်းနည်းမနေ ပါဘူးကွာ။ တို့နဲ့ပတ်သက်တဲ့ အမှတ်တရလေးတွေကို ကဗျာ မြင်နေရတော့ တို့ကျေနပ်မိပါတယ်။ ကံကြမ္မာက ခ တို့နှစ်ယောက်ကို ဆုံစည်းခွင့် ပေးတာကိုပဲ ဝမ်းသာလှပါပြီ၊

ကော်ဖီဆိုင်လေးရောက်တော့ ကဗျာကစပြီး ကော် တစ်ခွက်မှာယူလိုက်ရင်း လင်းထက်ကိုလည်း အစားအသောက် ဖို့ ပြောလိုက်သည်။ ကဗျာက လက်ကိုင်ပဝါကလေးနှင့် ထုတ် လာသော စကားပွင့်လေးများကို အားရပါးရ နမ်းရှုံ့လိုက်သည်

သူ့မျက်ဝန်းတွေမှာ ဝမ်းနည်းမှု အရိပ်အရောင် သန် သည်ဟုပင် လင်းထက် ထင်သည်။

"ကဗျာက ဒီစကားဝါပွင့်လေးတွေကို အရမ်းချစ်တ လားဟင်"



"ကဗျာ ရောက်လာနေကျမှန်း မသိလို့ တို့တောင် န်းပွင့်လေးတွေကို ရေထဲပစ်ချလိုက်မိသေးတယ်"

ကဗျာ မျက်နှာလေးပြုံးပြီး လင်းထက် မျက်လုံးလေး တွေကို စူးစူးစိုက်စိုက် လှမ်းကြည့်ရင်း…

"မောင့်ကိုကြည့်ရတာ တစ်ခုခုကို ခံစားနေရသလိုပဲ နော်"

"ဟုတ်လား"

ကဗျာခေါ်လိုက်သော မောင်ဆိုတဲ့အသံလေးက နားထဲ မှာ ချိုမြိန်နေတော့သည်။

ရင်ထဲက ဖွင့်ပြောချင်သော စကားလုံးများ လင်းထက် ရင်ထဲမှာ ပြည့်နှက်နေသည်။ ဒါပေမဲ့ ဖွင့်ဟပြောဖို့ မရဲဘူးဖြစ် နေရသည်။

"ကဗျာ ဒီနေရာလေးကို အမြဲလာနေလားဟင်၊ လာတိုင်း ဒီလိုပဲ တစ်ယောက်တည်းပဲလား"

"အင်းပေါ့"

"ကဗျာရယ် ဒီနေ့မှာလာပြီး ပန်းပွင့်လေးတွေကို ကောက် ယ့်အစား လုံခြုံတဲ့နေရာလေးတစ်ခုမှာ သွားကောက်မှပေါ့၊ ဒီနေရာက လူအရမ်းပြတ်တယ်၊ စိတ်မချရဘူး"

"ကဗျာအတွက် စိုးရိမ်ပေးတဲ့အတွက် ကျေးဇူးအရမ်း ဘာင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကဗျာမျက်နှာ ပြုံးသွားပြီး…

"သိတာပေါ့ မောင်ရယ်၊ ကဗျာသိပါတယ်၊ တို့ဝ… ထားတဲ့ ခြံမှာ စကားဝါပင်ကြီးတစ်ပင်ရှိတယ်၊ ဒါပေမဲ့ အဲဒီ… ထိုင်ပြီး ပန်းကောက်ရတာ ကဗျာမပျော်ဘူး"

"ငယ်ငယ်လေးကတည်းက သံယောဇဉ်ကြီးခဲ့ရ… ကဗျာ့သူငယ်ချင်းကို လိုက်ရှာရင်း ဒီနေရာလေးမှာ အမြဲတ… လာထိုင်မိတာပါ ကဗျာရယ်"

"ကဗျာ်လေ သူနဲ့…သူနဲ့ အရမ်းတွေ့ချင်နေပြီ မော… ရယ်"

ပြောရင်း ကဗျာက ဝမ်းနည်းစွာ ငိုချလိုက်သ… လင်းထက်ပင် ကြောင်အမ်းအမ်းလေး ဖြစ်သွားသည်။

ကဗျာ့မျက်ဝန်းအိမ်ထဲက မျက်ရည်ဥကလေးများ ပါး… လေးနှစ်ဖက်ပေါ် စီးကျလာပြီ မဟုတ်လား။

"တိတ်ပါ ကဗျာရယ်၊ ကဗျာ ခင်ရတဲ့ ကဗျာ့သူ… ချင်းကို တို့လည်း လိုက်ရှာပေးပါ့မယ်၊ တိတ်တော့နော်၊ မေ… တော့"

"သူက ကဗျာကို ခုလောက်ဆို မေ့ပြီပေါ့နော်၊ … တို့ကို မရှာလောက်တော့ဘူး"

"ဒီလိုမပြောပါနဲ့၊ သူလည်း မရှာဘဲမနေပါဘူး၊ မ… သေးလို့နေမှာပေါ့"

"မောင်ရယ်…အဟင့်…ဟင့်"

"ဟော…ဟိုမှာ ဦးလေးခန့် လိုက်လာပြီ"

အသံနှင့်အတူ ပြေးဝင်လာသည့် ခြေသံကြောင့် …င်းထက် ချာခနဲ လှည့်ကြည့်လိုက်သည်။

ကဗျာတို့ခြံစောင့် ဥယျာဉ်မှူးကြီး ဦးလေးခန့်ပါ။

"ကဗျာလေး ဘယ်ကိုလျှောက်သွားနေတာလဲဟင်၊ …ဗျာ ထွက်သွားလို့ စိတ်ပူပြီး လိုက်ရှာနေကြတာ၊ လာ သမီး …လေးခန့်နဲ့ ပြန်လိုက်ခဲ့"

ဦးလေးခန့်က လင်းထက်မျက်နှာကို စူးခနဲ လှမ်းကြည့် …ည်။ ဦးလေးခန့်အကြည့်က စူးစမ်းသောအကြည့်။

"ကဗျာလေ ဒီနေရာကိုလာပြီး စကားဝါပွင့်လေးတွေကို …ကောက်နေတာပါ ဦးလေးခန့်ရယ်"

"ကဗျာ ခြံထဲမှာလည်း စကားပွင့်လေးတွေ အများကြီး …ရှိသားနဲ့၊ ဦးလေးခန့် အများကြီးထပ်စိုက်ပေးမှာပေါ့ ကဗျာရဲ့"

ဦးလေးခန့်က ပင့်သက်ကိုချရင်း လင်းထက်ကို အကဲခတ် …သည်။

"ငါ့တူက ဘယ်ကလဲဟင်၊ ငါ့တူကို ဦးလေးခန့် တွေ့ဖူး …လိုပဲ"

လင်းထက် ရင်ထိတ်သွား၏။

မိမိမျက်နှာကိုကြည့်ပြီး တစ်စုံတစ်ခုကို ဦးလေးခန့် အ…လေး

www.burmeseclassic.com

www.burmeseclassic.com



အနက် စဉ်းစားနေသည့်ပုံ။

"ကျွန်တော်"

ပြောရမည့်စကားက လည်ချောင်းထဲမှာပင် ပျောက်ကွယ်သွားသည်။ ဒီအချိန်မှာ ကဗျာ ဝင်ပြောလိုက်သည်။

"ဦးလေးခန့် သူ့နာမည်က မောင်တဲ့၊ ကားစက်ပျက်သွားလို့ ပြင်ပေးရင်း ကဗျာတို့နှစ်ယောက် ခင်သွားတာပါ"

"သြော်"

သည်တော့မှ ဦးလေးခန့် စိတ်ချသွားပုံရသည်။

"ကဲ…ကဗျာ ကားပေါ်တက်နော်"

"ကဗျာ သွားတော့မယ် မောင်"

ခေါင်းကလေးကိုသာ လင်းထက် ညိတ်ပြလိုက်မိတော့သည်။

ကဗျာက ကျသင့်ငွေကို ရှင်းပေးပြီး ကားတံခါး ဖွင့်တက်သွားသည်။

ကဗျာနောက်ကို မလိုက်သွားဘဲ မိမိအနားမှာ ရပ်ကျန်ခဲ့သူက ဦးလေးခန့်။

"ငါ့တူကြီးကို ပြောရမှာ အားနာပေမဲ့ ဦးလေးပြောပြပါမယ်"

လင်းထက် ဘာမှနားမလည်တော့ပါ။

"ကဗျာမှာ ငယ်ငယ်လေးကတည်းက သိပ်ခင်ရတဲ့



သူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးတယ်ကွယ့်"

"အင်း"

လင်းထက် ဆက်ပြီးနားထောင်နေလိုက်သည်။

"အဲဒါ သူ့သူငယ်ချင်းနဲ့ ကွဲသွားတော့ အဲဒီနေ့ကစပြီး ကဗျာလေ အရမ်းဖျားခဲ့ရတယ်၊ မအိပ်နိုင်၊ မစားနိုင်နဲ့ တမှိုင်မှိုင်တွေတွေဖြစ်ပြီး သူ့သူငယ်ချင်းလေးကို တမ်းတရင်း စွဲလမ်းတဲ့စိတ်နဲ့ ကယောက်ကတမ်းဖြစ်ခဲ့ရာကအစ အခုတော့ စိတ်မ ကဲ့ရောဂါနဲ့ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့တယ် ငါ့တူ"

"ခင်ဗျာ"

"တိုက်ဆိုင်ချင်တော့ အဲဒီအချိန်တုန်းက ဦးလေးခန့်ကားဝင်မောင်းရင်းနဲ့ ချာတိတ်လေးတစ်ယောက်ကို ဦးလေးခန့် ဝင်တိုက်မိတယ်၊ အဲဒါကို ကားပေါ်က မြင်လိုက်ရတဲ့ကဗျာက ဒဏ်ရာရဲရဲဖြစ်နေတဲ့ ချာတိတ်လေးကို သူ့သူငယ်ချင်းပါဆိုပြီး သွေးလန့်အော်လှုပ်ခဲ့တော့"

"ကဗျာရယ်"

ကိုလင်း ကဗျာရှိရာကို ချာခနဲ လှည့်ကြည့်လိုက်သည်။ ကဗျာက စကားပွင့်လေးတစ်ပွင့်ကို နမ်းရှိုက်ရင်း အဝေးကို ငေးကြည့်နေပါသည်။

"ဦးလေးခန့်ရယ် အဲဒါကို ဦးလေးခန့် မကုခဲ့ဘူးလား ခင်"

www.burmeseclassic.com

www.burmeseclassic.com



"ကုပါတယ် ငါ့တူရယ်၊ ကုတာမှ အကောင်းဆုံးသမားတော်ကြီးတွေနဲ့မှ ကုခဲ့တာပါ၊ ကုခဲ့လို့လည်း ခုချိန်မှာ ကြည့်လိုက်ရင် သာမန်လူတစ်ယောက်လို့ ထင်ရတာပေါ့၊ တစ်ခုခက်နေတာက စကားပန်းပွင့်တွေမြင်ရင် မကောက်ရဘဲမနေနိုင်တော့တာပဲ ငါ့တူ၊ သူ့စိတ်ထဲမှာ သူ့သူငယ်ချင်းကို အရမ်းစွဲနေတုန်းပဲကွ"

ကဗျာရယ်။

ကိုလင်းကို သည်လောကတောင် သံယောဇဉ်ကြီးခဲ့တယ်နော်၊ ကိုလင်း ဘယ်လိုဖြေရမလဲ ကဗျာရယ်။

ဟောဒီ ကမ္ဘာကြီးရဲ့အလယ်မှာ ကိုလင်းရှိပါသေးတယ် ကဗျာရယ်။ ကဗျာ ဘာမှအားမငယ်နဲ့တော့နော်။

"ကဲ...ဦးလေးသွားတော့မယ် ငါ့တူ"

"ဟုတ်ကဲ့...ဦးလေး"

ကဗျာက လက်ကလေးပြလို့ နှုတ်ဆက်နေပါသေးသည်။

ကဗျာနားသို့ လင်းထက် လျှောက်သွားလိုက်သည်။

"သွားတော့နော် ကဗျာ"

ကဗျာက ခေါင်းလေးကို ညိတ်ပြ၏။

လမ်းမပေါ်မှာ တစ်ယောက်တည်း ရပ်ကျန်ခဲ့သူက လင်းထက်ရယ်ပါ။

ကဗျာကို တောင့်တရင်းနဲ့ ကိုလင်း စောင့်နေမှာပါ။

ဂျပန်ကဗျာလှလှလေး တစ်ပုဒ်ထဲကလိုပေါ့။



ပန်းကလေးတွေ ကြွေနေသမျှ

ကိုယ့်ရင်ထဲမှာ မင်းရှိနေစေမယ်။

မင်းပန်ဖို့ ပန်းကလေးတစ်ပွင့်ကိုလည်း

ကိုယ် ကောက်ထားနှင့်မှာပေါ့။

ကိုယ်ကောက်ထားတဲ့ ပန်းကလေးကိုပန်ပြီး

မင်းပြန်သွားမှာကိုပဲ စိုးရိမ်ပါတယ် အချစ်ရယ်ဆိုတဲ့ ကဗျာလေးလိုပါပဲ ကဗျာရယ်။

မငိုနဲ့နော် ကဗျာ။

ကဗျာ့ဆီကို ကိုလင်း ပြန်လာပြီလေ။

ဝ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၃]

"မငိုပါနဲ့ ကဗျာရယ်၊ ကဗျာက အမြဲငိုနေတော့ ဇာနည်က ဘာလုပ်ရတော့မှာလဲ"

ဇာနည်သွေးက မျက်နှာလေးကို စူးစူးစိုက်စိုက် ကြည့်ပြီး ပြောသည်။

"ကဗျာရယ်...ကဗျာ့သူငယ်ချင်း လင်းထက်ဆိုတာ ခုလောက်ဆိုရင် ကဗျာ့ကိုမေ့ပြီး ကဗျာ့ထက် ပိုခင်ရမယ့် သူငယ်ချင်းအသစ်တွေနဲ့ ပျော်နေတော့မှာ၊ သူ့ကို မေ့နိုင်အောင် ကြိုးစားမှ ကဗျာ နေကောင်းမှာမဟုတ်လား ကဗျာရယ်"

ကဗျာကို ဇာနည်က ဖျောင်းဖျနှစ်သိမ့်နေသည်။ တကယ်တော့ ဇာနည်သွေးသည် ခြံနီးချင်းဘဝမှာ နေခဲ့ကတည်းက ကဗျာတို့ ခြံကြီးထဲသို့ အဝင်အထွက် ရှိခဲ့သူပါ။

မိဘချင်းကလည်း ခင်မင်ရင်းနှီးစွာ ရှိခဲ့ကြသူတွေမို့ နှစ်အိမ်



တစ်အိမ် ရွှေလမ်းငွေလမ်း ဖောက်ခဲ့ကြသည်။ ကဗျာ နေကောင်းလာတာနဲ့ တစ်ပြိုင်နက် စေ့စပ်ပေးထားဖို့ အဆင့်ကိုပင် ရောက်နေခဲ့ကြပြီလေ။

"ကိုဇာနည်ရယ် ကဗျာ့ကို တစ်ယောက်တည်း နေခွင့်ပေးနော်၊ ကိုဇာနည် ပြန်ပါတော့နော်၊ ကဗျာ တောင်းပန်ပါတယ်"

ကဗျာ သူ့ကို တောင်းပန်နေမိသည်။

ကဗျာ မပျော်ပါ။ ကဗျာ့ရင်ထဲမှာ မရွှင်လန်းနိုင်ပါ။

စကားပင်ကြီးအောက်မှာ ထိုင်နေရသည့် ဘဝလေးကိုသာ ကဗျာ မက်မောတောင့်တနေမိသည်။

ကိုလင်းရယ်...

ကိုလင်းကိုလေ ကဗျာအမြဲတမ်း သတိရနေတယ်ဆိုတာ ယုံပါနော်။ စကားပင်ကြီးအောက်မှာ ကိုလွင်းကို ကဗျာစောင့်နေပါတယ် ကိုလင်းရယ်။

"ကဗျာ"

ဇာနည်သွေး အသံက ကဗျာ့နားထဲမှာ ပေါ်လာသည်။

"ပြောပါ ကိုဇာနည်"

"ကဗျာနဲ့ ကိုဇာနည်တို့ လူကြီးတွေက သဘောတူထားကြတာ ကဗျာသိပါတယ်နော်"

"သိပါတယ် ကိုဇာနည်"

ခေါင်းကလေးငုံ့လို့ ကဗျာဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဗျာ နေကောင်းအောင်လို့လည်း ကိုဇာနည် အားလုံး ကူညီပေးခဲ့တယ်နော်"

"အင်းလေ"

"ကဗျာရယ်…ဒီအဆင့် ဒီအခြေအနေကို ရောက်နေတာတောင် ကဗျာ ကိုဇာနည်ကို အဖြေမပေးသေးဘူးနော်"

"ကိုဇာနည်ရယ်…ကဗျာလေ ကဗျာ့သူငယ်ချင်း ကိုလင်းကို တွေ့တဲ့တစ်နေ့ကျမှ ကိုဇာနည်တောင်းတဲ့ အဖြေကို ကဗျာ ဝေးစားဖို့ ဆုံးဖြတ်ထားလို့ပါ၊ ခုတော့ စောင့်ပါဦးနော် ကိုဇာနည်"

ကဗျာ့ မျက်ဝန်းတွေက မှိုင်းညို့ရီဝေလို့ နေပါသည်။

ကဗျာ့အသံလေးက တုန်ရင်လှိုက်လှဲလို့ နေပါသည်။

ကဗျာ မချစ်နိုင်ပါ။

ကဗျာ မမြတ်နိုးနိုင်ပါ။

အမှန်တကယ် စွဲလန်းတမ်းတနေခဲ့သူက ငယ်သူငယ်ချင်း ကိုလင်းကိုပဲ မဟုတ်ပါလား။

ကိုလင်းရယ်။

ကိုလင်း ဘယ်မှာလဲဆိုတာ ကဗျာ သိချင်လိုက်တာ။

ကိုလင်း ဆယ်တန်းအောင်မယ့်နှစ်ကို တွက်ပြီး တက္ကသိုလ်မှာ ကိုလင်းကို ကဗျာ တွေ့များတွေ့နိုင်မလားဆိုပြီး ရှာခဲ့ပါသေးတယ် ကိုလင်းရယ်။

ကဗျာ့စိတ်ထဲမှာ ကဗျာမမြင်တွေ့နိုင်တဲ့ ကဗျာမသိနိုင်တဲ့



စကားပင်ကြီးတစ်ပင်အောက်မှာ ကိုလင်းတစ်ယောက် ကဗျာကိုပေးဖို့ စကားပွင့်လေးတွေ ကောက်ထားမယ်ဆိုတာ ကဗျာ သိနေပါတယ်လေ။

စကားပွင့်လေးတွေကိုမြင်ရင် ကဗျာ ငိုချင်တယ်။

စကားပွင့်လေးတွေ ကြွေရင် ကဗျာ သတိရတယ်။

ကဗျာ့ကို မမေ့ပါနဲ့ ကိုလင်းရယ်။

ကျောက်ရုပ်တစ်ရုပ်လို ဇာနည်သွေး ငြိမ်သက်နေပါသည်။

တွဲကျလာသော စကားဝါပွင့်လေးတွေကို ဇာနည်သွေး မုန်းတီးနေမိသည်။ ဒီကမ္ဘာလောကထဲမှာ သည်စကားဝါပွင့်တွေ မရှိတော့ရင် ဘယ်လောက်ကောင်းလိုက်မလဲ။

မထိုင်ချင်ပါ။

သည်စကားဝါပင်ကြီးအောက်မှာ ဇာနည်သွေး မထိုင်ချင်တော့ပါ။

သည်လိုထိုင်မိတိုင်း သူချစ်ရတဲ့ ကဗျာက အတိတ်ကို သတိရပြီး သူ့အချစ်ကို ငြင်းဆန်နေခဲ့သည် မဟုတ်လား။

"ကဗျာရယ်…ပြန်မတွေ့နိုင်တော့တဲ့သူကို မျှော်လင့်တမ်းတပြီး သတိရနေတော့မှာလားဟင်၊ ခုလောက်ဆို သူလည်း မေ့နေလောက်ရောပေါ့"

"ကိုဇာနည်တို့နှစ်ယောက်ကို မိဘတွေကတောင် ကဗျာနဲ့ ကိုစွကို တိုင်ပင်နေကြပြီပဲ ကဗျာရယ်၊ ပြီးတော့ အသက်မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



ပြည်အနဲ့ ဟန်းနီးမွန်းထွက်ကြမယ်လေ၊ ကဗျာ မပျော်ဘူးလား ဟင်၊ ကိုကတော့ တွေးမိရုံနဲ့ အရမ်းပျော်နေတဲ့သူပါ"

ဇာနည်သွေးက သူ့ရင်ထဲမှာရှိသည့်အတိုင်း ပြောလိုက်ခြင်း ဖြစ်သော်လည်း ကဗျာကတော့ ခေါင်းလေးကိုပဲ ညင်သာစွာ ခါယမ်းနေမိသည်။

"စိတ်ကူးမယဉ်စမ်းပါနဲ့ ကိုဇာနည်ရယ်၊ ကဲ ကိုဇာနည် လည်းပြန်တော့၊ ကဗျာလည်း ပြန်တော့မယ်"

"နေပါဦး ကဗျာရယ်"

ကဗျာ့လက်ကလေးကို ဇာနည်သွေး ဖမ်းဆွဲထားလိုက်သည်။ ကဗျာ အသာရုန်းပြီး စကားဝါပင်အောက်က ထလာခဲ့သည်။

စိတ်ညစ်သွားရသူက ဇာနည်သွေးပင်။

ကဗျာက သူ့ကို မနှစ်သက်နိုင်သူကိုး။

တကယ်ဆို မိမိက ဆေးကျောင်းသား ဆရာဝန်ပေါက်စ။ တစ်နေ့မှာ ဆရာဝန်ဆိုသည့် အမည်နာမတစ်ခုကို ပိုင်ဆိုင်ရရှိလာမည့် သူတစ်ယောက်။ သည်လို လူတစ်ယောက်ကို ကဗျာ ငြင်းရက်တယ်နော်။

အေးလေ ဘယ်တတ်နိုင်ပါ့မလဲ။

ကဗျာလက်ခံလာတဲ့ တစ်နေ့ကိုပဲ စောင့်နေလိုက်ရုံပဲ ရှိတော့တာပေါ့။



ပင့်သက်လေးကိုချပြီး ကဗျာနောက်သို့ ဇာနည်သွေး လိုက်သွားရလေသည်။ ကဗျာ့မေမေက သူ့ကို အပြုံးနုနုလေးနဲ့ ဆီးကြိုနှုတ်ဆက်၏။

"ရောက်နေတာကြာပြီလား မောင်ဇာနည်သွေး"

"ဟုတ်ကဲ့ အန်တီ၊ ခြံထဲမှာ ကဗျာနဲ့ ထိုင်စကားပြောနေတာပါ"

"ကဲ…ထိုင်ကွယ်၊ အန်တီ မောင်ဇာနည်ကို ပြောစရာရှိလို့"

ကဗျာ့မိခင် ဒေါ်မိမိမေပြရာ ဆိုဖာဆက်တီခုံပေါ်မှာ ဇာနည်သွေး ဝင်ထိုင်လိုက်သည်။

"ကဗျာ ဘာတွေပြောသေးလဲဟင်"

"ဒီလိုပါ အန်တီရယ်၊ သိပ်တော့ မထူးခြားသေးဘူး"

ဒေါ်မိမိမေ ပင့်သက်ကလေး ချလိုက်ရသည်။

"ဆရာဝန်ကြီးကတော့ ကဗျာ့အခြေအနေ တော်တော်လေး စိတ်ချရပြီလို့ ပြောတာပဲ၊ မောင်ဇာနည်သွေး ခက်နေတာက သူစွဲလမ်းခဲ့တဲ့ သူ့သူငယ်ချင်းနဲ့ ပြန်တွေ့ခွင့်ရမယ်ဆိုရင် အကောင်းဆုံးပဲတဲ့"

ဇာနည်သွေး မျက်နှာပျက်သွားသည်။

"အန်တီရယ်…ဒီအကြောင်းတွေကို ထည့်မပြောပါနဲ့တော့၊ အရက်သမား၊ ဆိုက်ကားသမားက မွေးတဲ့သား၊ ခုလောက်ဆို

www.burmeseclassic.com

www.burmeseclassic.com



ရင် သူလည်း သူ့အဖေဆိုက်ကားပေါ်မှာ အရက်မူးပြီး အိပ်နေလောက်ပြီ၊ အလကား အခြေအမြစ်မရှိတဲ့ကောင်''

''အေးလေကွယ်…အန်တီကလည်း ဒီကောင်လေးကို ပြန်ရှာဖို့ စိတ်တောင်မကူးပါဘူး၊ ဖြစ်နိုင်မယ်ဆိုရင် မောင်ဇာနည်သွေး မိဘတွေနဲ့တိုင်ပင်ပြီး မောင်ဇာနည်သွေးတို့ကိစ္စကို အမြန်ဆုံး လုပ်ပေးလိုက်ချင်ပါ့ကွယ်''

စိန်တွေရွှေတွေ ဒေါ်မိမိမေ တစ်ကိုယ်လုံးမှာ ညှတ်နေသည်မို့ ကိုယ်ကလေး လှုပ်ပြောလိုက်စဉ် အရောင်တွေက ပြိုးပြိုးပြက်ပြက် လင်းလက်သွားရသည်။

''အန်တီရယ်…ကျွန်တော်ကတော့ နောက်နှစ်ဆိုရင်ပဲ တစ်ခါတည်း လုပ်ပေးစေချင်တယ် အန်တီ၊ သိပ်အကြာကြီးလည်း မစောင့်ချင်တော့ဘူး''

''သမီးဆန္ဒက အရေးကြီးတာ မောင်ဇာနည်သွေး၊ သမီးကိုလည်း အန်တီ ဖျောင်းဖျပါဦးမယ်ကွယ်''

''ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်လည်း ရောက်တာကြာပြီဆိုတော့ ပြန်လိုက်ပါဦးမယ်''

''ကောင်းပါပြီကွယ်''

ဇာနည်သွေး၏ နောက်ကျောပြင်ကို ကြည့်ပြီး ကျေနပ်ပီတိဖြစ်နေရသူကတော့ ဒေါ်မိမိမေပင်။

ဇာနည်သွေးက သိန်းငါးထောင်ကျော်မျှ အမွေရမည့်



ဆရာ ဝန်လောင်းလေး မဟုတ်လား။

ဒါပေမဲ့ ခက်နေတာက သမီးလေး ကဗျာဝေပဲ။

ဘယ်ကမ္ဘာကို ရောက်နေမှန်းမသိတဲ့ သူငယ်ချင်းကို မျှော်လင့်တမ်းတနေတယ်။

ကိုကိုကလည်း ခက်ပါတယ်။

သမီးကို အလိုလိုက်ဆုံးက ကိုကို။ သမီးလေး လွှတ်လွှတ်လပ်လပ်နေပါစေဦးတဲ့။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၀]

''ငါ မင်းတို့ကိုပြောရမှာ အရမ်းပဲ အားနာတယ်ကွာ
ပြောလည်းမပြောချင်ဘူး၊ ပြောရမှာလည်း ခက်နေတယ်''

ကိုမောင်မောင်လတ်စကားကို အလုပ်သမားတွေအားလုံ
က နားထောင်နေကြသည်။

ဦးမောင်မောင်လတ်၏ မျက်နှာ မကောင်းဖြစ်နေကတည်း
က တစ်ခုခုတော့ တစ်ခုခုပဲဟု အားလုံးက တွက်ထားကြသည်။

''ဒီလိုပါကွာ၊ ငါ အခု ဒီလုပ်ငန်းအားလုံးကို ရပ်ဆိုင်း
လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ''

အားလုံး ဘယ်သူမှ စိတ်မကောင်းကြ။ တအံ့တသြလည်း
ဖြစ်ကုန်ကြသည်။

''လုပ်ငန်းမှာ အရှုံးပေါ်နေတာရယ်၊ ငွေထပ်ပြီး မစိုက်
ထုတ်နိုင်တာရယ်ကြောင့်လို့ပဲ ဆိုရမှာပေါ့ကွယ်၊ ဒါကြောင့် ဒီနေ့



ပြီး လုပ်ငန်းအားလုံး ဖျက်သိမ်းလိုက်ပြီ''

''မင်းတို့လည်း အခြားတစ်နေရာမှာ အလုပ်ရှာဖို့ ငါ
ကောင်းပန်ပါတယ်၊ ငါပြောချင်တာကတော့ အဲဒါပါပဲ''

စိတ်ပျက်ပျက်နှင့် ဖိုးကျော်ကို ထားခဲ့ပြီး လင်းထက်
တစ်ယောက်တည်း ထွက်လာခဲ့သည်။

ကဗျာနဲ့တွေ့ခဲ့သည့် စကားဝါပင်အောက်မှာ ထိုင်ရင်း
ကဗျာများ ရောက်လာမလားလို့ မျှော်နေမိသည်။

ကဗျာ ရောက်မလာပါချေ။

မိမိဘဝလေးကို တွေးရင်း အသိုလို လင်းထက် ဝမ်းနည်း
နေမိသည်။

လင်းထက်ဘဝအတွက် အထောက်အကူပေးနေတဲ့ အလုပ်
လေး ရပြန်တော့လည်း အဆင်မပြေ။ ဒီအတိုင်းသာဆိုရင်
ကျောင်းပြန်တက်ဖို့ မလွယ်ကူလောက်တော့ပေ။

လင်းထက် အရှုံးမပေးချင်သေးပါ။

ကဗျာရယ်...

ကိုလင်းအဖြစ်ကို မြင်လှည့်ပါဦး။

လင်းထက်တစ်ယောက်တည်း တွေးနေစဉ် ခြေသံကြားလို့
ကြည့်လိုက်တော့...

''အို...ကဗျာ''

''ဟင်''

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတွေ့သွားသဖြင့် ကဗျာ့မျက်လုံးလေးတွေ ဝိုင်း… သည်။

"ကဗျာကတော့ ထင်သားပဲ၊ မောင်ရောက်နေမ… တာ"

"ကဗျာရယ်"

မိမိလိမ်ပြောထားသည့် နာမည်လေးကို ကဗျာမှတ်… သည့်အတွက် လင်းထက် ဝမ်းသာသွားမိသည်။

"ဒီနေရာလေးကို လာချင်လို့ ဦးလေးခန့်ကို ပို့ခိုင်း… မောင်ရဲ့ ဟင် စကားပွင့်တွေ မောင်ကောက်ထားတယ်"

တကယ်လည်း လင်းထက် ကောက်ထားမိသည်…

လင်းထက်ရှေ့က မြက်ခင်းစိမ်းစိမ်းပေါ်မှာ စကား… ကို ပုံထားသည်။

"ကဗျာ့ရောက်လာရင် ပေးဖို့ကောက်ထားတာပါ၊ … လက်ကိုင်ပဝါလေး မောင့်ကို ပေးလေ၊ မောင်ထုတ်ပေး…

ကဗျာ သူ့ကို လက်ကိုင်ပဝါလေး ကမ်းပေးလိုက်…

သူ့ကို ကဗျာ ခင်ခဲ့မိသည်ထင်သည်။

သူ့ပုံစံလေးကိုကြည့်ပြီး လင်းထက်ကို သတိ… မဟုတ်လား။

သူသာ လင်းထက်ဖြစ်လိုက်ရင် ဘယ်လောက်… မလဲကွယ်။



သတိရစိတ်နှင့် တမ်းတမိပြန်သည်။

"မောင် ဒီနေရာမှာ နေ့တိုင်း လာထိုင်နေတာလားဟင်"

"ခုတော့ ထိုင်ရတော့မယ် ကဗျာရဲ့"

"ဟင်း…ဘာဖြစ်လို့လဲ"

"မောင် အလုပ်က ဒီနေ့ပဲ ပြုတ်လာပြီလေ"

"အို"

ကဗျာ မောင့်ကို စာနာသနားသွားမိသည်။

"ဘယ်လိုဖြစ်ရတာလဲ မောင်၊ မောင့်အလုပ်မှာ ဘာ… မပြေဖြစ်လို့လဲ၊ အမှားလုပ်မိလို့လား၊ ကဗျာ့ကို ပြောပြလို့ … ပြောပြပါလား၊ အပန်းမကြီးရင်ပေါ့၊ ကဗျာ မောင့်ကို ခင်ပါ…"

"ကဗျာ့ကို ညီမလေးတစ်ယောက်လို သဘောထားပြီး … ဘဝအကြောင်းကို ပြောပြပါလားဟင်"

လင်းထက် ပင့်သက်ချပြီး စဉ်းစားနေလိုက်သည်။ ပြီးမှ … တိုးတိုးဖြင့်…

"မောင်က စက်မှုတက္ကသိုလ်တက်နေတဲ့ ကျောင်းသား … ယောက်ပါ ကဗျာ၊ ကျောင်းစရိတ်လေးရအောင် အလုပ်လုပ်ရင်း … ကို အပြေးအလွှား တက်နေရသူတစ်ယောက်ပါ"

"အို…ဟုတ်လား"

ကဗျာ့ရင်ထဲ မကောင်းပါ။ ကဗျာ ဆက်နားထောင်နေ…

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ခုတော့ ကဗျာရယ် အလုပ်က အဆင်မပြေတော့ဘူးဆိုတော့ စိတ်ညစ်ညစ်နဲ့ ဒီနေရာလေးမှာ လာထိုင်နေတာပါ"

"နေဦးမောင်...ဦးလေးခန့်ကို ကဗျာ သွားခေါ်လိုက်ဦးမယ်"

ကဗျာခေါ်ရာနောက်သို့ ဦးလေးခန့် လိုက်လာသည်။

ကဗျာကပင် ဦးလေးခန့်ကို စကားစလိုက်သည်။

"ခြံထဲမှာလည်း အလုပ်က လိုနေတာပဲ ဦးလေးခန့်ရယ် မောင့်ကို ဦးလေးခန့်ရဲ့တူအရင်းတစ်ယောက်လို့ပြောပြီး ခြံထဲမှာ အလုပ်ခန့်ရင် ကောင်းမယ်နော်၊ ပြောပေးပါ ဦးလေးခန့်ရယ်၊ ဖေဖေကိုလည်း ကဗျာ ပြောကြည့်မယ်လေ"

ကဗျာရဲ့ဆန္ဒ ပြင်းပြနေတယ်ဆိုတော့ ဦးလေးခန့် မငြင်းနိုင်တော့ပါ။

ကဗျာ့စကားကို နားထောင်ပြီး ထိတ်လန့်သွားရသူက လင်းထက်။

မိမိနားထဲမှာ မိမိကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောသည့် အန်တီဒေါ်မိမိမေ၏ စကားသံတွေကို ပြန်ကြားယောင်မိသည်။

"နင့်ကို ငါပြောထားတာ မေ့သွားပြီလား၊ ကဗျာနဲ့ ဘာမှ ပတ်သက်စရာ မလိုဘူးဆိုတာလေ၊ နင်နားလည်ရဲ့လား"



"ကလေကဝ၊ အရက်သမား၊ ဆိုက်ကားသမားသားက ားတော် တန်ရာတန်ရာ မပေါင်းဘဲ မတန်မရာနဲ့ လာပေါင်းရတယ်လို့၊ နင်နဲ့ကဗျာနဲ့က အဆင့်အတန်းချင်း တူလို့လားဟဲ့"

ကဗျာပြောနေတဲ့ စကားတွေကို လင်းထက် လက်မခံနိုင်ပါ။

ဒါကြောင့်

"ကဗျာရယ် ကျွန်တော့်အတွက်နဲ့ ကဗျာတို့မှာ ဝန်ထုပ်ဝန်ပိုးဖြစ်နေပါဦးမယ်၊ ကျွန်တော့်အတွက် စဉ်းစားမနေပါနဲ့"

"အို...မဟုတ်တာ၊ ကဗျာ့စေတနာကို မောင်နားလည်ပေးပါ၊ ကဗျာဘက်က တတ်နိုင်သလောက် မောင့်ကို အကူအညီပေးတာပါ"

ဦးလေးခန့်ကလည်း ဝင်ပြောလိုက်သည်။

ဦးလေးခန့်ကိုယ်တိုင်လည်း ဒီသူငယ်ကို ခင်တွယ်နေမိပြီလေ။

"ဟုတ်ပါတယ် ငါ့တူရယ်၊ ဦးလေးတို့နဲ့ စိတ်ချလက်ချ ဘူးလိုက်ခဲ့ ဟုတ်လား၊ ငါ့တူနေဖို့ထိုင်ဖို့ ကျောင်းစရိတ်အတွက် ဦးလေးခန့်တို့ အဆင်ပြေအောင် ဆောင်ရွက်ပေးပါ့မယ်"

"ကဲ...သွားကြရအောင်"

သူငယ်ချင်း ဖိုးကျော်ကို ပြေးပြီးသတိရမိသည်။

ဖိုးကျော်က ရန်ကုန်မှာ ဆွေမျိုးအသိုက်အဝန်းက ကောင်း

www.burmeseclassic.com

www.burmeseclassic.com



တောင့်တင်းတင်းရှိပြီးသားမို့ ပူစရာမလိုသော်လည်း လင်းထက်အတွက်က မလွယ်။

လင်းထက် ဆုံးဖြတ်ချက်ချလိုက်ရသည်။

"ကဲ ကဗျာ ခုတော့ အိမ်ပြန်ပြီး လိုအပ်တာလေးတွေ ယူစရာရှိသေးလို့ တစ်ခါတည်း မလိုက်နိုင်တာကို ခွင့်လွှတ်ပါနော်။ ကဗျာတို့အိမ်လိပ်စာကိုပေးခဲ့ပါ၊ ကျွန်တော် ဆက်ဆက်လာခဲ့ပါ့မယ် ခင်ဗျာ"

ကဗျာ့မျက်နှာလေး ကြည်နူးဝမ်းသာရိပ်တွေ ဖြတ်သန်းသွားသည်။

သူဆိုတဲ့ မောင်ကို ဘာကြောင့်မှန်းမသိ ကဗျာခင်တွယ်နေမိပြီ မဟုတ်လား။

မောင့်ကိုလေ ကဗျာ စေတနာသန့်သန့်နဲ့ ကူညီခဲ့တာပါ။

မောင်ဟာ ကဗျာ့ဘဝလေးထဲက ပျောက်လက်ဆုံးသွားတဲ့ ကိုလင်းသာ ဖြစ်မယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ။

ဝ ဝ ဝ

## အခန်း [၁၁]

"ကိုခန့်"

"ဟုတ်ကဲ့ မမ"

"မင်းပြောတဲ့ မင်းတူဆိုတာ သူလား"

မိမိကို ပြူးဝိုင်းနေသော မျက်လုံးစိမ်းကြီးများဖြင့် စိုက်ကြည့်နေသဖြင့် လင်းထက် အနေခက်နေသည်။

လင်းထက် အရဲစွန့်ပြီးလာခဲ့ရတာ မဟုတ်လား။

သူ့ကို လင်းထက်မှန်း ဒေါ်မိမိမေ သိသွားမှာကိုပဲ စိုးရိမ်မိသည်။

ဦးလေးခန့်က

"ဟုတ်ပါတယ် မမ၊ ကျွန်တော့်တူကလေးက စက်မှုတက္ကသိုလ်တက်နေတဲ့ ကျောင်းသားတစ်ယောက်ပါမမ၊ မမ ခြံစရာ အလုပ်တွေရှိနေတယ်ဆိုလို့ ကျွန်တော်ခေါ်လာခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



“နေစမ်းပါဦး၊ သူ့မျက်နှာကို ငါ မြင်ဖူးသလိုပဲ ဘယ်မှာ မြင်ဖူးပါလိမ့်”

“ဟင်”

လင်းထက်ရင်ထဲ ထိတ်ခနဲ စိတ်လှုပ်ရှားသွားရသည်။

အသက်ကိုပင် ရဲရဲမရှုရဲတော့။

“ဒီမှာကွယ်”

“ခင်ဗျာ”

“မင်းနာမည်က ဘယ်သူလဲ”

“မောင် မောင် မောင်ပါအန်တီ”

“အရင်က ဘယ်မှာနေဖူးသလဲ”

“ဟို”

ဦးလေးခန့်မှာထားသည့်အတိုင်း လင်းထက်ဖြေနေမိသည်။

ဒေါ်မိမိမေကတော့ မိမိကို မျက်လုံးပြူးကြီးတွေနှင့် အကဲခတ်စိုက်ကြည့်လို့မဆုံးတော့။

“အေးလေ အလုပ်ကတော့ လိုနေတာအမှန်ပဲ၊ မင်း ကားမောင်းတတ်တယ်မဟုတ်လား၊ ပြင်လည်း ပြင်တတ်တယ်ဆို”

“ဟုတ်ကဲ့ ခင်ဗျာ”

“ဒါဆို မနက်ပိုင်းတစ်ချိန်တော့ ကိုကိုနဲ့သမီးကို အလုပ်နှင့်ကျောင်း မင်းလိုက်ပို့လိုက်၊ ညနေပိုင်းမှာတော့ ခြံထဲကအလုပ်တွေကို ဦးလေးခန့်နဲ့အတူလုပ်ရမယ်၊ ကြားရဲ့လားကွယ်”



“ကြားပါတယ် အန်တီ”

“အေး အေး သွားနိုင်ပြီ၊ မင်းလုပ်အားခအတွက်တော့ ကိုခန့်နဲ့တိုင်ပင်ပြီး ငါပေးမယ်၊ ဒါပေမဲ့ တစ်ခုတော့ ကြိုပြောထားမယ်နော်၊ အကျင့်စာရိတ္တတော့ ကောင်းပါစေ၊ အဲဒါ အရေးကြီးတယ်၊ ကဲ သွားတော့ သွားတော့”

ခေါင်းငုံ့ပြီး လင်းထက် ထွက်လာခဲ့သည်။ လင်းထက်ဝမ်းသာသွားသည်။

ကဗျာ့နားမှာ နေခွင့်ရသည့်အပြင် မိမိဘဝအတွက် ကျောင်းကိုပါ ဆက်တက်ရတော့မှာမို့ ဝမ်းသာလို့မဆုံး ဖြစ်ရတော့သည်။

ကဗျာရယ်

ကဗျာ့ကို ကိုလင်း အရမ်းကျေးဇူးတင်ပါတယ်။ ကိုလင်းစိတ်ထဲကနေ ပြောနေမိသည်။

“မောင် မောင်”

“ဗျာ ဦးလေးခန့်”

“ဒီကိုလာဦး”

“ဦးလေးခန့်က မောင်မောင့်ကို အလုပ်ကြိုးစားပြီးလုပ်နော်၊ သူတို့အိမ်က ကိစ္စတွေကိုလည်း ဘာတစ်ခုမှ ဝင်မရှုပ်မိစေနဲ့၊ အရေးကြီးတာက ကဗျာလေးကို သိပ်အရောမဝင်နဲ့ အဘွားကြီးက ကြိုက်မှာမဟုတ်ဘူး၊ မာနသိပ်ကြီးတာ နားလည်လား”

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ နားလည်ပါတယ် ဦးလေးခန့်”

ဦးလေးခန့်က တူရင်းပမာ စေတနာဖြင့် အသိပေးလေ သည်။

“ဒီခြံကြီးထဲမှာ ဦးလေးခန့် နေလာတာကြာပြီ၊ သူတို့ မိသားစုက အဆင့်အတန်း သိပ်ခွဲခြားလွန်းတယ်၊ ဘဝင်လည်းမြင့် တယ်၊ အဆိုးဆုံးကတော့ ဒေါ်မိမိမေ”

“တစ်အိမ်လုံးရဲ့ အာဏာရှင်ပဲလေ၊ သူ မကြိုက်တာမှန် သမျှ ဘာဆိုဘာမှ မလုပ်မိစေနဲ့၊ ဦးကိုကိုဆိုတာက ဒေါ်မိမိရဲ့ ယောကျ်ား၊ သူကျတော့ သဘောကောင်းပြီး စေတနာရှိတယ်၊ ပေးကမ်းစွန့်ကြဲတတ်တယ်”

“ဒါပေမဲ့ အရက်ကို အလွန်အကျွံသောက်တယ်၊ အေးလေ နေလာတာကြာရင် အားလုံးကို မင်းသိလာမှာပါ၊ ကဲ ရေမိုးချိုး လိုက်ဦး၊ ဦးလေးခန့်လည်း နှင်းဆီအိုးတွေ ရေလောင်းလိုက်ဦးမယ်”

“ကျွန်တော်ပါလိုက်မယ် ဦးလေးခန့်၊ ပြီးမှ ရေချိုးမယ်”

လင်းထက် လန်းဆန်းတက်ကြွနေသည်။

“ခြံကြီးကတော့ အကျယ်ကြီးပဲနော် ဦးလေးခန့်၊ ပန်းပင် တွေကလည်း ရောင်စုံပဲ၊ ဟိုမှာ ရေကူးကန်နဲ့ တင်းနစ်ကွင်းကလည်း အရမ်းလှတယ်နော်”

“လူချမ်းသာတွေကိုးကွ”

လင်းထက် စိတ်ကူးယဉ်နေမိသည်။



သည်ရေကူးကန်ကြီးထဲမှာ ကဗျာ အတူတတူနေကူးပြီး တင်းနစ်ကွင်းမှာ နှစ်ယောက်အတူ ရိုက်လိုက်ချင်လိုက်တာ။

ဩော်

စိတ်ကူးယဉ်တာတွေက ဖြစ်မလာနိုင်တာပဲ။ ကဗျာဘဝနဲ့ ငါ့ဘဝ မိုးနဲ့မြေလို ကွာခြားနေတယ်လေ။

ကဗျာဘဝလေးက အရာရာ လိုလေသေးမရှိ ပြီးပြည့်စုံပါ တယ်လေ။

အလုပ်သမားတွေနေဖို့ ဆောက်ထားသော တန်းလျား ကလေးကပင် အဆင့်အတန်းရှိလှသည်။ သွပ်မိုး ပျဉ်ကာ ပျဉ်ခင်း ချည်းပါ။ ညှော်ခန်းပါသည်။ ထပ်ခိုးလေးနဲ့ သန့်ရှင်းသပ်ရပ်သော အိမ်ကလေးတွေကို တစ်လုံးချင်း ဆောက်ပေးထားသည်။

ခြံနဲ့တိုက်ကိုလည်း ကြည့်ဦးလေ။

ခြံအဝင် သံတံခါးကြီးနားကစပြီး ကြည့်လိုက်လျှင် နှင်းဆီ အိုးတွေ စီကာရီကာချထားသည့် ကွန်ကရစ်လမ်းကလေးကို စတွေ့ ရမည်ဖြစ်သည်။

လမ်းတစ်လျှောက် ရောင်စုံစက္ကူပန်းခင်းများကလည်း တန်းစီစွာ ပွင့်နေကြ၏။

ကြီးမားထည်ပါသည့် တိုက်ဖြူကြီးကလည်း ချမ်းသာမှုကို ဖော်ပြနေသည်။

ခေတ်မီလှပသည့် နောက်ဆုံးပေါ်ဒီဇိုင်းနဲ့ တိုက်အပေါ်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ဆီမှ အပြာရောင် ခန်းစီးလိုက်ကာတွေက တဖျပ်ဖျပ်လွင့်နေသည်။ ကြီးမားပြောင်လက်နေသော တံခါးတွေက မှန်ချပ်တွေဆို ကြည့်လှဲ့ပြီး ပြာစိမ်းနေသည်။

အပေါ်ထပ်လသာဆောင် အပေါ်နံရံတွင် ချိတ်ဆွဲထားသည့် ဒီဇိုင်းလှလှ နောက်ဆုံးပေါ် မီးဆိုင်းကြီးကပင် အလွန်ခန့်ညားထည်ဝါလှသည်။

ရေကူးကန်ကလည်း အမိုက်စားရေကူးကန်ပါ။

အပေါ်မှာရော အောက်မှာရော ပတ်ပတ်လည် ကြွေပြားလှလှလေးတွေခင်းထားသည်။ ကြွေပြားတွေက ခေတ်မီကနုတ်လေးတွေနဲ့ ဖော်ထားသည်။

ရေကူးကန်ဘေးမှာ ခေတ်မီမီခုံ လိမ္မော်ရောင်ထိုင်ခုံနှစ်ခုကို လှလှပပခင်းထားပြီး ရောင်စုံအမိုးလေးနှစ်လက်က မိုးထားသည်။

သန့်ရှင်းပြောင်လက်၍ လှပကျယ်ဝန်းသည့် ခေတ်မီတင်းနစ်ကွင်းတစ်ခု ပတ်ပတ်လည်မှာလည်း လူတစ်ရပ်ခန့်မြင့်သောသံဆန့်ကာကွပ်စိပ်လေးတွေကို အစိမ်းနုရောင် ကာရံပေးထားသည်။

သံဆန့်ကာအပြင်ဘက်မှာ သဇင်ပန်းတိုင်တွေကို လှလှပပ ချိတ်ဆွဲထားသည်။

တစ်ခြံလုံးကို ကြည့်လိုက်မည်ဆိုလျှင် ပန်းပင်တွေကလည်းရောင်စုံ။ ရောင်စုံပန်းတွေကြားထဲမှာလည်း ရေကူးကန်နဲ့ တင်းနစ်ကွင်း။ ပြီးတော့ ခေတ်မီနှစ်ထပ်တိုက်ကြီးတစ်လုံး။



"တီ တီ"

"တီ"

"ဟာ မောင်မောင် ခြံတံခါး အမြန်သွားဖွင့်လိုက်၊ ရော့ ဒီမှာ သော့ယူသွား"

ခြံအပြင်ဘက်ဆီမှ ကားဟွန်းသံကြောင့် ဦးလေးခန့်က သော့တွဲကြီးကို မောင်မောင်ဆီ လှမ်းပစ်ပေးလိုက်သည်။

ခြံတံခါးဆီသို့ လင်းထက် အပြေးအလွှားသွားလိုက်သည်။

"ဂျလောက်"

သော့ဖွင့်ပြီး ဝင်းတံခါးကြီးကို အမြန်တွန်းဖွင့်ပေးလိုက်သည်။

လင်းထက်ကိုကြည့်ပြီး မျက်မှောင်ကြုတ်သွားမိသူက ဇာနည်သွေးရယ်ပါ။

လင်းထက်ပုံစံက လူငယ်တစ်ဦးဖြစ်နေသည့်အပြင် ချောမောသောမျက်နှာနှင့် ကိုယ်ဟန်အနေအထား တောင့်တင်းကြံ့ခိုင်သူမို့ ဇာနည်သွေး မျက်မှောင်ကြုတ်သွားမိခြင်းဖြစ်သည်။

"ဟော့ကောင်"

"ခင်ဗျာ"

"ဒီကိုလာစမ်းပါဦးကွ"

ဇာနည်သွေးမှန်း လင်းထက် တန်းသိလိုက်သည်။ ဇာနည်သွေးကတော့ ဟိုတစ်ခါ ကားပြင်ပေးတုန်းက တွေ့ခဲ့ရသည်ကိုစွကို

www.burmeseclassic.com

www.burmeseclassic.com



ခွတ်မီပုံမရပါချေ။

"မင်း ဘယ်သူလဲ"

အသံက မာဆာန်နေသလို မျက်နှာကြောကလည်း တင်းမာလွန်းလှသည်။

"ကျွန်တော်က မောင်မောင်ပါ၊ အလုပ်လုပ်ဖို့ ရောက်လာတာပါ"

"မင်းကို ဘယ်သူခေါ်လာတာလဲ"

"ဦးလေးခန့်"

"ဟော့ကောင် စကားပြောတာ ရိုရိုသေသေပြောစမ်း၊ ပုံးကိုက ထောင့်မကျိုးဘူး၊ ငါ ဘာကောင်လဲဆိုတာ မင်း မသိဘူးလား"

"ခင်ဗျာ"

"ဟာကွာ၊ အကြောင်ကြောင်နဲ့ သွားကွာ၊ သွားစမ်းကွာ"

ဓာနည်သွေး မောင်းထုတ်လိုက်လေသည်။

ဒေါသတင်းခနဲ့ ထွက်သွားသူက လင်းထက်ပင်။

ဓာနည်သွေးကတော့ ကားကို ဝေါခနဲ ဆောင့်မောင်းရင်း စင်ဝင်အောက်ကို ထိုးရပ်လိုက်သည်။

သည်အဖြစ်ကို ဦးလေးခန့် လှမ်းမြင်လိုက်ရပါသည်။

"မင်း အဟောက်ခံလိုက်ရပြီလား မောင်မောင်"

"ရပါတယ်၊ ဦးလေးခန့်ရယ်၊ ဒီလိုပဲပေါ့"



"အေး နောက်ဆိုသတိထား၊ အဲဒီကောင်လာရင် ရှောင်နေ၊ မမတို့က မျက်နှာသာပေးထားတယ်ဆိုပြီး အသာလွတ်မြောက်ကြွမြောက်ကြွဖြစ်နေတာကွ"

ငယ်ငယ်က သူနှင့် ထိုးကြိတ်ခဲ့ရဖူးသည့်အဖြစ်ကို ဖြန်သတိရလိုက်သည်။

ကဗျာရယ်။

ကဗျာနဲ့ အမြဲတွေ့ချင်နေမိလို့ ကိုလင်း အနှိမ်ခံနေရပြီဆိုတာ ကဗျာ သိရဲ့လားဟင်။

ဘာပဲဖြစ်ဖြစ် ကိုလင်း အရာရာကို ရင်ဆိုင်ရဲပါတယ်။ အားလုံးကို သည်းခံပြီး ကိုလင်း ဆက်ဆံပါမယ်။

ပင့်သက်လေးကိုချပြီး တိုက်ပေါ်သို့ မရောင်မလည်ကြည့်လိုက်သည်။

ကဗျာကို မတွေ့ရသဖြင့် ကဗျာများ ထွက်လာမလားဆိုပြီး သိုက်ရှာမိသည်။

"ဟော"

ကဗျာထွက်လာပါပြီ။

ကဗျာ နှင်းဆီပန်းအိုးတွေကြားထဲဝင်သွားသည်။ ကဗျာနောက်က လိုက်ထွက်လာသူက ဓာနည်သွေးပင်။

ကဗျာမျက်နှာလေး နွမ်းဖတ်နေသည်။

ကဗျာ့ခေါင်းထဲမှာလည်း နောက်ကျိကျိဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာနည်သွေးရောက်လာသဖြင့် တမင်တကာ ကဗျာရှောင်ထွက်လာခဲ့ခြင်းဖြစ်သည်။

ကဗျာ ဇာနည်သွေးနှင့် မတွေ့ချင်ပါ။

ဇာနည်သွေးဆီမှ ကဗျာ မကြားချင်သောစကားတွေ ကြားနေရဦးမည်မဟုတ်လား။

အောက်ထပ်ဆင်းပြီး ခြံထောင့်က စကားဝါပင်ကြီးအောက် ကဗျာ လျှောက်လာခဲ့သည်။

ဖွေးဖွေးလှုပ်အောင် ကြွေကျနေသော စကားဝါပွင့်လေးတွေကို မြင်လိုက်ရတော့မှ ကဗျာစိတ်တွေ ပေါ့ပါးလန်းဆန်းသွားသည်။

ကဗျာ တယုတယ ငုံ့ကောက်လိုက်စဉ်။

"ကဗျာရယ် ဘာဖြစ်လို့များ ဒီပန်းလေးတွေကို မက်မောနေရတာလဲဟင်"

"အို"

သူက ကဗျာနောက်ကို လိုက်လာပြန်ပြီး။

"ကဗျာ လိုချင်တယ်ဆိုရင် မျိုးကောင်းမျိုးသန့်ထဲမှ အ[illegible]ဆုံးပန်းတွေကို နိုင်ငံခြားကနေ ကိုဇာနည် လှမ်းမှာပေးပါ့မ[illegible] ကဗျာရယ်၊ ဘာမှ အဖိုးမတန်တဲ့ ပန်းကို မက်မောမနေနဲ့"

"ဒီမှာ ကိုဇာနည်"

ကဗျာအသံက တည်ငြိမ် ပြတ်သားလွန်းသည်မို့ နည်းနည်းတော့ ဇာနည်သွေး ရှိန်သွားသည်။

"ကဗျာ ဘယ်ပန်းကို မက်မောမက်မော၊ ကဗျာရဲ့ ကိုယ်ပိုင်ခံစားချက်ကို ကိုဇာနည် ဘာမှဝင်မစွက်ဖက်ပါနဲ့၊ ဒီစကားဝါပွင့်တွေက ကဗျာရဲ့ဘဝ ကဗျာရဲ့ အသည်းနှလုံးဆိုတာ ကိုဇာနည် တစ်သက်လုံး မှတ်ထားပါ"

ကဗျာခံစားချက်အပြည့်ဖြင့် ပြောနေမိသည်။

ဇာနည်သွေးမျက်နှာ သိသိသာသာ ပျက်သွားသည်။

"ကိုဇာနည်က စေတနာနဲ့ ပြောတာပါ ကဗျာရယ်"

"ကိစ္စမရှိပါဘူး ကိုဇာနည်"

ကဗျာမျက်နှာလေး တမင်တင်းထားမိသည်။

"ငယ်ငယ်လေးကတည်းက ဒီစကားဝါပွင့်လေးတွေကို ကဗျာဘယ်လောက်ထိ ချစ်ခဲ့တယ်ဆိုတာ ကိုဇာနည် သိပါတယ်၊ ဒီခံစားချက်က ကဗျာရင်ထဲမှာ အမြဲရှိနေတယ်"

"ဟင် ဟင်"

ဇာနည်သွေးက ခပ်မဲ့မဲ့ပြောသည်။

"မမေတို့ စီစဉ်ထားတဲ့ ကိစ္စကိုလည်း ကဗျာ ကျောင်းပြီးမှ စဉ်းစားမယ် ကိုဇာနည်၊ ဒီအတောအတွင်းမှာတော့ ကဗျာဘာသာကဗျာ လွတ်လွတ်လပ်လပ်နေပါရစေ"

"မာလှချည်လား ကဗျာရယ်"

"ကိုဇာနည် ထင်ချင်သလိုသာထင်၊ ကဗျာ ညာသည်း

www.burmeseclassic.com

www.burmeseclassic.com



မညာတတ်ဘူး၊ လိမ်လည်း မလိမ်တတ်ဘူး၊ ရင်ထဲမှာ ရှိတဲ့အတိုင်း ပဲပြောတာ"

"ကို ပြန်မယ် ကဗျာ"

"ကောင်းပြီး ကိုဇာနည်"

ကိုဇာနည် စိတ်ဆိုးသွားမှန်း ကဗျာသိသည်။

စကားပွင့်လေးတစ်ပွင့်ကို ကောက်ယူနမ်းရှုပ်ရင်း ထို ပက်ကိုပါ ဖွဖွလေး ချလိုက်မိသည်။

စကားဝါပွင့်လေးတွေသာ စကားပြောတတ်မယ်ဆိုလျှင် ကဗျာရင်ထဲက ခံစားနေရတာတွေကို ပြောပြချင်ပါတယ်။

တို့လေ

တို့။

၀ ၀ ၀

အခန်း [၁၂]

"ငါ့ရင်ထဲမှာ တစ်မျိုးပဲ ဖိုးကျော်၊ သူနဲ့ပြန်ဆုံတွေ့ရပေမယ့် တစ်နေ့နေ့မှာ ငါ့မုန်းသိသွားမှာကိုပဲ စိုးရိမ်နေရတယ်။ ပြီးတော့ ငါ သူ့ကို သိပ်ချစ်နေ"

"ဟာ ယော့ကောင် ဒါတော့ မင်းသွားမလုပ်နဲ့"

ဖိုးကျော်က လက်ကာပြရင်း ခေါင်းပါ ခါပြလိုက်သည်။

သင်းထက်နားလည်းပါတယ်။ မဖြစ်နိုင်ဘူးဆိုတာကိုလေ။

"ငါ မင်းကို ပြောပြမယ်လင်းထက်၊ မင်းမုန်းသိသွားတဲ့ အနေ့မှာ မင်းဘယ်လိုမှ ဆက်နေလို့ရမှာ မဟုတ်တော့ဘူး"

"မင်းရဲ့ကဗျာ ငယ်ငယ် ဘယ်လောက်ပဲ သံယောဇဉ် ရှိခဲ့ ခုချိန်မှာ ဘဝက အရမ်းခြားနားနေပြီး ပြီးတော့ ကိုယ်က လူပ်သားမား"

ရင်ထဲမှာ နင့်နေအောင် ခံစားရသည့်စကား။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးကို ငုံ့ထားမိသည်က လင်းထက်။

"ကိုယ့်အလုပ်ရှင် ကျေးဇူးကို စော်ကားရာကျမည့် အပြုအမူမျိုး မလုပ်မိအောင် ကြိုးစားစမ်းပါ လင်းထက်ရာ"

"တစ်နေ့ကျရင် မင်းလည်းဘွဲ့ရ၊ အင်ဂျင်နီယာ တစ်ယောက် ဖြစ်လာမယ့်ကောင်ပဲ၊ ဘာအားငယ်စရာလိုလဲ"

ဖိုးကျော်စကားတွေက စေတနာစကားမှန်း လင်းထက် သိနေပါသည်။

ဒါပေမယ့် မင်းဘာပြောပြော ကဗျာကို ငါ အရမ်းချစ်နေမိပြီ။

"ဖိုးကျော် ကဗျာကလွဲပြီး ငါဘယ်သူ့ကိုမှ ချစ်လို့ရမှာ မဟုတ်ဘူး ကဗျာကလည်း ငါလိုပဲဖြစ်မှာပါလေ"

"မင်း ဟိုတစ်ခါပြောတဲ့ ဇာနည်သွေးဆိုတဲ့ ကောင်ကရော"

ခြံထဲကိုတော့ အမြဲလာနေတာပဲ ဖိုးကျော် ဒါပေမယ့် ကဗျာက သူ့ကိုရှောင်နေတာ ငါသိတယ် အနေ ငါဘယ်သူဆိုတာ ကဗျာသိသွားခဲ့ရင် အရမ်းအံ့သြပြီး အရမ်းပျော်သွားမှာပဲ"

သည်အတွေးနှင့်ပင် လင်းထက်ရင်ထဲမှာ ကျေနပ်သွားသည်။ လင်းထက် ကျောင်းကပြန်ရောက်တော့ ညနေစောင်းနေပြီ ဖြစ်သည်။

"ဟော့ကောင်"

"ဟင်"

ခြံရှေ့က အုတ်ခုံလေးရှေ့ ဇာနည်သွေးတစ်ယောက်တည်း ထိုင်နေတာကို လင်းထက်တွေ့လိုက်သည်။

"လာစမ်း ဒီနားကို"

လင်းထက် ဒေါသဖြစ်လိုက်ရသော်လည်း စိတ်ကို အနိုင်ဆုံး ထိန်းလိုက်ရသည်။

ခေါင်းကိုတော့ ငုံ့မထားမိပါ။

ဇာနည်သွေး မျက်နှာကို ခပ်တည်တည်ပဲ ပြန်ကြည့်နေလိုက်သည်။

"ဘာကြည့်တာလဲကွ၊ ဘာလဲ မင်းက ငါ့ခေါ်တာကို တွေ့နပ်လို့လား"

ရှယ်တူချင်းဖြစ်သော်လည်း ဇာနည်သွေး၏ ဆက်ဆံမှုက နိုင်းပွလွန်းလှသည်။

"သွားစမ်းဟော့ကောင် ဟိုလမ်းထိပ်မှာ စီးကရက်တစ်ဘူး သွားဝယ်ပေးစမ်း၊ ရော့ပိုက်ဆံ ပိုတာယူလိုက်"

ပိုက်ဆံအသစ်တစ်ရွက်ကို ပစ်ပေါက်ပေးလိုက်သော်လည်း လင်းထက် မကောက် ကျောက်ရုပ်လို ငြိမ်သက်နေသည်။

"ဟော့ကောင် ငါမင်းကို ခိုင်းနေတယ်လေကွ"

"မောင်မောင်"

"ဟင် ကဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ခြံထဲဝင်လေ၊ အပြင်မှာ ဘာရပ်လုပ်နေတာလဲ၊ နှင်းဆီအိုးတွေ လာကူပြီး ရွှေ့ပေးပါဦး"

မျက်နှာကြီး နီရဲပြီး ကျန်ရစ်ခဲ့သူက ဇာနည်သွေး။

"နေပါဦး ကဗျာ"

ကဗျာနောက်ကို ဇာနည်သွေး လိုက်လာသည်။

"ဘာလဲ ကိုဇာနည်"

"ကို သူ့ကို စီးကရက် ဝယ်ခိုင်းနေတာ"

"စီးကရက်ဝယ်တာများ ကိုဇာနည်ကိုယ်တိုင် ဝယ်လို့လဲရတာပဲ၊ ဒီမှာ မောင်မောင်ကို ခြံထဲမှာ ခိုင်းစရာလေးတွေ ရှိလို့ပါ"

ကဗျာ ချာခနဲလှည့်ထွက်လိုက်သည်။

"တောက်"

ဇာနည်သွေးထံမှ တောက်ခေါက်သံကို ကြားလိုက်ရသော်လည်း ကဗျာနောက်ကို ပြန်လှည့်မကြည့်တော့ပါ။

လင်းထက်တော့ အကျီအဝတ်အစားလဲပြီး ဦးလေးခန့်နား မှာ ဝိုင်းကူလုပ်ပေးနေလိုက်သည်။

"မောင်မောင်"

"ဟင် ကဗျာ"

"မောင်မောင်မှာ အဝတ်အစားရော ရှိရဲ့လား"

ကဗျာက အနားမှာ လာရပ်ပြီး မေးနေသည်။



"ရပါတယ် ကဗျာ"

"ဦးလေးခန့်"

"ဘာတုံး"

"မနက်ဖြန်ကြရင် မောင်မောင်ဝတ်ဖို့ အဝတ်အစားတွေ လိုက်ဝယ်ပေးလိုက်ဦးနော် ဦးလေးခန့်"

"အေး…အေး"

ကဗျာက ငွေစက္ကူတစ်ထုပ်ကို ဦးလေးခန့် လက်ထဲလှမ်းပေးလိုက်သည်။ လင်းထက် အနေခက်ရသည်။

"မောင်မောင်"

"ပြောပါ ကဗျာ"

"ကဗျာ စေတနာကို အသိအမှတ်ပြုတယ်ဆိုရင် ကဗျာပေးတဲ့ ပစ္စည်းတွေကို မောင်မောင်လက်ခံလိုက်ပါ"

"ကဗျာ လာခဲ့စမ်း"

"ဟင်…မေမေ"

မီးဝင်းဝင်းတောက်နေသော မျက်ဝန်းအစုံဖြင့် ခါးထောက်ကြည့်နေသည့် ကဗျာမေမေကို တွေ့လိုက်ရသဖြင့် လင်းထက်ရော ဦးလေးခန့်ပါ ဘာလုပ်ရမှန်းမသိအောင် ကြောင်သွားသည်။

"ဒါ ဘာသွားလုပ်တာလဲ"

"ဟို…နှင်းဆီအိုးတွေ ဘယ်မှာထားရမယ်ဆိုတာ သွားပြောတာပါ မေမေ၊ ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ၊ မောင်ဇာနည်က စီးကရက် ဝယ်နိုင်းတာကို ဟိုကောင်က သွားဝယ်မပေးဘူးဆို"

ဇာနည်သွေး သွားပြောလိုက်ပြီဆိုတာ ကဗျာသိသည်။

"ဒါတော့ မေမေရာ ခြံထဲက အလုပ်တွေ လုပ်နေတာပဲဟာ"

"ညည်း ဘာမှဝင်မပြောနဲ့ကဗျာ၊ ဘယ်မလဲ မောင်မောင် ခေါ်လိုက်စမ်း"

ခေါ်သံကြား၍ လင်းထက် ထလာခဲ့မိသည်။

"မင်းဟာ ဒီခြံရဲ့ အလုပ်သမားတစ်ယောက်ပါကွယ်"

"မောင်ဇာနည်က မင်းကို စီးကရက်ဝယ်နိုင်းတယ်ဆို"

"ဟုတ်ကဲ့၊ ဝယ်နိုင်းပါတယ် အန်တီ"

"မင်းက သူနိုင်းတာကို ဘာဖြစ်လို့ လုပ်မပေးတာလဲ"

"ဟို…ခြံထဲမှာ အလုပ်ရှိနေလို့ပါ"

"တော်စမ်း…ခြံထဲက အလုပ်က ဘယ်အချိန်လုပ်လုပ် လုပ်လို့ရတယ်၊ မောင်ဇာနည်နိုင်းတာ လုပ်ပေးလိုက်"

လင်းထက် သွားဝယ်ပေးလိုက်ရသည်။

အောင်နိုင်သူတစ်ယောက်၏ အပြုံးမျိုးဖြင့် လင်းထက်ကို ဇာနည်သွေး ကြည့်နေသည်။

"ဒီမှာ ငါပြောမယ်၊ နောက်ကို ငါ့ခြံထဲလာတဲ့ ဧည့်သည်တွေ ငြိုငြင်အောင် မင်း ဘာမှမလုပ်ရဘူး၊ မင်းတစ်ခုသိထားဖို့က မင်းဟာ ဒီခြံရဲ့အလုပ်သမား"



"မင်းဆံပင်ကို မနက်ကျရင် ညှပ်ပစ်စမ်း၊ မရှည်စေနဲ့ တိုတိုညှပ်၊ အလုပ်သမားက အလုပ်သမားလိုနေတာ ကောင်းတယ်၊ မင်းသားလိုမနေနဲ့၊ ငါပြောတာ ကြားလားကွယ်"

"ဟုတ်…ဟုတ်ကဲ့ ကြားပါတယ်"

"အေး…ဒါ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်ဖြစ်ပါစေ၊ နောက်တစ်ခါ ဒါမျိုးဖြစ်ရင် မင်းမလွယ်ဘူး၊ သွားစမ်း ခြံထဲမှာ လုပ်စရာရှိတာ အမြန်သွားလုပ်တော့"

ကဗျာ ချာခနဲ တိုက်ကြီးထဲ ပြေးဝင်သွားတော့သည်။

လင်းထက်လည်း ခေါင်းငုံ့ထွက်ခဲ့ရသည်။

ဦးလေးခန့်က ကြင်နာသောမျက်ဝန်းများဖြင့် မိမိကို စိုက်ကြည့်နေသည်။

"ဒီလိုပဲငါ့တူ…မင်းဘာမှစိတ်မကောင်းမဖြစ်နဲ့ ကြားလား၊ သည်းခံစိတ်ကိုမွေး၊ အောင်မြင်မှုရအောင် ရှုံးသားခြင်းကို ရှေ့တန်းတင်၊ တစ်နေ့ကျရင် မင်းဆန္ဒတွေ ပြည့်ဝလာမယ်၊ ကဲ ရေချိုးတော့၊ ပြီးရင် ထမင်းစားမယ်"

ဦးလေးခန့်က အလုပ်တွေကို အပြီးသတ်လိုက်သည်။

လင်းထက် ဗိုက်ထဲက ခုမှ တကြုတ်ကြုတ်မြည်လာသည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၃]

"နေစမ်းပါဦး မောင်မောင်ရ၊ မင်းကို မသိလို့ ငါတစ်ခု မေးစမ်းပါရစေ၊ မင်းသေတ္တာထဲမှာ ဘာတွေရှိလို့ ခဏခဏထုတ်ကြည့်နေရတာလဲကွ၊ ကေန္တ မင်းအဆက်ဓာတ်ပုံများ သေတ္တာထဲ သိမ်းထားလို့လားကွာ"

လင်းထက် ပြုံးနေမိသည်။

"မဟုတ်ပါဘူး ဦးလေးခန့်ရ၊ ကျွန်တော်ငယ်ငယ်လေးတုန်းက ခင်ရတဲ့ သူငယ်ချင်းတစ်ယောက်က အမှတ်တရ ပေးထားတဲ့ပစ္စည်းလေးတွေကို ထုတ်ကြည့်တာပါ"

"အမယ်…တယ်ဟုတ်ပါလား၊ လုပ်စမ်းပါဦးကွ၊ မင်းတို့ ဇာတ်လမ်းလေးကို နားထောင်ရအောင်၊ ငါတောင် စိတ်ဝင်စားလာပြီ"

လင်းထက်ကိုယ်တိုင်လည်း သည်အကြောင်းတွေကို



ပြောပြချင်မိသည်။

ရင်ထဲက ဆန္ဒတွေကို မျိုသိပ်ပြီး ကြိတ်ခံစားနေတာတွေ အားလုံးရင်ဖွင့်ပြချင်ပေမဲ့ သတ္တိမရှိတဲ့ ကိုလင်းကို ကဗျာ ခွင့်လွှတ်ပေးပါနော်။

ကိုလင်း တောင်းပန်ပါတယ် ကဗျာရယ်။

"မောင်မောင်…မေးနေတာဖြေလေကွာ၊ ဘာငိုင်နေတာလဲ"

"သတိရသွားလို့ပါဗျာ"

ထိခိုက်ကြေကွဲနေသော အသံလေးဖြင့် လင်းထက်ပြောနေမိသည်။ တကယ်လည်း ဆွေးနေရသည်။ လွမ်းနေရသည် မဟုတ်လား။

"ကဲပါကွာ…ကဲပါ မင်းကြည့်ပြီး ငါတောင် ဆွေးချင်လာပြီ၊ မင်းမပြောချင်လည်း မပြောပါနဲ့တော့၊ ကဲ ထကွာ ခြံထဲသွားမယ်"

နှစ်ယောက်သား ခြံထဲဆင်းလာခဲ့သည်။

လင်းထက်က ကဗျာ့ဖေဖေနဲ့ ကဗျာကို ဒီနေ့ကစပြီး အလုပ်နဲ့ ကျောင်းကို လိုက်ပို့ပေးရတော့မှာ မဟုတ်လား။

ကဗျာတို့ ဆင်းမလာခင် ကားလေးကို ပြောင်လက်နေအောင် တိုက်ထားလိုက်သည်။

အိမ်ကြီးထဲက အရင်ဆုံးဆင်းလာသူက ဦးကိုကို။

www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်မှ ထွက်လာသူက ကဗျာ။

ကြည်လင်တောက်ပသော ကဗျာ့မျက်နှာလေးကို လှမ်းကြည့်ပြီး လင်းထက်ရင်ထဲမှာ အေးချမ်းသွားမိသည်။

ဦးကိုကိုက လင်းထက်ကို ခြေဆုံးခေါင်းဆုံး လှမ်းကြည့်နေသည်။

"မောင်မောင်ဆိုတာ မင်းလား"

"ဟုတ်ကဲ့"

"မင်းက စက်မှုတက္ကသိုလ်ကျောင်းသားဆို"

"ဟုတ်ကဲ့ဦး စတုတ္ထနှစ်ပါ"

ဦးကိုကို အသေအချာ စဉ်းစားနေသည်။ သူငယ်လေးပုံစံက သန့်သန့်ပြန့်ပြန့်လေးနဲ့ ရိုးသားတည်ကြည်မှုက မျက်နှာပေါ်မှာ အပြည့်အဝရှိနေသည်။

"မင်းကျောင်းသွားတော့ရော ဘယ်အချိန်တက်တာလဲ"

"ဟို...ဦးတို့နှစ်ယောက်ကို ပို့ပြီးမှ ကျောင်းကိစ္စ သွားရမှာပါ"

"မင်းကို ဒီအလုပ်လုပ်ဖို့ ဘယ်သူက တိုက်တွန်းလိုက်တာလဲ"

"ကျွန်တော့်သဘောနဲ့ ကျွန်တော်လုပ်တာပါ၊ ဦးတို့ဆီက လုပ်အားခနဲ့ ကျောင်းဆက်တက်နေတာမို့ပါ"

"အေးလေ...ခုလောလောဆယ်တော့ ဒီလိုပဲလုပ်ဦးပေါ့



ကွာ၊ နောက်မှ မင်းနဲ့သင့်တော်မယ့် အလုပ်တစ်ခု စီစဉ်ပေးမယ်၊ ဒီလိုချည်းတော့ ဘယ်ဖြစ်မလဲကွယ်"

"ခင်ဗျာ...ကျွန်တော့်အတွက် အလုပ်နေရာရွှေ့မယ်"

အလုပ်ပြောင်းရမယ်ဆိုရင် ကဗျာနဲ့ခွဲရမှာ မဟုတ်လား။ လင်းထက်ရင်ထဲ စိုးရိမ်သွားရသည်။

"အေးလေကွာ...ပြောင်းရမှာပေါ့၊ ဘာလဲ မင်းက တခြားတစ်နေရာကို ရွှေ့နိုင်းတယ်ထင်လို့လား၊ ငါ့အလုပ်ထဲကို ခေါ်မှာပါကွ"

လင်းထက် ခုမှပဲ စိတ်ထဲပေါ့သွားသည်။

"ကဲ...ကဲ သွားကြစို့"

အရင်ဆုံး ဦးကိုကိုရဲ့ အလုပ်ရှိရာ မြို့ထဲကို လိုက်ပို့ပြီး နောက်မှ ကဗျာကျောင်းသို့ ပို့လိုက်လေသည်။

ခုမှ သူ့မျက်နှာလေးကို ကဗျာ သေသေချာချာ ကြည့်မိသည်။ သူ့ပုံစံလေးက တည်ငြိမ်လွန်းပါသည်။ နောက်ပြီး ကော်လံထောင်စပို့ရှပ်အင်္ကျီအဖြူနှင့် ယောပုဆိုးအညိုရောင်ကို ဝတ်ဆင်ထားသဖြင့် ခန့်ညားသော ဥပဓိရုပ်ကို ပေါ်လွင်စေသည်။

"မောင်မောင်"

"ခင်ဗျာ"

"ကဗျာတို့အိမ်မှာ နေရတာ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ် ကဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်ကို ကြည့်လိုက်ရင် အမြဲတမ်း ငိုင်နေတယ်၊ လိုတာရှိရင် ကဗျာပြောနော်၊ မောင်မောင် ဘာမှအားမငယ်နဲ့ သိလား"

"ဟုတ်ကဲ့ပါ ကဗျာ"

ရိုးသားဖြူစင်သည့် ကဗျာ့စိတ်ဓာတ်လေးကြောင့် လင်းထက် ပိုမြတ်နိုးမိသည်။

ကဗျာရယ်...

တို့ရင်ထဲက ဟန်ဆောင်မှုသိပ်ထားတဲ့ စကားတွေကို ကဗျာကို ပြောပြချင်တယ်သိလား။

သိစေချင်တယ် ကဗျာရယ်။

တို့အကြာကြီး ဟန်မဆောင်ချင်တော့ဘူး။

"မောင်မောင်...မောင်မောင့်ကို ကဗျာ အကူအညီတစ်ခု တောင်းချင်လို့သိလား၊ မောင်မောင်ကူညီမယ် မဟုတ်လားဟင်"

"ပြောကြည့်လေ ကဗျာ"

"ကဗျာ့မှာလေ ဟိုးငယ်ငယ်က အရမ်းခင်တဲ့ သူငယ်ချင်းတစ်ယောက်ရှိခဲ့ဖူးတယ် မောင်မောင်"

"ဪ...ဟုတ်လား"

"ကဗျာ သူ့ကို တွေ့ချင်လွန်းလို့ အမြဲရှာနေမိတယ် ခုလေ သူဘယ်မှာရှိနေလဲဆိုတာ ကဗျာ သူငယ်ချင်းတွေ စုံစမ်းပေး လို့သိနေခဲ့ရပြီ မောင်မောင်ရဲ့"



"ဟင်"

လင်းထက် ရင်တုန်သွားသည်။

ကဗျာ့မျက်နှာကိုပင် လင်းထက် လှမ်းမကြည့်တော့ပါ။

"သူ သူ စက်မှုတက္ကသိုလ်မှာ ရောက်နေတယ်တဲ့၊ အဲဒါ မောင်မောင် ကဗျာ့ကို လိုက်ပို့နော်၊ ကဗျာ အရမ်းတွေ့ချင်နေ ပြီ မောင်မောင်ရယ်"

"ကဗျာ သူ့ကိုတွေ့ရင်မှတ်မိလားဟင်"

တုန်ရင်နေသော အသံဖြင့် လင်းထက် ကဗျာကို မေး လိုက်သည်။ ဖြေရခက်သွားသူက ကဗျာပင်။ ကဗျာ့ မျက်လုံးထဲ မှာ သူ့ပုံစံကို ဘယ်လိုမှပုံဖော်လို့မရ။

ဪ နှစ်တွေကလည်း ကြာခဲ့ပြီမဟုတ်လား ကိုလင်း ရယ်။ မြင်ရုံနဲ့ မှတ်မိနိုင်စရာအကြောင်း ရှိမှမရှိတော့တာကိုး။

"ကဗျာကတော့ သူ့ပုံစံကို အမြဲပုံဖော်ကြည့်မိနေတာပဲ မောင်မောင်၊ မျက်ခုံးထူတာရယ်၊ မျက်နှာလေးထောင့်ကျကျလေး နဲ့ ဥပဓိရုပ်ကောင်းပြီး အရမ်းကြည့်ကောင်းတဲ့ ပုံစံမျိုးပေါ့"

လင်းထက် ပြုံးမိလိုက်သည်။

"ကဗျာ့ကို ဓာတ်ပုံလေးတောင် ပေးမသွားဘူးလား ကဗျာရဲ့"

"ပေးမသွားဘူး မောင်မောင် ကဗျာကို တစ်သက်လုံး သိမ်းထားဖို့အတွက် လော်ကတ်သီးတစ်ခုတော့ ပေးသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကဗျာက သူ့လည်ပင်းမှာ ဆွဲထားတဲ့ အသည်းပုံ လော်ကတ်သီးလေးကို မောင်မောင့်ကို ထုတ်ပြလိုက်သည်။

"လှတယ်နော် ကဗျာ"

လင်းထက် တအံ့တသြ ဖြစ်သွားဟန်ကလေးဖြင့် ပြောလိုက်သည်။

"ကဗျာလေ သူ့ကို အမြဲတမ်း သတိရတယ် မောင်မောင် သူနဲ့သာ ပြန်တွေ့ခွင့်ရရင် ကဗျာ အရမ်းပျော်မိမှာပဲ၊ ခုဆို မောင်မောင်တို့ အရပ်အမောင်းလောက် ရှိနေပြီပေါ့၊ ကဗျာကိုမြင်ရင်တောင် သူမှတ်မိပါ့မလား"

လင်းထက်စိတ်ထဲက ပြောလိုက်တာက

"မှတ်မိတာပေါ့ ကဗျာရယ်၊ မြင်ရုံနဲ့ မှတ်မိနေအောင်လို့လည်း လင်းထက်ရင်ထဲ အိပ်မက်တွေထဲမှာ ကဗျာက အမြဲလွမ်းနေနေခဲ့တာ မဟုတ်လား။

"ကဲပါ ကဗျာရယ် ကဗျာသွားချင်တဲ့နေရာကို ကျွန်တော်လိုက်ပို့ပေးပါ့မယ်၊ အိမ်ကိုတော့ ပြန်မပြောရဘူးနော် ကဗျာ"

"အင်းပါ...မောင်မောင်ရဲ့"

ကားကလေးကို စက်မှုတက္ကသိုလ်ဘက်သို့ ဦးတည်လိုက်သည်။

လှရှင်းသော အဆောင်လေးမှာ နှစ်ယောက်သားဝင်ထိုင်ဖြစ်ကြသည်။



"တွေ့လား ကဗျာ"

"ဟင့်အင်း"

ကဗျာက ဆိုင်ရှေ့မှ ဖြတ်သွားသူ ကျောင်းသားအချို့ကို ကြည့်ရင်း ခေါင်းခါပြလိုက်သည်။

"မောင်မောင်ရယ်...တွေ့လည်း ကဗျာ သူ့ကိုမမှတ်မိဖြစ်နေတယ်"

လက်လျှော့လိုက်သော အသံကလေးဖြင့် ကဗျာပြောသည်။

"ပြန်ကြမယ်နော် ကဗျာ၊ နောက်မှ ကျွန်တော်ရအောင်ရှာပေးပါ့မယ် သိပ်နောက်ကျရင် မကောင်းဘူး"

သည်နေရာလေးမှာ လင်းထက် ဆက်မထိုင်ချင်တော့ပါ။ ကျောင်းထဲက သူငယ်ချင်းတွေ သူ့ကိုတွေ့သွားရင် ခက်လိမ့်မည်မဟုတ်လား။

ကဗျာ လက်မလျှော့သေးတဲ့ ပုံစံလေးနဲ့ ထရပ်သည်။

အပြန်ကျတော့ လမ်းတစ်လျှောက်မှာတွေ့သည့် စကားဝါပန်းလေးတွေကို ကဗျာဆင်းကောက်နေမိသည်။

ကဗျာရယ်...

ကိုလင်းဆိုတဲ့ သူငယ်ချင်းကို ကဗျာ မေ့လိုက်ပါတော့

o o o

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၄]

''လာစမ်းပါဦးကွယ်၊ မင်း ငါ့နားကို လာစမ်းပါ

မောင်မောင်ကို ခါးထောက်ရပ်ကြည့်ရင်း အသံခပ်

ဖြင့် ခေါ်လိုက်သော ဒေါ်မိမိမေစကားကြောင့် မောင်မော

လှုပ်သွားရသည်။

''ဒီမှာ မင်းဘယ်သူလဲဆိုတာ ငါ့ကို မှန်မှန်ပြော

''ဗျာ''

မောင်မောင် ရုတ်တရက် ဘာပြောရမှန်းမသိ

ကြောင်သွားသည်။

''ဟော့...နင့်ကို မေးနေတာ၊ ငါ အားလုံးသိပြီ

''ဟော့ကောင် လင်းထက် မင်း ဘယ်သူလဲဆို

လိုက်လေကွာ''

လင်းထက် တဲ့။



အခုတော့ သူတို့လင်းထက်ကို သိသွားကြပြီး မဟုတ်

''မင်းဘယ်သူလဲ၊ မင်းထက်တဲ့ကျောင်းမှာ ငါ အားလုံး

ပြီးပြီ၊ ကဲ မင်း ဘာလိမ်ချင်သေးလဲ''

''ကျွန်တော်...ကျွန်တော်''

''ကဲဟယ်''

''ဖြန်း''

''ဟာ''

ဒေါ်မိမိမေ ရိုက်လိုက်သော အရှိန်ကြောင့် လင်းထက်ကိုယ်

လည်ထွက်သွားသည်။

''အဲဒါမှတ်ထား၊ လူလိမ် လူညာ၊ အခုချက်ချင်း ငါ့ခြံ

ထွက်သွား''

ဒေါ်မိမိမေ အသံက တိုက်ကြီးတစ်ခုလုံး ဟိန်းထွက်သွား

''ဟင်း...ဟင်း သိတာမြန်ပေလို့ပေါ့၊ ငါ့စိတ်ထဲကတော့

တော့ထင်သားပဲ၊ ဒီမှာ နင်တစ်သက်လုံး မှတ်ထားရမှာက

နဲ့ထပ်ပြီး မပတ်သက်ဖို့ပဲ၊ ဘယ်လိုအကြောင်းမျိုးနဲ့ပဲဖြစ်ဖြစ်

သက်ဖို့ မကြိုးစားနဲ့တော့''

စာနည်းသွေးတစ်ယောက် အောင်နိုင်သူတစ်ယောက်ဖြင့်

သက်ကို အထင်သေးသောအကြည့်ဖြင့် ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့သားအဖတွေဟာ တစ်သက်လုံးမှာ ငါ့အမုန်းခံ
လူတွေ၊ နင့်အဖေကို ငါမုန်းသလို နင့်အဖေသွေးပါတဲ့ နင့်ကိုလည်း
ငါမုန်းတယ်"

အဖေကိုလည်း မုန်းတယ်တဲ့လား။

"ကဲ သွားတော့၊ မောင်ဇာနည်သွေး ဒီကောင့်အ
အစားတွေကိုယူပြီး ခြံပြင်ကို မောင်းထုတ်လိုက်စမ်း"

လင်းထက် ခေါင်းငိုက်စိုက် ကျခဲ့ရပြီ။

အဖေ့ပေါ်မှာ ဘာတွေများ အငြိုးကြီးနေတာလဲ ခေါ
မေရယ်။ ကျွန်တော်သိချင်လိုက်တာ အဖေ့ကို မုန်းတာနဲ့ ကျွန်
ကိုပါ မုန်းတယ်ဆိုတာ လုံးဝ မတရားဘူးဗျာ။

ပစ္စည်းအားလုံး ထုပ်ပိုးပြီး ခြံပြင်ဘက်ကို လင်းထက်
ခဲ့လေသည်။

ခုတော့ ဘယ်လိုသွားမုန်းပင် လင်းထက် မသိတော့

ဦးလေးခန့်က ခြံပြင်ရောက်သည်အထိ လင်းထ
လိုက်ပို့ပေးသည်။ ဦးလေးခန့်မှာလည်း ကြေကွဲဝမ်းနည်း
ဖြစ်နေတော့သည်။

"ဦးလေးခန့်"

"ဟင်"

"ကဗျာကျောင်းကပြန်လာရင် ဒီပစ္စည်းလေးကို
ပြန်ပေးပေးပါ ဦးလေးခန့်ရယ်နော်"

ငယ်ငယ်တုန်းက ကဗျာပေးခဲ့သည့် ကိန္နရာမောင်နှံဆွဲပြား
လေးနှင့် လက်ကိုင်ပဝါလေးကို လင်းထက်ပြန်ပေးလိုက်သည်။

လင်းထက်တစ်သက်လုံး လုံခြုံစွာ သိမ်းထားခဲ့သည့်
အမှတ်တရ ပစ္စည်းလေးမို့ တန်ဖိုးထားမိသော်လည်း ရင်မှာခံစားရ
တဲ့ ဝေဒနာကို အတတ်နိုင်ဆုံး မျိုသိပ်ထားရမယ် မဟုတ်လား။

"ကဲ...ကျွန်တော် သွားတော့မယ် ဦးလေးခန့်"

ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်။

ဦးလေးခန့် တစ်ယောက် ခေါင်းကလေးကို ညိတ်ပြရင်း
ခြံဝမှာတင် ကျန်ရစ်ခဲ့တော့သည်။

အဓိပတိလမ်းမကြီးပေါ်မှာ လင်းထက်တစ်ယောက်တည်း
ါ။ ဖြတ်မောင်းလာသော ကားတစ်စီးကို တားပြီး ကန်တော်ကြီး
ဘက် ထွက်လာခဲ့တော့သည်။

စကားဝါပင်ကြီးအောက် လင်းထက်ရောက်ခဲ့ရပြန်သည်။

စကားဝါပွင့် ဖြူဖြူလေးတစ်ပွင့်ကို ကောက်ပြီး အရူး
တစ်ယောက်လို စကားတွေ ပြောနေမိသည်။

"စကားဝါပွင့်လေးရယ် ငါ့ဘဝကို မင်းတို့အသိဆုံးပါ
။ ခုတော့ ငါ အရမ်းချစ်ရတဲ့ ကဗျာနဲ့လည်း ဝေးရပြီ၊ လောက
ကြီး မတရားဘူး၊ ဂုဏ်ပကာသနနဲ့ အဆင့်အတန်းခွဲခြားလွန်းပါ
တယ်"

"ငါ့အဖေကို မုန်းလို့တဲ့ ငါ့အဖေမှာ ဘာအပြစ်တွေရှိ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဒေါ်မိမိမေက အမုန်းကြီးမုန်းတာလဲကွာ၊ ဘာတွေလဲ၊ ဘာတွေ ဖြစ်ကုန်ပြီလဲ''

ညနေစောင်းသည်အထိ လင်းထက် ခြေဦးတည့်ရာ လျှောက်သွားနေမှာနိုး။ ဘဝက မသေချာမရေရာပါ။

စကားပွင့်တွေကို ကောက်ပြီး မြက်ခင်းစိမ်းပေါ်မှာ ကဗျာ နာမည်လေးကို စကားပွင့်လေးတွေနဲ့စီကာ ပုံဖော်လိုက်သည်။

''တီ...တီ''

အတွေးလွန်နေသည်မို့ ကားဟွန်းသံကို လင်းထက် မကြား မိပါ။ လမ်းတစ်လျှောက် ခေါင်းငိုက်စိုက်ကာ လင်းထက်လျှောက် နေလေသည်။

''တီ...တီ''

''ဟာ''

ရုတ်တရက်မို့ လင်းထက် ကြောင်သွားသည်။

ရှောင်တိမ်းဖို့ ဘယ်လိုမှ မရလိုက်တော့။

လင်းထက် ကံဆိုးစွာ ကားတိုက်ခံလိုက်ရတော့သည်၊ လင်းထက်ကိုလေ အမှောင်ကမ္ဘာလေးထဲသို့။

၀ ၀ ၀

## အခန်း [၁၅]

လဲကျသွားသော လင်းထက်ကိုယ်လေးကို ပွေ့မယူရင်း ရင်ထဲထိတ်လန့်နေသူက ဒေါက်တာပန်းနုဝေရယ်ပါ။

သူမမောင်းလာသည့် ကားက လမ်းအကွေ့မှာ တိုက်လိုက် မိခြင်းမို့ လက်ကောက်ဝတ်ဆီမှ သွေးခုန်နှုန်းကို စမ်းကြည့်ရင်း သူ့ကို လှုပ်နှိုးနေမိသည်။

''ဒီမှာ...ဒီမှာ''

ဒေါက်တာ ပန်းနုဝေ ခေါ်နှိုးလေသည်။

''မောင်လေး''

ငယ်ရွယ်နုပျိုသူမို့ ဒေါက်တာပန်းနုဝေ မောင်လေးဟု ခေါ်နေမိခြင်း ဖြစ်သည်။

''အား...ကျွတ်...ကျွတ်''

''သတိ သတိရပြီနော် မောင်လေး၊ မင်း ဘာဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



သေးလဲ၊ မထူပေးမယ်လေ ထ ထ"

"ဟင်"

ချောမောလှပသော မိန်းမချောလေးတစ်ယောက် ရင်ခွင်ထဲ ရောက်နေရသည်မို့ လင်းထက် အံ့သြသွားရသည်။ ကပျာကယာ လူးလဲထလိုက်မိသည်။

"အို…အရှမ်းမထနဲ့လေ မောင်လေး၊ မမထူပေးမယ်၊ မမကားနဲ့ မောင်လေးကို တိုက်မိသွားတာပါ"

"ခင်ဗျာ"

မမကားနဲ့ မောင်လေးကို တိုက်မိသွားတာပါတဲ့။

"အား…ကျွတ်…ကျွတ် ခါးထဲက နာလိုက်တာဗျာ"

"ဟုတ်လား မောင်လေး"

ဒေါက်တာပန်းနုဝေ သူ့အတွက် စိုးရိမ်သွားမိသည်။

"မမရဲ့ပခုံးကို ရဲရဲဆုပ်ပြီး ထကြည့်စမ်း မောင်လေး"

လင်းထက် ကြိုးစားပြီး ထရပ်လိုက်သည်။

"လာ မမကားနဲ့ ဆေးခန်းကို သွားမယ်"

"ကျွန်တော့်သေတ္တာနဲ့ စာအုပ်တွေ"

"အို…ဟုတ်သားပဲ၊ နေ မောင်လေး နောက်ပြီးမှ မမ သယ်ပေးမယ် သိလား"

ပန်းနုဝေသူ့ကို ကားပေါ်တင်ပြီးသည်နှင့် သူ့ပစ္စည်းတွေကို ကားပေါ်သယ်ပေးလိုက်သည်။ မျက်လုံးအစုံကို လင်းထက် မှိတ်



ထားလိုက်သည်။

"မောင်လေး"

"ခင်ဗျာ မမ"

"မောင်လေးက ဘယ်မှာနေတာလဲဟင်"

လင်းထက် ဘယ်လိုပြန်ဖြေရမှန်း မသိပေ။

"မမမေးတာကို ကျွန်တော် မဖြေတတ်ဘူးမမ၊ ကျွန်တော် အလုပ်လုပ်တဲ့ အိမ်က ကျွန်တော်ကို ဒီနေ့ပဲ အလုပ်ထုတ်ပစ်လိုက်တယ်"

"အို"

ပန်းနုဝေ စိတ်မကောင်းဖြစ်သွားရသည်။

"ခြေဦးတည့်ရာ လျှောက်သွားရင် မမကားနဲ့ အခုလို ဝင်လိုက်မိတာပါပဲ"

ဒေါက်တာ ပန်းနုဝေ ကရုဏာသက်စွာဖြင့် လှမ်းကြည့်သည်။

ကားကလေးကို ဆေးခန်းရှေ့မှာ ထိုးရပ်ပြီး လင်းထက်ကို ကူတွဲပေးလိုက်သည်။ ဆေးခန်းနံရံမှ ဆိုင်းဘုတ်ကလေးကို ကြည့်ပြီး လင်းထက် မေးလိုက်သည်။ ဒေါက်တာပန်းနုဝေ MB.B.S (Rgn) တဲ့။

"ဒေါက်တာ ဘယ်မှာလဲဟင် မမ"

"မမလေ"

www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျာ”

“မမနာမည်က ဒေါက်တာပန်းနုဝေပါ မောင်လေး”

“ြော်”

သူ့ခါးက ဒဏ်ရာကို ပန်းနုဝေ ကြည့်လိုက်သည်။ တစ်ရက်နှစ်ရက်နဲ့တော့ သက်သာမည့်ပုံမပေါ်။ ခါးရိုးဆီမှ အညို အမည်း စွဲထင်နေပြီး ရောင်လာသည် မဟုတ်လား။ ဆေးတစ်လုံး ထိုးပြီး ဆေးပါထည့်ပေးလိုက်သည်။

“မင်းမှာ သွားစရာမရှိဘူး မဟုတ်လား၊ မမတို့ခြံမှာ မင်းလိုက်နေပေါ့ မောင်လေး၊ အားလုံး အဆင်ပြေအောင် မမ စီစဉ်ပေးပါ့မယ်”

“ခင်ဗျာ”

အသေအချာဆုံးဖြတ်ပြီးမှ ဒေါက်တာပန်းနုဝေ ဒီစကားကို ပြောလိုက်တာပါ။

“ရပါတယ် မမရယ် ကျွန်တော့်ဘဝနဲ့ ကျွန်တော်ပါ၊ ဘုန်းကြီးကျောင်းတစ်ခုမှာပဲဖြစ်ဖြစ် ခဏနေလို့ရမှာပါ”

လင်းထက် ငြင်းဆန်နေသည်။ သူ့ကြောင့် တစ်ဖက်လူမှ ထိခိုက်မနစ်နာစေချင်ဘူးလေ။

“မင်းဒဏ်ရာက ချက်ချင်းပျောက်မှာ မဟုတ်ဘူးကွ၊ မမစေတနာကို မင်းနားလည်ပါကွာ၊ မမက တစ်ခုကို ဆုံးဖြတ်ပြီးရင် ပြန်ပြင်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး မောင်လင်းထက်”



“ဟင်…မမ ကျွန်တော့်နာမည်ကို သိနေတယ်”

“သိတာပေါ့၊ မင်းစာအုပ်တွေပေါ်မှာရော ကျောင်းသား ကဒ်ထဲမှာပါ ရေးထားတာတွေ အားလုံးကို မင်းသတိမေ့နေတုန်း မမ ဖတ်ကြည့်လိုက်တာပါ”

“မမရယ်…ကျွန်တော့်ဘဝနဲ့ကျွန်တော် ရှိပါစေတော့ဗျာ”

ဒေါက်တာပန်းနုဝေ သက်ပြင်းရှိုက်ရင်း အပြစ်ကင်းသော သူ့မျက်နှာလေးကို စိုက်ကြည့်နေမိသည်။

မမက သူ့ဆုံးဖြတ်ချက်ကို ဘယ်လိုမှ ပြောင်းလဲမည့်ပုံ မပေါ်ပေ။

မမခေါ်ရာနောက်ကို လင်းထက် လိုက်သွားရတော့သည်။

မမကို ကျွန်တော် အရမ်းပဲအားနာရပါတယ်ဗျာ။

ကျွန်တော့်ဒဏ်ရာ ပျောက်ကင်းတဲ့နေ့အထိပဲ မမဆီမှာ နေပါရစေ။ ကျွန်တော့်ကြောင့် မမဂုဏ်သိက္ခာကို ထိခိုက်သွားမှာ စိုးရိမ်လို့ပါ မမရယ်။

ဝ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com

၁

## အခန်း [၁၆]

တကယ်တော့…

သည်ခြံကြီးထဲကို ဒေါက်တာယန်းနုဝေ ပြောင်းရွှေ့လာတာ ရက်ပိုင်းမျှသာ ရှိပါသေးသည်။

ခြံကျယ်ကြီးထဲမှာ သူမနှင့် အိမ်ဖော်နှစ်ယောက်သာ ရှိသည်။ သူငယ်ချင်းတွေအားလုံး ကန့်ကွက်နေသည့်ကြားက သူမ သဘောနှင့်သူမ ပြောင်းလာခဲ့ခြင်းဖြစ်သည်။

ယခုလက်ရှိ အခြေအနေမှာတော့ ရန်ကုန်ဆေးရုံကြီးမှာ လက်ထောက်ဆရာဝန်အဖြစ် တာဝန်ကျနေပြီး ဗဟန်းဘက်မှာ ကိုယ်ပိုင်ဆေးခန်းလေးတစ်ခု ဖွင့်ထားသည်။

သည်ခြံကြီးကတော့ သူမတို့ ဘိုးဘွားပိုင်ခြံကြီးပါ။

"ကဲ…မောင်လင်းထက် မမနဲ့ခြံထဲဆင်းပြီး လမ်းလျှောက်ကြည့်ရအောင်၊ အိမ်ထဲမှာချည်းနေရင် အညောင်းမိ



နေပါဦးမယ်"

"ကျွန်တော်ပြန်ချင်ပြီ မမရာ"

"ဘာ"

ကြားလိုက်ရသောစကားကြောင့် သူမရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။

"ဟုတ်တယ် မမ၊ မမကိုလည်း ကျွန်တော် ဒုက္ခမပေးချင်ဘူး၊ လွတ်လပ်ပျော်ရွှင်နေတဲ့ မမဘဝလေးထဲမှာ ကျွန်တော့်ကြောင့် မမကို…"

"တော်စမ်း လင်းထက်၊ မင်းဆက်မပြောနဲ့"

ဒေါသထွက်သွားသော မမ၏အော်သံ။

ပြီးတော့ ဆက်ပြောသည်။

"လင်းထက်"

"ဗျာ…မမ"

"မမ မင်းကို စတွေ့ကတည်းက သံယောဇဉ်ဖြစ်မိတယ်ဆိုတာ ယုံပါ၊ ဖြူစင်ရိုးသားတဲ့ မင်းစိတ်ဓာတ်ကလေးကို မမ သဘောကျတယ်၊ အဲဒါကြောင့် မင်းအခက်အခဲတွေကို ကူညီပေးဖို့ မဆုံးဖြတ်လိုက်တာ၊ အပိုစကားတွေ လျှောက်ပြောမနေပါနဲ့တော့၊ ကဲ မမတို့ ခြံထဲဆင်းပြီး လမ်းလျှောက်ရအောင်"

မမအမိန့်ကို လင်းထက် နာခံလိုက်သည်။ လမ်းလျှောက်ရတာ အဆင်ပြေအောင် လင်းထက်အတွက် တုတ်ကောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်း ဝယ်ပေးထားသည်တဲ့လေ။

ခြံထဲက သလင်းကျောက်ခုံတန်းလေးကို ရောက်တော့ နှစ်ယောက်အတူ ထိုင်ဖြစ်ကြသည်။

"မင်းဒဏ်ရာက တော်တော်သက်သာနေပြီပဲကွ၊ နောက် တစ်ပတ်ဆို ကျောင်းတောင်ပြန်တက်လို့ရပြီ"

ပန်းနုဝေ ကျေနပ်နေမိသည်။

သူ့ဝေဒနာကို ဂရုတစိုက် ကုသခဲ့သည့်ရက်များက စိတ်ရောလူပါ ပင်ပန်းခဲ့ရသည် မဟုတ်လား။

ခုတော့ ဝေဒနာသက်သာနေသည့် သူ့ပုံစံလေးကိုကြည့်ပြီး ကြည်နူးနေမိသည်။

"မမ"

"ပြောလေ"

"မမဘဝအကြောင်းကို ကျွန်တော်သိချင်တယ်"

"တစ်ကိုယ်တည်း အထီးကျန်ဆန်တဲ့ မမဘဝကို သိခွင့် ရမယ်ဆိုရင် သိပါရစေ မမ၊ မမကို ကျွန်တော်နားမလည်ဘူးဗျာ"

"ဟင်...ဟင်"

ပန်းနုဝေတစ်ယောက် သွားကလေးတွေ ပေါ်သွားတဲ့အထိ ရယ်မောလိုက်သည်။

"ဟုတ်တယ်၊ မမကို ကျွန်တော်နားမလည်ဘူး၊ မမဟာ အသိခက်တဲ့ လူတစ်ယောက်လို့ပဲ ကျွန်တော့်စိတ်ထဲက မြင်နေ



ဘယ်၊ ခုလို တစ်ယောက်တည်းနေနေတာရယ်၊ နောက်ပြီး မမကို ကြည့်လိုက်တိုင်း အမြဲမှိုင်နေတယ်၊ ဆွေမျိုးတစ်ဦးတစ်ယောက် တောင် မမဆီ အဝင်အထွက် မရှိတာရယ်"

"ဒါပေမဲ့ လင်းထက်ရယ် လူဆိုတာ ခံစားချက်ကိုယ်စီ တော့ ရှိကြစမြဲပဲ မဟုတ်လား၊ မမပြောပြမယ် ဒီလိုကွ"

ပန်းနုဝေ စိတ်ရှည်လက်ရှည် သူ့ကိုရှင်းပြလိုက်သည်။

တကယ်တော့ ပန်းနုဝေ မွေးဖွားပြီး ကြီးပြင်းရာ နယ်မြေ သည် ပြင်ဦးလွင်မြို့လေးပင်။

သူမ၏မိဘများသည် ပြင်ဦးလွင်မှာ ထိတ်ထိတ်ကြဲ လူချမ်းသာများဖြစ်၍ တင့်တင့်တယ်တယ် နေနိုင်ခဲ့ကြသည်။ သုံးမကုန်အောင် စည်းစိမ်ဥစ္စာ ကြွယ်ဝသည်။

ခုတော့လည်း မိဘနှစ်ပါးစလုံးက ဂျပန်ကို ရောက်နေကြ သည်။ ဟိုမှာက သူမ၏အစ်ကို ရှိနေသည်မဟုတ်လား။ ကိုကိုက တိုကျိုမှာ အလုပ်အကိုင်ကောင်းသဖြင့် သူမ၏မိဘများ ရောက်နေ ခြင်းဖြစ်သည်။

အစကတော့ ပြင်ဦးလွင်ဆေးရုံမှာတင်နေဖို့ ပန်းနုဝေ ဆုံးဖြတ်ခဲ့တာပါ။ နောက်တော့လည်း ဒေါက်တာကျော်ကျော်ဇင် ခေါ် မောင့်ကို စိတ်နာပြီး ရန်ကုန်ကို သူမတစ်ယောက်တည်း ရောက်လာခဲ့ရခြင်းဖြစ်သည်။

သူမ သံယောဇဉ်ကြီးစွာ ချစ်ခဲ့ရသော မောင်၊ မောင်သည်

www.burmeseclassic.com

www.burmeseclassic.com



သာ သူမဘဝ၊ မောင်သည်သာ သူမ၏ အရှင်သခင်အဖြစ် ယုံကြည် အားထားစွာ ချစ်မြတ်နိုးခဲ့ရတာပါ။

အကြောင်းပြချက် တစ်ခုတောင် မပေးဘဲ ရုတ်တရက် လက်ထပ်ပြီး သူမကို စွန့်ခွာသွားသည့် မောင့်ကို ပန်းနုဝေ မေ့နိုင် တော့မည်တဲ့လား။

ခုတော့ သူမကို မောင်စိတ်ပြန်လည်နေပြီလေ။

သူမရှိရာ ရန်ကုန်သို့ မောင်လိုက်လာသည်။

သူမနဲ့တွေ့ဖို့ အကြိမ်ကြိမ်အခါခါ ကြိုးစားသည်။ မော မှားပါပြီတဲ့။ မောင် နောင်တရနေပါပြီတဲ့။

ပန်းနုဝေ မောင့်ကို လက်မခံနိုင်တော့။

မောင့်ကြောင့် ဘယ်မျှအထိ ခံစားခဲ့ရကြောင်းကို သိ ချင်သည်။

ပန်းနုဝေတစ်ယောက် သူမရင်ထဲက ခံစားရသမျှတွေ ပြောပြီး မျက်ရည်များပင် လည်လာရသည်။

သူမအနားမှာ ကျောက်ရုပ်တစ်ယောက်လို ငြိမ်သက် နားထောင်နေသူက လင်းထက်ပင်။

"ဒါကြောင့်မို့ အကာအကွယ်မဲ့နေတဲ့ မမဘဝလေးထဲ မင်းရောက်လာတဲ့နေ့ကစပြီး မမမှာ အင်အားတစ်ခုကို တိုးခဲ့ရ ဆိုတာ မင်းယုံစေချင်တယ် လင်းထက်"

"မင်းကို ဒီက ထွက်မသွားစေချင်တာ အဲဒီအကြော



တွေ အများကြီးပါတယ်၊ ကာမပိုင် ဇနီးမယားရှိနေပါလျက်နဲ့ မမကို သူ နှောင့်ယှက်နေတယ်"

"သူ့ကို တစ်ချိန်က မမဘယ်လောက်ပဲ ချစ်ခဲ့ချစ်ခဲ့ ခုချိန်မှာ ဘဝခြင်းက အရမ်းခြားနားသွားပြီဆိုတာ သူနားလည်သင့် တယ်၊ မမကို ပတ်ဝန်းကျင်က အထင်အမြင်သေးအောင် သူလိုက် နှောင့်ယှက်နေတုန်းပဲ၊ လူတကာ လက်ညှိုးထိုးပြောဆိုတာကို မမ မခံစားနိုင်ဘူး၊ အဲဒါကြောင့် မမနဲ့အတူ မင်းနေပေးပါ၊ မင်းရှိနေရင် သူနောက်ဆုတ်သွားမှာ သေချာတယ်၊ ဒါပါပဲ၊ မမပြောချင်တာ အဲဒါပါ"

အကြောင်းအရာအားလုံး ရှင်းပြရသည်မို့ မမမောသွားဟန် ရှိသည်။ လင်းထက်က မျက်တောင်မခတ်ဘဲ ပန်းနုဝေ၏မျက်နှာ လေးကို ကြည့်နေမိသည်။ ရိုးသားတဲ့အကြည့်ပါ။ ကိုယ့်အစ်မရင်း တစ်ယောက်လို ကြည့်တာပါ။

✿ မိမိအကြောင်းတွေကို ပြောပြီး ရှက်ရွံ့အားနာရသူက ပန်းနုဝေ။ မိမိက ကိုယ့်အခက်အခဲကို အမှန်အတိုင်း ဖွင့်ဟပြော လိုက်သော်လည်း တစ်ဖက်က အထင်လွဲမှာစိုးသည်။

"ကျွန်တော်နားလည်ပါပြီ မမ၊ ဒါပေမဲ့ မမခြံထဲမှာတော့ ဒီအတိုင်းမနေပါရစေနဲ့၊ မမ ထမင်းကို အလကားမစားချင်ဘူး၊ အလုပ်တစ်ခုခုတော့ မမ ကျွန်တော့်ကိုပေးပါ၊ မမခိုင်းတဲ့အလုပ်ကို လုပ်ပြီး ကျွန်တော် ကျောင်းဆက်တက်ပါရစေ မမ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကားမောင်းတတ်လား"

"ဟာ…မောင်းတတ်တယ် မမ"

"ဒါဆို မင်းကို ဒရိုင်ဘာခန့်လိုက်ပြီ၊ မမစီးနေတဲ့ကား ဒီနေ့ကစပြီး မင်းမောင်းတော့"

လင်းထက် ဝမ်းသာသွားသည်။

မမကိုလည်း ကျေးဇူးတင်သော အကြည့်မျိုးဖြင့် ကြည့်လိုက်မိသည်။ မမက မျက်လွှာလေးကို ချပြီး ခေါင်းကလေး ငုံ့ထားလိုက်သည်။ မမမျက်နှာလေးလည်း သောကရိပ်ကင်းစင်သည်။

ပန်းနုဝေ စိတ်ထဲက တီးတိုးပြောနေသည့် စကားတွေ တော့ လင်းထက် ကြားနိုင်လိမ့်မည် မထင်တော့ပါ။

လင်းထက်ရယ်…

မင်းကို မမရင်ဖွင့်စရာတွေ မမဘဝမှာ အများကြီးရှိပါသေး တယ်ကွာ။

တစ်နေ့တော့ အားလုံးကို မင်းသိလာမှာပါ။

မင်းကိုလေ…

တစ်နေ့တော့ မမဖွင့်ပြောဖြစ်မှာပါ။

ဝ ဝ ဝ

## အခန်း (၁၅)

စကားဝါပင်အောက်မှာ တစ်ယောက်တည်း ထိုင်နေမိသူ ကဗျာပါ။ ကိုလင်း ပြန်ပေးသွားသည့် ကီနွရာမောင်နှံ ဆွဲပြား ...ကို ကြည့်ပြီး မျက်ရည်တွေကျနေသည်။

ကိုလင်းရယ်။

ကိုလင်းကတော့ ကဗျာတို့အသိုင်းအဝိုင်းတွေကို စိတ်နာ ...မှာပဲနော်။

ကဗျာ ကိုလင်းကို လိုက်ရှာနေပါတယ် ကိုလင်းရယ်။

ကဗျာရင်ထဲမှာ အရမ်းခံစားနေရတယ်။ ကဗျာ အသည်း ...ထဲမှာ ထိခိုက်နာကျင်နေရသည်။

ကိုလင်းကိုလေ ကဗျာအရမ်းချစ်ခဲ့ရပြီ သိလားကိုလင်း ...။

ကဗျာကို ဘာလို့ဖွင့်မပြောရတာလဲဟင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းသာ ဖွင့်ပြောခဲ့ရင် ကဗျာ သည်လောက် ခံစားရမှာ မဟုတ်ဘူး ကိုလင်းရယ်။

ခုတော့…

ခုတော့…

ဘယ်မှာလဲ ကိုလင်းရယ်။

"မိကဗျာ"

"ဟင်…မေမေ"

"ဒီကောင့်ကို ညည်း မမေ့သေးဘူးလား ကဗျာ၊ ဒီအပင်အောက်မှာထိုင်ပြီး ညည်း အလွမ်းသည်နေတာပေါ့လေ"

"မေမေရယ်"

"တက်စမ်း…အခု အိမ်ပေါ်တက်"

ကဗျာ မေမေ့အနားမှ ပြေးထွက်ခဲ့တော့သည်။

အခန်းထဲရောက်မှ အားရပါးရ ကဗျာငိုချလိုက်၏။ ကဗျာအခန်းထဲထိ ဒေါ်မိမိမေ လိုက်တက်လာသည်။

"ညည်းကို ငါပြောထားမယ်နော်၊ ဒီကောင်နဲ့ ညည်းနဲ့ ဘာပတ်သက်စရာမှ မလိုဘူး၊ ညည်း အဆင့်အတန်းကို ညည်းသိစမ်းပါ မိကဗျာရယ်၊ မောင်ဇာနည်နဲ့ကိစ္စကိုလည်း ညည်းခေါင်းထဲမှာ သေသေချာချာစဉ်းစားထား၊ ဒီအတိုင်းဆိုရင်တော့ ရက်ဆိုကြာကြာဆွဲမထားချင်တော့ဘူး"

ကဗျာက…



"သမီး သူ့ကိုလက်မထပ်နိုင်ဘူး မေမေ"

"ဘာ"

"ဘာပြောတယ်"

ဒေါ်မိမိမေတစ်ယောက် ဒေါသထွက်လွန်းလို့ အသားတွေဆောင် တဆတ်ဆတ် တုန်နေသည်။

"ဘာပြောတယ် မိကဗျာ၊ ညည်းက မောင်ဇာနည်လို လူမျိုးတောင် လက်မထပ်နိုင်ဘူး ဟုတ်လား၊ ဒီမှာ တစ်သက်လုံး ညည်းအပေါ် အမျိုးမျိုး အနစ်နာခံလာတာ မောင်ဇာနည်ပေါ့ ပညာတတ်တယ်၊ ဂုဏ်ရှိတယ်၊ ငွေရှိတယ်"

"ညည်း စွဲစွဲလမ်းလမ်း ဖြစ်နေတဲ့ကောင်လို နေစရာမရှိ၊ စားစရာမရှိတဲ့ဘဝမျိုး မဟုတ်ဘူးဆိုတာ ညည်း နားလည်ထားစမ်း၊ ဒီမှာ စကားကုန်ပြောလိုက်မယ်၊ ညည်း မောင်ဇာနည်ကို လက်ထပ်ရမယ်၊ ငါ့စကားကို နားမထောင်ရင် ညည်းကို အမွေဖြတ်ပစ်မယ်"

"ဖြတ်ပေါ့၊ သမီး ဒီအမွေတွေကိုလည်း မမက်ဘူး"

"ဘာ…ဘာ"

"ဟော့…တော်ကြစမ်း"

"ဖေဖေ"

မေမေ အခန်းထဲဝင်လာသည်။

"ကိုကို ဘာမှဝင်မပြောနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိမေက တင်းမာသောစကားသံနှင့် ဦးကိုကိုဘက်သို့ လှည့်ကြည့်ပြီး ပြောသည်။

"သမီးမနှစ်သက်တဲ့ အလုပ်ကို မင်းဘာဖြစ်လို့ လုပ်ချင်ရတာလဲ မိမိရယ်၊ မင်းဟာလေ သမီးလေးကို စိတ်ညစ်အောင် မလုပ်စမ်းပါနဲ့"

"ဒီမှာကိုကို ဒီမှာ"

"ဘာလဲ"

"မိဘဆိုတာ ကိုယ့်သားသမီး ဒုက္ခရောက်အောင် ဘယ်တော့မှ မလုပ်ဘူးရှင့်၊ ဟိုသူငယ်ကိစ္စကို ကိုကို သည်အတိုင်း မေ့ထားလိုက်တော့မှာလား"

"ဘယ်သူလဲ"

"ထွန်းညိုဆိုတဲ့ လူယုတ်မာသားလေ"

ဒေါ်မိမိမေစကားအဆုံး ပင့်သက်ကို ဦးကိုကို ချလိုက်မိသည်။

"မိမိရယ် ပြီးခဲ့တာတွေက ပြီးခဲ့ပြီပဲ၊ ဘာဖြစ်လို့ ဒီလောက်ထိ အငြိုးအတေးတွေ ထားနေတော့မှာလဲ၊ ခုဘဝမှာလည်း မကောင်းဘူး၊ သံသရာမှာလည်း ခံရတတ်တယ်"

"ဘာပြောတယ် ကိုကို"

ဒေါ်မိမိမေတစ်ယောက် မျက်လုံးဝိုင်းသွားရသည်။ သူ့ခံစားချက်ကို သူမသာ အသိဆုံးမဟုတ်လား။ နှလုံးသားထဲမှာရှိနေ



တဲ့ ဒဏ်ရာတွေက တမြည့်မြည့်နဲ့ မီးလိုပဲ လောင်ကျွမ်းခဲ့ရတယ်လေ။

"ဒီမှာကိုကို"

ဦးကိုကို ငြိမ်သက်နေသည်။

"ကိုကိုသာ အသည်းနှလုံးရှိတဲ့ လူတစ်ယောက်ဆိုရင် မိမိရင်ထဲကို ဝင်ကြည့်စမ်းပါ ကိုကိုရယ်၊ မိမိ ခံစားခဲ့ရတာတွေကို မမေ့နိုင်ဘူး ကိုကို၊ မမေ့ဘူး"

"ခက်လိုက်တာကွာ"

တကယ်တော့ မိမိခံစားခဲ့ရတာတွေ ကိုကို နားလည်ပါတယ်။ မိမိရဲ့ ဘဝသမိုင်းကြောင်းကို ကိုကိုအသိဆုံးပဲ မဟုတ်လား။

"မခက်ပါနဲ့ကိုကို လွယ်လွယ်လေးပါ၊ ဒီလူယုတ်မာသားနဲ့ ပတ်သက်မှာကိုတော့ မိမိဘက်က ပြင်းပြင်းထန်ထန် တားရမှာပဲ"

"မိကဗျာ"

ဒေါ်မိမိမေအသံက ကျယ်လောင်စွာ ထွက်လာတော့သည်။

"ဒီကောင်နဲ့ ဆက်သွယ်တာတို့၊ ပတ်သက်တာတို့ ညည်းဘာမှမလုပ်ပါနဲ့၊ အသံကြားတာနဲ့ ညည်းမလွယ်ဘူး"

ဒေါ်မိမိမေပြောပြီး အခန်းထဲမှ ချာခနဲ ထွက်သွားသည်။

"သမီး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဖေဖေ"

"ဖေဖေ သမီးကိုပြောမယ်နော် သမီး၊ ဖေဖေပြောမယ့် စကားကို သမီး သေသေချာချာနားထောင်ပါ"

ပြောမယ်ဆိုသော်လည်း ဘယ်စကားကို စပြောရမှန်း ဦးကိုကို မသိပါ။

"သမီးမေမေ့မှာ အတိတ်က ခံစားခဲ့ရတာတွေ အများကြီး ရှိခဲ့ဖူးတယ် သမီး၊ အဲဒီခံစားချက်တွေကြောင့် သမီးရဲ့သူငယ်ချင်း မောင်လင်းထက်နဲ့ မပတ်သက်စေချင်တာကို သမီးနားလည်ထား ပါ"

ဦးကိုကို ပင့်သက်ချရသည်။

ပြီးတော့ တဖျပ်ဖျပ်လွင့်နေသော ခန်းဆီးပြာပြာကလေး များကို ထွင်းဖောက်မြင်နေရသော အပြင်ဘက်ကိုလည်း ငေးကြည့် နေမိသည်။

"မေ့လိုက်စမ်းပါ သမီးရယ်၊ သူ့ကြောင့်လည်း ဝေဒနာ တွေ သမီးလေး ခံစားခဲ့ရပြီးပြီ၊ ဒီအရွယ်ရောက်တဲ့အထိ ခံစားလာခဲ့ ရတဲ့ ဝေဒနာတွေကို သမီးရင်ထဲက မောင်းထုတ်ပစ်လိုက်တာ အကောင်းဆုံးပဲလို့ ဖေဖေထင်တယ်"

"သမီးသဘောမပါဘဲနဲ့ ဘယ်အရာမှ အဖေမလုပ်ပါဘူး။ သမီးကို ဖေဖေကတိပေးပါတယ်၊ သမီးက လိမ္မာပါတယ်ကွာ"

ကဗျာ ငိုပြီးဝမ်းနည်းလာရသည်။



ဖေဖေရယ်…

သမီး သူ့ကို ဘယ်လိုမှ မေ့လို့ရနိုင်မယ်မထင်ဘူး။ သမီး ကို ခွင့်လွှတ်ပါ။

သမီး သူ့ကိုသိပ်သနားတယ် ဖေဖေရယ်။

ကဗျာ ရင်ထဲကနေ ပြောနေမိသည်။ ကဗျာ ရှိုက်သံလေး တွေ အခန်းလေးထဲမှာ ပျံ့နှံ့သွားသည်။ ကဗျာ တစ်သက်လုံး ကိုလင်းကို သတိရနေမှာပါ။

"ကိုလင်း ကိုလင်း"

"ကိုလင်း"

"ဟင်"

မထင်မှတ်ဘဲ ပြောလိုက်သော ဖြေသံကြောင့် လှည့်ကြည့် လိုက်တော့ ကဗျာဖြစ်နေသဖြင့် လင်းထက် အံ့ဩသွားရသည်။

"ကိုလင်း"

"ကဗျာ"

"ကိုလင်းရယ်"

ရုတ်တရက် ကိုလင်းပခုံးပေါ်မှီပြီး ကဗျာ ငိုချလိုက်သော ကြောင့် ကိုလင်း အနေခက်သွားရသည်။ ဝမ်းနည်းစွာ ငိုနေသော ကဗျာကို ဘယ်လိုများ နှစ်သိမ့်ပေးရမလဲဆိုတာ ကိုလင်း မသိတော့ ပါလေ။

"ကိုလင်း ကဗျာကို သိပ်ရက်စက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဗျာရယ် မငိုနဲ့နော်၊ လာ ကိုလင်းနောက်ကို လိုက်ခဲ့၊ ကိုလင်း အားလုံးရှင်းပြပါ့မယ်"

ကဗျာ ဝမ်းနည်းလို့မဆုံးပါ။ ကျောင်းမတက်ဘဲ သည်နေရာလေးကနေ လာစောင့်နေတာ တစ်ပတ်ကျော်သွားပြီ မဟုတ်လား။

"ဟုတ်တယ် လင်းထက်၊ ကဗျာ မင်းကို လာစောင့်နေတာ တစ်ပတ်ကျော်ပြီ"

ကဗျာနောက်က ကပ်ပါလာသော သူငယ်ချင်းဖိုးကျော်ကို ပါ တွေ့လိုက်ရသည်။

ဖိုးကျော်က လင်းထက်နားလည်အောင် ရှင်းပြလိုက်သည်။

"ပထမတော့ ငါလည်းမသိဘူး၊ မင်းကို လာစုံစမ်းနေတဲ့ ကောင်မလေးတစ်ယောက် နေ့တိုင်းလာတယ်ဆိုလို့ ကြည့်လိုက်တော့ မင်းသူငယ်ချင်း ကဗျာဖြစ်နေလို့ ငါပါလိုက်ပြီး မင်းအလာကို စောင့်ပေးနေတာ၊ ဘယ်လိုလဲ လင်းထက်ရာ"

ကဗျာကိုရော သူငယ်ချင်းဖိုးကျော်ကိုပါ လင်းထက် ရှင်းပြလိုက်သည်။ ပြီးတော့ ဖိုးကျော်ကိုထားခဲ့ပြီး နှစ်ယောက်သား လူရှင်းသောနေရာလေးတစ်ခု ထွက်လာခဲ့ကြသည်။

ကဗျာမျက်နှာလေး နီရဲနေ၏။ ငိုရလွန်းသဖြင့် မျက်ခွံလေး များပင် အစ်ထွက်နေသည်။

"မငိုပါနဲ့တော့ ကဗျာရယ်၊ ကိုလင်းတို့ အခု ပြန်ဆုံတွေ့



နေရပြီပဲဟာ"

"ကိုလင်း ဘာကြောင့် ကဗျာ့ကို ညာရတာလဲ"

"ကဗျာရယ် ကိုလင်းဘဝကို ကဗျာ အသိဆုံးပါကွာ"

"ကဗျာလေ မောင်မောင်ဆိုတာ ကိုလင်းမှန်း ဦးလေး ခန့်ပြောတော့မှ သိရတာ၊ သိသိချင်းပဲ ကဗျာနဲ့ ကိုလင်း စတွေ့တဲ့ နေရာလေ စကားဝါပင်အောက်ကို သွားခဲ့တယ်၊ စကားဝါပွင့်လေး တွေနဲ့ ကိုလင်းရေးထားတဲ့ စာလေးကိုပဲ တွေ့လိုက်ရတယ်လေ"

ကိုလင်း ကဗျာပြောသမျှကို ငြိမ်ပြီးနားထောင်နေသည်။

"ကိုလင်း"

"ပြောလေ ကဗျာ"

"ရော့"

ကိုလင်းလက်ထဲ ကိုရွှေရာမောင်နဲ့ ဆွဲပြားလေးကို ကဗျာ ပြန်ထည့်ပေးလိုက်သည်။

"ကိုလင်း ကဗျာ့ကို ခွဲသွားဖို့ ဘယ်တော့မှ မကြိုးစား ပါနဲ့တော့နော်၊ ကဗျာလည်း ဘယ်တော့မှ ကိုလင်းကို မခွဲဘူး"

"ကဗျာရယ်"

လင်းထက် မျက်လုံးထဲမှာ ဒေါ်မိမိမေ၏ ဒေါသထွက်နေ သော မျက်နှာလေးကို မြင်ယောင်နေမိသည်။

"မင်းနဲ့ငါ့သမီးက အဆင့်အတန်းချင်း တူလို့လား"

"ငါ့ခြံထဲက အခုချက်ချင်း ထွက်သွားစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ကဗျာနဲ့ပတ်သက်ဖို့ ဘယ်တော့မှမကြိုးစားနဲ့"

ကဗျာကတော့ မျက်ရည်လေးတွေကို လက်ကိုင်ပဝါလေးဖြင့် သုတ်ရင်း ခေါင်းကလေး ငုံ့လို့ထားသည်။

"ကဗျာ"

လင်းထက် မပြောချင်သောစကားကို ပြောရဦးမယ်။

"ဘာလဲဟင် ကိုလင်း"

"ကိုလင်းကို မေ့လိုက်ပါတော့လား ကဗျာရယ်"

"ဘယ်လို၊ ဘာပြောတယ် ကိုလင်း"

"ကိုလင်းကို မေ့လိုက်ပါလို့"

ကဗျာ နှုတ်ခမ်းသားလေးတွေ တင်းတင်းစေ့သွားပြီး ကိုလင်းမျက်နှာကို စိုက်ကြည့်နေလိုက်သည်။

"ကိုလင်းကို မေ့ပစ်ရမယ် ဟုတ်လား၊ ကဗျာ ဘယ်လိုလုပ်မေ့လို့ရမှာလဲ ကိုလင်းရယ်"

ကိုလင်း ခေါင်းကိုသာ အသာခါယမ်းလိုက်ပြီး…

"ကဗျာရယ် ကဗျာနဲ့ကိုလင်းတို့ရဲ့ဘဝက မိုးနဲ့မြေလို ကွာခြားလွန်းပါတယ်ကွာ၊ ကဗျာပေးထားတဲ့ ပန်းသည်းလေးကိုလည်း ကဗျာ ပြန်ယူသွားပါတော့နော်"

"ကိုလင်း"

အက်ကွဲသော အသံလေးနှင့် ကဗျာ ကိုလင်းကို ခေါ်လိုက်သည်။ လှည့်ကြည့်လိုက်တော့ ကဗျာ ဝမ်းနည်းစွာ ငိုကြ



သည်။

အို…ကဗျာရယ်။

ကဗျာ ငိုပြန်ပြီလား။

"အဟင့်…အဟင်း"

ကိုလင်း ရင်ခွင်ထဲ ကဗျာမျက်နှာလေးအပ်ပြီး မျက်ရည်ဥလေးများကို လက်ကိုင်ပဝါလေးဖြင့် သုတ်လိုက်လေသည်။

သည်တစ်ခါ…

ကဗျာကိုယ်လေးကို တင်းတင်းလေး သိုင်းဖက်လိုက်မိသူက ကိုလင်းရယ်ပါ။ ဘာမှလည်း ပြောစရာမလိုတော့။ ဘာမှလည်း မပြောချင်တော့။ သည်လောက်ဆို သူ့ရင်ထဲက ဆန္ဒကို ကဗျာ သိလောက်ရောပေါ့။

ကဗျာ့ဆံနွယ်လေးတွေ လက်ကလေးဖြင့် ကိုလင်း သပ်ပေးလိုက်ပြီး ခါးလေးကို ဖက်တွယ်ထားလိုက်သည်။ ကဗျာ ကိုယ်လေး ရှိုက်ငိုနေသောကြောင့် တုန်နေသည်။

"မငိုပါနဲ့တော့ ကဗျာရယ်၊ ကိုလင်း ကဗျာကို အရမ်းလွမ်းတယ်၊ ကဗျာကို ချစ်တယ်ကွာ၊ အရမ်းချစ်တယ်"

"ကိုလင်း…ကိုလင်း တကယ်ပြောတာလားဟင်"

မျက်ရည်များနှင့် အလျင်စလို မေးနေလေသည်။

"တကယ်ပြောတာပါ ကဗျာ၊ ကိုလင်း မညာပါဘူး"

နှစ်ဦးသား အပြန်အလှန် ယုယစွာ ထွေးဖက်ထားပါတော့

www.burmeseclassic.com



သည်။

"ကဲ…ကဗျာ ကိုလင်းရင်ထဲမှာ ရှိတဲ့အတိုင်း ပြောပြပြီး ပြီ၊ ကဗျာ့ရင်ထဲက စကားလေး အမှန်အတိုင်းပဲ ကိုလင်း ကြားချင်တယ်"

ကဗျာ့မျက်နှာကလေးမှာ ရှက်လွန်းသဖြင့် ပန်းရောင်လေး ဖြတ်ပြေးသွားရသည်။

"ပြောပြဖို့လိုသေးလို့လား ကိုလင်းရယ်"

"လိုတာပေါ့ ကဗျာရယ်၊ ကဗျာ့ရင်ထဲက စကားတွေကို ကိုလင်း ကြားချင်တယ်၊ ပြောစမ်းပါ ကဗျာရယ်နော်"

"ကဗျာ မပြောရဲဘူး"

"တကယ်မပြောဘူးလား"

"အင်းပါဆို"

"ဒါဆို"

"အို…ကိုလင်း"

"…."

ကဗျာ ဘယ်လိုမှ တားချိန်မရတော့။ လှစ်ခနဲ သူ့ဆီက အနမ်းလေးတစ်ချက်၊ ကဗျာ့အသည်းနှလုံး နွေးခနဲနေအောင် ခံစား လိုက်ရသည်။ ရင်တွေခုန်လိုက်တာ ကိုလင်းရယ်။

"ကဗျာ ရင်တွေအရမ်းခုန်တယ် သိလား ကဗျာ"

ကဗျာက…



"ကိုလင်း မကောင်းဘူးကွာ"

ကဗျာ ကိုလင်းရင်ဘတ်ကို လက်ကလေးနှနှဖြင့် ထုရိုက် လိုက်သည်။

ကဗျာ ပျော်နေသည်။ မျက်ဝန်းလေးတွေက ကြည်လဲ့ပြီး မျက်တောင်ကော့ကော့လေးတွေက ဟိုးအဝေးတစ်နေရာကို ငေးကြည့်လိုက်သည်။

"မမေ့ဖူးတဲ့ အချစ်ဦးတဲ့ ကဗျာ၊ ကိုလင်းအတွက်တော့ ကဗျာက အချစ်ဦးပဲ၊ ဟိုငယ်ငယ်လေးကတည်းက တစ်ယောက် တစ်ယောက် သံယောဇဉ်ရှိခဲ့ကြတာပါ"

"ခုချိန်ကစပြီး ကိုယ်တို့နှစ်ယောက် ပြန်ဆုံတွေ့ရပြီပေါ့"

"ဟွန်း"

ဘာဖြစ်လို့ ကဗျာကို မရှာတာလဲ။ ကဗျာ့နှုတ်ခမ်းလေး စူထော်ပြီးမေးသည်။ လာတာပေါ့ ကဗျာရဲ့ ကိုလင်းလာရှာတဲ့ အချိန်နဲ့ ကဗျာလာတဲ့အချိန်က လွဲနေတာကိုး။ ပြီးတော့ ကျောင်းထဲ မှာ လူတွေကအများကြီး ကဗျာတို့ အရင်နေခဲ့တဲ့ခြံကို ကိုလင်း ရောက်သွားသေးတယ်။ ကဗျာတို့ ပြောင်းသွားပြီဆိုလို့ ကိုယ် လက်လျှော့ခဲ့ရတာ။

"ဒါဖြင့် ပြန်တွေ့တော့ရော ကိုလင်း ဘာလို့မပြောလဲ"

"ကဗျာရယ် ကဗျာ့မှာ ကိုလင်းထက် ဦးသူရှိနေပြီလို့ ထင်လို့ မပြောခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး"

ကဗျာ ခေါင်းကလေး အသာခါရမ်းလိုက်သည်။ စောစော က မှုန်နေသော ကဗျာ့မျက်နှာလေး ခုတော့ တိမ်ကင်းစင်သော လမင်းပမာ ကြည်လင်နေတော့သည်။ နှစ်ပေါင်းများစွာ စောင့်စား မျှော်လင့်ခဲ့ရသော ဆန္ဒတွေပြည့်ခဲ့ရပြီ မဟုတ်လား။

"ကိုယ့်ကိုချစ်တယ်လို့ပြောဦးလေ ကဗျာ"

ကဗျာ့မျက်နှာလေး ရှက်သွေးဖြာသွားရသည်။

"ပြီးမှ တိုးတိတ်ညင်သာသောအသံဖြင့် ကဗျာမပြောဘူး ကိုလင့်ရာ"

"ဟင်း အဲဒီ ကိုလင်းဆိုတာကြီးလဲ နားထောင်ရတာ မချိုလိုက်တာ၊ ပြင်ခေါ်ကွာ ကဗျာ"

"ဘယ်လိုခေါ်ရမှာလဲ"

"မောင်လို့"

"ဟောဗျာ စောစောကပဲ"

"....."

"ဟောဗျာ စောစောကပဲ ကဗျာ့နှုတ်ခမ်းလေးတွေက ပြောလိုက်ပြီလေ"

ကဗျာ ရုတ်တရက် ကြောင်အမ်းအမ်းလေးဖြစ်သွားသည်။

"ဘယ်မှာပြောရသေးလို့လဲ"

"မပြောရသေးဘူးပေါ့"



"အင်း"

"ဒါဆို ထပ်မေးကြည့်မယ်၊ ကဲ"

"အို ကိုလင်း မလုပ်နဲ့ မလုပ်နဲ့၊ ကဗျာပြောပါမယ်"

ကဗျာခေါင်းလေး ပိုလိုငုံ့ထားမိသည်။

အသံတုန်တုန်လေးနှင့် ကဗျာဖြေသည်။

"ကိုလင်းကို ကဗျာချစ်ပါတယ်"

"တကယ်နော် ကဗျာ"

"အင်းပေါ့"

"ဒါဆို"

"အို ကိုလင်းရယ်"

ကဗျာရဲ့ရင်ထဲ အပျော်လေးတွေ စီးဆင်းသွားရသည်။ ကဗျာအမြဲတမ်း စောင့်မျှော်ခဲ့ရတဲ့ နေ့ရက်ကလေးတွေ အခုတော့ ရောက်ခဲ့ရပြီလေ၊ ရင်ထဲမှာ အရမ်းကိုပျော်ရွှင်နေမိသည်။

ကဗျာတို့နှစ်ယောက်စလုံး ကမ္ဘာသစ်လေးထဲရောက်သွား သလို ခံစားလိုက်ရသည်။

သတိရတော့မှ နှစ်ယောက်သား ခန္ဓာကိုယ်ချင်း ခွာလိုက် ကြသည်။ ကိုလင်းမျက်နှာကိုလည်း မမော့ကြည့်ရဲအောင် ရင်ခုန် လိုက်မောနေသည်။

"ကိုလင်း"

"ဟင်း ဘာကိုလင်းလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မောင် လို့ခေါ်ပါ ကဗျာရယ်၊ ကိုယ်ကြားချင်လို့ပါ နော်"

"ခေါ်လေကဗျာ"

"မောင်ရယ်"

"မောင့်ကိုလေ ကဗျာ သိပ်ချစ်ပါတယ်၊ ကဗျာ့အချစ်ဟာ ဘာအနှောင်အဖွဲ့မှမပါဘူးဆိုတာ မောင်ယုံပါနော်၊ ဟိုးငယ်ငယ်လေးကတည်းက မောင့်ကို ချစ်ခဲ့ရတာပါ"

"မောင်လည်း ကဗျာလိုပဲကွယ်"

မောင်ရယ် ကဗျာ့နှုတ်ဖျားလေးမှ ရေရွတ်လိုက်မိတော့သည်။

"မောင်နဲ့ပြန်ဆုံတွေ့ရဖို့အတွက် ဘုရားမှာ အမြဲတမ်းဆုတောင်းလိုက်ရတာ၊ တွေ့ပြန်တော့လည်း မောင့်ကို ကဗျာမမှတ်မိခဲ့ဘူး၊ မောင်က အရမ်းကြည့်ကောင်းတယ်နော်"

"ကဲလေ ဒီကောင်မလေး မပိုပါနဲ့တော့"

အနားကဖြတ်သွားသော ကျောင်းသားအုပ်စုက ကဗျာနဲ့မောင့်ကို လှည့်ကြည့် လှည့်ကြည့် လှမ်းငေးသွားကြသည်။

"မောင်ရယ် မောင့်ကိုလေ ကဗျာ ဘယ်တော့မှ ခွဲမသွားဘူးသိလား၊ ဒီတစ်ခါ ထပ်ခွဲရရင်တော့ ကိန္နရာမောင်နှံလို ရင်ကွဲပြီး ကဗျာသေရလိမ့်မယ် သိလား"

ကဗျာ့ရင်ထဲမှာ အလေးအနက်ထားပြီး ပြောလိုက်သော



စကားဖြစ်သည်။

မောင်က ကဗျာ့လက်ချောင်းနုနုလေးကို ဆုပ်ကိုင်ထားပြီး သူ့ရင်ခွင်ထဲ ထည့်ထားလိုက်လေသည်။

"ကဲ...မောင် သွားကြမယ်"

"ဟင်...ဘယ်ကိုသွားမလို့လဲ ကဗျာရယ်"

"မောင်တို့ကျောင်းရှေ့က စကားဝါပန်းပင်အောက်ကိုပေါ့"

"ဟော...ဟိုမှာတွေ့လား မောင် စကားဝါပွင့်လေးတွေအများကြီး ကြွေကျနေတယ်"

"လာလေ...မောင်"

စကားဝါပင်အောက်ရောက်တော့ ကဗျာက ပန်းပွင့်လေးနှစ်ပွင့်ကို ကောက်လိုက်သည်။ ပြီးတော့...

"မောင်နဲ့ကဗျာ ဘယ်တော့မှ မခွဲဘူးဆိုတဲ့ အထိမ်းအမှတ်နဲ့ ဒီစကားပွင့်ပေါ်မှာ မောင် လက်မှတ်လေးထိုးပေးပါ"

"ကဗျာရယ်"

ကြိုကြိုဖန်ဖန် တွေးတတ်သော ကဗျာ့စိတ်ကူးလေးကို ကိုလင်း အံ့ဩသွားရသည်။

"မောင် လက်မှတ်ထိုးပြီးပြီဆိုတော့ ကဗျာ လက်မှတ်လေးပဲလိုတော့တယ်"

ပြောပြီး ကဗျာလည်း စကားဝါပွင့်ပေါ်မှာ ရေးထိုးလိုက်

www.burmeseclassic.com



သည်။ ပျော်ရွှင်နေသော ကဗျာ့မျက်နှာပေါ်က အပြုံးလေးများကို
ကိုလင်း မြင်တွေ့လိုက်ရတော့သည်။

ပြီးတော့ ကဗျာက…

“ဒါပဲနော် အရင်ဆုံးခွဲသွားတဲ့သူကို တရားစွဲမယ်”

“တရားစွဲပြီးတော့ရော”

“ဘာစီရင်ချက်များ ထပ်ချဦးမှာလဲ”

“နှစ်နာကြေးတောင်းမယ်ပေါ့”

“သက်သေရှိလို့လား မောင်ရဲ့”

“အား…သိပ်ရှိတာပေါ့၊ ဒီစကားပွင့်လေးတွေက မောင့်ဘက်က ရပ်တည်ပေးမယ့် သက်သေပဲလေ၊ ကဗျာ မောင့်ကို သစ္စာဖောက်ရုံဖောက်ကြည့်”

စကားဝါပင်ကြီးအောက်မှာ ချစ်သူနှစ်ဦး တစ်ယောက်နဲ့ တစ်ယောက် ကြည်နူးစွာ စကားဝါပွင့်ကလေးတွေဖြင့် ကျီစယ်နေကြသည်။

မောင်ရယ်…

မောင့်ကို ချစ်မိလို့လေ…

သောက ဒုက္ခတွေ ကဗျာ့ဘဝလေးထဲကို ရောက်လာခဲ့ရင်တောင် မောင့်ကို ချစ်ခဲ့ရတဲ့ အသည်းနှလုံးနဲ့ အားလုံးကို မောင်းထုတ်မှာပါ မောင်ရယ်။

မောင် ယုံပါနော်။

○ ○ ○

၄

## အခန်း [၁၈]

ပန်းနုဝေ ရင်ထဲမှာ လှုပ်ရှားနေသည်။

ပန်းနုဝေ အသည်းထဲမှာ နင့်နေအောင် ခံစားနေရသည်။ မောင့်မျက်နှာမှာလည်း ကြေကွဲဆွေးမြည့်မှုတွေ၊ နောင်တတရားတွေနဲ့ ပြည့်နှက်နေသည်ဟု ပန်းနုဝေ ထင်သည်။

ဆေးခန်းကို စုံစမ်းပြီး မောင်လိုက်လာသည်။

ပန်းနုဝေ ထွက်မတွေ့တော့ ညှို့သည်ခုံမှာ ပေပြီး မောင်ထိုင်နေသည်။ ပန်းနုဝေ မျှော်နေမိသူက လင်းထက်။ အရေးထဲမှာက ရှင်းသွားသည်။

“ဟင်…ရှင်…ရှင် မဝင်ပါနဲ့ ထွက်ပါ၊ အပြင်မှာ ဣန္ဒြေထိုင်နေပါ”

“မောင်ရှူးနေပြီသိလား ပန်းနု”

သူက အတင်းဖွတ်တိုးဝင်လာပြီမို့ အပြင်ကို ပန်းနုဝေ

www.burmeseclassic.com



ထွက်လိုက်ရသည်။ သူ လိုက်ထွက်လာသည်။

"ရှင် သိပ်နောက်ကျနေပြီ ကိုကျော်ကျော်ဇင်၊ ရှင့်ကို ကျွန်မ အသည်းနှလုံးက လက်မခံတော့ဘူး၊ ရှင် ပြန်ပါတော့"

ကိုကျော်ကျော်ကို ခါးခါးသီးသီး ပန်းနုဝေ မောင်းထုတ် လိုက်သည်။

"မောင် မပြန်ဘူး၊ ပန်းနု မောင် ရှင်းပြပါ့မယ်၊ မောင် ပြောမယ့်စကားတွေကို ပန်းနု နားမထောင်မချင်း မောင်မပြန်ဘူး ဒီမှာပဲထိုင်နေမယ်၊ ဆေးခန်းပိတ်ရင် အိမ်အထိ လိုက်မယ်"

"ဒီမှာ ကိုကျော်ကျော်ဇင်"

"ပြော ပန်းနု"

"ရှင့်ကိုမုန်းတယ်၊ ရှင့်လို သစ္စာမဲ့တဲ့ ယောကျ်ား တစ်ယောက်နဲ့ ပတ်သက်မိတာကို ကျွန်မ သိပ်ရှက်မိတယ် ရှင့်မျက်နှာကို ကျွန်မ မကြည့်ပါရစေနဲ့တော့၊ သွားပါတော့ ကိုကျော်ကျော်ဇင်ရယ်"

ပန်းနုဝေ အသံလေးမှာ ငိုရှိုက်သံက ဝဲပါလာသည် တစ်ခါက သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူချင်းမို့ ခုချိန်မှာ အသည်း ကွဲကြေမတတ် ပန်းနုဝေ ခံစားနေရသည်။

မောင့်ကို သူမ ချစ်ခဲ့ပါသည်။

မြတ်မြတ်နိုးနိုး ချစ်ခဲ့သည်။

သူမချစ်သလောက် မြတ်နိုးသလောက် အရာရာကို မော



စိတ်တိုင်းကျ ဖြစ်စေခဲ့သည်။

ခုတော့...

မောင်က ကျွန်မအပေါ် သစ္စာမဲ့သူတစ်ယောက် ဖြစ်ခဲ့ပြီ လေ။

မောင့်သံယောဇဉ်ကြောင့် မိဘနှစ်ပါးက ဂျပန်ကိုလိုက်ခဲ့ ဖို့ ခေါ်သည့်ကိစ္စကိုတောင် ပန်းနုဝေ ငြင်းပယ်ခဲ့ရသည်။

မောင့်ကို မခွဲနိုင်လို့။

မောင့်ကို မထားခဲ့နိုင်လို့...

ပန်းနုဝေ မိုက်မဲခဲ့ခြင်းသာ ဖြစ်သည်။ ပန်းနုဝေ အချစ် ကြီးခဲ့ခြင်းသာ ဖြစ်သည်။

"မောင့်ရင်ထဲမှာ ပန်းနုကို ရှင်းပြချင်တဲ့ စကားလေးတွေ အများကြီးရှိနေတယ် ပန်းနု၊ ပန်းနု မောင့်စကားတွေကို နားထောင် ပေးပါ"

သူ့ပုံစံ အရူးမီးဝိုင်း ခံစားနေရသလို ပူလောင်နေသည်ဟု ပန်းနုဝေ ထင်သည်။

အဲဒီအချိန်လေးအတွင်းမှာပဲ လင်းထက် ရောက်လာသည်။ သူ့လက်ထဲမှာလည်း မမစားဖို့ ဝယ်လာသည့် မုန့်တွေက တပွေ့ တပိုက်နှင့်ပါ။

"မမ"

လင်းထက်ကိုမြင်တော့ ပန်းနုဝေ အားတက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းထက်ဆီကိုလည်း အပြေးကလေး ထထွက်လာမိသည်။

ခုချိန်မှာ လင်းထက်တစ်ယောက်သာ သူမဘဝကို ကယ်တင်ပေးနိုင်သော လူတစ်ယောက် မဟုတ်လား။ ပန်းနုဝေ ကိုကျော်ကျော်ဇင်ကို ခပ်တင်းတင်း လှည့်ကြည့်ပစ်လိုက်သည်။

''ဒါ ကျွန်မနဲ့ လက်ထပ်မယ့်သူပဲ ကိုကျော်ကျော်ဇင်''

''ဘာ···ဘာပြောတယ် ပန်းနု''

ရုတ်တရက် မယုံနိုင်လောက်အောင် အံ့သြသွားရသူက ဒေါက်တာကျော်ကျော်ဇင်။

''ရှင့်ကို ရှင်းရှင်းလင်းလင်းပဲ ပြောနေတာပါ၊ ဒါ ကျွန်မ နဲ့လက်ထပ်တော့မယ့်သူပဲ၊ ရှင့်အတွက်တော့ ဝမ်းနည်းပါတယ်၊ ရှင့်ပြန်အလာကို စောင့်မျှော်နေမယ့် ရှင့်မိန်းမဆီကိုသာ ရှင် အမြန် ဆုံးပြန်ပါတော့''

''ကောင်းပါပြီ ပန်းနုရယ်၊ ပန်းနုကို မောင်အရှုံးပေးပါပြီ ကွာ၊ ဒါ ပန်းနု မောင့်ကို အနူးညွှတ်ဆုံး လက်စားချေလိုက်တယ်ဆို တာ မောင်နားလည်ပါပြီ၊ မောင်သွားမယ် ပန်းနု''

လင်းထက်မျက်နှာကို ဒေါက်တာကျော်ကျော်ဇင် တစ်ချက်စိုက်ကြည့်ပြီး ချာခနဲ လှည့်ထွက်သွားသည်။

ပန်းနုဝေသည် ဆေးခန်းထဲပြေးဝင်ပြီး အားရပါးရ ငိုချ လိုက်မိတော့သည်။ မောင်ရှင်းပြမည့်စကားတွေကို ပန်းနု သိပြီး သားပါ။



အရက်တွေ အလွန်အကျွံ သောက်မိရာက မိန်းကလေး တစ်ယောက်ကို မောင်···

ပန်းနုဝေ ဆက်မတွေးရဲတော့။

ကိုယ်ကလေး လှုပ်ခါရင်း တသိမ့်သိမ့် ရှိုက်ငိုနေမိသည်။

''မမရယ်''

မမခံစားနေရတာကို မမနဲ့အတူ လင်းထက်လည်း ထိခိုက် ကြေကွဲနေမိသည်။ မမပြောထားလို့ အားလုံးကို လင်းထက် သိထား သည်မဟုတ်လား။

''မမ အရမ်းခံစားနေလားဟင်''

လင်းထက်အမေးကို ကြားသော်လည်း ပန်းနုဝေ မဖြေနိုင် ပါလေ။ ရင်ထဲအသည်းထဲ ပေါက်ထွက်မတတ် မီးတောက်မီးလျှံ များက ပန်းနုဝေတစ်ကိုယ်လုံးကို လောင်ကျွမ်းနေပြီ မဟုတ်လား။

''ကျွန်တော် ဆေးခန်းပိတ်လိုက်တော့မယ်နော်  မမ၊ ရှစ်နာရီထိုးနေပြီ မမရဲ့''

ဆေးခန်းတံခါးအားလုံးကို လင်းထက် လိုက်ပိတ်လိုက် သည်။ အပြန်လမ်းမှာ မမတစ်ယောက် လင်းထက်ကိုတောင် စကား မပြောဘဲ တစ်ယောက်တည်း ထိခိုက်ခံစားနေသည်လေ။

အိမ်ရောက်တော့ ပါလာသည့် စားစရာတွေကို လင်းထက် ကိုယ်တိုင် ပြင်ဆင်လိုက်သည်။ မမစားဖို့အတွက်ပါ ပန်းကန်ထဲ ထည့်ပြင်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုဝေ အစာမစားနိုင်ပါ။

တစ်ဇွန်း၊ နှစ်ဇွန်းစာလောက် စားလိုက်သည်။

"နေမကောင်းဘူးလားဟင် မမ"

"ကောင်းပါတယ်ကွာ"

သူ ကျေနပ်အောင် ပြောလိုက်သော်လည်း ပန်းနုရင်ထဲမှာ မကောင်း။ ခြံထဲလျှောက်ခဲ့လိုက်သည်။

"မမဝတ်ဖို့ အနွေးထည်လာပေးတာပါ"

"အို"

လင်းထက်ကိုကြည့်ပြီး ပန်းနုဝေရင်ထဲမှာ တစ်မျိုးလေး ခံစားလိုက်ရသည်။

"ထိုင်လေကွာ မောင်လင်းထက် ဘာဖြစ်လို့ ရပ်နေရတာလဲ"

"ဟုတ်ကဲ့"

မမနှင့် မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်သည်။

"မမရင်ထဲမှာ သိပ်ကိုခံစားနေရတယ် လင်းထက်၊ သစ္စာမဲ့လွန်းတဲ့သူကို မမ မတွေ့ချင်တော့ဘူး၊ ဒါကြောင့် မင်းကို ခုတုံးလုပ်ပြီး ပြောလိုက်တာ မင်း မမကို ခွင့်လွှတ်နားလည်ပေးပါ"

"ရပါတယ် မမရယ်"

"သူ့ကို မမမုန်းတယ်၊ ဒါပေမဲ့ မမရင်ထဲမှာ ခံစားနေရတုန်းပဲ"



မမရင်ထဲက ဝေဒနာအဝိုင်းအတာကို နားလည်ထားသည်မို့ ရှေ့ဆက်ပြောလာမည့် မမစကားကိုသာ လင်းထက် နားစွင့်ထားလိုက်သည်။

"ကဲပါလေ…ဒီအကြောင်းတွေကို ခေါင်းထဲက မေ့ထားလိုက်တာ အကောင်းဆုံးပဲ၊ မင်း ဂီတာတီးတတ်လား လင်းထက်"

"ဟုတ်ကဲ့ မမ တီးတတ်ပါတယ်"

"တီးတတ်ရင် မမ အခန်းထဲမှာ ဂစ်တာတစ်လက်ရှိတယ်၊ နေ့လယ်က မင်းအတွက် မမဝယ်လာတာ မင်းပျင်းရင် တီးရအောင်လို့ သွားယူလိုက်ပါ"

"မမရယ်"

လင်းထက် ဂစ်တာလေးကို အပြေးကလေးယူပြီး မမဆီကို ပြေးလာခဲ့သည်။

"မင်း စိုင်းထီးဆိုင်ရဲ့ သီချင်းတွေထဲက အကောင်းဆုံး တစ်ပုဒ်လောက် ဆိုပြပါလား"

"ရပါတယ် မမ"

"ရရင် ဟိုကွာ တစ်ဦးနဲ့တစ်ဦး အတူတူနေကြမယ်လို့ ရည်မှန်းဆုံးဖြတ်ထားခဲ့ပြီးမှ နောက်ဆုံးကျတော့ ကွဲသွားရတဲ့ သီချင်းလေ"

"သိပြီ မမ၊ ဒီလောက် ကျွန်တော်သိပြီ၊ မမ သေချာနားထောင် ကျွန်တော် ဆိုပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာကြိုးလေးကို ညှိပြီး စတင်တီးခတ်လိုက်သည်။ သံစဉ်ညီညာစွာ လင်းထက် သီချင်းသံလေးကို ထိထိမိမိ သီဆိုနေလေသည်။ ခြံဝင်းကြီးတစ်ခုလုံး ဂစ်တာသံလေး လွှမ်းမောဖွယ်ရာ စီးမျောသွားသည်။

ဒီအရိပ်အောက်မှာ အတူတူနေမယ်×××

တစ်သက်လုံးမှကွယ်×××

အခုများတော့ အချစ်ရယ် 'နှောင်းပေါ့ကွယ်။

မမ မျက်လုံးလေးမှိတ်ပြီး သီချင်းလေး ခံစားနေတော့သည်။

o o o

## အခန်း [၁၉]

ကဗျာတို့ရှိရာ ဝိဇ္ဇာသိပ္ပံထဲကို လင်းထက်ရောက်လာသည်။ ကဗျာတို့ မလွှတ်သေးသဖြင့် ကော်ရစ်ဒါ အုတ်တိုင်လေးကို မှီရင်း လင်းထက် စောင့်နေလိုက်သည်။

သိပ်ကြာကြာ မစောင့်လိုက်ရပါ။

အတန်းလွှတ်လွှတ်ချင်း ကဗျာ ပြေးထွက်လာသည်။ ကဗျာ မျက်နှာလေးမှာ အပြုံးကလေးဝေလို့။ အားလုံးထဲမှာ ကဗျာက အလှဆုံးဖြစ်နေသည်။

"ရောက်နေတာကြာပြီလားဟင်"

"ကြာပြီပေါ့"

"ဟင်…ဒါဆို မောင် ဒီနေ့အတန်းမတက်ဘူးပေါ့"

"ကဗျာရယ် ဟိုးယယ်ယယ်ကုန်းကတောင် ကျောင်းပြေးပြီး ကဗျာကို ရအောင် လာတွေ့တာပဲဟာ၊ အဲဒီတုန်းက အရိုက်

www.burmeseclassic.com



တောင် ခံရသေးတယ်၊ ခုဆို ရိုက်မယ့်သူမရှိတော့လို့ ပိုတောင် လွတ်လပ်နေသေးတယ်''

ကဗျာက မျက်စောင်းလေးတစ်ခုကို လှပစွာ ထိုးပစ်လိုက်သည်။

''ဟွန်း…ရိုက်မယ့်သူမရှိရင် ကဗျာရိုက်မယ် သိလား၊ နောက်တစ်ခါ ပြေးရဲပြေးကြည့်''

''သွားမယ်လေ ကဗျာ''

''ဘယ်ကိုလဲဟင်''

''လူရှင်းတဲ့ တစ်နေရာကိုပေါ့''

''မောင်နော်…သူများကို ဘာတွေလျှောက်ပြောနေတာလဲ''

အသည်းယားစရာကောင်းအောင် မောင်ပြောနေသည်။ ကဗျာခမျာ ရှက်လွန်းလို့ မျက်နှာလေးတောင် မဖော်ဝံ့တော့ပေ။

''မောင် သိပ်ရိုးတယ်ကွာ''

''သွား''

မောင့်ရင်ခွင်ထဲကို ကဗျာ့လက်သီးဆုပ်ကလေးများဖြင့် ထုရိုက်လိုက်လေ့တော့သည်။

''ကိုယ့်ချစ်သူမို့လို့ပါ ကဗျာရယ်၊ ဘာလဲ မောင် အဲဒီလို ပြောတာ ကဗျာ မကြိုက်လို့လားဟင်''

ကဗျာပိုပြီး ရှက်ရပြန်သည်။ မောင်ကတော့ ပိုပိုကဲလာ



သည်။

ကဗျာ မနေတတ်တော့ပါ။

ဖြေလည်းမဖြေရဲပေ။

''ဖြေလေဗျာ…ဒီလောကကြီးတစ်ခုလုံးမှာ မောင့်အချစ်ဆုံးဟာ ဟောဒီက ကဗျာလေးပဲ၊ ကိုယ့်ချစ်သူကို ချစ်လို့စမိတာပါ၊ ဘာလဲ ကဗျာက မကြိုက်လို့လား၊ မောင့်ကို စိတ်ဆိုးသွားပြီလား ကဗျာရယ်''

လင်းထက်က ကဗျာစိတ်ဆိုးသွားတယ်ထင်ပြီး ဘာစကားမှ မပြောဘဲ ကဗျာ့ဘေးမှာ ရပ်နေသည်။

''ဘာလဲ မောင်က စိတ်ကောက်တာပေါ့လေ''

မောင့်မျက်နှာလေး ညှိုးနွမ်းသွားတာကို မြင်လိုက်ရ၍ ကဗျာ မနေတတ်တော့ပါ။ မောင့်ကို ပြန်ချော့မိသည်။

''မောင်ကလည်းကွာ ကဗျာက တမင်ပြောတဲ့ဟာကို ကဗျာပြောတာကို မောင် ခွင့်မလွှတ်နိုင်ဘူးလားဟင်၊ ပြောလေ မောင် ခွင့်မလွှတ်နိုင်ဘူးလားလို့''

ကဗျာအသံ တိမ်ဝင်သွားပြီး နှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်လာရသည်။

''ဟာကွာ…ကဗျာ့ကို မောင် စိတ်မကောက်ပါဘူး၊ ကဗျာ ဘာလုပ်လုပ် မောင်ခွင့်လွှတ်တယ် သိလား၊ ငိုတော့ မငိုလိုက်ပါနဲ့နော် ကဗျာ''

www.burmeseclassic.com

www.burmeseclassic.com



"ငိုမယ်…ငိုမယ်၊ မောင် ကဗျာကို စကားမပြောဘဲ တည်တည်ကြီး လုပ်နေရင် ကဗျာ ဘယ်သူတွေကြည့်ကြည့် ငိုပစ်လိုက်မှာပဲ"

ကဗျာ့ပုံစံလေးက တကယ်ငိုတော့မည့်ပုံလေးမို့ လင်းထက် ပျာယာခတ်သွားရသည်။ ကဗျာ လက်ဝါးလေးနုနုကို တင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်မိသည်။

ဟိုမှာ…

"ခတ်ပုံရိုက်မလား ကဗျာ"

"မရိုက်ချင်ဘူး"

"ဘာဖြစ်လို့လဲ ကဗျာရဲ့"

"ခတ်ပုံအတူရိုက်ရင် ကွဲတတ်တယ်တဲ့"

"ကဗျာရယ် ကွဲတယ်ဆိုတာ ကဗျာဘက်ကရော မောင့် ဘက်ကပါ သစ္စာမရှိမှ ကွဲတာပါ၊ ကဗျာရော မောင်ရော တစ်သက် လုံး သစ္စာရှိနေမယ်ဆိုရင် မိုးပေါ်ကသိကြားမင်း ဆင်းကွဲရင်တောင် မှ ကွဲမှာမဟုတ်ပါဘူး"

မောင့်အပြောကို ကဗျာလက်မခံ။ ခေါင်းကလေး အသာ ခါယမ်းမိသည်။

"ဟင့်အင်း…ဟင့်အင်း ကဗျာက ကွဲမယ်ဆို ကွဲမယ်ဲ မောင် ဘာသိလို့လဲ၊ အဲဒီလို အတူတွဲပြီး ခတ်ပုံရိုက်တယ်ဆိုတာ နှစ်ယောက်ပေါင်းသင်းရှုပြီဆိုတဲ့ သဘောပဲ၊ တစ်ခါတည်း ယကြော



ချသွားရော"

"ဟင်း…ခတ်ပုံထဲမှာပဲ ပေါင်းလိုက်ရမယ်၊ ဘာမှတ်လဲ၊ ကဗျာကတော့ ယုံတယ်၊ မောင်လဲ ကဗျာပြောတာကို ယုံနော်"

ကဗျာ တကယ့်ကို ယုံကြည်နေတယ်ဆိုတော့ ခတ်ပုံ ရိုက်ဖို့ မဖြစ်တော့ဘူးဆိုတာ လင်းထက် သိလိုက်သည်။

ချစ်သူနှစ်ယောက် လက်ချင်းချိတ်ပြီး အင်းလျားကန် ဘောင်ဘက် ထွက်လာခဲ့တော့သည်။

ငြိမ်းချမ်းသာယာသော ချစ်သူတို့၏ နယ်မြေလေးတစ်ခု ပါ။ အင်းလျားကန်ဘောင်တစ်လျှောက် ဖြတ်တိုက်သွားသော လေပြည်လေးကပင် ရှူရှိုက်လိုက်မိသည်။

"ကဗျာနဲ့ မောင့်ဘဝမှာ အဲဒီလို အမြဲတမ်း အေးချမ်းနေ ခဲ့ သိပ်ကောင်းမှာပဲနော် ကဗျာ"

"ကဗျာလေ မောင်နဲ့ကွဲရမှာကို တွေးမိရုံနဲ့တောင် ငိုချင်မိ တယ် မောင်ရှေ့ဆက်ပြီး ကြိုးစားပါနော်၊ ကဗျာလေ မောင့်ပညာ ရေး ဆုံးခန်းတိုင်သွားတာနဲ့ မောင့်ကို လက်ထပ်မှာပါ"

"ကဗျာဆုံးဖြတ်ထားတယ် သိလား မောင်နဲ့လွဲရင် ဘယ်သူ့ကိုမှ ကဗျာလက်မထပ်ဘူး၊ အိမ်က အတင်းအကျပ် စီစဉ်ရင် မောင့်ဆီကို ကဗျာရောက်အောင် ပြေးလာခဲ့မယ်"

ကဗျာက တည်ငြိမ်လေးနက်စွာ ပြောသည်။

ကဗျာ့ဆီက ဒီလို စကားမျိုးကို ကြားလိုက်ရတော့

www.burmeseclassic.com

www.burmeseclassic.com



လင်းထက် ရင်ထဲ အတိုင်းအဆမသိ ဝမ်းသာသွားရသည်။

လူရှင်းသော သစ်ပင်တစ်ပင်အောက်မှာ ထိုင်ဖို့လုပ်

ကဗျာထိုင်မည့် နေရာလေးကို လက်ကိုင်ပဝါလေးဖြင့် လင်းထ

ခင်းပေးလိုက်သည်။

"အို…မောင် ဘုန်းနိမ့်လိမ့်မယ်"

"ထိုင်စမ်းပါ ကဗျာရယ်၊ ကိုယ့်ချစ်သူလေးထိုင်ဖို့ပဲ ဘာ

မဖြစ်ပါဘူး"

"ဒါဆို မောင်လည်း ကဗျာ့လက်ကိုင်ပဝါလေးကို ခ

ထိုင်လေ"

ချစ်သူနှစ်ဦးရဲ့ ကြင်နာမှုလေးတွေပါ။

မောင်က ကဗျာ့ပခုံးလေးပေါ်သို့ ညင်သာစွာ လက်

လေးတစ်ဖက်ကိုတင်ပြီး မြတ်နိုးယုယစွာ ကဗျာ့မေးဖျားလေး

လှုပ်ကိုင်ရင်း ပါးပြင်မို့မို့လေးကို ဖွဖွကလေး နမ်းလိုက်ပါ

သည်။

"ကဗျာ မောင့်ကို ဘယ်လောက်ထိ ချစ်တာလဲဟင်

"မသိဘူးလေ"

ကဗျာသိတာက မောင်နဲ့တွေ့ရင် ရင်ခုန်တယ် ပျော်မိတ

မောင့်မျက်နှာလေးကို မြင်နေရရင် ရင်ထဲမှာ အလိုလိုပျော်နေမိ

မောင်ရယ်၊ မောင့်ကို ဟိုးငယ်ငယ်လေးကတည်းက ခင်တွယ်ခဲ့

ပါ။



ကဗျာတစ်ယောက်တည်း စိတ်ထဲမှာ ပြောနေခြင်းဖြစ်

သည်။

စကားဝါပွင့်လေးတွေကို ကောက်ပြီး လာပေးသည့်နေ့တွေ

စကားဝါပွင့်လေးတွေ ကြားမှာ မောင့်မျက်နှာလေးကို အမြဲတွေ့

သည်။

အဲဒီကတည်းက မောင့်ကို သံယောဇဉ်တွယ်ခဲ့ရတာပါ။

မမျှော်လင့်ဘဲ မောင်နဲ့ ခွဲခွာရတော့ မောင့်ကို သတိရပြီး

ရာထဲ လဲခဲ့ရသည့်အထိ ကဗျာဖြစ်ခဲ့ရသည်။

"ကဲပါ ကဗျာကိုပဲ မေးနေတယ် မောင်ကျတော့ရော

ကဗျာ့ကို ဘာလို့ချစ်လဲ"

"မခွဲနိုင်လို့"

"ဘာဖြစ်လို့ မခွဲနိုင်တာလဲ"

"ချစ်လို့"

"ဟင်း…မောင်ကလည်း ရှုပ်ကုန်ပြီး ချစ်လို့ မခွဲနိုင်တာနဲ့

နိုင်လို့ချစ်တာ အတူတူပဲပေါ့ မောင်ရယ်"

မောင်ရယ်သံလေး တိုးတိုးလေးထွက်ပေါ်လာသည်။

"အင်းလေ အဲဒါပဲပေါ့ ချစ်တယ် မခွဲနိုင်ဘူး မြတ်နိုးတယ်

ချင်တယ် အမြဲတမ်း ဒီလိုလေးဖက်ထားပြီး ဒီလိုလေး နမ်းချင်

ယ်"

"ရှုတ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

မောင့်ရဲ့ အပြုအမူတွေက ရဲတင်းမြန်ဆန်လွန်းသည်။ ရုတ်တရက်မို့ ကဗျာ ရှောင်တိမ်းချိန် မရလိုက်ပါ။ မောင့်လက်ထဲမှာ အရုပ်လေး တစ်ရုပ်လိုဖြစ်နေပြီး ငြင်းဆန်ဖို့လည်း ကဗျာမှာ အင်အားမရှိပါလေ။

မောင်ပေးတဲ့ အနမ်းလေးတွေထဲမှာ ကဗျာ နစ်မျော... တော့သည်။ နွေးထွေးတဲ့ မောင့်ရဲ့ အနမ်းလေးတွေကြောင့် ကဗျာ... ရင်ခုန်သံတွေ မြန်နေရတော့သည်။

"သွား...သွား...ဘာမှန်းလည်းမသိဘူး"

ကဗျာ ရှက်ရှက်ဖြင့် မောင့်ကို အတင်းတွန်းထုတ်လိုက်... သည်။ လက်သီးဆုပ် နုနုလေးများဖြင့် မောင့်ကို အဆက်မပြတ်... ထုရိုက်မိသည်။

မောင်ရယ်...

မောင့်ကို အသည်းပေါက်မတတ် ကဗျာ ချစ်ခဲ့ရတာပါ... ကဗျာ့အနားမှာ မောင် အမြဲတမ်း ရှိနေပေးပါနော်။ တစ်သက်... မခွဲဘဲ အတူတူလက်တွဲသွားကြမယ်။ မောင့်ကို အဲဒီလောက်... ကဗျာချစ်ရတာပါ။ ကဗျာတို့ ဘယ်တော့မှ မခွဲတော့ဘူး မော...

"ကဗျာနဲ့ ခွဲလိုက်ရပြီးနောက်ပိုင်း မန္တလေးမှာ မောင်... သားအဖနှစ်ယောက် ဘဝကိုရုန်းကန်ခဲ့ရတယ် ကဗျာ၊ မောင်... တန်းအောင်တဲ့နေမှာ ဖေဖေနဲ့အတူတူ မြင်းလှည်းတောင်မော...



...တယ်၊ အဲဒီတုန်းက မောင့်ဘဝကိုသာ ကဗျာသိရင် ကဗျာ ...ခမ်းနည်းမိမှာ သေချာတယ် ကဗျာနားထောင်မလား မောင်ပြောပြ ...ယ်လေ"

"ပြော မောင် ကဗျာနားထောင်မယ်"

ပြောရင်းနှင့် ဖေဖေ့ကို သတိရပြီး လင်းထက် အားငယ်မိ ...သည်။ ဖေဖေတစ်ယောက် ခုလောက်ဆို ကျွန်တော့်ကို လွမ်းနေမှာ ...ပါလေ။ ကုန်ဆုံးခဲ့သော နေ့ရက်များက လင်းထက်ရင်ထဲ ရောင် ...ပြန်ဟပ်လာရတော့သည်။

မဝေးကွာသေးသော အတိတ်က ဖြစ်ရပ်များ။ အဲဒီ ...တုန်းက လင်းထက် ခုနစ်တန်းအောင်ပြီး ရှစ်တန်းတက်စချိန်။

မန္တလေးမြို့၏ မြို့စွန်ရပ်ကွက်လေး တစ်ခုထဲမှာပါ။

o o o

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၀]

"သားရေ"

"လူလေး"

"သား"

မြင်းချုပ်လွင်လွင်ကလေးနှင့်အတူ အဖေ့အသံကို ကြား လိုက်ရသဖြင့် အိမ်ရှေ့ကို လင်းထက် ပြေးထွက်ခဲ့သည်၊ ဖေဖေ တော့ ထုံစံအတိုင်း အရှိန်တက်နေပြန်ပါပြီ။ မျက်နှာကြီးတစ်ခုလုံး နီရဲပြီး ဦးခေါင်းပါ စိုက်ကျနေသည်။

"သားရေ"

"အေ့"

"ဗျာ...ဖေဖေ သားရောက်နေပြီလေ"

"ငါ့သား...လူလေး"

"ဗျာ"



"ဖေဖေ့ကို တွဲပါဦးကွ၊ ဒီနေ့ ဖေဖေ နည်းနည်းများသွား တယ် သားရယ်၊ အေ့"

အဖေ့ခန္ဓာကိုယ်ကို လင်းထက် မနိုင်တနိုင် တွဲထူနေသည်။ မြင်းကြီး ညီကြီးကတော့ လိမ္မာလွန်းပါတယ်။ ဖေဖေ မူးပြီဆိုတာနဲ့ အိမ်အရောက် ဖေဖေ့ကို ခေါ်လာနေကျ။ သခင်က လမ်းပြစရာ မလို အိမ်ပြန်သည့်လမ်းကို ညီကြီးက ကျွမ်းနေပြီ။

"ဖေဖေ သားက ဖေဖေ့ကိုစောင့်နေတာဗျ၊ နောက်ကျ လိုက်တာ ဖေဖေရာ"

ဖေဖေ့ကို အိမ်ပေါ်က ပက်လက်ကုလားထိုင်ရှိရာသို့ ဆွဲခေါ်သွားရသည်။

"ဘာလဲ သားရ သားက ဒီနေ့ စာမေးပွဲအောင်တဲ့ အကြောင်း ဖေဖေ့ကို ပြောမလို့မဟုတ်လားကွ"

"အင်း...ဖေဖေသိတယ်"

"သိတာပေါ့ကွာ၊ ဟား...ဟား"

ဖေဖေက အားရပါးရ ရယ်မောလိုက်လေသည်။

"သားရယ် ဟိုရန်ကုန်မှာ ကျန်ခဲ့တဲ့သား သူငယ်မလေးနဲ့ ပြန်တွေ့ရအောင် ငါ့သား စာတွေကြိုးစားနေတယ်ဆိုတာ ဖေဖေ သိပ်သိတာပေါ့ကွာ"

လင်းထက် ရှက်ပြီး ခေါင်းကလေးကို ငုံ့ထားလိုက်သည်။

"သား စာကျက်တဲ့ စားပွဲဘေးမှာ ကပ်ထားတဲ့ ပန်းချီ

www.burmeseclassic.com

www.burmeseclassic.com



ပုံလေးက ဘယ်သူ့ပုံလဲကွ ဖေဖေ့ကို မှန်မှန်ပြောစမ်း''

ဖေဖေပြောမှ လင်းထက်အကြည့်ကလေးတွေ စာကြည့်စားပွဲဘေးက ပန်းချီပုံလေးဆီ ရောက်သွားသည်။

''ပြောလေကွာ မင်းက ခုမှသိပ်ရှက်နေလား၊ ဟား ဟား ဟား''

ဖေဖေက တဟားဟားရယ်သံကြောင့် လင်းထက် ပိုပြီး အနေခက်နေမိသည်။ တကယ်တော့ သည်ပန်းချီပုံလေးက လင်းထက်စိတ်ဖြင့် မဆွဲတတ် မရေးတတ် ခက်ခဲစွာ ရေးဆွဲထားသည့် ကဗျာပုံတူလေးပါ။ ပုံထဲက ကဗျာကိုကြည့်ပြီး လင်းထက် စာတွေကျက်ခဲ့ရသည်။

''ယူခဲ့စမ်း သား အဲဒီပုံကို ဖေဖေဆီ ယူခဲ့စမ်းပါ''

''ဘာလုပ်မလို့လဲ ဖေဖေ''

''ပေးဆိုပေးစမ်းပါကွာ''

ဖေဖေက အတင်းတောင်းနေသဖြင့် ကဗျာပုံတူပန်းချီကားလေးကို လင်းထက် ယူပေးလိုက်ရသည်။

ပုံလေးကို စိုက်ကြည့်ပြီး အရူးတစ်ယောက်လို စကားလုံးတွေတဖွဖွပြောနေသူက ဖေဖေ။

''မိမိရယ် မင်းပြောသလို မင်းရဲ့သမီးနဲ့ မပတ်သက်အောင် ငါ့သားကိုခေါ်ပြီး ငါ ရှောင်ပြေးခဲ့ပါတယ်ကွာ၊ ဒါပေမယ့်''

ဖေဖေ့အသံတွေက တဖြည်းဖြည်း တုန်လာသည်။



ဖေဖေ့မျက်နှာက ကြေကွဲရိပ်တွေ ထင်ဟပ်လာသည်။

''မင်း မင်း ဒီကောင်မလေးကို ခုချိန်ထိ မေ့မရသေးဘူးလားဟင် လင်းထက် ငါ့ကို ပြောစမ်းပါကွ''

''သား သား''

''မင်း သူ့ကို မေ့ပစ်စမ်းပါသားရယ်၊ သူတို့တွေနဲ့ မပတ်သက်မိစေနဲ့ ပြီးတော့ ဒီပုံကိုလည်း ကပ်မနေပါနဲ့၊ ကဲ ရှုပ်ပါတယ်ကွာ''

''ဖြဲ...ဖြဲ''

ဆတ်ခနဲ ဆွဲဖြဲလိုက်သောကြောင့် လင်းထက်လည်း ဘာမှ မတတ်နိုင်တော့။ ပြဲသွားသော ကဗျာပုံတူ ပန်းချီကားလေးကို နမြောတသ ဖြစ်သွားမိသည်။ ပန်းချီကားလေးကို လင်းထက်ရင်ထဲက အသည်းနှလုံးတွေလည်း တစ်စစီ ဖြစ်သွားခဲ့ရပြီလေ။

''သူ့ကိုချစ်ရင် ငါ့သား တစ်သက်လုံး အနိမ့်ခံနေရမယ်၊ သံယောဇဉ်တွယ်မနေပါနဲ့တော့၊ ငါ့သား မေ့ပစ်လိုက်စမ်းပါကွ ဒီကောင်မလေးကို မင်းရင်ထဲက မောင်းထုတ်ပစ်လိုက်စမ်းပါ သားရယ်''

''ဘာဖြစ်လို့လဲ ဖေဖေရာ''

လင်းထက် သိချင်ဇောနဲ့ မေးလိုက်သည်။ ထွက်လာတဲ့ တုန်းကလည်း ရုတ်တရက်ကြီးမဟုတ်လား။ ဘာကြောင့်လဲဆိုတာ လင်းထက် မသိခဲ့ရဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ ဘာတစ်ခုမှ လင်းထက် မသိခဲ့ရပေ။ ဒေါ်မိမိမေနဲ့ ဖေဖေမှ အတိဟ်ကရန်ငြိုးတွေ ရှိခဲ့ဖူးတာလား။ လင်းထက် ဘာဆိုဘာမှ နားမလည်တော့။ ဖေဖေ့မျက်နှာ ညှိုးငယ်နေသည်။ ဖေဖေ့အသံထဲမှာ ကြေကွဲမှုတွေနှင့် နောင်တတရားတွေ လွှမ်းမိုးနေသည်ဟု ထင်သည်။

"သားရယ်…လောကကြီးမှာ ဘယ်သူမပြု မိမိမှုပဲကွ၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊ သံသရာမဆိုင်းဘူး၊ နောင်တဆိုတာလည်း နောင်တမရတတ်ကြတာပါ။ ဒီအကြောင်းတွေကို သားလေးသိရင် စိတ်ဆင်းရဲနေရမယ်၊ ကဲ…ထမင်းစားရအောင်ကွာ"

ဖေဖေ စကားလမ်းကြောင်းပြောင်းပြီး ပြောလိုက်သည်။ ဖေဖေ ဘာပြောပြော ကြိုးစားမှုကို မလျှော့သူကတော့ လင်းထက်ပါ။

အခုလည်း…

ကျောင်းပိတ်ရက်မို့ လင်းထက် မြင်းလှည်းမောင်းပြီး ဘဝကို ကြိုးစားခဲ့သည်။ မြင်းလှည်းဂိတ်မှာ လင်းထက်၏စာဖတ်သံ စာကျက်သံတွေက အမြဲတမ်း ကြားနေရသည်။

"ကိုလင်းရယ် စာကြိုးစားနော်၊ ဒါမှ ကဗျာနဲ့ကိုလင်း တက္ကသိုလ်မှာ အတူတူပြန်ဆုံရမှာ"

ကဗျာပြောခဲ့တဲ့ စကားသံလေးကို ပြန်ကြားယောင်မိ



တော့သည်။

"ကိုလင်းကိုလည်း ကဗျာ ဘယ်တော့မှမမေ့ဘူး၊ ကိုလင်းလည်း ကဗျာ့ကို သတိရနေနော်"

"မမေ့ပါဘူး ကဗျာရယ်၊ ကဗျာကို ကိုလင်းအမြဲသတိရနေပါတယ်"

မြင်းလှည်းဂိတ်က ဦးလေးအောင်ကြည်တို့၊ ဦးလေးတိုးတို့ဆိုရင် လင်းထက်အကြောင်းကို သိနေကြပြီလေ။ မကြာခဏ စကြနောက်ကြသည်။

"ကြိုးစားလှချည်လားကွ"

"လုပ်ထားကွ လင်းထက်ရ၊ တက္ကသိုလ်ရောက်လို့ မင်းကောင်မလေးနဲ့ ပြန်တွေ့ရင် ငါတို့ကို မေ့မသွားနဲ့နော်"

လင်းထက် ပြုံးရုံသာ ပြုံးပြလိုက်သည်။

လင်းထက်နှင့် အတန်းတူ ဘဝတူတွေကဆို

"မင်းကတော့ ကြိုးစားတာ ဟုတ်ပါပြီကွာ၊ မင်းသူငယ်ချင်း ကောင်မလေးက သူဌေးသမီးဆိုတော့ အလှအပ အပျော်အပါးမက်ပြီး တဖုတ်ဖုတ် စာမေးပွဲကျနေရင် ဘယ်လိုလုပ်မလဲ"

"ကဗျာလား ကျမှာ၊ သူက ငါ့ထက်တောင် စာတော်သေးတယ်"

အမှန်ဆိုလည်း သူ့ထက် ကဗျာက ဉာဏ်အရမ်းကောင်းပြီး စာတော်သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးကွ၊ ငါတို့က မသိလို့မေးတာပါ၊ မင်းပြောပြော နေတဲ့ မင်းကောင်မလေးက ချမ်းသာတာတော့ ဟုတ်ပါတယ်၊ ချောမောလှပရဲ့လား"

သည်မေးခွန်းကိုတော့ လင်းထက် အဖြေချင်ဆုံးမေးခွန်း ဖြစ်သည်။ လင်းထက် မျက်နှာလေးကိုမော့ပြီး ဖြေလိုက်လေ သည်။

"လှတာပေါ့ကွ၊ လမင်းလေးလို မျက်နှာဝိုင်းလေးနဲ့ တောက်ပကြည်လဲ့နေတဲ့ ရွှေသမင်မျက်လုံးလေးတွေနဲ့ ချွန်မြတဲ့ နှာတံ၊ နှင်းဖူးလေးလို နီရဲနေတဲ့ နှုတ်ခမ်းတစ်စုံ၊ ပါးမို့မို့လေးတွေ နဲ့ ခန္ဓာကိုယ်အချိုးအစား သွယ်လျစ်ပြီး အရပ်အမောင်း အသား အရေက ဝင်းအိမှည့်ဝင်းနေပြီး ကြည့်လိုက်ရင် ပုရိသတို့ စွဲမက် ဖွယ်ကောင်းအောင်လှတယ်၊ ပြီးတော့ မာနလည်းကြီးတယ်၊ သြော် မင်းတို့ကို ငါ ပြစရာတစ်ခုရှိသေးတယ်"

ပြောရင်းနဲ့ ကဗျာပေးထားတဲ့ ကိန္နရာမောင်နှံဆွဲပြားလေး ကို ထုတ်ပြလိုက်သည်။ သူငယ်ချင်းတွေက ဆွဲပြားလေးကို အတင်းကိုင်ကြည့်ပြီး ဝိုင်းမေးကြသည်။

"ဟေ့ကောင်တွေ ကိန္နရာမောင်နှံဆိုတာ တစ်ဦးနဲ့တစ်ဦး အသက်ပေးပြီး ချစ်ကြတာတွေ၊ ရှင်ရင်လည်း အတူတူ၊ သေရင် လည်း အတူတူသေကြတာ၊ မင်းကရော အဲဒီလို လိုက်သေမှာ လား"



"သေမှာပေါ့"

"ဟာ...လင်းထက် ဒါတော့ တို့မယုံဘူး၊ တို့လမ်းထိပ် က ကိုအောင်ကြီးတို့လင်မယား ကြည့်ပါလား၊ သူတို့လည်း အရမ်း ချစ်ကြတာပဲ၊ သူ့မိန်းမ အဝတ်တွေကိုလည်း လျှော်ပေးတယ်၊ နေ့တိုင်းလည်း ထမင်းချက်ပေးတယ်၊ ချစ်လိုက်တာမှ တုန်နေ တာပဲ၊ ဒါတောင် သူ့မိန်းမသေတော့ သူ ဘယ်မှာလိုက်သေ လို့လဲ"

"အေးနော်"

အားလုံးက သည်စကားကို ထောက်ခံနေကြသဖြင့် လင်းထက်တစ်ယောက် ရှက်ကိုးရှက်ကန်း ဖြစ်သွားရသည်။

"သူတို့က ကိန္နရီ ကိန္နရာ မောင်နှံလို ချစ်တာမှမဟုတ် တာပဲကွ၊ ငါတို့နှစ်ယောက်နဲ့ ဘာမှမဆိုင်ဘူး၊ မင်းတို့ မယုံရင် စောင့်ကြည့်နေ၊ တစ်နေ့ကျရင် ကဗျာကို ခေါ်လာပြမယ်၊ တို့ နှစ်ယောက် အရမ်းချစ်တာမြင်ရင် မင်းတို့အားကျသွားမယ်"

အဲဒီလောက်ထိ ကဗျာကို လင်းထက် စွဲလမ်းခဲ့သည်။

ထိုအချိန်မှာ ဖေဖေကတော့ နေ့ရော ညပါ အရက်တွေ သောက်ခဲ့လေသည်။ မြင်းလှည်းလေးကို လင်းထက်ကိုယ်တိုင် ဝင်မောင်းပေးရသည်အထိ ဖြစ်ခဲ့ရသည်။ အရက်မူးလာတိုင်းလည်း ဖေဖေ့ပါးစပ်က တတွတ်တွတ်ပြောနေသည့် စကားတွေက လင်းထက် နားမလည်နိုင်သည့် စကားတွေပါ။

"ရေအောက်မှာ လသာ၊ တောင်ထိပ်မှာ ကြာပေါက်၊

www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်က နေထွက်ချင်ထွက်မယ်၊ သံသရာလည်သရွေ့ ရှင့်ကိုတော့ ဘယ်တော့မှမမေ့နိုင်တော့ဘူးတဲ့လား ဒေါ်မိရယ်၊ အခု မင်းဝဋ်တွေ ငါလည်နေပြီကွာ၊ မင်းကျေနပ်စမ်းပါကွ၊ ဟား..ဟား.. ဟား....

လောကကြီးမှာ အတုံ့အလှည့်ဆိုတာ ရှိတယ်လို့ အစက ငါမယုံခဲ့ဘူး မိမိ၊ ငွေရှိရင် အရာရာဟာ ငါ့ခြေဖဝါးအောက်ကို ရောက်ရမယ်လို့ တစ်ယူသန် အစွဲတွေနဲ့ ငါမိုက်မဲခဲ့တယ်...

အခုတော့ ငါဟာ အောက်တန်းစား အရက်သမား အောင်သိန်း၊ သူများကခိုင်းမှ ထမင်းတစ်လုတ်စားရတဲ့ အောင်သိန်း၊ ဘာမှအသုံးမကျတဲ့ကောင်ပါ၊ မင်း ငါ့ကို နိုင်သွားပါပြီ မိမိရယ်၊ ငါ ရှုံးပြီ၊ ငါရှုံးနေပြီကွာ၊ မင်းကျေနပ်လိုက်စမ်းပါ မိမိရယ်"

ဖေဖေ အရက်တွေမူးပြီး စကားတွေ တတွတ်တွတ်ပြော နေစဉ် အိမ်ပေါ်တက်လာသူက လင်းထက်တို့အိမ်ရှေ့က ဒေါ်ထွေး။

"ကိုအောင်သိန်း"

ဒေါ်ထွေးအသံက မာဆတ်ဆတ်နဲ့ ဦးအောင်သိန်းကို ခေါ်လိုက်သည်။

"အမလေးနော်...ခေါ်တာတောင် မကြားနိုင်တော့ဘူး တကာတည်းမူပဲ ကိုအောင်သိန်းရယ်"

"ဟင်...မထွေး ထိုင်လေဟာ"

"ထိုင်ဖို့လာတာ မဟုတ်ဘူး၊ အပြတ်ပြောဖို့လာတာ၊ ရှင်



အိမ်လခမပေးတာ ဘယ်နှစ်လရှိသွားပြီလဲဆိုတာရော သတိရသေး ရဲ့လား၊ ရှင်ကတော့ အချိန်မှန် မူးလိုက် ရူးလိုက်နဲ့"

မူးမူးနဲ့ ခေါင်းခါနေသူက ဖေဖေ။

"ငါ မပေးနိုင်သေးဘူး မထွေးရယ်၊ နင် ငါ့ကို ဒီတစ်လ လောက် ထပ်စောင့်ပါဦးဟာ"

"အို...တစ်လတစ်လနဲ့ ဘယ်နှစ်လရှိနေပြီလဲ၊ သောက်ဖို့ ကျတော့ ပိုက်ဆံရှိတယ်၊ သူများအိမ်လခကျတော့ မပေးဘူး၊ ဒီမှာ ရှင်သိထားဖို့က ရှင်တို့သားအဖကို ဒီမှာ ဆက်မထားနိုင်တော့ ဘူး၊ ဒါပဲ၊ ဒီနေ့ညနေ အိမ်လခပေးရင်ပေး၊ မပေးရင်တော့ ကျွန်မ အိမ်ပေါ်ကဆင်းတော့"

ဒေါ်ထွေး ဒေါသတကြီးပြောဆိုပြီး အိမ်ပေါ်က ဆင်းသွား လေသည်။

လင်းထက် ဖေဖေ့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရသည်။ သူတို့သားအဖနှစ်ယောက်ဘဝက ဆိုးတယ်မဟုတ်လား။

"သား"

"ဗျာ...ဖေဖေ"

"ဖေဖေ့ဆီကို လာစမ်းပါဦး သားရယ်"

ဖေဖေ့အကြည့်တွေက လင်းထက် လည်ပင်းဆီသို့ ရောက်နေသည်။

"ပြောလေ ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ပြောရမှာစိတ်မကောင်းဘူး သားရယ်၊ ငါ့သား လည်ပင်းက ဟို..ဟို..ကိန္နရာဆွဲပြားလေးကို ခဏပေါင်ပြီး"

"ဟာ...ဖေဖေ၊ ဒါတော့မလုပ်ပါနဲ့ ဖေဖေရယ် တော်ကြာ ပြန်မရွေးနိုင်လို့ ဆုံးသွားရင် သား..သား"

"ဟုတ်ကောင်"

ဖေဖေ့ရဲ့ ဒေါသမျက်လုံးတွေက လင်းထက်ကိုယ်ပေါ် သို့ ကျရောက်သွားသည်။

"ငါ မင်းကို တစ်ခွန်းတည်းပြောမယ်၊ မင်းလည်ပင်းက ဟာကို ခဏပေါင်ပြီး အိမ်လခပေးရမှာကွ၊ ဒီလိုမှမဟုတ်ရင် အိမ် ပေါ်ကဆင်းရတော့မယ်၊ အဲဒီတော့ကျရင် မင်း လမ်းဘေးမှာ အိပ်ရမှာကွ၊ နားလည်လား"

လင်းထက် နားထဲမှာ ကဗျာပြောခဲ့သောစကားများ ပြန်ကြားယောင်မိသည်။

"ကဗျာပေးတဲ့ လက်ဆောင်လေးကို ကိုလင်း တစ်သက် လုံး အမှတ်တရ သိမ်းထားရမယ်နော် ကိုလင်း"

လင်းထက် ဘာလုပ်ရမှာလဲ၊ လင်းထက် စဉ်းစားနေ တော့သည်။

ကဗျာရယ်...

ကိုလင်းကို ခွင့်လွှတ်ပါကွာ၊ သည်ဆွဲပြားလေးကို မပေါင်ရင် ကိုလင်းတို့သားအဖနှစ်ယောက်ကို အိမ်ရှင်တွေက



သည်မှာ ဆက်နေခွင့်ပေးမှာမဟုတ်တော့ဘူး ကဗျာရယ်။

"ယူ..ယူပါ အဖေ၊ ဒါ..ဒါပေမဲ့ ဖေဖေ့မှာပိုက်ဆံရှိလာ တဲ့အခါကျရင် သား ဆွဲပြားလေးကို ပြန်ရွေးပေးပါနော် ဖေဖေ"

ဖေဖေ့ကို ကြောက်ကြောက်နဲ့ပင် လင်းထက် ပြောလိုက် လေသည်။

သည်လိုနဲ့ ဦးအောင်သိန်းတစ်ယောက် ကိန္နရာဆွဲပြား လေးကို လက်ထဲမှာ တင်းတင်းဆုပ်ကိုင်ရင်း ဆွဲပြားလေးကို မိတ်ဆွေတစ်ယောက်ဆီမှာ ပေါင်ပစ်လိုက်သည်။ အိမ်လခတွေ ကိုလည်း ဖြေရှင်းလိုက်သည်။

တကယ်တမ်းကျတော့ တစ်နေ့တစ်နေ့စာမို့ သူတို့သားအဖ နှစ်ယောက် ပြေလည်ရုံမျှသာ ဒီလိုအခြေအနေမျိုးမှာ ဆွဲပြားလေး ကို ပြန်ရွေးနိုင်ဖို့ဆိုတာ မလွယ်ကူဘူးလေ။ ဆွဲပြားလေးကို နေ့တိုင်း မြော်တသစ္စာ ငေးငိုင်နေမိသူက လင်းထက်ပင် မဟုတ်လား။

ဖေဖေ မသိအောင် လင်းထက် အလုပ်မှီးလုပ်တော့သည်။ သူ မြတ်နိုးသော ကိန္နရာဆွဲပြားလေးကို အချိန်မီရွေးနိုင်အောင် ကြိုးစားလေသည်။

"စံပယ်တွေရမယ်၊ စံပယ်တွေ"

"တစ်ကုံး ဘယ်လောက်လဲကွယ့်"

"ဆယ်ကုံးမှ ငွေတစ်ရာပါအန်တီ"

"အေး...ဆယ်ကုံးပေးနော်"

www.burmeseclassic.com

www.burmeseclassic.com



နေပူဒဏ်ကို ကာကွယ်ရန် ကတ်ဦးထုပ်တစ်လုံးသာ ဆောင်းထားပြီး ဘဝရုန်းကန်ဖြတ်ကျော်နေရသည့် လင်းထက်လို ကောင်လေးမျိုးကို လူတွေက အားပေးဝယ်ယူကြသည်။ လင်းထက်ကလည်း နှုတ်ချိုပြီး လိမ္မာပါးနပ်သူတစ်ယောက် မဟုတ်လား။ လင်းထက် အလုပ်သည် မနက်ရှစ်နာရီလောက်ဆို ပန်းတွေကုန်လောက်နေပြီလေ။

ဝါးကျည်တောက်လေးနဲ့ စုဘူးလေးတစ်ခုဝယ်ပြီး ရသမျှ အမြတ်လေးတွေကို ဖေဖေ မသိအောင် ကြိတ်စုသည်။ မုန့်တောင် မဝယ်စား။ အဆာခံသည်။ ကျောင်းပိတ်ရက်ဆို အဖေ့အလုပ်ကို ပါ ဝိုင်းကူလုပ်ပေးလိုက်ရသေးသည်။ အဲဒီထဲက အပိုစုလေးလည်း ရသေးသည်မဟုတ်လား။

လင်းထက်၏ စုဘူးလေး မကြာခင်ပြည့်တော့မည်လေ။ စုဘူးလေးကိုကြည့်ပြီး ပျော်ရွှင်နေရပြီလေ။ ဒီလိုနဲ့ စုဘူးလေး ပြည့်ခါနီးအချိန်။

"စံပယ်ပန်းတွေ...စံပယ်ပန်းတွေ"

"ဆယ်ကျုံးမှ ငွေတစ်ရာပါ"

"တီ...တီ"

"စံပယ်တွေ..စံပယ်တွေ"

"ဟေ့ကောင်လေး နောက်မှာ ကား..ကား"

"ကျွီ"



"ဝုန်း"

"ဟာ...တိုက်ပြီ"

လင်းထက် ကိုယ်လေး တစ်ပတ်လည်ထွက်သွားပြီး သလက်ဖောင်းနှင့် မိတ်ဆက်သွားပါတော့သည်။ စံပယ်ပန်းလေးတွေလည်း လမ်းပေါ်မှာ ပြန့်ကျဲသွားတော့သည်။ လင်းထက် တစ်ယောက် ကြိုးစားပြီး ထကြည့်မိသည်။ ဘယ်လိုမှ ထလို့ မရ။ ခေါင်းထဲမှာ မှောင်အတိ။

သတိရလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ မျက်နှာကျက် အမိုးဖြူဖြူလေးကို တွေ့လိုက်ရသည်။ ပြီးတော့ ကျွန်တော်မသိသော မျက်နှာများ။

လင်းထက် ခေါင်းထဲ သတိရလိုက်တာက မိမိ စံပယ်ပန်းခြင်းလေးပါ။

"ကျွန်တော့်စံပယ်ပန်းတွေရော၊ စံပယ်ပန်းတွေရော"

"ရေ..ရေသောက်လိုက်ဦးနော် ကောင်လေး၊ ရော့..ရော့"

ရင်ထဲမှာ မောဟိုက်ပူလောင်နေသဖြင့် ရေကို အငမ်းမရ သောက်လိုက်မိသည်။

"ကောင်လေးကို ဦးတို့ကားနဲ့ တိုက်မိသွားလို့ ဒီကိုခေါ်လာတာပါ၊ ကောင်လေး ဘာမှမဖြစ်ဘူးနော်"

ခေါင်းလေးကို လင်းထက် ခါပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ကွယ်၊ ကားက အရှိန်မပြင်းလို့သာ ပေါ့"

"ဦး…ကျွန်တော့်စံပယ်ပန်းခြင်းလေးရော"

"စိတ်မပူပါနဲ့ ကောင်လေးရယ်၊ ပျက်စီးဆုံးရှုံးသွားတဲ့ ပန်းတွေအတွက် ဦး အလျော်ပေးပါ့မယ်"

အလျော်ပေးပြီး လင်းထက်ကို အိမ်ပြန်ပို့ပေးလိုက်သည်။ အိမ်ရောက်တော့ ဖေဖေ့ကို အကျိုးအကြောင်းပြောလိုက်ပြီး ပြန် သွားကြသည်။

လင်းထက် အလျော်ရသောပိုက်ဆံလေး၊ စုထားတဲ့ပိုက်ဆံ လေး ပေါင်းပြီး ပေါင်ထားသော ကိန္နရာဆွဲပြားလေးကို ပြန်ရွေး လိုက်သည်။ လင်းထက် ပျော်လို့မဆုံးတော့ပေ။

ထိုနှစ်က ကိုးတန်းကို အောင်မြင်စွာဖြေဆိုခဲ့သည်။

သားဖြစ်သူ လင်းထက်က ဘဝအတွက် ရည်မှန်းချက် ပြည့်ဖို့အတွက် ကြိုးစားနေချိန်တွင် တစ်နေ့တခြား ပိုဆိုးလာသူက သူ့ဖခင် ဦးအောင်သိန်းပင်။

မိန်းမတစ်ယောက်ကို ကောက်ခါငင်ကာ ယူလိုက်သည်။ ယူလိုက်သည့် မိန်းမကလည်း တကယ့်ကို ဆတ်ဆတ်ကြဲ၊ ပြီးတော့ မိန်းမပေါ့၊ မိန်းမပျက်။

လင်းထက် သိတတ်နားလည်နေပြီလေ။ ရှက်ရမှန်း ကြောက်ရမှန်း သိတယ်။ ဖေဖေ့လုပ်စာက မိထွေးလက်ထဲ



အကုန်ရောက်သွားတော့ လင်းထက်အတွက် မုန့်တောင်မစားရ တော့။ ရသမျှငွေကို မိထွေးက သုံးချင်သလို သုံးသည်။ လင်းထက် အတွက်တော့ တစ်ပြားတစ်ချပ်မှမပေး။ အဝတ်အစားတွေကလည်း လင်းထက်နဲ့မတော်တော့။ ကိုယ့်ကျောင်းစရိတ်၊ ကိုယ့်အဝတ်အစား နဲ့အတွက် လင်းထက်ကိုယ်တိုင် အပြင်မှာ ထွက်ရှာနေပြီမဟုတ် လား။

လင်းထက် စာမေးပွဲအောင်ချင်သည်။ တက္ကသိုလ် မြန်မြန်ရောက်ချင်သည်။ သည်ဆန္ဒက လင်းထက် အပြင်းပြဆုံး ဆန္ဒတစ်ခု။ နံနက်စောစော ပန်းထွက်ရောင်းသည်။ ပန်းရောင်း ပြီးတော့ သတင်းစာဆက်ပို့ပြီး ကျောင်းချိန်မီအောင် အပြေးလေး သွားရလေသည်။

ဒီလိုနဲ့ ဆယ်တန်းစာမေးပွဲကို လင်းထက် အောင်ခဲ့သည်။ လင်းထက် ရန်ကုန်စက်မှုတက္ကသိုလ်ကို လာခါနီးမှာ ဖေဖေနဲ့ သူ့မိန်းမ ကွဲသည်။ သူ့အကြောင်းကို ဖေဖေ သိသွားပြီလေ။ ဒါကြောင့် စောစောလမ်းခွဲလိုက်လေသည်။

ခုတော့ အရက်ကိုလျှော့သောက်ပြီး အလုပ်ကိုကြိုးစား လုပ်ရင်း သားကို တက္ကသိုလ်တက်နိုင်အောင် ပံ့ပိုးပေးနေတဲ့ ဖေဖေ။

ကဗျာရယ်…မောင် ဖြတ်သန်းလာရတဲ့ ဘဝလေးကို ကဗျာ သိပြီပေါ့။

"မောင်ရယ်…မောင့်အကြောင်းကြားရတာ ကဗျာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်မိတယ်၊ တက္ကသိုလ်တက်နိုင်အောင် မောင့်ဘဝ လေး ဖြတ်သန်းခဲ့ရတာ မောင် အရမ်းပင်ပန်းမှာပဲနော်၊ သနား လိုက်တာ မောင်ရယ်"

"အဲဒါ ဘာကြောင့်လဲ သိလား၊ ကဗျာနဲ့အမြန်ဆုံးတွေ့ ရအောင်လို့လေ၊ အခုတော့ မောင် ပင်ပန်းရကျိုးနပ်ပါပြီ ကဗျာ ရယ်"

"မောင်ရယ်"

"ကဗျာပေးထားတဲ့ ကိန္နရာဆွဲပြားလေးကို ပြန်ရွေးနိုင် ပန်းရောင်းတုန်းကဆိုရင် ပင်ပန်းလွန်းလို့ ဖျားတောင်ဖျားချင်တယ် သိလား"

မောင့်လက်လေးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထား သော ကဗျာလေး ချစ်ရလွန်းသူမို့ မောင့်နဖူးလေးကိုတောင် ကဗျာ ဖွဖွလေး နမ်းလိုက်မိသည်။

မောင်ရယ်..မောင့်ကို ကဗျာ ဘယ်တော့မှမခွဲသွားပါဘူး ကဗျာ ရင်ထဲ တီးတိုးပြောနေမိတော့သည်။

ဝ ဝ ဝ

## အခန်း [၂၁]

"မောင်လင်းထက် ပြန်ရောက်ပြီလား ဒေါ်ပိန်"

"ဟင့်အင်း...လာတာမတွေ့သေးဘူး"

"ဒီကောင်လေး ဘယ်တွေလျှောက်သွားနေသလဲ မသိ ဘူး၊ သူ့ကျောင်းမှာသွားရှာတာ မတွေ့လို့ ပြန်လာခဲ့တာ"

ပန်းနုဝေ၏ ဒေါသူပုန်ထနေသော မျက်နှာမှာ အလိုမကျ ရိပ်တွေက ပေါ်လွင်နေတော့သည်။ ကျောင်းသားပဲ ကိုယ့်ကျောင်း မှာ ကိုယ်ရှိရမှာပေါ့။ ခုတော့ တစ်ကျောင်းလုံးနှံ့နေအောင် ပန်းနုဝေ ရှာပြီးပြီ။ သူ့အရိပ်အယောင်တောင် မတွေ့ခဲ့ရ။ ဒေါသထွက်ပြီး အိမ်ရောက်လာရသည်။

"သူပြန်လာရင် စာကြည့်ခန်းထဲမှာ ကျွန်မ ရှိတယ်လို့ ပြောလိုက်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပိန် ခေါင်းညိတ်ပြီး နောက်ဘက်သို့ လှည့်ထွက်သွားသည်။

ချစ်သူနှစ်ဦးကတော့ အအေးဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး စကားတွေပြောမကုန်အောင် ဖြစ်နေကြသည်။ ချစ်သူရဲ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး လင်းထက် ကြည်နူးနေမိသည်။

ချစ်တဲ့ ကဗျာလေး အရမ်းလှနေတယ်မဟုတ်လား။ အပြာနုရောင် အင်္ကျီလေးနဲ့ လိုက်ဖက်သည့် ထဘီဆင်လေးနဲ့ ခန္ဓာကိုယ်ကောက်ကြောင်းလေးပေါ်အောင် ဝတ်ဆင်ထားပြီး အရှေ့ဆံနွယ်လေးတွေကို လှပတဲ့ ကလစ်လေးဖြင့် ထိုးညှပ်ထားသည်။ နားဆွဲနှစ်ခုကပင် ကဗျာ့မျက်နှာလေးဖြင့် အလွန်ကြည့်ကောင်းလှသည်။

ကဗျာ စကားလေးပြောလိုက်တိုင်း နားဆွဲလေးတွေ၏ အရောင်လေးတွေ တဖျပ်ဖျပ် လက်နေတော့သည်။

"သောက်လေ မောင်ရဲ့၊ ဘာဖြစ်လို့ ကဗျာကို အကြာကြီး စိုက်ကြည့်နေရတာလဲ"

"ချစ်စရာကောင်းလို့"

ကဗျာ ရယ်လိုက်လေသည်။

မောင်ကသာ ပြောနေ၊ ကဗျာကတော့ ရှေ့မှာ ဘာတွေဖြစ်လာမလဲဆိုတာတွေးပြီး ရင်ပူမိသည်။ ကဗျာ ပင့်သက်ချပြီး မောင့်ကို ပြောနေမိသည်။ ကဗျာတို့ကိစ္စက မေမေသိလျှင် မိုးမီးလောင်နိုင်သည့်ကိစ္စ မဟုတ်လား။ ခုတောင် နေ့တိုင်း သူနဲ့



မပတ်သက်ရအောင် သတိပေးနေတယ်မဟုတ်လား။

ကဗျာ မေမေပြောသည့်စကားတွေကို နားထဲပြန်ကြားမိသည်။

"ညည်း ဒီကောင်နဲ့ လုံးဝမပတ်သက်ရဘူးနော် ကဗျာ၊ ပတ်သက်မိလို့ကတော့ ညည်း မလွယ်ဘူး၊ အို..ဘာသံမှမကြားချင်ဘူး၊ ရှုပ်ရှုပ်ယှက်ယှက်အလုပ်ကို လုပ်ဖို့လည်း ညည်းဘယ်တော့မှ မစဉ်းစားနဲ့၊ ငါ စီစဉ်ထားတဲ့အတိုင်း မောင်ဇာနည်သွေးနဲ့ကိစ္စကို ညည်း ခေါင်းထဲမှတ်ထည့်ထား၊ မိဘကောင်းစေချင်တာကို ဖျက်လိုဖျက်ဆီး မလုပ်ပါနဲ့"

"ကဗျာ...ဘာတွေတွေးတာလဲ၊ မောင့်ကိုပြောစမ်းပါဦး၊ ဘာလဲ..ကဗျာတို့အိမ်က စီစဉ်ထားတဲ့ကိစ္စတွေလား"

"ဟုတ်တယ် မောင်"

"ကဗျာရယ်...အဲဒီကိစ္စတွေကို ထပ်ပြီးစဉ်းစားမနေနဲ့၊ မောင်တို့ပဲ စိတ်ဆင်းရဲရမှာ၊ မောင်တို့နှစ်ယောက် မေ့ထားကြရအောင်နော်၊ မောင်ကတော့ စိတ်ရှင်းတယ်၊ ကဗျာတို့အိမ်က ကဗျာကို အတင်းအကျပ်စီစဉ်မယ်ဆိုရင်တော့ ကဗျာကိုတော့ အဆုံးရှုံးမခံနိုင်ဘူး၊ အတင်းခိုးပြေးမှာပဲ၊ အဲ့ဒါ မောင့်ဆုံးဖြတ်ချက်ပဲ ကဗျာ"

"အဲဒီလိုဆုံးဖြတ်တာတော့ မှန်ပါတယ် မောင်၊ ဒါပေမဲ့ မောင် ပင်ပန်းမှာပေါ့၊ နောက်ပြီး မောင့်ပညာရေးက ရှိသေးတယ်

www.burmeseclassic.com

www.burmeseclassic.com



လေ၊ မဖြစ်သေးပါဘူး၊ ကဗျာကြောင့် မောင့်ပညာရေးကို မထိခိုက်စေချင်ဘူး''

''ကဗျာရယ်…မောင် ယောက်ျားတစ်ယောက်ပါကွာ၊ ကိုယ့်ချစ်သူကို သူများလက်ထဲတော့ အပါမခံနိုင်ဘူး၊ ကဗျာအတွက်ပဲ မောင်စိတ်ပူတာ''

''မောင်…ကဗျာတို့ ဗေဒင်မေးကြည့်ရင် ကောင်းမယ်နော်''

''ဘာကိုလဲ''

''ဩော်…မောင်နဲ့အတူတူ နေရမလားလို့ပေါ့၊ လာပါမောင်ရယ်၊ ဗေဒင်က မပေါင်းရဘူးဆိုရင်လည်း ခုကတည်းက ယတြာချေသင့် ချေရမှာပေါ့''

မောင်ပြုံးနေလိုက်ပြီး

''ကဗျာရယ်…ဗေဒင်ကို မယုံစမ်းပါနဲ့၊ ကံကြမ္မာဆိုတာ ရှိသေးတယ်လေ၊ ဒီမှာ ကဗျာ..မောင်ပြောပြမယ်၊ ကိုယ်တို့နှစ်ယောက် ဘယ်လောက်ပဲချစ်ချစ် ပေါင်းဖို့ကံ မပါလာရင် အကြောင်းအမျိုးမျိုးကြောင့် ကွဲသွားမှာပဲ၊ ကဗျာ မောင်တို့နှစ်ယောက် ဖူးစာပါလာတယ်ဆိုရင်လည်း ဘယ်သူတွေကပဲခွဲခွဲ ဘယ်တော့မှ ကွဲမှာမဟုတ်ဘူး၊ အဲဒါ ယုံလား ကဗျာ၊ ဗေဒင်ဆိုတာကို မောင် မယုံကြည်လို့ ပြောတာမဟုတ်ပါဘူး၊ တကယ်လို့များ မောင်နဲ့ ကဗျာကို ခွဲခွာရလိမ့်မယ်လို့ ဗေဒင်ဆရာကပြောလိုက်ရင် မခက်ဘူးလား၊ ဒါမှမဟုတ် ပေါက်ကရယတြာတွေပေးလိုက်ရင်လည်း တလွဲတွေဖြစ်ကုန်ဦးမယ်။ ကဗျာရယ်…ရိုးရိုးသားသား အတတ်ပညာနဲ့ ရှာစားတဲ့ ဗေဒင်ဆရာကို သွားမေးရင်တော့ ဟုတ်တာပေါ့၊ တချို့ ယတြာ မချေ ချေအောင် ခြောက်လှန့်ပြောတတ်ကြတယ်''



ဒါတော့ ကဗျာ လက်မခံ။ မောင့်ကို ပြန်ပြောမိသည်။

''ဒါက မကောင်းတဲ့ဗေဒင်ဆရာကို မောင်ကပြောတာကိုး၊ ခု ကဗျာသွားမေးမှာက မှန်ကန်တဲ့ဗေဒင်ဆရာကိုပါ''

''လောကမှာ အကောင်းအဆိုး အမှန်တရားတွေကို ဘုရားသခင်က အသိဆုံးပါပဲ ကဗျာရယ်၊ ဗေဒင် မေးလို့ကုန်သွားတဲ့ ပိုက်ဆံကို ဘုရားမှာသွားပြီး ပူဇော်လိုက်တာမှ ငွေကုန်ရကျိုးနပ်ပါသေးတယ်ကွာ၊ ကုသိုလ်လည်းရ''

ကဗျာက ကိုလင်းပြောတာကို လက်မခံဘဲ အတင်းငြင်းနေလေသည်။

''ဟင့်အင်း…ဟင့်အင်း၊ ကဗျာကတော့ မေးမှာပဲ၊ မောင်မယုံရင်လည်း မလိုက်နဲ့ပေါ့၊ ကဗျာတစ်ယောက်တည်း သွားမေးမှာပဲ သိလား''

ကိုလင်း ကဗျာကိုပြောလို့မရတဲ့အဆုံး လက်လျှော့လိုက်ရတော့သည်။

''မောင်ရယ်…ကဗျာကတော့ မောင့်ကိုအရမ်းချစ်တာပဲ

www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ မောင်နဲ့ဝေးသွားမှာကိုပဲ ကဗျာ သေမလောက်ကြောက်တယ်၊ ဘုရားသွားပြီး မောင့်မွေးနံဂြိုဟ်တိုင်မှာ ရေသပ္ပာယ်ရမယ် နော်၊ မောင် မနက်ဖြန်ကျရင် စောစောလာပါလား၊ ကဗျာ မောင့်ကို ဒီကပဲစောင့်နေမယ်လေ''

''လာရမှာပေါ့ ကဗျာရယ်၊ ကဗျာသွားချင်တဲ့နေရာကို မောင် ပို့ပေးရမှာပေါ့၊ အခု ကဗျာ ဘယ်ကိုသွားချင်သေးလဲ''

ကဗျာ လက်ကနာရီလေးကို ကြည့်လိုက်မိသည်။

''အချိန်တွေ အများကြီးကျန်သေးတာပဲ မောင်ရဲ့၊ ဟာ…ဟုတ်ပြီ အခုမှသတိရတယ် မောင်၊ မြို့ထဲလိုက်ခဲ့၊ မောင့်ကို ကဗျာ ဝယ်ပေးစရာရှိလို့''

''ဟင်…ဘာဝယ်ပေးမှာလဲ''

''လိုက်မှာသာ လိုက်ခဲ့စမ်းပါ မောင်ရယ်''

ပြောပြီး နှစ်ယောက်သား မြို့ထဲရောက်သွားသည်။ ကဗျာက ပျော်နေပေမယ့် လင်းထက် ရင်ထဲမှာတော့ စိုးတထိတ်ထိတ်။

''ကဲ…မောင့်ကို အမှတ်တရလက်ဆောင် နာရီလေး တစ်လုံး ဝယ်ပေးမလို့ ကဗျာ စဉ်းစားထားတာ''

နာရီဆိုင်ရှေ့ရောက်တော့မှ မောင့်ကို ကဗျာ ပြောလိုက်လေသည်။

''ကဗျာရယ်…ကဗျာဆီက မောင် ဘာမှမလိုချင်ပါ



ဘူးကွာ''

''မောင်ရယ်…မောင်ကလေ သိပ်မာနကြီးတာပဲ သိလား၊ ကဗျာပေးတာမှန်သမျှ မောင် လက်ခံရမယ် ဒါပဲ၊ ငြင်းမယ်တော့ စိတ်မကူးနဲ့''

မောင့်လက်ကို အတင်းဆွဲပြီး နာရီဆိုင်လေးထဲ ဝင်လာခဲ့သည်။ မှန်ဘောင်လေးထဲမှာ နာရီလေးတွေ မျိုးစုံရှိနေသည်။

''ဒီရွှေရောင်နာရီလေးဆို မောင့်လက်လေးနဲ့ အရမ်းလိုက်မှာပဲနော် မောင်၊ အရောင်လေးကို ဝင်းနေတာပဲ''

''ကဗျာရယ် အဲဒီလောက် တန်ဖိုးကြီးတာကို မောင် မပတ်ပါရစေနဲ့၊ တန်ဖိုးနည်းတဲ့ နာရီလေးပဲ…''

ကဗျာ အသာလေး မောင့်ပါးစပ် လှမ်းပိတ်လိုက်သည်။

''ကဲပါ…ဦးရယ် ဒီရွှေရောင်နာရီလေးပဲ ပေးပါ၊ ဘယ်လောက်ကျလဲဟင်''

ဆိုင်ရှင်ကို ကျသလောက် ကဗျာ ရှင်းပေးလိုက်သည်။ သည်လောက် တန်ဖိုးကြီးတဲ့နာရီကို မိမိ တစ်သက်နဲ့ တစ်ကိုယ် အိပ်မက်တောင် မမက်ဖူးဘူး မဟုတ်လား။

ကဗျာ မောင့်လက်လေးကိုဆွဲပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။ မောင်က တားနေသည့်ကြားမှ မောင့်အတွက် လိုအပ်တဲ့ အဝတ်အစား အသုံးအဆောင်အားလုံး ကဗျာ လိုက်ဝယ်ပေးနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေက ခုကတည်းက မောင့်ကို ကဗျာ ကြိုတင်ဝယ်ပေးထားတာ၊ နောက်ဆို မောင်ခေါ်တဲ့နောက်ကို လိုက်ရမှာလေ၊ အဲဒီအခါကျရင် ကဗျာ ဝယ်ပေးနိုင်မှာမဟုတ်ဘူး၊ မောင့်ကိုသာ ကဗျာ ဝယ်ခိုင်းရတော့မှာ"

ကဗျာ ပြောပြီးမှ အရှိန်သတ်လိုက်ရသည်။

"ဟာ...မေ့လို့ မေ့လို့၊ မောင့်ကို ကဗျာ ဘာမှမဝယ်ခိုင်းပါဘူး၊ တော်ကြာ ကဗျာကို မဝယ်ပေးနိုင်လို့ မောင် စိတ်ဆင်းရဲနေရပါဦးမယ်၊ ကဗျာလေ မောင်နဲ့အတူတူ ဆင်းရဲလည်း မခွဲမခွာ တစ်သက်လုံးနေရရင် ပြီးရော"

"ကဗျာရယ်"

ကဗျာ စကားလေးတွေကို နားထောင်ပြီး ရင်နင့်နေရသူက လင်းထက်။ ကဗျာ ကိုယ်လေးကို ရင်ခွင်ထဲထည့်ထားပြီး တင်းတင်းကျပ်ကျပ် သိုင်းဖက်ထားလိုက်သည်။

"ကဲ...မောင်၊ မောင့်နာရီလေးမှာ ကဗျာ နာမည်လေးကို အမှတ်တရ တိပ်နဲ့ရေးပြီးကပ်ထားရင် မကောင်းဘူးလား"

"ကဗျာ့သဘောလေ"

"ဟင်း...မောင့်အသံက အေးတိအေးစက်ကြီးပါလားဘာလဲ...တခြားကောင်မလေးတွေမြင်ရင် မစွံမှာစိုးလို့လား"

"ပေါက်ကရတွေ"

"ဒါပဲနော် မောင်၊ တခြားကောင်မလေးတွေကို ကြိုက်ရို



စဉ်းစားနဲ့၊ တရားရုံးမှာတက်ပြီး မောင့်ကို တရားစွဲပစ်လိုက်မှာနော်"

မောင်က ရယ်၍

"စာချုပ်ဖြင့် မချုပ်ရသေးဘဲနဲ့ ကဗျာက ဘယ်လိုလုပ်ပြီး တရားစွဲမှာလဲ"

"ဟင်..ကြည့်စမ်း..ကြည့်စမ်း၊ ခုတောင် မောင် မေ့နေပြီ စကားဝါပွင့်လေးမှာ လက်မှတ်ထိုးထားတဲ့ စာချုပ်လေ၊ မောင် မှတ်မိတော့ဘူးလား"

"ဟား..ဟား..ကြောက်ပါတယ် ကဗျာရယ်၊ အဲဒီစာချုပ်ကို ကြောက်လို့လေ၊ ခုတောင် ဘယ်မိန်းကလေးကိုမှ မကြည့်ဆာတာ၊ ကြည့်မိရင် စာချုပ်ကို ဖောက်ဖျက်ရာကျနေမှာစိုးလို့ပေါ့"

"အဟင်း...ဟင်း"

သူတို့နှစ်ယောက်၏ ရယ်သံလေးများ ပျံ့လွင့်သွားရသည်။ ချစ်သူနှစ်ဦး အတူတူရှိနေရသည့် အချိန်လေးတွေက တကယ့်ကို ပျော်စရာအကောင်းဆုံးအချိန်ပဲ မဟုတ်လား။ နာရီတိပ်ကပ်သည့် ခိုင်ကလေးရှေ့ ရပ်မိကြသည်။ ကဗျာက အင်္ဂလိပ်လို စာတန်းလေးတစ်တန်း ထိုးပြီး စတီးကြိုးပြားမှာ ကပ်လိုက်သည်။

"..........."

အခိုပွာယ်က

www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ဘယ်သူမှမချစ်ရပါတဲ့။ အောက်မှာလည်း က… ဆိုသည့် နာမည်လေးက ပါသေးသည်။ စာတန်းလေးကို အ… ထွက်ဖတ်ကြည့်ပြီး ကဗျာ ပျော်နေသည်။

"တွေ့လား၊ မောင့်ကို ပိုင်ရှင်ရှိတယ်ဆိုတာ သတိ… လိုက်တာ"

"ဒါဆို ကဗျာလည်း လက်ဝါးဖြန့်"

"ဟင်…ဘာလုပ်မလို့လဲ"

"ကဗျာ့ကိုလည်း သတိပေးမလို့လေ၊ မျက်လုံးမှိတ်ထား… နော်၊ ကဗျာ မျက်လုံးလေးမှိတ်လိုက်တော့ ဘောပင်လေးထုတ်… ပြီး မောင်က စာတစ်ကြောင်း ရေးလိုက်သည်။

"ဖတ်ကြည့်လေ"

ကဗျာ အမြန်လေး လက်ဝါးပေါ်မှ စာကြောင်းကို ဖ… ကြည့်လိုက်သည်။

"ကဗျာ့ကို ဘယ်သူမှမချစ်ရပါ"

"မောင်ရယ်"

နွေးထွေးသော ရင်ခုန်သံလေးတွေက အသည်းနှလုံး… မှာ ကိုယ်စီ စီးဆင်းနေရတော့သည်။

ကဗျာ ကျေနပ်မိသည်။ ပျော်ရွှင်မိသည်။ မောင်လည်း… ကဗျာ့လို ပျော်နေသည်မဟုတ်လား။ လင်းထက်တစ်ယော… ချစ်သူနဲ့အပျော်လွန်နေသဖြင့် အိမ်အပြန်နောက်ကျခဲ့ရတော့သည်…



"ဟင်…မောင်လင်းထက် အခုမှပြန်လာတယ်"

ဒေါ်ပိန် အပြေးလေး တံခါးလာဖွင့်ပေးသည်။

"ဟုတ်တယ် ဒေါ်လေးရဲ့၊ မမရော ပြန်ရောက်ပြီလား"

"ရောက်နေပြီကွယ့်၊ မင်းလာရင် စာကြည့်ခန်းထဲမှာ သူရှိတယ်လို့တောင် ဒေါ်လေးကို မှာထားခဲ့သေးတယ်"

"ဟုတ်ကဲ့"

အိမ်ဖော်ဆိုပေမယ့် ကိုယ့်အဒေါ်ရင်းတစ်ယောက်လို လင်းထက် ဆက်ဆံသဖြင့် အားလုံးက လင်းထက်ကိုချစ်ကြသည်။ သည်ခြံကို လင်းထက် ရောက်ခဲ့တာ ခုဆိုရင် တစ်လကျော်တောင် ရှိခဲ့ပြီ။ မမသိသွားမှာစိုး၍ လက်ကနာရီရော၊ အဝတ်အစားတွေပါ အခန်းထဲမှာ အရင်ထားပြီးမှ မမရှိရာ စာကြည့်ခန်းထဲသို့ ဝင်လာခဲ့သည်။

"မမ"

"ဟင်…မင်း ဘယ်တုန်းကရောက်တာလဲ"

"ခုလေးပဲရောက်တာ မမ၊ ခိုင်းစရာရှိလို့ ကျွန်တော့်ကို မှာထားတာလားဟင်"

"ဟိုခုံပေါ်မှာ ထိုင်စမ်း လင်းထက်"

မမ မျက်နှာက တစ်မျိုးဖြစ်နေသဖြင့် လင်းထက်စိတ်ထဲ နည်းနည်းတော့ ထင့်သွားသည်။ မမရှေ့မှာ ခေါင်းလေးငုံ့ပြီး ထိုင်နေရသော်လည်း သူ့ကိုကြည့်နေသည့် မမမျက်လုံးတွေကို

www.burmeseclassic.com

www.burmeseclassic.com



လင်းထက် ရင်မဆိုင်ရဲပါ။

"မင်း ဒီနေ့ ဘယ်တွေလျှောက်သွားနေတာလဲ လင်းထက်၊ မမ မင်းကျောင်းကို ဒီနေ့ရောက်ခဲ့တယ်"

"ခင်ဗျာ"

"မင်း ဒီနေ့တစ်နေ့လုံး ကျောင်းမတက်ဘူးဆို"

လင်းထက် အမှန်အတိုင်း ဝန်ခံလိုက်သည်။

"ဟုတ်..ဟုတ်ကဲ့ မမ၊ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ပါ"

သူတို့ကိစ္စကို မမသိသွားပြီလားဆိုသည့် အတွေးက လင်းထက် ခေါင်းထဲမှာ ဒိုင်းခနဲ ဝင်လာသည်။

"ဒီမှာ လင်းထက်"

"ဗျာ...မမ"

"ကျောင်းမှန်မှန်တက်ပြီး စာကြိုးစားရမယ်ဆိုတာ မင်းနားလည်ရဲ့လား"

"နားလည်ပါတယ် မမ"

"နောက်တစ်ခါ မင်းကျောင်းကို မမ လာတဲ့အခါ ကျောင်းမှာပဲရှိနေပါစေ"

"ဟုတ်...ဟုတ်ကဲ့"

မမစကားက ပြတ်သားလှသည်။

"ကဲ...ဟိုမှာ မင်းအတွက် သတိရလို့ ဒီနေ့ပဲ မမ



ဝယ်လာတာ၊ ထုတ်ဝတ်ကြည့်စမ်း လင်းထက်"

စားပွဲပေါ်အဆင်သင့်တင်ထားသည့် အထုပ်လေး လင်းထက် ဖွင့်ကြည့်လိုက်သည်။

"ဟာ"

ရွှေရောင် လက်ပတ်နာရီတစ်လုံးပါလား။ လင်းထက် ရင်ထဲ လှုပ်ရှားသွားရသည်။ ဒါဟာ တိုက်ဆိုင်မှုလေလား။

မမက

"အဲဒါ မင်းပတ်ဖို့ဝယ်လာတာ၊ ပတ်ကြည့်စမ်းပါဦး"

မမ အမိန့်အတိုင်း လင်းထက် နာရီလေးကို လက်မှာ ပတ်ကြည့်လိုက်ရသည်။

"အတော်ပဲလားကွ၊ ကြိုးကို မမ ခန့်မှန်းတာ အတော် မင်းကြိုက်ရဲ့လား"

"ကြိုက်...ကြိုက်ပါတယ် မမ"

"အဲဒီနာရီလေးကို မင်း အမြဲပတ်ထားရမယ်၊ ကဲ... ရေမိုးချိုးတော့၊ ပြီးရင် မမတို့ ထမင်းစားရအောင်"

မမရယ်...

ဒီနေ့ဟာ ထင်မှတ်မထားတဲ့ တိုက်ဆိုင်မှုတွေပဲလားဆို တာ ကျွန်တော် မစဉ်းစားတတ်တော့ပါ။ အရောင်အသွေးရော အမျိုးအစားရောတူတဲ့ ပုံစံတူနာရီနှစ်လုံး ကျွန်တော့်လက်ထဲကို ရောက်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မမရယ်… ကျွန်တော့်ကို နားလည်ခွင့်လွှတ်ပေးပါ။ မမပေးတဲ့ နာရီလေးကိုတော့ ကျွန်တော် သိမ်းထားပါ့မယ် မမရယ်။

ကျွန်တော့်ချစ်သူ ကဗျာပေးတဲ့ နာရီလေးကိုပဲ ကျွန်တော် လေ…။

ဝ ဝ ဝ

## အခန်း [၂၂]

"ဒီကောင်နေတာ ဒီခြံပဲ အန်တီ"

ဇာနည်သွေး ညွှန်ပြရာ ခြံကျယ်ကြီးကိုကြည့်လျက် ဘက်ခမ်းနှစ်ခုကို ဆတ်ခနဲတွန်းလိုက်သူက ဒေါ်မိမိမေရယ်ပါ။

"ဟွန်းတီးစမ်း မောင်ဇာနည်၊ ငါ ဝင်တွေ့မယ်"

"တီ…တီ"

"တီ"

"တီ"

"တစ်ယောက်မှ ထွက်မလာပါလား"

ပြောရင်း ဒေါ်မိမိမေ စိတ်မရှည်တော့။

ကားတံခါးကို ဖျတ်ခနဲဆွဲဖွင့်ပြီး အောက်ကိုဆင်းလိုက်သည်။ ပြီးတော့ စိန်တွေ၊ ရွှေတွေ တစ်ကိုယ်လုံး ညွှန်နေအောင် ဝတ်ထားသည့် မိမိကိုယ်ကိုလည်း ပြန်ပြီး ငုံ့ကြည့်လိုက်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ လက်ထဲမှာကိုင်ထားသည့် လက်ကိုင်အိတ်လေးကပင် တန်ဖိုးနည်းမှာမဟုတ်။

"တီ...တီ"

"ဒေါ်ပိန်ရေ...ခြံရှေ့က ကားဟွန်းသံကြားတယ်၊ ထွက်ကြည့်ပေးပါဦး"

ပန်းနုဝေအသံကြောင့် ဧည့်ခန်းမှာ သန့်ရှင်းရေးလုပ်နေသော ဒေါ်ပိန်က ကပျာကယာ ထွက်သွားသည်။ ဒေါ်ပိန်ကိုမြင်တော့ ဒေါ်မိမိမေက မျက်နှာကို တမင်တင်းထားလိုက်သည်။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ"

အိမ်ဖော်ဒေါ်ပိန်က ရိုရိုသေသေ မေးလိုက်သည်။

"ဒီခြံထဲမှာ လင်းထက်ဆိုတဲ့ကောင် နေတယ်ဆိုတာ ဟုတ်သလား"

ဒေါ်မိမိမေ စကားကြောင့် ဒေါ်ပိန် ခေါင်းညိတ်အဖြေပေးလိုက်သည်။

"ဟုတ်ပါတယ်ရှင် နေပါတယ်၊ ခုတော့ သူ မရှိဘူး ကျောင်းသွားပါတယ်"

"အေး...မရှိတာကောင်းတယ်၊ ဒီအိမ်ပိုင်ရှင်ရော ရှိလား ရှိရင် စိန်ရွှေငွေပွဲကတော်ကြီး ဒေါ်မိမိမေ တွေ့ချင်တယ်လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့"



ဒေါ်ပိန် ပြန်လာပြီး ပန်းနုဝေကို ပြောပြလိုက်၏။

"စိန်ရွှေငွေပွဲကတော်ကြီး ဒေါ်မိမိမေ မဟုတ်လား ဒေါ်ပိန်"

"ဟုတ်ပါတယ် မမလေး၊ ခြံပြင်မှာ စောင့်နေပါတယ်"

ဒေါ်မိမိမေ...

စိန်ရွှေငွေပွဲကတော်ကြီး ဒေါ်မိမိမေ။ နာမည်ကို နှုတ်က အထပ်ထပ်အခါခါ ရွတ်ဆိုရင်း ပန်းနုဝေ ရင်မှာ နာကျင်စွာ ခံစားလိုက်ရသည်။

"ဖွင့်ပေးလိုက်ပါ ဒေါ်ပိန်"

သေချာအောင် တိုက်ကြီး ဝရန်တာပေါ်မှရပ်ပြီး ဒေါ်မိမိမေ ဆိုသည့် အမျိုးသမီးကြီးကို ပန်းနုဝေ စောင့်ကြည့်နေလိုက်သည်။ မောင်းဝင်လာသည့်ကားက နောက်ဆုံးပေါ် ဇိမ်ခံကားကြီးပဲ။ ကားပေါ်ကဆင်းလာသည့် အမျိုးသမီးကို ကြည့်လိုက်တော့

"ဟင်"

သေချာပါတယ်လေ။ သူမနှင့် အမုန်းကမ္ဘာမကြေသူ။ သူမ ဘယ်လိုမှ မေ့လို့ရနိုင်မှာမဟုတ်တဲ့ ဒေါ်မိမိမေမှ ဒေါ်မိမိမေ အစစ်။

သူမရဲ့ အသည်းနှလုံးတွေကို အစိတ်စိတ်အမွှာမွှာ ကြေမွအောင် ရက်စက်ခဲ့သည့် ဒေါ်မိမိမေ။

"ကျွန်မက ဒီခြံပိုင်ရှင် ဒေါက်တာပန်းနုဝေပါ ဒေါ်မိမိမေ၊

www.burmeseclassic.com

www.burmeseclassic.com



ဟင်း··ဟင်း··ဟင်း”

“ဝင်မယ်နော် ဒေါက်တာ”

ဩော်…ဒေါ်မိမိမေရယ်၊ ကျွန်မကိုတောင် မမှတ်မိတော့ဘူးတဲ့လား။ သေသေချာချာ ကြည့်ပါဦးရှင်။

“ဩော်…ဒေါ်မိမိမေ စိတ်မရှိပါနဲ့နော်၊ ဒေါ်မိမိမေ စီးလာတဲ့ ဖိနပ်ကို အပြင်မှာချွတ်ပေးပါ၊ ပြီးတော့ လက်ထဲက စီးကရက်ကိုလည်း အပြင်မှာ ထားခဲ့ပေးပါ”

“ဘာ…ဘာပြောတယ်ကွဲ့”

ဒေါ်မိမိမေတစ်ယောက် နဖူးကြောများ ကျုံ့တက်သွားသည်အထိ အောင့်သက်သက် ဖြစ်သွားရသည်။ ပန်းနုဝေက တကယ်ကို ခပ်တည်တည်လေး ပြောလိုက်သည်။

“ဟုတ်ပါတယ် ဒေါ်မိမိမေ၊ အဲဒါတွေအားလုံး အပြင်မှာ ထားခဲ့ဖို့ပြောတာပါ၊ ပြီးရင် ဧည့်ခန်းကို ဝင်နိုင်ပါပြီ”

“ဟင်း…ဟင်း”

ထောင်းခနဲ ဒေါသဖြစ်လိုက်ရသော်လည်း ကိုယ်က ဧည့်သည်ဖြစ်နေ၍ ဒေါ်မိမိမေ ငြိမ်ခံလိုက်ရခြင်းဖြစ်သည်။ ခုတော့ အသက်ကြီးမှ ကြိုးသိုင်းဖိနပ်မြင့်ကို စီးလာမိသဖြင့် ဒေါ်မိမိမေ တစ်ယောက် မချွတ်ချင် ချွတ်ချင်ဖြင့် ချွတ်လိုက်ရသည်။ အိမ်မှာဆို တန်ဖိုးကြီးသည့် ကတ္တီပါကောဇောပေါ်မှာတောင် ဖိနပ်စီးလာခဲ့သည့် ဒေါ်မိမိမေ မဟုတ်လား။ ခုချွတ်နေရသည်က သလင်း



ကျောက်ပွင့် အုတ်လှေကား နှစ်ထပ်ပေါ်မှာမို့ ပိုလို့ဒေါကန်မိခြင်းဖြစ်သည်။

သို့သော် မာနကိုတော့ ဒေါ်မိမိမေ မလျှော့နိုင်ပါ။ ဟန်အပြည့်ဖြင့် ဧည့်ခန်းရှိရာသို့ လျှောက်သွားလိုက်သည်။ ဧည့်ခန်းကိုကြည့်ပြီး မျက်လုံးပြူးသွားမိသူက ဒေါ်မိမိမေ။ တစ်လောကလုံးမှာ မိမိဧည့်ခန်းအပြင်အဆင်လောက်ကိုသာ တန်ဖိုးအကြီးဆုံးဟု ထင်မိခဲ့သမျှ ခုတော့ တက်တက်စင်အောင် လွဲခဲ့ပြီမဟုတ်လား။ တစ်ခန်းလုံး အရောင်မျိုးစုံတွေ သစ်လွင်လှပနေ၏။ အောက်မှာ ခင်းထားတာကလည်း နိုင်ငံခြားမှဝင်သည့် အကောင်းစားကော်ဇောတွေ ထင်ပါရဲ့။ လမ်းလျှောက်လိုက်တိုင်း ကော်ဇောတွေရဲ့ အိစက်နေတဲ့ အထိအတွေ့ကြောင့် ဒေါ်မိမိမေ့ စိတ်ထဲမှာ ခံပြင်းမိသည်။

ဆက်တီကြီးတွေကအစ ဧည့်ခန်းတစ်ခန်းလုံး အပြင်အဆင် ခန်းဆီးလိုက်ကာကအစ တစ်ခန်းလုံးမှာရှိသည့် ပစ္စည်းအားလုံး မိမိတောင် မမြင်ဖူးသည့်ပစ္စည်းတွေ။ ဘယ်လိုပဲဖြစ်ဖြစ် မိမိထက်သာနေပြီဆိုတော့ မနာလိုဝန်တိုစိတ်များ သူမရင်ထဲ အလိုလိုဝင်လေသည်။

ဟင်…ရိုးရိုးသားသား ချမ်းသာတာမှဟုတ်ရဲ့လား။ ဆရာဝန်မတဲ့၊ ဒီခြံပိုင်ရှင်တဲ့၊ မဖြစ်နိုင်တာတွေ။

“ထိုင်ပါ ဒေါ်မိမိမေ”

“ထိုင်မှာပါကွယ်”

www.burmeseclassic.com

www.burmeseclassic.com



အသံကိုတော့ နည်းနည်းလေးမှမလျှော့။

သူမလက်ထဲက အကောင်းစားလက်ကိုင်အိတ်ကြီးကို လည်း မြင်သာအောင် ဆက်တီခုံပေါ်သို့ တင်ထားလိုက်သည်။

"လာရင်းကိစ္စကိုလည်း မပြောရသေးပါလား ဒေါ်မိမိ မေ"

"ဒီလိုကွယ့်…ဒီလို"

ဒေါ်မိမိမေက သူမပြောရမည့် စကားတွေကို စဉ်းစားရင်း ဒေါက်တာပန်းနုဝေ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

"ဒီခြံမှာ လင်းထက်ဆိုတဲ့ကောင်လေး နေတယ်လို့ အန်တီ သိထားလို့ လာခဲ့တာပါ"

"လင်းထက် ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီကောင်လေးက အရင်က အန်တီတို့ ခြံမှာ ဒရိုင်ဘာလုပ်တဲ့ ကောင်လေးပါ"

"ပြောပါ ဒေါ်မိမိမေ"

တစ်ဖက်က အန်တီဟု သုံးနှုန်းနေသော်လည်း ပန်းနုဝေ ကတော့ အန်တီဟု မခေါ်ပါချေ။

"ဒီကောင်လေးက မိဘမျိုးရိုးကလည်းညံ့၊ အကျင့် စာရိတ္တအနေနဲ့ကလည်း ပျက်ပြားတာတွေရှိနေလို့ အန်တီတို့ခြံက မောင်းထုတ်လိုက်တာပါကွယ်၊ အဲဒါ ဒီခြံကိုရောက်နေတယ်ဆိုလို့ အချိန်မီ သတိပေးရအောင်လာခဲ့တာ"



"ဟင်း‥ဟင်း…မိဘမျိုးရိုး ညံ့တာကတော့ ထားပါ လေ၊ အကျင့်စာရိတ္တပျက်ပြားတယ်ဆိုတာကိုပဲ ကျွန်မ သိချင် တာပါ၊ သူက ဘယ်လိုအကျင့်ပျက်တာလဲ၊ ပစ္စည်းခိုးတာလား"

"ဟိုလေ…ခိုးတာတော့ မဟုတ်ဘူးကွယ်၊ ဟိုကွယ် ရှင်းရှင်းလင်းလင်း ပြောရရင်တော့ ကိုယ့်အိမ်ရှင်၊ ကိုယ့်ထမင်းရှင် ရဲ့ မျက်နှာမှမထောက်၊ အန်တီ့သမီးကို အပိုင်ကြံတယ်လေ"

"ဘာ"

သည်စကားက ပန်းနုဝေ အသည်းနှလုံးကို ဆုပ်ကိုင် ခါယမ်းလိုက်သည့်စကား။

"အဲဒီလို အကျင့်ပျက်နေတဲ့အကောင်ကို ဆက်ထားရင် တစ်နေ့နေ့ ဒေါက်တာမှာ ပြဿနာတွေတက်လာနိုင်တာမို့ အန်တီ စေတနာနဲ့ လာသတိပေးတာပါ"

"ဒီ‥ဒီမှာ ဒေါ်မိမိမေ၊ ဒေါ်မိမိမေပြောတဲ့ သမီးနဲ့ လင်းထက်တို့က မေတ္တာမျှနေကြပြီလားဟင်"

ပင့်သက်ချရသူက ဒေါ်မိမိမေ။

"ဟင်း…ခက်တာကတော့ ခက်နေတာပါပဲ ဒေါက်တာ ရယ်၊ အိမ်က သမီးမိုက်ကလည်း ပြောလို့ကိုမရဘူး ဒေါက်တာ"

"သူတို့ချင်း မေတ္တာမျှနေပြီဆိုပါတော့၊ ဟင်း…ဟင်း… ကျွန်မ နားလည်ပါပြီ ဒေါ်မိမိမေ၊ ကျွန်မ သိပြီ"

နာကြည်းစိတ်က ပန်းနုဝေရင်ထဲ လှိုက်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဒေါ်မိမိမေ…လင်းထက်ကို ယုံကြည်လို့ ကျွန်မ ခြံမှာ ခေါ်ထားတာပါ၊ မိဘမျိုးရိုးထက် စိတ်ဓာတ်ဖြောင့်မတ်ဖို့ပဲ အရေးကြီးတယ်၊ ငယ်ရွယ်သူတွေပဲ ဒေါ်မိမိမေရယ်၊ ချစ်မြတ်နိုး ကြတာ မဆန်းပါဘူး၊ အောက်တန်းကျပြီး အဆင့်အတန်းမရှိတဲ့ လုပ်ရပ်မျိုးကိုလည်း လုပ်မှာမဟုတ်ဘူးလို့ ကျွန်မ ထင်ပါတယ်၊ ဒေါ်မိမိမေက လင်းထက်နဲ့ မတူဘူး မတန်ဘူးလို့ ထင်လို့လား၊ ပြောပါရှင်"

"စိတ်ကူးထဲတောင် မထည့်ပါရစေနဲ့ ဒေါက်တာ၊ ခုလာတာလည်း ဒီခြံက အိမ်ရှင်ကို အသိပေးပြီး သမီးနဲ့ကိစ္စကို အိမ်ရှင်အနေနဲ့ တားမြစ်ပေးဖို့ လာပြောတာပါကွယ်"

"ဒီမှာ ဒေါ်မိမိမေ…ဒီကိစ္စဟာ ကိုယ်လွယ်မွေးထားတဲ့ ကိုယ့်သားသမီးကို ထိန်းလိုက်ရုံနဲ့ အားလုံးပြီးပြတ်သွားမယ့်ကိစ္စ ပဲဟာ၊ ထိန်းပေါ့၊ ကိုယ့်သမီး ကိုယ်နိုင်အောင် ပြောကြည့်ပေါ့၊ ဟင်း…ဟင်း…ကျွန်မက ဘယ်လိုကိစ္စတွေများလဲလို့ စိတ်ပူသွား တာပဲ၊ ဒီလောက်အရေးကြီးတဲ့ကိစ္စမှ မဟုတ်တာ ဒေါ်မိမိမေရယ် ဖြစ်မှဖြစ်ရလေ"

ပန်းနုဝေ နှုတ်မှထွက်လာသည့် စကားလုံးတွေကို နားထောင်ပြီး အံ့သြတုန်လှုပ်သွားရသူက ဒေါ်မိမိမေပါ။

"ဒီမှာကွယ့်…ဒီမှာ"

"ဟုတ်ကဲ့…ပြောပါ"



ပန်းနုဝေ တည်ငြိမ်ပြတ်သားသလောက် ဒေါ်မိမိမေက တော့ ဒေါသပေါက်ကွဲပြီး မျက်နှာတင်းမာခက်ထန်စွာ အသားတွေ တဆတ်ဆတ်တုန်နေရပြီ မဟုတ်လား။

ပန်းနုဝေကတော့ ရင်ထဲက ကျိတ်ပြုံးနေမိသည်။

"ဒီလို ကလေကချေ အောက်တန်းစားမျိုးနဲ့တော့ အန်တီ့ သမီးကို ဘယ်လိုမှမပေးစားနိုင်ဘူး သိလား"

"ဟင်း…ဟင်း…ဒေါ်မိမိမေရယ်၊ လင်းထက်ကလည်း သူ့အရည်အချင်းနဲ့သူ ရှိပြီးသားပါ၊ ဒေါ်မိမိမေသမီးနဲ့ ဖြစ်တာ ဆိုရင်တောင် ဒါ သူ သက်သက်အပျော်ချစ်နေတာပဲ ဖြစ်လိမ့် မယ်၊ လင်းထက်ကလည်း ရုပ်လည်းချော အင်ဂျင်နီယာပေါက်စ လည်းဖြစ်တယ်ဆိုတော့ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေမှာပဲ ရှင့်၊ ဟင်း…ဟင်း…လင်းထက်ကလည်းလေ ကိုယ်နဲ့စေ့စပ်ထား တဲ့သူ ရှိနေတာတောင် အခြားမိန်းကလေးတွေနဲ့ ရှုပ်ရသေးတယ် လို့"

"ဘာပြောတယ် ဒေါက်တာ၊ လင်းထက်မှာ စေ့စပ်ထား တဲ့သူ ရှိတယ်"

"သိရှိတာပေါ့"

သူမ၏နှာကြည်းချက်တွေကို ဒေါ်မိမိမေ မခံနိုင်အောင် တမင်ပြောလိုက်ခြင်းဖြစ်သည်။

"အို…မဖြစ်ဘူး မဖြစ်ဘူး၊ ခွဲရမယ်…ခွဲရမယ်၊ မရရအောင်

www.burmeseclassic.com

www.burmeseclassic.com



ခွဲရမယ်''

''ခွဲထား ဒေါ်မိမိမေရေ၊ တစ်နေ့ကျမှ အရက်တကွဲ အကျိုးနည်းတွေဖြစ်ကုန်ရင် ကျွန်မဘက်ကတော့ ကယ်နိုင်မှာ မဟုတ်ဘူးနော်၊ ကျွန်မက ဒီဘက်မှ တာဝန်ယူပြီး စေ့စပ်ပေးထားတာဆိုတော့ ကျွန်မဘက်ကတော့ မျက်နှာအပျက်မခံနိုင်ပါဘူးရှင့်''

အသည်းထဲမှာ တဆတ်ဆတ်ခါနေရသူက ဒေါ်မိမိမေ။ ရှက်ခြင်း၊ ဒေါသဖြစ်ရခြင်းကြောင့် ကားပေါ်သို့ ဘယ်လိုရောက်သွားမှန်းပင် မသိလိုက်။ နေရာမှာတင် မလှုပ်မယှက် ကျန်ခဲ့သူက ပန်းနုဝေပါပဲ။ ကားမောင်းထွက်သွားတော့မှ တင်းထားသော စိတ်တွေ ပြေလျော့သွားရသည်။

၀ ၀ ၀

## အခန်း [၂၃]

''မင်း အတန်းဆက်မတက်နဲ့တော့ လင်းထက်၊ မမ င်းကို မေးစရာရှိတယ်၊ မမနဲ့လိုက်ခဲ့''

ပန်းနုဝေ ရင်မှာ လှုပ်ခတ်နေရသည့်အဖြစ်ကို သူကတော့ သိနိုင်လိမ့်မည်မဟုတ်။ သူကတော့ နားလည်နိုင်လိမ့်မည်မဟုတ်။ ကြည်ငြိမ်သောမျက်နှာ ဖွန်းထင်းနေသည့်ဝေဒနာကို ချေဖျက်နိုင်သည့် အင်အားသည် နှလုံးသားမှာ မရှိတော့ပါ။

ကားကို အရှိန်ပြင်းစွာ မောင်းထွက်ခဲ့သည်။ မမ အပြုအမူကို နားမလည်နိုင်အောင် ဖြစ်နေရသူက လင်းထက်။

''မမရာ···ကျွန်တော် ကျောင်းကပြန်လာမှ မေးလို့ ရရဲ့သားနဲ့ဗျာ၊ ကားကို မမတစ်ယောက်တည်းမောင်းတာ အန္တရာယ်သိပ်များတယ်''

''စကားမများစမ်းပါနဲ့ လင်းထက်၊ မမ သိပ်စိတ်ညစ်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်''

ပန်းနုဝေတစ်ယောက် လင်းထက်ကိုပင် အော်လိုက်ေ သည်။

''ဒီလောကကြီးမှာ မင်းမသိသေးတာ မင်းနားမလည် တာတွေ အများကြီးရှိသေးတယ်ကွ နားလည်လား၊ တစ်ခါတလေ ကျတော့ လောကကြီးဟာ သိပ်အံ့ဩဖို့ကောင်းတယ်၊ အင်း... ဒေါ်မိမိမေ...ဒေါ်မိမိမေ၊ နာမည်နဲ့လိုက်အောင် ခုချိန်ထိ မာန်မာ တရားတွေနဲ့ မောက်မာနေတုန်းပဲလား ဒေါ်မိမိမေရယ်''

''ဗျာ..မမ၊ မမပြောတဲ့ ဒေါ်မိမိမေဆိုတာ ကျွန်တော် သိထားတဲ့ ဒေါ်မိမိမေ''

''အဟင်း..ဟင်း..သိပ်မှန်တာပေါ့ လင်းထက်ရယ်၊ သိပ်ကို မှန်တာပေါ့၊ မင်းသိထားတဲ့ ဒေါ်မိမိမေပဲပေါ့''

''ကျွန်တော် ဘာကိုမှ နားမလည်နိုင်တော့ဘူး မမရယ်''

မမထံမှ ခြောက်သွေ့စွာ ရယ်မောလိုက်သော အသံတစ် သာ လင်းထက် ကြားလိုက်ရသည်။ ကားလေးက ပြည်လမ်း ကြီးပေါ်မှတစ်ဆင့် ဝဲဘက်ကို ကွေ့ချိုးလိုက်သည်။ တစ်လမ်း.. မမဆီက စကားသံ မကြားရတော့။

''မမ ဘယ်ကိုမောင်းနေတာလဲဟင်''

''လူရှင်းတဲ့နေရာ၊ အေးချမ်းတိတ်ဆိတ်တဲ့နေရာ၊ အဲ.. နေရာမှာ မင်းနဲ့နှစ်ယောက်တည်း စကားပြောချင်လို့ ခေါ်လာတာ



''မမရယ်''

မကြာခင် ကားလေးက အင်းလျားလမ်းမပေါ်သို့ ရောက် ခဲ့သည်။ ထိုမှတစ်ဆင့် မြေနီလမ်းလေးပေါ်သို့ ပိတောက်ပင် အောက်မှာ ကားလေးကို ထိုးရပ်လိုက်ပြီး မမက ကားပေါ်မှ ဆင်းလိုက်သည်။ မမနောက်က လင်းထက်။

''ကဲ...လင်းထက် မမကတော့ စကားပြောပြတ်တယ်၊ သူများတွေလို သွယ်ဝိုက်ပြီးလည်း မပြောတတ်ဘူး၊ ပြီးတော့ သိမ်လည်ပြီး မပြောတတ်ဘူး၊ မမ မင်းကို ရှင်းရှင်းလင်းလင်းပဲ မေးမယ်၊ မင်းနဲ့ အခုကြိုက်နေတဲ့ ကောင်မလေးနာမည်က ဘယ်သူလဲ''

''ခင်ဗျာ''

မမထံမှ မထင်မှတ်သောအမေးကြောင့် အံ့ဩတုန်လှုပ် သွားရသူက လင်းထက်။

''မမ မေးနေတယ်လေကွာ၊ မင်းနဲ့ကြိုက်နေတဲ့ ကောင်မလေးနာမည်က ဘယ်သူလဲဆိုတာ မမကို ပြောစမ်းပါ ကွာ''

မမ သိနေပြီဆိုတော့ မမကို လင်းထက် မလိမ်ချင်တော့ ပါ၊ အမှန်အတိုင်းပဲ ဖွင့်ပြောလိုက်မိတော့သည်။

''ကဗျာ...ကဗျာပါ မမ၊ မမပြောတဲ့ ဒေါ်မိမိမေရဲ့ သမီးပါ''

www.burmeseclassic.com

www.burmeseclassic.com



"အေး…ဒီနေ့ကစပြီး အဲဒီ ကဗျာဆိုတဲ့ ဒေါ်မိမိမေ
သမီးကို မင်းမေ့ပစ်ရမယ်၊ မင်း မုန်းပစ်ရမယ်၊ အိုကွာ…မ
အသည်းနှလုံးထဲက အဲဒီကောင်မလေးကို အပြီးအပိုင် ဆွဲထုတ်
လိုက်တော့"

"ဘယ်…ဘယ်လို မမ၊ ကဗျာကို ကျွန်တော်မုန်း
ရမယ်၊ ကဗျာကို ကျွန်တော် မေ့ပစ်ရမယ် ဟုတ်လား"

"အေး…မင်း သူ့ကိုမေ့ဖစ်ရမယ်၊ အဲဒါ မမ အ
ချင်ဆုံးဆန္ဒပဲ၊ ဒီနေ့ကစပြီး အဲဒီ ကဗျာဆိုတဲ့ ကောင်မလေး
မင်း လုံးဝဆက်သွယ်စရာ မလိုတော့ဘူး"

"ဘာဖြစ်လို့လဲ မမရယ်၊ ကဗျာဆိုတာ ကျွန်တေ
ငယ်ငယ်လေးကတည်းက…"

"တော်စမ်း လင်းထက်၊ မင်းပါးစပ်ကို ပိတ်ထားလိုက်
စမ်း"

ပန်းနုဝေ သူ့ကို အော်မိပြန်သည်။ သူမနှုတ်ခမ်း
တဆတ်ဆတ်လှုပ်အောင် နာကျင်မှုက ရင်ထဲ လှိုက်တက်
သည်။

"ဒီမှာ မင်းကို မမပြောမယ်၊ မမစကားကို မင်း သေ
နားထောင်စမ်းပါ၊ မင်း သူ့ကို အဆက်ဖြတ်ပါ"

သည်စကားတစ်ခွန်းတည်းကိုပဲ ထပ်ခါထပ်ခါ ပန်း
ပြောနေမိသည်။ ကျေးဇူးရှင် မမက ပြောနေသည့်စကား



ခေါင်းငုံ့လျက်သာ လင်းထက် နာခံရတော့သည်။

မမရယ် ကျွန်တော့်ချစ်သူကို ဘယ်လိုလုပ်ပြီး ကျွန်တော်က မုန်းမေ့ရက်စက်နိုင်ရမှာလဲဗျာ။ အဲဒီလောက် ပြတ်သားရမယ့် အသည်းနှလုံးမျိုး ကျွန်တော့်ရင်ထဲမှာ မရှိသေးပါဘူး မမ။

"လောကကြီးမှာ တစ်သက်မမေ့နိုင်စရာ သံသရာ အဆက်ဆက် ခွင့်မလွှတ်နိုင်စရာအဖြစ်မျိုးကို မမ ငယ်ငယ်လေး ကတည်းက ခံစားခဲ့ရတယ်ဆိုရင် မင်း ယုံမလား လင်းထက်"

မမမျက်လုံးတွေကို လင်းထက် လှမ်းကြည့်မိသည်။ မမ မျက်လုံးထဲမှာ ကြေကွဲနေတဲ့ အတိတ်က အရိပ်အယောင်တွေ လွင်ဟပ်နေသည်ဟု ထင်သည်။ မမ ကျောက်ရုပ်တစ်ရုပ်လို ငြိမ် သက်နေပြီး ဟိုအဝေးက တစ်စုံတစ်ခုကို အလေးအနက် တွေးနေ သတော့သည်။

"ကဲပါကွာ ဒါတွေပြန်ပြောရမှာ မမရင်နာတယ် လင်း ထက်၊ အကောင်းဆုံးက ကဗျာဆိုတဲ့ကောင်မလေးကို မင်း မေ့ပစ် လိုက်တာ အကောင်းဆုံးပဲ။ မမကိုလည်း မင်း ဘာမှထပ်မမေးပါ နဲ့တော့။ ကဲ … ပြန်ကြရအောင် ကားပေါ်တက်"

မမစကားကို အသက်မဲ့နေသူတစ်ယောက်လို လင်းထက် နာခံလိုက်သည်။

ကဗျာရယ် …

ဘယ်သူတွေ ဘာပြောပြော ကဗျာကို မောင် မမုန်းဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာ အပေါ်မှာ မောင် ထာဝရ သစ္စာရှိနေပါ့မယ်ကွာ။ ညရောင်တော့ မမကို ဆေးခန်းမှာ လင်းထက် သွားကြိုလိုက်သည်။ မေ့မျက်နှာက တည်ငြိမ်နေ၏။

“လင်းထက်”

“ခင်ဗျား မမ”

“မမကို ဘုရားလိုက်ပို့ပေးစမ်းပါ”

“အင်း ...”

“ရော့ မမ၊ မမချမ်းနေမှာစိုးလို့ အနွေးထည် ယူလာတာ”

ကားမောင်းနေရင်း အနွေးထည် အပြာနုရောင်လေးကို မမဆီလင်းထက် လှမ်းပေးလိုက်သည်။

“မမ ပြောတာကို မင်း သေသေချာချာ စဉ်းစားပြီးပြီလား လင်းထက်”

“ဘာကိုလဲ မမ”

“ကဗျာနဲ့ ကိစ္စပေါ့ကွ”

“ဘာလဲ လင်းထက်၊ မင်းက သိပ်ကိုသစ္စာရှိနေသလား မမကိုပြောစမ်း။ ကောင်မလေးကရော မင်းကို တကယ်ချစ်ရဲ့ဟုတ်ရဲ့လား”

“ချစ်တာပေါ့ မမရာ၊ ကျွန်တော်တို့နှစ်ယောက်က ငယ်ငယ်လေးတည်းက အရမ်းချစ်တဲ့ သူငယ်ချင်းတွေ မမရ”

“မင်းဘယ်အရွယ်ကလည်း”



“ကျွန်တော် ငါးတန်းနှစ်ကပါ မမ၊ ဟိုတုန်းက သူနဲ့ ကျွန်တော်က တစ်တန်းတည်းမှာ အတူတူကျောင်းတက်ဖူးတယ်လေ။ ကျွန်တော်တို့ သားအဖနှစ်ယောက် မန္တလေးကိုပြောင်းတော့ ကဗျာနဲ့ ကျွန်တော်ခွဲခဲ့ရတာ ခုမှ ပြန်တွေ့ကြပြီး ချစ်သူတွေဖြစ်ခဲ့တာပါ”

မမ ငြိမ်ပြီးနားထောင်နေပြီး ပင့်သက်ကလေးတစ်ခု ချမိဖြန့်သည်။

“အေးလေကွာ ဘာပဲဖြစ်ဖြစ် အဲဒီကောင်မလေးကို မင်းမေ့လိုက်တာ အကောင်းဆုံးပဲလို့ မမကတော့ ပြောချင်တယ်”

“ကျွန်တော် မသိလို့မေးပါရစေနော် မမ၊ မမ ဘာဖြစ်လို့ ကျွန်တော့်ချစ်သူကို မုန်းခိုင်း မေ့ခိုင်း ရက်စက်ခိုင်းရတာလဲဟင် မမ”

“မကြည်ဖြူနိုင်လို့ပေါ့ကွ”

အရမ်းပြတ်သားသည့်စကား။ မမကို လှမ်းကြည့်လိုက်တော့လည်း မမပုံစံက တကယ့်ကို ခပ်တည်တည်။ မမက ဆက်ပြောနေသည်။

“ဒီမှာ လင်းထက်၊ မင်းတစ်သက်လုံး မှတ်ထားဖို့က တစ်လောကလုံးမှာ ဘယ်သူ့ကိုမှ မင်း မချစ်ရဘူးကွာ။ ဒီမှာ ကုန်ကုန်ပြောမယ်။ မင်း မမနဲ့ပဲ နေရမယ်”

“ခင်ဗျာ”

“မင် မမနဲ့ပဲ တစ်သက်လုံးနေရမှာကို ပြောတာကွ”

www.burmeseclassic.com

www.burmeseclassic.com



မမ အသံက ပိုကျယ်လောင်သွားသည်။

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ် မမ၊ ကျွန်တော့်အဖေက ရှိသေးတယ်"

"မင်းဟာ သိပ်ခက်ပါလား လင်းထက်။ ဒီမှာ မင်းသိပ်ချစ်တဲ့ မင်းဖေဖေကိုလည်း မမပစ်ပယ်မထားပါဘူး။ အရေးကြီးတာက မမနဲ့ မင်းနေရဖို့ပဲ"

"မမရယ် ..."

"မမဆီမှာ မင်းနေရင် မမရဲ့စည်းစိမ်ဥစ္စာတွေအားလုံး မင်းရမယ်၊ မင်းအတွက် မမ အားလုံးစီစဉ်ထားပြီးပြီ၊ မင်းသာ ကဗျာဆိုတဲ့ ကောင်မလေးကို ဖြတ်လိုက်"

"မဖြတ်နိုင်ဘူးဆိုရင်ရော ..."

"ဘာ ...ဘာပြောတယ်"

"ကျွန်တော့်ချစ်သူကို ကျွန်တော် ဘယ်လိုမှ မဖြတ်နိုင်ဘူးမမ။ အဲဒီအတွက် မမ ကျွန်တော့်ကို ပစ်ဒဏ်ပေးမယ်ဆိုရင်တောင် ကျွန်တော့်ဘက်က မမပေးတဲ့ အပြစ်ဒဏ်ကို ခံယူဖို့အဆင်သင့်ပါပဲ မမ"

"ပြတ်သားလှချည်လား"

သူ့မျက်နှာကို ချာခနဲ လှည့်ကြည့်ရင်း ယန်းနုဝေ ပြုံးလိုက်မိသည်။

"ပြတ်သားတာ မဟုတ်ပါဘူး မမ အချစ်ပါ။ ကဗျာကို ကျွန်တော် ဘယ်လောက်အထိ ချစ်တယ်ဆိုတဲ့ အချစ်ပါ"



"ဒီမှာ လင်းထက် မင်း ဘယ်လောက်ချစ်ချစ် မင်းချစ်သူကို အခြားတစ်ယောက်နဲ့ အမြန်ဆုံးလက်ထပ်ပေးစားတော့မယ်ဆိုတာကိုရော မင်းသိရဲ့လား"

"သိတာပေါ့ မမရာ၊ ဒီလောက်အရေးကြီးတဲ့ကိစ္စကို ကျွန်တော် မသိဘဲနေပါ့မလား၊ မသိတာက သူတို့ပါ။ မနက်ဖြန်မနက်ကျရင် ကျွန်တော်နဲ့ ကဗျာ ရုံးတက်ပြီး နှစ်ဦးသဘောတူလက်ထပ်တော့မယ် မမ"

"ဘာ"

နားထဲမှာ ကျယ်လောင်စွာ ပေါက်ကွဲလွင့်စင်မတတ် ဒေါက်တာယန်းနုဝေ၏ အသည်းနှလုံးများကို လှုပ်ခါယမ်းသလို ခံစားလိုက်ရသည့်အသံ၊ မီးတောက်တစ်ခုက ရင်ထဲမှာ လောင်မြိုက်သွားသလိုဖြစ်နေသည်။

"လက်မထပ်ရဘူး လင်းထက်၊ မင်း သူ့ကို ဘယ်နည်းနဲ့မှ လက်မထပ်ရဘူး"

ခေါင်းကလေးကိုခါရင်း ကြေကွဲထိခိုက်စွာ ယန်းနုဝေပြောနေမိသည်။

"မမစကားကို မင်း နားထောင်စမ်းပါ မောင်လေးရယ်၊ မင်း သူ့ကို လက်မထပ်ပါနဲ့နော်၊ မမ မင်းကို အနူးအညွတ်တောင်းပန်တယ် သိလား"

ဘုရားရောက်တော့ မျက်လုံးလေးတွေ စုံမှိတ်ရင်း ဝတ်ပြု

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းနေသော မမမျက်နှာလေးကို လင်းထက် ကြည့်နေမိသည်။ တကယ်တော့ မမသည် သူ၏ ကျေးဇူးရှင်မမ။ မိမိဘဝလေးကို ဖြူဝင်းသောမေတ္တာဖြင့် ကယ်တင်စောင့်ရှောက်လာသည့် မမ။

ခုချိန်မှာ မမသည် သူ့ကြောင့် စိတ်နှလုံးထိခိုက်ခံစားနေရပြီး သိသာစွာ ညှိုးငယ်နေသော မမမျက်နှာလေးကို လင်းထက် မကြည့်ရက်နိုင်ပါ။ မမသည် အဘယ်ကြောင့် မိမိ၏နှလုံးသားလွတ်လပ်ခွင့်ကို တားဆီးပိတ်ပင်နေရပါသနည်း။ လင်းထက် အရမ်းသိချင်နေသည်။ အပြန်လမ်းမှာ မမသည် တိတ်ဆိတ်ငြိမ်သက်စွာ နှုတ်ဆိတ်နေသည်။ ခြံထဲရောက်တော့လည်း လင်းထက်ကိုပင် နှုတ်မဆက်တော့ သူမအိပ်ခန်းရှိရာ အပေါ်ထပ်သို့ တန်းတက်သွားတော့သည်။ မမအပြုအမူကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရသူက လင်းထက်ရယ်ပါ။

မမရယ် ...

မမကို ကျွန်တော် ဘယ်လိုမှ နားမလည်တော့ဘူး။ မမ ကျွန်တော့်ကို ချစ်တာ ဖြူစင်တဲ့အချစ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ကျွန်တော် မမြင်အောင်ကွယ်ရင်း ကျသွားတဲ့ မမရဲ့ မျက်ရည်တွေကို ကျွန်တော် မြင်ပါတယ်။

မငိုပါနဲ့ မမရယ်။

o o o

## အခန်း [၂၄]

"မမ"

"မမ ထတော့လေ"

"မမ"

"ဟင်...မမတစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေပါလား မမ"

"ဟင်...လင်းထက်"

"နိုးနေပြီလား မမ၊ မမကိုယ်တွေ အရမ်းပူနေတယ်ဗျ။ နေဦး မမ၊ ဆေးသေတ္တာ ကျွန်တော် သွားယူလိုက်ဦးမယ်"

မမရယ်...

"ဘာဆေးသောက်ထားလဲဟင် မမ၊ ဆေးထိုးဖို့လိုရင် မမမိတ်ဆွေ ဆရာဝန်တစ်ယောက်ယောက်ကို ကျွန်တော် ဖုန်းဆက်ခေါ်လိုက်မယ်လေ၊ ဒေါ်ပိန့်ရေ အပေါ်ကို တက်ခဲ့ပါဦးဗျာ၊ ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



မမ ဖျားနေလို့''

ဒေါ်ပိန်ကို လင်းထက် အော်ခေါ်လိုက်သည်။ ဒေါ်ပိန် အပြေးလေး အပေါ်သို့တက်လာတော့သည်။

မမက...

''မင်း ကျောင်းမသွားဘူးလား လင်းထက်၊ မင်း ဒီနေ့ မင်းကောင်မလေးနဲ့ လက်ထပ်ဖို့ကိစ္စရှိတယ်ဆို သွားပါကွ''

''မသွားတော့ဘူး မမ၊ မမ အရမ်းဖျားနေတာကို ကျွန်တော်သိတယ်''

''ရတယ် လင်းထက်၊ မမစကားကို မင်း နားမထောင်နဲ့၊ မင်းကို မမ ခွင့်လွှတ်...ခွင့်လွှတ်လိုက်ပါပြီကွယ်''

''ဟင်...ခိုင်နဲ့လေ မမရယ်''

ပူနွေးသော မျက်ရည်စီးကြောင်းတို့ ပန်းနုဝေ၏ ပါးပြင်လေးနှစ်ဖက်ပေါ်သို့ စီးကျခဲ့ရပါပြီ။ လင်းထက်က ဒေါ်ပိန်ကို ရေနွေးတစ်အိုး အဆင်သင့်လုပ်ပေးပါ ဒေါ်ပိန်။ မမ အရမ်းဖျားနေလို့။ ဒေါ်ပိန် မြန်မြန်ဆင်းသွားသည်။

''မမရယ်''

မမကိုကြည့်ပြီး လင်းထက် စိတ်မကောင်းဖြစ်နေရသည်။

''လင်းထက်''

''ခင်ဗျာ...မမ''

''ကဗျာကို မင်း လက်မထပ်တော့ဘူးလားဟင်၊ မင်း



အလာကို သူ စောင့်နေမှာပေါ့ လင်းထက်ရယ်၊ တကယ်စဉ်းစားကြည့်ရင် မင်းသိပ်ချစ်တဲ့ ကဗျာမှာ ဘာအပြစ်မှ မရှိပါဘူးကွာ''

''မမရယ်''

''ဒါ...ဒါပေမဲ့ ဒေါ်မိမိမေကိုတော့ မမ မုန်းတယ် လင်းထက်၊ အိုကွာ...မင်း သူ့ကို လက်မထပ်ရဘူး၊ မင်း ဒေါ်မိမိမေရဲ့ သမီးကို လက်မထပ်ရဘူး၊ မသွားနဲ့...မသွားနဲ့''

''မမ...မမ''

အဖျားတက်ပြီး ကယောင်ကတမ်းစကားတွေ မမ အော်ဟစ်နေသည်။

''မမ အနားမှာ ကျွန်တော်ရှိတယ်လေ၊ မမ ဘာတွေ ပြောနေတာလဲ''

''မင်း မသွားရဘူး လင်းထက်၊ ဒေါ်မိမိမေကို မမ မုန်းတယ်...မုန်းတယ်''

ဒေါ်ပိန် ရေနွေးတစ်အိုးနဲ့ ပြန်ရောက်လာသည်။

''လုပ်ပါဦး ဒေါ်ပိန်၊ မမကို ခဏကြည့်ထားပါဦး၊ ကျွန်တော် ဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်မယ်''

မမသူငယ်ချင်း ဆရာဝန်မကို ဖုန်းဆက်ခေါ်လိုက်သည်။ ပြီးတော့ ရေခဲသေတ္တာကိုဖွင့်ပြီး ရေခဲတုံးလေးတွေ ယူလိုက်သည်။ ဒေါ်ပိန်အကူအညီဖြင့် မမ နဖူးပေါ် ရေခဲတင်သည်။

''ဟင်း..ဟင်း...ချမ်းလိုက်တာ မောင်လေးရယ်၊ သူတို့

www.burmeseclassic.com

www.burmeseclassic.com



မမကို အရမ်းရက်စက်တယ်၊ မမလေ…မမ"

"မမ"

မမအနားကနေ ကျွန်တော် ဘယ်ကိုမှမသွားတော့ပါဘူး မမရယ်။

ဂျပ်ဆင်ရှေ့က ဝါးရုံပင်လေးအောက်ကို မနက် ကိုးနာရီကတည်းက ကဗျာ ရောက်နေသည်။ ဒီနေ့က မောင်နဲ့ နှစ်ဦးသဘောတူ တိတ်တိတ်လေး လက်ထပ်ထားမည့်နေ့။ ကိုးနာရီထိုးတဲ့အထိ မောင် ရောက်မလာသေး။ မောင်ပြောခဲ့တဲ့ စကားလေးတွေကို ပြန်သတိရနေမိသည်။

"ကဗျာနဲ့သာ လွဲမယ်ဆိုရင် မောင့်ဘဝဟာ ဘာမှ အဓိပ္ပာယ်ရှိတော့မှာမဟုတ်ဘူး၊ ကဗျာကိုပဲ မောင် ချစ်တယ်၊ ကဗျာကိုပဲ မောင် ချစ်တယ်၊ ကဗျာကိုလေ ရင်ထဲမှာ တုန်နေအောင်ကို ချစ်တာပါ"

"ကဗျာကတော့ အတူတူနေရတဲ့ တစ်နေ့ကျမှ မောင့်စကားကို ယုံတော့မယ် မောင်"

"ကဗျာရယ်…မောင်က ယောကျာ်းလေးပါကွာ၊ ဖြစ်လာမယ့် အခက်အခဲပြဿနာတွေအားလုံး မောင် ရင်ဆိုင်ပါ့မယ်၊ ကဗျာ ဘာမှအားမငယ်နဲ့နော်"

မောင်ပြောခဲ့တဲ့ စကားလေးတွေကို ကဗျာ ကြားယောင်မိသည်။ ရွှင်လန်းတက်ကြွနေသော မောင့်မျက်နှာလေးကိုကြည့်



ပြီး ကဗျာ ရင်ထဲမှာ အင်အားတွေပြည့်ခဲ့ရသည်။ ကဗျာ ပျော်နေခဲ့သည်။ ကဗျာက နာရီလေးကို မြှောက်ကြည့်လိုက်သည်။ ဆယ်နာရီထိုးတော့မည်။ မောင့်အရိပ်လေးကိုတော့ ခုချိန်ထိ မတွေ့ရသေးပါ။

"မောင်တို့နှစ်ယောက်ဘဝက အရမ်းပဲဆိုးတယ်နော်၊ လွတ်လွတ်လပ်လပ်တောင် မတွေ့ရဲတဲ့ဘဝ၊ တစ်နေ့တစ်နေ့ ဘာပြဿနာတက်မလဲဆိုပြီး ရင်တထိတ်ထိတ်နဲ့ချစ်နေရတာ၊ မောင်ကတော့ ဆုံးဖြတ်ထားတယ်၊ ကဗျာကိုတော့ မောင် လက်လွှတ်အဆုံးရှုံး မခံနိုင်ဘူး"

မောင့်ရဲ့ ကြည်နူးဖွယ်စကားသံလေးတွေ၊ ကဗျာ ယုံကြည်အောင် သစ္စာစကားလေးတွေ၊ ယုယနွေးထွေးတဲ့ မောင့်ရဲ့ အနမ်းချိုချိုလေး၊ ကတိစာချုပ်လေးကိုလည်း မောင် ချုပ်ဆိုခဲ့သည်။ ရင်ခုန်တမ်းတစွာဖြင့် မောင်ပြောခဲ့တဲ့ စကားသံလေးတွေ ကဗျာ ကြားယောင်မိသည်။ ကဗျာရဲ့မျှော်လင့်ချက်က မောင့်ကို ထာဝစဉ် ပိုင်ဆိုင်ရယူလိုသည့် ဆန္ဒလေးပါ။

ခုတော့…

ကဗျာ မြတ်နိုးခဲ့ရသော မောင်သည် ကဗျာထံသို့ ဘာကြောင့် မရောက်လာရတာလဲ၊ သက်သေလုပ်ပေးကြမည့် သူငယ်ချင်းတွေက နားမလည်နိုင်သောအကြည့်တွေနဲ့ ကဗျာ့မျက်နှာလေးကို ဝိုင်းကြည့်နေကြသည်။ မောင့်သူငယ်ချင်း ဖိုးကျော်ကို ကဗျာ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမေးသည်။

"ကိုဖိုးကျော်ရယ်…မောင်က ကြာလိုက်တာနော်၊ လမ်းမှာ မောင် တစ်ခုခုများဖြစ်နေပြီထင်တယ်"

"ကျွန်တော်လည်း အဲဒါကိုပဲ စဉ်းစားနေတာ၊ တစ်ခုခု ဖြစ်နေတာကတော့ သေချာတယ်"

ကဗျာ့ပုံစံက စိုးရိမ်နေသည့်ပုံ၊ ဆယ့်နှစ်နာရီထိုးသည် အထိ မောင် မလာတော့မှ မောင့်အိမ်ကိုလိုက်ဖို့ ကဗျာ ဆုံးဖြတ် လိုက်သည်။

"ကဗျာကို မိန်းကလေးတန်မဲ့ ဒီအထိ လိုက်လာတယ် ပြောရင်လည်း အပြောခံမယ် ကိုဖိုးကျော်၊ ကျွန်မကို ကူညီပေး ပါ"

ဖိုးကျော်တစ်ယောက် ကဗျာ့ကို လိုက်ပို့ပေးလိုက်သည်။ မောင် နေထိုင်ရာ ခြံကျယ်ကြီးနားရောက်တော့မှ ကဗျာ့ရင်တွေ ခုန်လာမိသည်။

"ဒီမှာ ခင်ဗျာ…ဒီမှာ"

ခြံဝမှာတွေ့သော မိန်းမကြီးတစ်ယောက်ကို ကိုဖိုးကျော် က လှမ်းခေါ်နေသည်။

"ဒီခြံထဲမှာ လင်းထက်ဆိုတာ ရှိလားဟင်"

"ရှိတယ်၊ မင်းတို့က ဘယ်သူတွေလဲ"

"ဟို…သူ့သူငယ်ချင်းတွေပါ၊ သူ ကျောင်းမတက်လို့



ဒိတ်ပူပြီး လိုက်လာတာပါ"

"အထဲဝင်လေ"

ဒေါ်ပိန် တံခါးဖွင့်ပေးလိုက်သည်။ ကဗျာ မျက်နှာလေး နှင့် အထဲကို လိုက်ဝင်ခဲ့သည်။

"သူ့မမ နေမကောင်းလို့ ကျောင်းမလာနိုင်တာပါ၊ သူ အပေါ်ထပ်မှာရှိပါတယ်၊ တက်သွားလိုက်ပါ"

"ကျေးဇူးပဲ ဒေါ်ဒေါ်"

"မမ ဟုတ်လား ကိုဖိုးကျော်၊ ဘယ်က မမလဲ၊ မောင့် မှာ မမဆိုတာ ဘယ်တုန်းက ရလိုက်တာလဲ"

"ကဗျာရယ်"

ကဗျာ့အမေးကို ကိုဖိုးကျော် မဖြေနိုင်ပါ။ လှေကားထိပ် က အခန်းဝမှာ ကဗျာတို့နှစ်ယောက် ရပ်နေမိကြသည်။

"လက်မထပ်ရဘူး လင်းထက်၊ ကဗျာဆိုတဲ့ ကောင်မလေးကို မင်း ဘယ်တော့မှ လက်မထပ်ရဘူး၊ မင်း မအနား တစ်သက်လုံးနေရမယ်"

"အို"

အခန်းထဲက ကြားလိုက်ရသောစကားကြောင့် ကဗျာ ကိုယ်လေး ယိုင်သွားမတတ် ဖြစ်ရလေသည်။ ကဗျာ့မျက်လုံးထဲ က မျက်ရည်ပေါက်တွေ တစ်ပေါက်စီ လိမ့်ဆင်းသွားရသည့်အထိ သူတို့ပြောနေသောစကားတွေက ကဗျာ့နှလုံးသားထိအောင် စူးရှ

www.burmeseclassic.com

www.burmeseclassic.com



လေသည် မဟုတ်လား။

"ဒေါ်မိမိမေကို မမ မုန်းတယ်၊ ဒီလို ရက်စက်ယုတ်မာတဲ့ သွေးမျိုးကို မင်း လုံးဝလက်မထပ်ရဘူးကွာ၊ မမကို ချစ်တယ်ဆိုရင် မမ စကားကို မင်း နားထောင်ပါ လင်းထက်ရယ်"

"အဟင့်…ဟင့်"

"ဟာ…ကဗျာ မငိုနဲ့လေ"

မျက်နှာကို လက်ဖဝါးလေးနှင့်အုပ်ကာ ရှိုက်ငိုရင်း တိုက်အပေါ်ထပ်မှ ကဗျာ ပြေးဆင်းခဲ့သည်။ ထိခိုက်ကြေကွဲမှု တစ်လမ်းလုံး ကဗျာ ငိုလာခဲ့တော့သည်။

ခုတော့ ကဗျာတစ်ယောက်တည်း ကန်တော်ကြီးစောင်းက စကားဝါပင်ကြီးအောက် ရောက်ခဲ့ရပြီလေ။

မောင်ရယ်….

ဒီစကားဝါပွင့်လေးတွေကို ကဗျာ ဘယ်လိုမျက်နှာပြရမလဲ မောင်ရယ်။ ရက်စက်လိုက်တာ မောင်ရယ်။ ရက်စက်ယုတ်မာတဲ့သွေးမျိုးကို မောင် လက်မထပ်ရဘူးတဲ့လား။ မမ ဆိုတဲ့သူတစ်ယောက်ရဲ့ အမိန့်နဲ့ ကဗျာကိုတောင် မောင် လက်မထပ်ရဲတော့ဘူးလား။ မျက်ရည်လေးတွေက ထိခိုက်ကြေကွဲနေသောပါးပြင်ပေါ်သို့ တစ်ပေါက်ချင်း စီးကျလာနေသည်။ ကဗျာ ရင်ထဲမှာ ဝမ်းနည်းမှုတွေနဲ့အတူ နာကျင်ခံစားနေရတယ် မောင်ရယ်၊ အသည်းနှလုံးတွေ တစ်စစီဖြစ်အောင် လုပ်ရက်လိုက်တာ မောင်



ရယ်။ မောင်ပြောခဲ့တဲ့ စကားတွေကို မေ့လိုက်ပြီလားဟင်။ အားလုံးကို မောင်ရင်ဆိုင်မယ်ဆို။ ကိန္နရီ ကိန္နရာမောင်နှံနှစ်ဖော်ဟာ တစ်ယောက်သေရင်တောင် တစ်ယောက်က လိုက်သေကြတာတဲ့။ ကိန္နရာဆွဲပြားလေးကို မောင် သတိရပါဦး မောင်ရယ်။

ကဗျာ ကိုယ်လေး တဆတ်ဆတ်တုန်နေအောင် ရှိုက်ငိုတော့သည်။

မိုးကျော်နဲ့ လင်းထက် ကဗျာ့နောက်ကို ပြေးလိုက်ခဲ့သော်လည်း မတွေ့ရတော့သဖြင့် ဝမ်းနည်းစွာ လင်းထက် လှည့်ပြန်ခဲ့ရသည်။ မိမိကို ကဗျာ အထင်လွဲသွားမှန်း လင်းထက် သိခဲ့ရသည်။ ကျေးဇူးရှင် မမနှင့် ကဗျာ့ကြားမှာ မောင် ဘာဆက်လုပ်ရတော့မှာလဲကွာ။

ကဗျာ့အပေါ်မှာတော့ မောင် ထာဝရ သစ္စာရှိနေမယ်ဆိုတာ ယုံပါ ကဗျာရယ်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၂၅]

"မ…မ"

"ခဏနေပါဦး မမရယ်"

"ဟင်"

သူမနောက်ကို ပြေးလိုက်လာသည့် ခြေသံကြောင့် ဒေါက်တာပန်းနုဝေ နောက်ကို ချာခနဲ ပြန်လှည့်ကြည့်လိုက်မိသည်။

"မ…မ"

"ဟင်…မင်းဘယ်သူလဲ"

ဖြူနုဝင်းဝါသော အသားအရေပိုင်ရှင်၊ မျက်လုံးဝိုင်းဝိုင်း နှာတံပေါ်ပေါ် ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက်မှ သူ့ကို မျက်တောင်မခတ်ဘဲ ဒေါက်တာပန်းနုဝေ ကြည့်လိုက်မိသည်။



"ကျွန်မနာမည်က ကဗျာပါ မမ"

"အို"

ပန်းနုဝေ၏မျက်လုံးထဲမှာ အံ့သြနေသည့် အရိပ်လေး တွေ ချက်ချင်း ထင်ဟပ်သွားသည်။

ကဗျာ ဆိုပါလား။

"မင်းနာမည်က ကဗျာ ဟုတ်လား"

"ဟုတ်…ဟုတ်ပါတယ် မမရယ်၊ မမကို ပြောစရာ တွေ ရင်ထဲမှာ အများကြီးရှိနေလို့ မမ ရှိတဲ့နေရာကို မရရအောင် စုံစမ်းပြီး ညီမ လိုက်လာခဲ့ရတာပါ"

"ဒါဆို မင်းက ဒေါ်မိမိမေရဲ့ သမီးပေါ့"

"ဟုတ်ပါတယ် မမ၊ ဒေါ်မိမိမေရဲ့ သမီးပေါ့"

နာကျင်မှုက ဒေါက်တာပန်းနုဝေ၏ အသည်းနှလုံးထဲ အထိ ဖောက်ထွင်းဝင်ရောက်လာသည်။

"ကဲ…မင်း ဘာပြောချင်လို့လဲ"

"ဟိုလေ…ဟို…ညီမ…ညီမ သူ့ကိုမခွဲနိုင်အောင် ချစ်ခဲ့တာပါ မမရယ်၊ ညီမတို့နှစ်ယောက် လက်ထပ်ပါရစေနော်၊ မမကို ညီမ တောင်းပန်ပါတယ်၊ ဟင့်…ဟင့်"

"ဟော့…ဟော့…မငိုနဲ့လေကွာ"

ပန်းနုဝေက လှမ်းပြောလိုက်သော်လည်း ကဗျာကတော့ ကိုယ်လေး သိမ့်ခါနေအောင် ရှိုက်ငိုလိုက်ပြီးဖြစ်သည်။ ကဗျာ

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ထိနိုက်ခံစားနေသည်လေ။

"ညီမရင်ထဲမှာ အရမ်းခံစားနေရပြီ မမရယ်၊ မမေ့ပတ်သက်ပြီး ညီမတို့နှစ်ယောက်ကိုတော့ မခွဲပါနဲ့ မမ"

ရှိုက်သံလေးဖြင့် မမကို ကဗျာပြောနေမိသည်။ ကျောက်ရုပ်တစ်ရုပ်လို ဘာမှမပြောဘဲ နှုတ်ဆိတ်နေသူက ပန်းနုဝေပါ။ ဂျူတီကုတ်အဖြူလေးဝတ်ပြီး နားကြပ်လေးကို ပခုံးမှာချိတ်ထားသည့် မမနှင့် ဝေဒနာသည်မလေး ကဗျာကို လူတွေက လှည့်ကြည့်သွားကြသည်။ မမကို တွေ့ချင်လွန်း၍ ရန်ကုန်ဆေးရုံကြီးရှိ မမ တာဝန်ကျရာအခန်းကို ကဗျာ မရမက စုံစမ်းပြီး ရောက်လာခဲ့ခြင်းဖြစ်သည်။

"ခွင့်လွှတ်ပါနော် မမ၊ ကဗျာတို့ကို ခွင့်လွှတ်ပေးပါ။ သူကလေ ကဗျာနဲ့ ဟိုတုန်းကတည်းက သံယောဇဉ်ရှိလာခဲ့တဲ့သူတွေပါ မမရယ်"

ပန်းနုဝေ နားထဲမှာ ကြားနေရသည် စကားတွေကတော့ ထိုစကားတွေမဟုတ်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က အသည်းနှလုံးထဲမှာ ရိုက်ခတ်စော်ကားခဲ့ရသည့် စကားသံတွေ အသည်းနှလုံးကို ဓားနဲ့မွှမ်းခံခဲ့ရသည့် အသံတွေ။

"နင်တို့သားအမိတွေကို ငါ ခြံထဲမှာမထားဘူးဟဲ့ ကျက်သရေယုတ်လွန်းတယ် သိရဲ့လား၊ အောက်တန်းစားတွေ ရုပ်ကလေး ဗန်းပြပြီး ငါ့ယောက်ျားကို အပိုင်ချိူင်ချင်တဲ့ဟာတွေ



နင်တို့မျက်နှာတွေကို ငါ့ခြံထဲမှာ မမြင်ချင်ဘူး၊ အခုထွက်သွားကြ"

မာနရှင် ဒေါ်မိမိမေရဲ့ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က အသံတွေ။

"မကြားချင်ဘူး၊ မမ ဘာမှမကြားချင်ဘူး"

ဒေါက်တာပန်းနုဝေရဲ့ နှုတ်ဖျားမှ ထိတ်လန့်စွာ ပေါ်ထွက်လာသည့် စကားသံတွေပါ။ နှုတ်ခမ်းတွေက တဆတ်ဆတ်တုန်နေပြီး အသည်းနှလုံးတွေ ဆူပွက်လာလေသည်။

"ဒီမှာ…ဒီမှာ"

"ရှင်"

ကဗျာ ကပျာကယာ ပြန်ထူးလိုက်သည်။

"မင်းပြန်ပါ၊ မင်း မမအနားက အခုထွက်သွားပါ၊ မင်းနဲ့မမ ပြောစရာစကား ဘာမှမရှိတော့ဘူးလို့ ထင်တယ်"

"ကျွန်မ…ကျွန်မ"

"ဟော့…ထွက်သွားတော့ဆိုတော့ မင်း မသိဘူးလား"

"အဟင့်…အဟင့်"

ကဗျာ ရှိုက်ငိုရင်း မမအနားမှ ပြေးထွက်လာခဲ့တော့သည်။

ကဗျာ ထားခဲ့သည့် ပစ္စည်းလေးကိုကြည့်ကာ တုန်လှုပ်ချောက်ချားသွားရသူက ပန်းနုဝေ။

"ဟင်…ဒါ…ဒါ ဖေဖေရဲ့…ဖေဖေရဲ့အသည်းပုံသွံပြား

www.burmeseclassic.com

www.burmeseclassic.com



လေးပါလား''

''ကဗျာ''

ကဗျာ့နောက်ကို ပန်းနုဝေ အပြေးလေးလိုက်ခဲ့သော်လည်း ကဗျာ အရိပ်အယောင်လေးတောင်မှ မတွေ့ရတော့ပါ။ ကဗျာ ကျန်နေခဲ့သည့် ဆွဲပြားလေးက သူမကို ခြောက်လှန့်နေပြီ။ မေမေ့ ကို ဖေဖေ ပေးသွားသည့် ဆွဲပြားလေး။ ဆွဲပြားလေးနောက်မှာ ရေးထိုးထားသည့် မြတ်နိုးလျက်ပါဆိုသော စာတန်းလေးက အထင်ကရ။ စာတန်းလေးအောက်မှာ ရက်စွဲတိုလေး။

''ကဗျာရယ်...မင်း ဒီပစ္စည်းလေးကို ဘယ်ကရလဲ ဆိုတာ မမ သိချင်လိုက်တာ၊ ဒါ ပစ္စည်းလေးက ဖေဖေ့ အမှတ်တရ လက်ဆောင်ပစ္စည်းလေးပါ၊ မောင်...ငါ့မောင်လေး''

လင်းထက်ရှိရာကျောင်းသို့ ပန်းနုဝေ လိုက်ခဲ့သည်၊ ထင်တဲ့အတိုင်း ကဗျာက လင်းထက်ဆီသို့ ရောက်နေလေပြီ။

''ဟင့်...မမ လိုက်လာတယ်''

နှစ်ယောက်သား စိုရိမ်ထိတ်လန့်စွာ လှူချင်းခွာလိုက်ကြသည်။

''မမကိုပြောစမ်း၊ ကဗျာ...ဒီပစ္စည်းလေးကို မင်း ဘယ်ကရတာလဲ''

''အို''

မမလက်ထဲက ဆွဲပြားလေးကိုကြည့်ပြီး ကဗျာ သတိရ



လိုက်သည်။ စောစောက မမစားပွဲပေါ်မှာ မေ့ကျန်ခဲ့တဲ့ ပစ္စည်း လေးပါ။

''ဒါ..ဒါ ကဗျာ့ယယ်ယယ်တုန်းက မောင်..မောင်ပေးခဲ့ တဲ့ အမှတ်တရ ဆွဲပြားလေးပါ မမရယ်''

''မောင်..ဟုတ်လား ကဗျာ၊ ဘယ်က မောင်လဲ၊ မမ ကိုပြောစမ်း''

''ကိုလင်းပါ မမ၊ မမရှေ့ကိုရောက်နေတဲ့ ကိုလင်းပါ''

''ဘာ...ဒါ လင်းထက်ပေးတာ၊ ဒါဆို..ဒါဆို''

မမစကားတွေကို ဘာတစ်ခုမှ လင်းထက် နားမလည် နိုင်ပါ။ မမ မျက်နှာကိုတော့ လင်းထက် အကဲခတ်ကြည့်နေမိ သည်။

''ကဲ...မင်းတို့နှစ်ယောက်ကို မမ ပြောပြရမယ့်အချိန် ရောက်ခဲ့ပြီပေါ့ကွာ''

ပန်းနုဝေ၏ မျက်ဝန်းတွေက အတိတ်ဆီသို့ ရောက်သွား လေသည်။

''ခု မမပြောမယ့်စကားတွေကို မင်းတို့နားထောင်ပြီးရင် မမရဲ့ ခံစားခဲ့ရတဲ့ဝေဒနာတွေကို မင်းတို့နားလည်မှာပါ၊ အင်းလေ.. ဘာပဲပြောပြော လူတစ်ယောက်ရဲ့ဘဝမှာ တစ်သက်တာမမေ့နိုင် စရာ အဖြစ်အပျက်တစ်ခုတော့ ရှိစမြဲပဲလေ...

ဒီလိုပါ၊ ဟိုးလွန်ခဲ့တဲ့ နှစ် နှစ်ဆယ်ကျော်က လရိပ်မွန်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ခြံကြီးထဲမှာ အိမ်ဖော်လုပ်ရင်း ဘဝကို ရုန်းကန်ခဲ့ရတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ဘဝက စပြောရတော့မှာပေါ့လေ၊ အဲဒီ အမျိုးသမီးနာမည်က ခင်သက်သက်ဝေတဲ့"

ဝ ဝ ဝ



## အခန်း [၂၆]

"ခင်သက်ဝေ"

"ရှင်...မေမေကြီး"

"ငါ့ရှေ့ကိုတိုးစမ်း"

"ဟုတ်...ဟုတ်ကဲ့"

လရိပ်မွန်ရဲ့ အရှင်သခင်တွေရဲ့အလယ်မှာ ခေါင်းလေးငုံ့ရင်း တုန်ယင်စွာရပ်နေသူက အသက်နှစ်ဆယ်အရွယ် လှသွေးကြွယ်ကာ ဖြူစင်ဝင်းမွတ်နေသည့် အသားအရေပိုင်ရှင် အိမ်ဖော်လေး ခင်သက်သက်ဝေရယ်ပါ။ ခင်သက်သက်ဝေရှေ့မှာတော့ လရိပ်မွန်ရဲ့ အရှင်သခင်ဖြစ်သော ဦးထိပ်ခေါင်နှင့် ဒေါ်မာလာ။

"ဒီမှာအေ့ ဒီမှာ၊ ညည်းကို ညည်းကိုယ်ညည်း သိပ်လှသိပ်ချောနေတယ်လို့ အောက်မေ့နေတာပေါ့လေ၊ ညည်းကိုယ် ညည်း

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်မဆိုတာရော သတိထားမိရဲ့လားဟဲ့"

"အို"

ခင်သက်သက်ဝေ တစ်ကိုယ်လုံး တုန်ယင်သွားရသည်။

"ညည်းလုပ်နေတာတွေအားလုံးကို ဘာမှမသိဘူးမှတ်နေသလား၊ ငါ့သမီး မိမိ လှသလို၊ ညည်းက လှမယ်ထင်နေလို့လား"

"မ..မဟုတ်ပါဘူး မေမေကြီးရယ်၊ မိမိကို သမီး မပြိုင်ရဲပါဘူး"

"ဘာမပြိုင်ရမှာလဲ မိသက်ဝေရဲ့၊ ငါ့သမီး မိမိရဲ့သူငယ်ချင်း ဖိုဘက်ခြံက ကိုကိုကို ပတ်ချွဲနပ်ချွဲနဲ့ ညည်း ဘာတွေသွားပြောသလဲ၊ ခုတော့ ဟိုက ငါ့သမီးကိုပြောလိုက်သတဲ့လေ"

"ဟင်"

"မိမိဆံပင်ထက် ညည်းဆံပင်က ပိုလှသတဲ့"

"မလှ...မလှပါဘူး မေမေကြီးရယ်"

"ဟင်း..ညည်းက ဟိုကမျက်စိကျအောင် အမျိုးမျိုးနေပြနေတာ တို့မသိဘူးထင်လို့လား၊ သွားစမ်း၊ ကတ်ကြေးသွားယူစမ်း"

ခင်သက်သက်ဝေ ကြောက်ကြောက်လန့်လန့်ဖြင့် ယူပေးလိုက်ရသည်။

"ရှေ့တိုးခဲ့"



"ဘာ...ဘာလုပ်မလို့လဲ မေမေကြီးရယ်၊ သမီးဆံပင်တွေကိုတော့ မဖြတ်ပါနဲ့နော်၊ သမီး...သမီး"

"ညည်း စကားမရှည်စမ်းနဲ့ ခင်သက်သက်ဝေ၊ ညည်းဟာ အိမ်ဖော်၊ ညည်းမှာ လှစရာအကြောင်း ဘာမှမရှိဘူး၊ နားလည်ရဲ့လား၊ အိမ်ဖော်ဟာ အိမ်ဖော်လိုနေတာ အကောင်းဆုံးပဲ၊ ကဲဟယ်"

"အား...နာပါတယ် မေမေကြီးရဲ့"

ရှည်လျားနက်မှောင်လွန်းလှသည့် ဆံပင်ရှည်တွေကို ဆောင့်ဆွဲခြင်းခံလိုက်ရသဖြင့် ခင်သက်သက်ဝေတစ်ယောက် လန့်အော်လိုက်မိသည်။

"မဖြတ်ပါနဲ့ မေမေကြီးရယ်၊ သမီးဆံပင်တွေကို မဖြတ်ပါနဲ့"

"ဖြတ်တယ်..ဖြတ်တယ်၊ ဒီလောက်တောင် လှချင်ဦး၊ ကဲဟယ်..ကဲဟယ်"

"အား"

အစုလိုက် အပုံလိုက် ပြတ်ကျသွားသည့် ဆံပင်တွေကို ကြည့်ရင်း ခင်သက်သက်ဝေတစ်ယောက် နာမြောတသစွာ ငိုလိုက်မိသည်။ သူမ အမြတ်တနိုး ထိန်းသိမ်းလာခဲ့သည့် နက်မှောင်သော ဆံပင်တွေ မရှိတော့ပါ။

"အဟင့်...အဟင့်"

www.burmeseclassic.com

www.burmeseclassic.com



“ငိုမနေနဲ့၊ တိတ်စမ်း၊ ကျက်သရေယုတ်တယ်၊ ညည်း ဆံပင်တွေကောက်ပြီး ခြံပြင်မှာသွားပစ်လိုက်၊ နောက်တစ်ခါ တိုင်တာဆို ငါ လုံးဝ မကြားချင်ဘူး၊ ငါ့သမီးနဲ့လည်း ညည်း ဘာမှပြိုင်စရာမလိုဘူး၊ ညည်းနဲ့ အဆင့်အတန်းတူလို့လား၊ ဟိုက သူဌေးသမီး၊ ညည်းက အိမ်ဖော်ပါအေ့”

ဒေါ်မာလာ၏ ရက်စက်လှသော စကားသံတွေကို ခင်သက်သက်ဝေ မကြားမိတော့ပါ။

“နောက်တစ်ခါ ဒါမျိုးကြားရင် ညည်းကို အလုပ်ထုတ် ပစ်မယ်၊ ကြားလား ခင်သက်သက်ဝေ”

“အဟင့်…အဟင့်”

ဆံပင်အပုံလိုက်ကြီးကို ကောက်ကိုင်လိုက်ပြီး ဒေါ်မာလာ ရှေ့မှ ထွက်သွားခဲ့သည်။ ခြံပြင်မှာ ပစ်လိုက်ဆိုသော်လည်း ခင်သက်သက်ဝေ မပစ်ရက်ပါ။ စက္ကူအိတ်လေးဖြင့် ဆံပင်တွေကို ထည့်သိမ်းရင်း တသိမ့်သိမ့် ရှိုက်ငိုနေမိတော့သည်။

“ငိုမနေပါနဲ့ ခင်သက်ဝေရယ်၊ ဆံပင်ဆိုတာ နောက် လည်း တစ်နေ့ ပြန်ရှည်လာမှာပဲဟာ၊ လာ..လာ..နင့်ဆံပင်ကို ညီညီညာညာလေးဖြစ်သွားအောင် နောက်က ငါ ပြန်ညှပ်ပေး မယ်”

ဒေါ်မြင့် ရောက်လာပြီး ဆံပင်တွေကို ညီညာအောင် ပြန်ညှပ်ပေးလိုက်သည်။ ဒေါ်မြင့်ကိုယ်တိုင်လည်း စိတ်မကောင်း



ဖြစ်နေသည်။

တကယ်တော့…

မိမိက သူဌေးသမီးမို့လို့ ဝတ်ကောင်းစားကောင်း ဝတ်နိုင် လို့ပါ။ ဒါပေမဲ့ ခင်သက်သက်ဝေကိုတော့ မမီ။ သူက အရမ်း လှသည်လေ။ ကော်ပတ်ရုပ်လေးအတိုင်းပဲ။ မျက်ဝန်းလေးက ကြည်ပြီး တောက်ပနေတာပဲ။ ပြေပြစ်တဲ့နဖူး၊ ဖြောင့်စင်းနေတဲ့ နှာတံ။ ပြီးတော့ နှုတ်ခမ်းဖူးဖူးလေးတစ်စုံ၊ ဝင်းဝါနေသော အသားအရေ၊ အရပ်အမောင်းလေးကလည်း ရှိသင့်တဲ့နေရာ ခန္ဓာကိုယ်အချိုးအစားပြေပြစ်ပြီး ပြောစရာမရှိအောင် လှပနေသည် မဟုတ်လား။

“အဲဒါ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ ညည်းသိလား၊ ဆောခြံက ကိုကိုက ညည်းကို စိတ်ဝင်စားနေမှန်းသိလို့ တမင် ရုပ်ဆိုးအောင်လုပ်တာ၊ ပြီးတော့မှ သူ့သမီး ‘မိမိနဲ့ ပေးစားမယ် လေ”

သူမကိုယ်တိုင် မကျေနပ်သော်လည်း ကိုယ်က အလုပ် သမားမို့ ငြိမ်နေရသည်။ မတရားတာတော့ လုံးဝ မတရား။

“သက်ဝေ…သက်ဝေ”

“ဟင်”

တစ်ဖက်ခြံစည်းရိုးစပ်မှ လှမ်းခေါ်နေသော ကိုကို့အသံ ကြောင့် သက်ဝေ မျက်လုံးပြူးသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သက်ဝေ"

"ဟင်"

"ဟာ…သက်ဝေရယ် ဆံပင်တွေကို ဘာဖြစ်လို့ဖြတ် ပစ်လိုက်တာလဲဟင်"

ကိုကို အံ့သြနေသည့် မျက်လုံးကြီးများဖြင့် နှမြောတသ စွာ ကြည့်နေသည်။

"ကိုကိုရယ်…သက်ဝေကိုသနားရင် သက်ဝေဆီကို မလာပါနဲ့နော်၊ ကိုကိုပြန်ပါ၊ သက်ဝေ တောင်းပန်ပါတယ် ကိုကို ရယ်"

သက်ဝေ ကိုကို့ကို အခန်းထဲက မောင်းထုတ်နေမိသည်။

"အို…ဘာဖြစ်လို့ ပြန်ရမှာလဲ၊ သက်ဝေနဲ့ စကားပြော ချင်လို့လာခဲ့တာပါ၊ ဘာလဲ ဒေါ်မာလာတို့သိသွားမှာ ကြောက်လို့ လား၊ သိပါစေ ဂရုမစိုက်ဘူး"

ကိုကိုက ဖွတ်တရွတ်မှ တကယ့်ဖွတ်၊ အိမ်ရှေ့ခန်းကို ထွက်သွားပြီး ဖျာခင်းကာ ခေါင်းအုံးတစ်လုံးဖြင့် အကျအန ဝင်အိပ် နေတော့သည်။ မျက်လုံးပြူးနေရသူက ဒေါ်မြင့်နဲ့ ခင်သက်သက် ဝေပါ။ ခုပဲ ကိုကို့ကိစ္စနှင့် ပတ်သက်ပြီး အပြောခံခဲ့ရတယ် မဟုတ် လား။

"အဟင့်…အဟင့်"

ခင်သက်သက်ဝေ ဝမ်းနည်းစွာ ငိုမိပြန်သည်။



"ဟောဗျာ…ဒါက ဘယ်လိုဖြစ်ရတာလဲ"

"ဒေါ်မြင့်ရေ…ဒေါ်မြင့်"

"ဟင်…မိမိအသံပါလား၊ ကိုကိုရယ် တွေ့သွားရင် တော့ ပြဿနာဖြစ်တော့မှာပဲ"

ဒေါ်မြင့် အခန်းပြင်သို့ ထထွက်လိုက်သည်။ အိမ်ကလေး ထဲမှာ ခင်သက်သက်ဝေနှင့် ကိုကိုတို့နှစ်ယောက်တည်း ကျန်ခဲ့ သည်။

"ကဲ…ပြောစမ်း သက်ဝေ၊ ကိုကိုလာတာနဲ့ သက်ဝေက ဘာဖြစ်လို့ငိုရတာလဲ၊ ပြီးတော့ ကိုကိုသိပ်သဘောကျတဲ့ ဆံပင်ရှည် ကိုလည်း သက်ဝေ ဖြတ်ပစ်တယ်"

ကိုကိုရယ်…

ခင်သက်သက်ဝေ တသိမ့်သိမ့်ရှိုက်ကာ ငိုမိသည်။

"ကိုကို…ကိုကိုနဲ့သက်ဝေ ပတ်သက်တာကို မကြိုက် ဘူးလို့ မေမေကြီးက ပြောထားလို့ပါ ကိုကိုရယ်၊ ကိုကို ပြန်ပါ တော့နော်၊ သက်ဝေ တောင်းပန်ပါတယ်"

ခင်သက်ဝေ အတင်းနှင်နေပေမယ့် ကိုကို ထွက်မသွား ပါ။ သက်ဝေနဲ့ အနီးကပ်ဆုံးရောက်အောင်ပင် ကိုကို တိုးလာသေး သည်။

"ဒီမှာ သက်ဝေ၊ ဟိုတုန်းကတော့ သက်ဝေကို ခင်လို့ လာနေတာ၊ ခုတော့ မခင်တော့ဘူး၊ ချစ်တယ် ကိုကို သက်ဝေကို

www.burmeseclassic.com



ချစ်နေမိတယ် သက်ဝေရယ်"

"ရှင်"

သက်ဝေရဲ့ ရင်ဘတ်ကလေးတွေ ပိုလို့ခုန်လာခဲ့ရလေသည်။

"ဟင့်အင်း…ဟင့်အင်း ကိုကို သက်ဝေကို မချစ်ပါနဲ့ ကိုကို့ကိုလည်း သက်ဝေ မချစ်နိုင်ပါဘူး၊ သက်ဝေကို ဒုက္ခရောက်အောင်မလုပ်ပါနဲ့ ကိုကိုရယ်"

သက်ဝေတစ်ယောက် ကိုကို့ကို အကြိမ်ကြိမ် တောင်းပန်နေမိသည်။

"ဘာလဲ ကိုကိုချစ်တာကို သက်ဝေက မယုံလို့လား ကိုကို့တစ်သက်မှာ သက်ဝေ တစ်ယောက်တည်းကိုပဲ စွဲစွဲလန်းလန်း ချစ်မိတာပါ၊ ကိုကိုနဲ့ လက်ထပ်ပြီးရင် ကိုကိုတို့မှာ ရှိသမျှစည်းစိမ် ဥစ္စာတွေကို သက်ဝေ ပိုင်ပြီလေ၊ ဘယ်လောက်ပျော်စရာကောင်းလဲ"

"အို…ဒါတွေ သက်ဝေ မမက်ဘူး၊ ကိုကို့ကိုလည်း သက်ဝေ မချစ်နိုင်ဘူး"

"ခုမချစ်နိုင်လည်း တစ်နေ့ကျရင် သက်ဝေ ချစ်လာရမယ်၊ သက်ဝေမျက်လုံးထဲမှာ ကိုကို့ကိုချစ်တဲ့ အချစ်တွေရှိတယ် ဆိုတာ ကိုကိုသိတယ်၊ ကိုကို့ကို မတွေ့ရရင် ကိုယ်တို့ခြံဘက် သက်ဝေ အမြဲငေးကြည့်နေတာလေ"



"အို…မဟုတ်ဘူး၊ မဟုတ်ဘူး"

ခင်သက်သက်ဝေတစ်ယောက် ရှက်ရှက်ဖြင့် ငြင်းနေမိသည်။ တကယ်တော့ ကိုကို့အနေနဲ့ သက်ဝေဘဝက မိုးနဲ့မြေ ကွာခြားပါတယ်။

ယောက်ျားပီသ၍ ချောမွတ်နေသော မျက်နှာပိုင်ရှင်၊ စပို့ရှပ် အဖြူစင်းလေးဝတ်ပြီး မီးခိုးရောင်ဘောင်းဘီအတိုလေးနှင့် ခြံထဲမှာ တင်းနှစ်ရိုက်နေသော ကိုကို့ကို ပန်းပင်တွေကြားက အမြဲတမ်း ခိုးကြည့်မိသည့် သက်သက်ဝေ။

ရင်ထဲက တိတ်တခိုး စိတ်ဝင်စားနေမိပေမယ့် ဘဝချင်း မတူလေတော့ မျိုသိပ်ခံစားနေရုံကလွဲလို့ သက်ဝေ ဘာမှ မတတ်နိုင်ပါ။ ခု ကိုကိုက ဖွင့်ပြောလာပြီ။ မိမိအချစ်ကို တောင်းခံနေသည်မဟုတ်လား။ ဘာကြောင့်မှန်းမသိ သက်ဝေ ငြင်းနေမိသည်။ ကိုကိုချစ်ဖို့မပြောနဲ့ ခုလို အခန်းထဲမှာ နှစ်ယောက်တည်း စကားတွေပြောနေတာတောင် ဒူးတွေရင်တွေ တဆတ်ဆတ် တုန်နေသည်။

"သက်ဝေကို ကိုကိုတကယ်ချစ်တာ ယုံတယ်မဟုတ်လား သက်ဝေ၊ ကိုကို့ကိုရော သက်ဝေ ချစ်တယ်မဟုတ်လား ဟင်"

"အို…ကိုကို သက်ဝေကို အဲဒီလိုမလုပ်ပါနဲ့၊ သက်ဝေ အော်လိုက်မှာနော်"

www.burmeseclassic.com

www.burmeseclassic.com



သက်ဝေရဲ့ မေးဖျားလေးကို ဆွဲမော့ပြီး အမေးခံလိုက်ရ သဖြင့် ခင်သက်ဝေ ရင်တွေ ပိုတုန်သွားရသည်။

"အော်တော့ မအော်ပါနဲ့ သက်ဝေရာ၊ မထိနဲ့မကိုင်နဲ့ လည်း သက်ဝေကို ကိုကို မကိုင်ပါဘူး၊ သက်ဝေ ကိုကို့ ချစ်တယ်လို့ အခုပြော၊ ကိုကို အခုချက်ချင်း ပြန်ဆိုပြန်ပါ့မယ် မပြောရင်တော့ ကိုကိုမပြန်တော့ဘူး၊ ဒီနေရာမှာပဲ အိပ်နေလိုက် တော့မယ်"

ကိုကိုကတော့ တကယ်ပဲ နေရာလေးတင် အိပ်နေ တော့သည်။

"ကိုကိုရယ် သက်ဝေကို အဲဒီလိုမျိုးတော့ အကျပ် မနေပါနဲ့နော်၊ ကိုကိုတောင်းတဲ့အဖြေကို တစ်နေ့ကျရင် သက် ပေးပါ့မယ်၊ ခုတော့ ဘယ်သူမှမသိခင်ပြန်ပါ ကိုကိုရယ်နော်"

လေသံပျော့ပျော့လေးဖြင့် ဘယ်လိုပဲ သက်ဝေပြော ကိုကိုကတော့ မျက်လုံးကလေးစုံမှိတ်ထားပြီး လေကလေးပါ ရှိုက်နေလိုက်သေးသည်။ သက်ဝေ စိတ်ညစ်ရတော့သည်။

"ကိုကိုကတော့လေ ဆုံးဖြတ်ချက်ချပြီးရင် အဲဒီဆုံးဖြ ချက်အတိုင်းပဲ လုပ်တတ်တယ်၊ သက်ဝေကို ကိုကို့အသည်းနှ ထဲမှာ စွဲနေအောင်ချစ်တယ်၊ ချစ်ပါ သက်ဝေရာ၊ ဒါမှ ကိုကိုလ အိမ်ပြန်လို့ရမှာ"

"ကိုကို တကယ်ပြန်မှာလား"



"ပြန်မှာပေါ့ သက်ဝေရဲ့"

"တကယ်နော်"

ခင်သက်သက်ဝေတစ်ယောက် ခေါင်းကလေးငုံ့ပြီး ကြောက်လည်းကြောက် ရှက်လည်းရှက် ဖြစ်နေရရှာသည်။ ကိုကို ကျေနပ်အောင် ဘယ်လိုအဖြေပေးရမှန်းတောင် မသိတော့။ ကိုကိုက ခေါင်းအုံးလေးကို ရင်ခွင်မှာ ပွေ့ဖက်ထားပြီး ခင်သက်ဝေမျက်နှာ ကို စူးစိုက်စွာ ကြည့်နေသည်။

"သက်ဝေလေ ကိုကိုတို့ရဲ့ ချမ်းသာတာကို မမက်မော ဘူး ကိုကိုရယ်၊ သက်ဝေ မချမ်းသာရင်နေပါ တည်ငြိမ်အေးချမ်း တဲ့ ဘဝလေးမှာ နေခွင့်ရရင် သက်ဝေ ကျေနပ်ပါတယ် ကိုကို၊ အဲဒီတော့ ကိုကို့ကို သက်ဝေ အဖြေမပေးခင် ကိုကို့ဆီက ကတိ တစ်ခုကို သက်ဝေ လိုချင်တယ်၊ အဲဒီကိစ္စက သက်ဝေကို လက်ထပ်မယ်ဆိုရင် ကိုကိုတို့တိုက်ကြီးပေါ်က ဆင်းပြီး သက်ဝေ ခေါ်တဲ့နောက်ကို လိုက်နိုင်မယ်ဆိုမှ ကိုကိုလိုချင်တဲ့အဖြေကို သက်ဝေ ပေးပါရစေ ကိုကိုရယ်"

"သိပ်ပေးတာပေါ့ သက်ဝေ၊ သက်ဝေနဲ့သာ အတူတူ နေရမယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ကိုကို လိုက်ရဲပါတယ်ကွာ၊ အဲဒီကတိကိုလေ အလေးနက်ဆုံး ကိုကို ကတိပေးပါတယ်"

မထင်မှတ်ဘဲ ကိုကို့ဆီက ကတိစကားကြားလိုက်ရတော့ အပျော်ကြီး ပျော်သွားမိသူက သက်ဝေရယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



''တကယ်ပြောတာနော် ကိုကို''

''တကယ်ပေါ့၊ ကဲ ပြောတော့လေ ကိုကိုကြားချင်ပြီ''

''အင်း''

ခေါင်းညိတ်အဖြေပေးရုံကလွဲလို့ သက်ဝေ ဘာမှမပြောတတ်ပါ။

''ဟာကွာ…သက်ဝေကလည်း ရှက်မနေစမ်းပါနဲ့ ပါးစပ်ကပြောစမ်းပါ''

''ချစ်…ချစ်ပါတယ် ကိုကိုရယ်''

''ဟင်း''

''ဟာ…ကိုကို…ကိုကို''

''အို''

ကိုကို့ရင်ခွင်ကျယ်ထဲသို့ သက်ဝေ ရောက်သွားရသည်လေ။ ကိုကို့ရဲ့ နူးညံ့တဲ့အနမ်းပွင့်လေးတွေ သက်ဝေ ပါးပြင်ပေါ် တစ်ပွင့်ချင်း ခြွေဆင်းနေသည်။ သက်ဝေတစ်ယောက် ရင်တွေခုန်နေပါတော့သည်။

''ဟင်…ဒါတော့ မလုပ်ပါနဲ့ကိုကိုရယ်၊ သက်…သက်ဝေ တောင်းပန်ပါတယ်နော်၊ သက်ဝေကို သနားပါနော် သက်ဝေ ကြောက်တယ်ကိုကို''

ကိုကိုက သက်ဝေပခုံးလေးကို ဆုပ်ကိုင်ပြီး…



''ကိုကို မရက်စက်တတ်ပါဘူး သက်ဝေရယ်၊ သက်ဝေ ဘာမှအားမငယ်နဲ့နော်၊ အတူတူနေရပြီဆိုတဲ့နေ့မှ အတိုးချပြီး အားရပါးရ ကိုကိုချစ်ပါတော့မယ်၊ ကဲ ကိုကိုပြန်မယ်''

ကိုကိုရယ်…

တကယ်ဆိုရင် ကိုကိုရင်ခွင်ထဲမှာ သက်ဝေ ဘဝလေးဆုံးရတော့မယ်ဆိုတာ သက်ဝေ မျှော်လင့်နေတာပါ ကိုကို။

ခုတော့…

ကိုကို့ရဲ့ ယောကျ်ားပီသတဲ့စိတ်ဓာတ်၊ ကိုကို့ရဲ့ အချစ်တွေကို သက်ဝေ ယုံလိုက်ပါပြီ ကိုကိုရယ်။ သက်ဝေလေ ကိုကို့ကို မြတ်နိုးလေးစားစွာ ကိုကို့ကို ချစ်နေမှာပါ။

ဝ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၇]

"သက်ဝေ"

"ရှင်...လာပါပြီ မမမိ"

"ငါ့ဖိနပ်တွေကို ဘာလို့မတိုက်သေးတာလဲ၊ မနက် မိုးလင်းတာနဲ့ တစ်အိမ်လုံးက ဖိနပ်တွေကို ပြောင်အောင်တိုက်ရမယ် ဆိုတာ နင်မသိဘူးလား"

သူဌေးသမီး မိမိမေ၏ အသံစွာစွာကလေးပါ။

"တိုက်...တိုက်ပြီးပါပြီ မမမိ"

"ဘာတိုက်ပြီးတာလဲ၊ ကြည့်စမ်း ဖုန်တွေကို ပေကျံနေ တာပဲ၊ နောက်တစ်ခါ သပ်သပ်ရပ်ရပ် မလုပ်ထားရင် အဲဒီဖိနပ် တွေကို နင့်ပါးစပ်နဲ့ တိုက်ခိုင်းမယ်၊ သွား အခုပြန်တိုက်"

သက်ဝေ နောက်ထပ်တစ်ခါ ဖိနပ်တွေကို တိုက်ရလေ သည်။



မမမိစီးသည့်ဖိနပ်တွေက စင်တစ်ခုလုံးအပြည့်မို့ သက်ဝေ လက်မောင်းအောင့်လာသည်အထိ သက်ဝေ တိုက်ပေးရသည်။

"ဟယ်...ကိုကိုလာပြီ"

"ဟင်"

သက်ဝေရင်တွေ ဒိန်းခနဲ တုန်သွားမိသည်။ နောက်ကိုပင် သက်ဝေတစ်ယောက် လှည့်မကြည့်ရဲတော့ပါ။

"ခဏနေဦးနော် ကိုကို၊ ဒီမှာ မိသက်ဝေကို ဖိနပ်တွေ တိုက်ခိုင်းထားလို့၊ ဟင်း...ဟင်း"

ကိုကို့ရှေ့မှာ မိမိကို တမင်နှိမ်ပြောလိုက်မှန်း သက်ဝေ သိပါသည်။ ထို့ကြောင့် သက်ဝေ မျက်ဝန်းထဲမှ မျက်ရည်ပေါက် များ စီးကျလာသည်မို့ သုတ်ပင်မသုတ်ရဲဘဲ ခေါင်းငုံ့နေလိုက်မိ သည်။

သည်မြင်ကွင်းကို မြင်သွားရသူက ကိုကို။ ကိုယ့်ချစ်သူ ကို သည်လိုဘဝမျိုးနဲ့ ဘယ်သူက မြင်ရက်ပါ့မလဲ။ ရင်ထဲမှာ ထိခိုက်ကြေကွဲလာသဖြင့် သူမကိုမကြည့်တော့ဘဲ မျက်နှာလွှဲထား မိသည်။

"တင်းနစ်ရိုက်မယ်လေ ကိုကို"

"ကိုကို မအားဘူး မိမိ၊ အပြင်သွားစရာရှိလို့ လာပြော တာ"

"ဟင်...ကိုကိုကလည်း သူများက အဝတ်အစားလဲပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့တောင် စောင့်နေတာကို အဟင့်…ဟင့်''

''ဟင်…ဘာလို့ငိုတာလဲ''

''ငိုမှာပေါ့၊ ကိုကိုကမှ မိမိကို ဂရုမှမစိုက်တဲ့ဟာကို''

''ကိုကို တကယ်မအားသေးဘူး မိမိ၊ မြို့ထဲက ဖေဖေ့ အလုပ်သမားတွေကို ငွေသွားပို့ပေးရဦးမယ်၊ ကဲ ကိုကိုသွားပြီ''

''သွား သွား တစ်သက်လုံးသွား၊ သူများဆီကို ဘယ်တော့မှ မလာနဲ့တော့၊ ဟင့်…ဟင့်''

အလိုမကျမှုနှင့်အတူ မမမိရဲ့ ဒေါသတွေက သက်ဝေဆီ အလိုလို ရောက်လာတော့သည်။

''မိသက်ဝေ''

''ရှင်…မမမိ''

''နင်လုပ်နေတာကြာတာနဲ့ ကိုကိုက စိတ်တိုပြီးပြန်သွားတာဟဲ့၊ သိရဲ့လား၊ ဒီလောက်တောင် အသုံးမကျတာ၊ သွား… လှေကားအတက်အဆင်း အခါငါးဆယ်သွားလုပ်၊ သွား…သွားစမ်းပါ''

''အို''

သက်ဝေရဲ့ ငိုထားတဲ့ မျက်နှာလေးကို မမမိတွေ့သွားပြီး

''နင်က ငါ့ဖိနပ်တွေတိုက်ခိုင်းလို့ ငိုတယ်မဟုတ်လား''

''မဟုတ်…မဟုတ်ပါဘူး မမမိ၊ မျက်လုံးထဲ အမှိုက် ဝင်သွားလို့ပါ''



''သွား…လှေကားအတက်အဆင်း အခါငါးဆယ်လုပ်၊ သွား''

သက်ဝေဘဝက ဆိုးပါတယ်။ လကုန်ရင် သက်ဝေရဲ့ လခစားကို မျှော်နေရှာမယ့် အမေ့မျက်နှာကို မြင်ယောင်မိတိုင်း အားလုံးကို သက်ဝေ ကြိတ်မှိတ်ခံခဲ့ရသည်။

တစ်နေ့မှာတော့

''သက်ဝေရေ ဒီမှာကြည့်စမ်း၊ ကြည့်စမ်းပါဟဲ့''

ဒေါ်မြင့်ယူလာပြသည့် ရွှေရောင်ဖိတ်စာလေးကို သက်ဝေ လှမ်းယူကြည့်လိုက်မိသည်။

''ဟင်…ဒေါ်မြင့်''

သူမမျက်လုံးကိုပင် မယုံကြည်နိုင်။

''ဟုတ်…ဟုတ်ရဲ့လား ဒေါ်မြင့်ရယ်၊ သက်…သက်ဝေ အိပ်မက် မက်နေတာတော့ မဟုတ်ပါဘူးနော်၊ ကိုကိုနဲ့ မမမိ တကယ်လက်ထပ်ကြတော့မယ်''

''ဟုတ်တယ် သက်ဝေ၊ ညည်း အိပ်မက်မက်နေတာ မဟုတ်ဘူး၊ ငါတောင် ညည်းကိုပြချင်လွန်းလို့ ဗီရိုပေါ်ကတွေ့ တာနဲ့ တစ်ရှူ့ကောက်ယူလာတာ၊ ဒီနေ့ပဲ ဖိတ်စာတွေကို လိုက်ဝေတော့မှာတဲ့''

''ကိုကိုရယ် ရက်စက်လိုက်တာ၊ ဟင့်…ဟင့်''

www.burmeseclassic.com



သက်ဝေရဲ့ အသည်းနှလုံးတွေ တစ်စစီ ပဲ့ကြွေကုန်ပါပြီ၊ ပဲ့ကြွေကုန်ပါပြီ။

ဒီအချိန်မှာ မထင်မှတ်ဘဲ ရောက်လာခဲ့တာက ကိုကို။ ကိုကို ဘာမှမပြောဘဲ ဝင်ထိုင်လိုက်သည်။ ကိုကို့မျက်လုံးတွေက ဆွေးမြည့်ကြေကွဲနေသည်။

"ကိုကိုရယ်…ဘာဖြစ်လို့ သက်ဝေဆီ လာနေရတာလဲ ဟင်၊ ကိုကို လက်ထပ်တော့မယ်ဆို၊ တကယ်ပဲ လက်ထပ်တော့မှာလား ကိုကိုရယ်"

ကိုကို့ရင်ခွင်ထဲမှာ မျက်နှာအပ်ပြီး သက်ဝေ ငိုချလိုက်မိသည်။

"ကိုကို့ကို ခွင့်လွှတ်ပါ သက်ဝေ၊ လူကြီးတွေကြောင့် မိမိကို ကိုကို လက်ထပ်ရတော့မယ်၊ မေမေကလည်း အသည်းအသန် ဖြစ်နေတယ်၊ မေမေက သူ မသေခင် ကိုကိုတို့ရဲ့လက်ထပ်ပွဲကို တွေ့သွားချင်လို့ပါတဲ့ကွာ"

သက်ဝေ ပိုလို့တောင် ရှိုက်ကာငိုမိတော့သည်။

"တိတ်ပါ သက်ဝေရယ်၊ ကိုကိုလေ သက်ဝေကို ညီမလေးတစ်ယောက်လို စောင့်ရှောက်သွားမှာပါ၊ ဒီကနေ သက်ဝေ ဘယ်ကိုမှမသွားရဘူး၊ ကိုကိုရှိတဲ့နေရာမှာပဲ သက်ဝေ တစ်သက်လုံး နေရမယ်"

ကိုကိုတို့မင်္ဂလာပွဲက ခြံဝင်းထဲမှာဆိုတော့ စည်ကားလှ



လှသည်။ ရောင်စုံမီးတွေက ထိန်ထိန်လင်းနေသည်။

သက်ဝေတစ်ယောက် အခန်းတွင်းထဲမှာ ရှိုက်ငိုလို့မဆုံးတော့ပါ။

"သက်ဝေ…သက်ဝေ"

"ဟင်…ကိုသိန်း"

ခြံထဲက ဒရိုင်ဘာလူပျိုကြီး ကိုအောင်သိန်း။

"နင်သိပ်ဝမ်းနည်းနေမယ်ဆိုတာသိလို့ ဒီဘက်ကို ငါ ထွက်လာတာပါဟာ၊ ငါတို့အားလုံး နင့်အတွက် စိတ်မကောင်းဖြစ်ရပါတယ်၊ သက်ဝေ နင် မငိုပါနဲ့တော့ဟာ"

"ကိုသိန်းရယ်"

ကိုသိန်းပြောကာမှ သက်ဝေ ပိုလို့ရှိုက်ငိုမိသည်။

"ကဲ…သက်ဝေ ငါလည်း နင့် အဖော်ရအောင်လာခဲ့တာ၊ သတို့သား ကိုကိုတို့ဝိုင်းက စွန့်ကြဲလိုက်တာလေ"

"ဟင်…အရက်ပုလင်းပါလား"

"ငါလည်း တစ်ခါမှမသောက်ဖူးပါဘူး၊ ဒီနေ့တော့ ငါ့ကိုသောက်ခွင့်ပေးပါ သက်ဝေရယ်၊ နင်လည်း နင့်ရင်ထဲက ခံစားချက်တွေကိုပြော၊ ငါနားထောင်ပေးမယ် သိလား"

ပုလင်းဖွင့်သံနှင့်အတူ ဖန်ခွက်ထဲကို အရက်တွေငှဲ့ထည့်နေသံ ကြားရသည်။

"ဒီမှာ မောင်သိန်း…သမီး မိမိကိစ္စကတော့ ပြီး

www.burmeseclassic.com

www.burmeseclassic.com



သလောက်ဖြစ်နေပြီ၊ ရော့..အရက်တစ်လုံးယူသွား၊ သက်ဝေအခန်းမှာ သွားသောက်၊ နင်နဲ့သက်ဝေကို ငါ ပေးစားချင်နေတာကြာပြီ၊ ဒီညဟာ ငါ့သမီးမိမိရဲ့ မင်္ဂလာဦးညဖြစ်သလို နင်နဲ့သက်ဝေတို့ရဲ့ မင်္ဂလာဦးညလည်း ဖြစ်စေရမှာပေါ့၊ ကျေနပ်တယ်မဟုတ်လား မောင်သိန်း၊ ဖြစ်လာမယ့် နောက်ပိုင်းကိစ္စကို အားလုံးငါရှင်းမယ်၊ ဒါမှ ကိုကိုနဲ့ မိသက်ဝေကိစ္စက သံသရာမရှည်တော့မှာဟ၊ ဩော်..သက်ဝေ သက်ဝေ မနက်ကျမှ မင်္ဂလာလက်ဖွဲ့ခုတင်တစ်လုံးနဲ့ နင်တို့နှစ်ယောက်ကို ငါ လက်ဖွဲ့မယ် မိသက်ဝေရေ"

ရယ်မောသံတွေကြားထဲမှာ မောင်သိန်း နားထဲမှာဒေါ်မာလာစကားသံတွေပဲ ကြားနေလေသည်။

ခုတော့ အိမ်စေမလေး သက်သက်ဝေရဲ့ အားကိုးရာအရှင်သခင်သည် လရိပ်မွန်၏ ဒရိုင်ဘာ ကိုအောင်သိန်းသာ ဖြစ်ခဲ့ရပြီမဟုတ်လား။

ဝ ဝ ဝ

## အခန်း [၂၈]

ဒီလိုနဲ့ အချိန်ကာလတွေပြောင်းပြီး နှစ်တွေကြာလာတာနဲ့အမျှ ပြည့်ပြည့် ဆိုသည့် သမီးလေးတစ်ယောက် သက်ဝေမွေးဖွားခဲ့ရသည်။ ခုဆို သမီးလေးအသက် ငါးနှစ်ပြည့်ခဲ့ပြီလေ။

"ပြည့်ပြည့်ရေ...ဦးဦးဆီကို လာပါဦးကွ"

"ဟုတ်ကဲ့...လာပါပြီ ဦးဦး"

သားသမီးမထွန်းကားသေးသည့် ကိုကိုအတွက်တော့ပြည့်ပြည့်ကိုပင် သမီးရင်းလေးသဖွယ် ချစ်လာခဲ့သည်မဟုတ်လား။

"သမီးလေးက လိမ္မာလိုက်တာကွာ၊ ရော့...ဒီမှာလေသမီးလေးစားဖို့ ချောကလက်တွေ ဦးဦးဝယ်လာတာကွ"

"ဟေး..ဒါမှ တို့ဦးဦးကွ"

ပြည့်ပြည့်လေး ပျော်ရွှင်နေသည်ကိုကြည့်ရင်း ဇီဝိတ်ဖြစ်နေရသူက အကြင်နာတရားရှိသူ ကိုကိုရယ်ပါ။

"ဒါနဲ့ သမီးမေမေရော ဘာလုပ်နေလဲ သမီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



''ဟိုမှာလေ ဦးဦးရဲ့၊ အဝတ်တွေလျှော်နေတယ်လေ ဦးဦးရဲ့''

''ဟင်''

သက်ဝေကိုကြည့်ပြီး ကိုကို အံ့သြသွားရသည်။ သားလေးဖြစ်မလား သမီးလေးဖြစ်မလား မသိရသေးသည့် ဒုတိယကိုယ်ဝန်ကို လွယ်ရင်း အဝတ်တွေကို မနိုင်မနင်းလျှော်နေသည့် သက်ဝေ။

''သက်ဝေရယ်...သက်ဝေကို မွေးခါနီး ဖွားခါနီးမှာ ဒါတွေမလုပ်ပါနဲ့လို့ မှာထားတဲ့ဟာ၊ ဒါ ဘယ်သူလျှော်ခိုင်းတာလဲ သက်ဝေ၊ ကိုကို့ကို မှန်မှန်ပြောစမ်း''

''ဟို...မမမိ...မမမိပါ ကိုကို၊ ရပါတယ်၊ သက်ဝေလုပ်နိုင်ပါတယ် ကိုကို''

''တောက်...ဒီမိန်းမကတော့ကွာ၊ မိန်းမချင်း ကိုယ်ချင်းမစာ၊ ညှာတာထောက်ထားရမယ့်စိတ် လုံးဝမရှိဘူး၊ မံလျှော်နဲ့၊ ခြံထဲကတစ်ယောက်ယောက်ကို ပြောင်းလျှော်ခိုင်း''

ညီမလေးတစ်ယောက်လို ကြင်နာစွာ ချစ်ခင်နေဆဲဖြစ်သည် ကိုကို့ကို သက်ဝေ လေးလေးစားစား မော့ကြည့်လိုက်သည်။

''ရပါတယ် ကိုကို၊ တခြားအလုပ်သမားတွေလည်း သူတို့အလုပ် သူတို့လုပ်နေကြတာ အားမှာမဟုတ်ဘူး၊ သက်ဝေ ဒီလောက်တော့ လုပ်နိုင်ပါသေးတယ်၊ အလုပ်တွေက ပြီးတော့မှာ



ပါ''

''သက်ဝေကိုယ်ဝန်ကို ထိခိုက်လာမှာစိုးလို့ ကိုကိုက ပြောတာပါ၊ ကိုကို ဝယ်ပေးထားတဲ့ အားဆေးတွေရော သောက်ရဲ့လား သက်ဝေ၊ အဲဒါတွေကို ဂရုစိုက်ရဲ့လား''

''စိုက်ပါတယ် ကိုကိုရဲ့''

''လိုအပ်တာရှိရင် ကိုကို့ကိုပြောနော် သက်ဝေ၊ ကြားလား''

ကိုကိုရဲ့ ရိုးသားဖြူစင်တဲ့ အကြင်နာတရားလေးတွေက သက်ဝေစိတ်ကို ပျော်ရွှင်စေခဲ့တယ်လေ။ မိမိကို မုန်းတီးနာကြည်းနေသည့် မမမိကျတော့လည်း

''သက်ဝေ...သက်ဝေ''

''ရှင်...လာပါပြီ မမမိ''

''အိမ်ထဲမှာ ဘာထိုင်လုပ်နေတာလဲ၊ ငါခေါ်တာတောင်မကြားဘူးလား''

''မကြား...မကြားမိလိုက်လို့ပါ မမမိ၊ မမမိ ဘာခိုင်းမလို့လဲဟင်''

''ညည်းကို ခိုင်းမလို့မဟုတ်ဘူး၊ မေးစရာရှိလို့''

''မေးပါ မမမိ''

''ညည်းကို စောစောက ကိုကို ဘာတွေပြောနေတာလဲ၊ ညည်းကရော ဘာတွေ ကိုကို့ကို ပြန်ထောင်နေတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"သက်…သက်ဝေ ဘာမှမပြောပါဘူး၊ မမမိ နိုင်းထားတဲ့အကြောင်း အမှန်အတိုင်း ပြောလိုက်တာပါ"

"အေး…ညည်း အမှန်အတိုင်းပြောလိုက်တာ အကြောင်းမဟုတ်ဘူး၊ အခု ငါနဲ့ကိုကို ညည်းကြောင့်ကွဲရတော့မယ် သိလား နောက်တစ်ခါ ကိုကို ဘာမေးမေး ညည်းမသိသလိုနေ၊ နားလည်လား မိသက်ဝေ၊ ကိုကိုကလည်းလေ ညည်းကို အခွင့်အရေးတွေ သိပ်ပေးလွန်းတယ်၊ ဒီကဟာမကလည်း ဗိုက်ကလေးပြင်းကြင်နာအောင် လုပ်ပြနေတာလေ၊ သွား…သွားတော့ ညည်း ငါ့ရှေ့က ထွက်သွားတော့"

မမမိက အပြောအဆို မောက်မာရိုင်းပျသလောက် သူ့မိခင် ဒေါ်မာလာကလည်း သက်ဝေတို့မိသားစုအပေါ် ရန်သူလို ဆက်ဆံလာခဲ့သည်မှာ ကြာလှပြီမဟုတ်လား။

"ငါ့နားကိုလာစမ်း ပြည့်ပြည့်"

"လာပါပြီ ဘွားဘွား"

"အောင်မယ်…ညည်းကများ ငါ့ကို ဘွားဘွားလို့ခေါ်တယ်၊ ငါ ညည်းဘွားဘွား မဟုတ်ဘူး၊ နောက်ကို ဘယ်တော့မှ ဘွားဘွားလို့မခေါ်နဲ့"

"ဟုတ်ကဲ့ပါ ဘွားဘွား"

"တယ်…ပြောပြန်ပြီ ဘွားဘွား၊ ကဲ…ပြောဦး ပြောဦး"

"ဟီး…ဟီး"



ဒေါ်မာလာနဲ့တွေ့တိုင်း အကြောင်းတစ်ခုခုကြောင့် ပြည့်ပြည့် ငိုရတယ်။

"ညည်းလက်ထဲက ဘာတွေလဲ ပြည့်ပြည့်၊ ငါ့ကိုပြစမ်း"

"ဦးဦးပေးတဲ့မုန့်ပါ၊ အဟင့်…ဟင့်"

"အောင်မယ်…ချောကလက်တွေပါလား"

ပြည့်ပြည့်လက်ထဲက ချောကလက်ကိုယူပြီး ဒေါ်မာလာ လွှင့်ပစ်လိုက်သည်။

"ဟီး…လွှင့်မပစ်ပါနဲ့ ဘွားဘွားရယ်"

"ကဲဟယ်…ကဲဟယ်…အဲဒါ ငတ်ဦး"

နောက်ဆုံး ငိုပြီး သက်ဝေဆီ သမီးလေး ပြည့်ပြည့် ပြေးလာခဲ့ရတော့သည်။ သမီးလေးကိုကြည့်ပြီး မျက်ရည်မဆည်နိုင်အောင် ဖြစ်ရသူက သက်ဝေ။ သည်ထက်ပိုဆိုးသည်က ယောက်ျားဖြစ်သူ ကိုသိန်းရဲ့ ပြဿနာပါပဲ။

"ပြည့်ပြည့်က ငါ့သမီးဆိုတာ လုံးဝမဖြစ်နိုင်ဘူး သက်ဝေ၊ သမီးက နင့်မျက်နှာပေါက်နဲ့ ချွတ်စွပ်တူပေမယ့် ကိုကိုနဲ့လည်းဆင်တယ်"

အရက်သောက်တိုင်း ကိုသိန်း အမြဲပြောနေကျစကား။

"ကိုသိန်းရယ်…မဟုတ်တမ်းစကားတွေ မပြောပါနဲ့ ကိုကိုသိက္ခာထိပါးမယ့်စကားတွေကို မပြောစမ်းပါနဲ့၊ ဘုကိုက

www.burmeseclassic.com



ယောက်ျားပီသတဲ့ လူတစ်ယောက်ပါရှင်၊ သက်ဝေနဲ့ မွေ့တစ်ပေါ်... မစွန့်ခဲ့တာ ဘုရားသိပါတယ်''

သက်ဝေ ဘယ်လိုပြောပြော တစ်ယူသန်စိတ်ကို မဖျောက်... နိုင်တဲ့ ကိုသိန်း။ ဒီလိုနဲ့ပဲ ဒုတိယကိုယ်ဝန်ကို သက်ဝေ မွေး... ပြန်သည်။ မီးတွင်းထဲက သက်ဝေ မထွက်ရသေးပေ။

''သက်ဝေ ဒီမှာကြည့်စမ်း''

''ဟယ်...အသည်းပုံရွှေဆွဲပြားလေးပဲ၊ ချစ်စရာ... တွေနော်''

''ဟုတ်တယ် သက်ဝေ၊ အဲဒါ သားနဲ့သမီးအတွက် ကို... ရဲ့ လက်ဆောင်''

''ကိုကိုရယ် နောက်ဆိုရင် အဲဒီလို တန်ဖိုးကြီးတာ... မပေးနဲ့နော်၊ ကိုကိုရဲ့ မေတ္တာစေတနာတွေကို သက်ဝေ နားလည်... ပါတယ်၊ ဒါပေမဲ့...''

ကိုကို့မျက်နှာ တင်းသွားလေသည်။

''ဒီမှာ သက်ဝေ၊ သက်ဝေပြောတာ ကိုကိုနားလည်ပါ... တယ်၊ ဒါပေမဲ့ သက်ဝေတို့မိသားစုအပေါ်မှာထားတဲ့ ကိုကို့အချစ်... က ဖြူစင်တယ်၊ သန့်ရှင်းတယ်၊ ကိုကို ဘယ်သူ့ကိုမှ ဂရုမစိုက်... ဘူး၊ တစ်လောကလုံးက ပြောပါစေ၊ ကိုကို ရင်ဆိုင်မယ်၊ ကို... အသက်ရှင်နေသမျှ ဒီခြံထဲကနေ ဘယ်ကိုမှ သက်ဝေ ထွက်မသွား... ရဘူး၊ ကဲ...သက်ဝေလည်း ကျန်းမာရေးကိုဂရုစိုက်၊ ကို...



...ဆုပ်ကိုစွန့် ခရီးထွက်စရာရှိတယ်၊ တစ်ပတ်လောက်ကြာမှ ကိုကို ...ပြန်ရောက်မယ်''

အသည်းပုံရွှေဆွဲပြားလေးနှစ်ခုကတော့ သက်ဝေရဲ့ ...က်ထဲသို့ ရောက်နေခဲ့ပြီလေ။

''မောင်လေးရေ...ဒါက မောင်လေးအတွက်၊ ဒါက ...အတွက်''

အသည်းပုံဆွဲပြားလေးတစ်ခုစီကိုကြည့်ပြီး မောင်နှမ ...ယောက် ပျော်နေကြသည်။

''ဟင်...မေမေ မောင်လေးခြေထောက်မှာ အမှတ်ညို ...စ်ခု''

''ဟုတ်တယ် သမီး၊ မွေးကတည်းက မောင်လေးမှာ ...လာတာလေ''

သမီးပြည့်ပြည့်က မောင်လေးခြေထောက်က အမှတ်လေး ...ိ သေသေချာချာ ကိုင်ကြည့်နေသည်။

''မောင်လေးက အရမ်းချစ်ဖို့ကောင်းတယ်နော် မေမေ၊ ...တစ်ခါ ဦးဦးပြန်လာလို့ ချောကလက်တွေဝယ်လာရင် မမ ...ာင်လေးကို ကျွေးမယ်နော်''

သမီးနဲ့သားကို ကြင်နာစွာပွေ့ဖက်ရင်း ရင်နင့်စွာခံစားနေ ...ူကတော့ သက်ဝေ။

''သက်ဝေ''

www.burmeseclassic.com

www.burmeseclassic.com



''ရှင်…မမိ''

''ငါ့ကို အခုချက်ချင်း ဈေးကိုသွားပေးစမ်း၊ သဇင်ပန်း ဝယ်ချင်တာ မေ့ကျန်ခဲ့လို့''

''သက်ဝေ…သက်ဝေ နေကောင်းကောင်း မကောင်း သေးလို့ပါ မမိ''

''ဘာ…ညည်းက ဘာနေမကောင်းရမှာလဲ၊ သွား… အခုသွား''

ကိုကိုမရှိသည့်အချိန်မှာ အငြိုငြင်မခံရဲသဖြင့် မမိခိုင်းတဲ့ အတိုင်း လုပ်ပေးလိုက်ရသည်။ သဇင်ပန်းဝယ်ပြီး ဈေးကအပြန် ကားလမ်းမကြီးအကွေ့မှာ ခေါင်းတွေ တရိပ်ရိပ်မူးလာစဉ် ကား တစ်စီးကို ဘယ်လိုမှ လွတ်အောင်မရှောင်နိုင်တော့ပါချေ။

''ဝုန်း''

''အောင်မလေး''

သွေးအိုင်ထဲမှာ မလှုပ်မယှက် အသက်ရှူးခဲ့ရပြီဖြစ်သည်။

''မေမေက ဘယ်မှာလဲဟင် အန်တီမိ၊ သမီးကိုမေမေဆီ လိုက်ပို့ပေးမယ်ဆို၊ မေမေ ဘယ်မှာလဲဟင်''

''အေး…လိုက်ပို့မယ် ကားပေါ်တက်''

''တကယ်လိုက်ပို့မှာလား အန်တီမိ၊ ဒါဆိုရင် သမီး မောင်လေးကိုပါ ခေါ်ခဲ့မယ်လေ၊ မောင်လေးက နို့အရမ်းဆာပြီး ငိုနေတယ် အန်တီမိရဲ့''



''အို…ရှုပ်တယ်၊ ကားပေါ်မှာ ညည်းမောင်လေး ငိုနေရင် နားညည်းတယ်ဆိုတာ သိရဲ့လား''

မမိ အပြုအမူကိုကြည့်ပြီး မျက်လုံးပြူးပြီး အံ့သြနေသူက ဒရိုင်ဘာ ကိုအောင်သိန်းပါပဲ။

''အဲဒီလိုတော့ မလုပ်ပါနဲ့ မမိရယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ မမိ မကျေနပ်ရင် တခြားဟာကို ကြိုက်သလို လုပ်ပါဗျာ''

''နင် ဝင်မရှုပ်နဲ့ မောင်သိန်း၊ ဒါ နင့်သမီးလား၊ ဒီဟာ လေးကို ကိုကို တမ်းတမ်းစွဲဖြစ်နေတာ နင် နည်းနည်းမှနားမလည် ဘူး၊ ဒါ နင်နဲ့ရတဲ့သမီးမဟုတ်ဘူး၊ ကိုကိုနဲ့ရတဲ့သမီး''

''ဟဲ့…ပြည့်ပြည့် ကားပေါ်တက်လေ''

''မောင်လေးပါမှ သမီးလိုက်မယ် အန်တီမိ''

''ဒီမယ် ငါလုပ်ထည့်လိုက်ရ၊ စကားကြောက ရှည်ကို ရှည်လွန်းတယ်၊ သွားစမ်း…မောင်သိန်း၊ ဒီလောက်တောင်ဖြစ်တာ နင့်သားပါခေါ်လာခဲ့''

တကယ်တမ်းကျတော့ သူ့သားစိတ်ရှိထားသည့် မောင်သိန်း မျက်ရည်တောင်ဝဲနေရပြီမဟုတ်လား။

''အူဝဲ…အူဝဲ''

''ဟော…မောင်လေးလာပြီ၊ မောင်လေးရေ့ အန်တီမိက အကြီးတို့ကို မေမေ့ဆီ လိုက်ပို့မှာတဲ့၊ တိတ် မောင်လေးရယ်၊

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဆီရောက်မှ မောင်လေးနို့စို့ရမှာ''

ညရဲ့အမှောင်ထုက လွှမ်းမိုးစပြုလာပြီဖြစ်သည်။

''ဟင်း…ဟင်း…ညည်းကိုတော့ အမွေတစ်ဝက်ခွဲမပေးနိုင်ဘူး မိပြည့်ရဲ့၊ နားလည်လား၊ မိမိမေတဲ့ တစ်မေတည်းရှိတာယ်''

ကားလေး ဦးတည်မောင်းနေတာကတော့ ရန်ကုန်မြို့ပြင်တစ်နေရာဖြစ်သည်။

''ဘယ်အထိရောက်အောင် မောင်းရမှာလဲ မမမိ''

ငါတို့နေတဲ့နေရာနဲ့ အဝေးဆုံးကိုမောင်း မောင်သိန်း၊ နင့်ပါးစပ်ကို ဒီနေ့ကစပြီး ပိတ်ထားနော်၊ ကိုကိုသိသွားလို့ ပြဿနာတက်တဲ့အသံကို ငါ လုံးဝမကြားချင်ဘူး၊ ကြားလား''

''ကြားပါတယ်ဗျာ''

ထောက်ကြံ့လမ်းခွဲကို ရောက်လာခဲ့ပြီး လှည်းကူးမြို့ဆီသို့…။

''အူဝဲ…အူဝဲ''

''တိတ်ပါ မောင်လေးရယ်၊ တိတ်ပါ၊ မေမေ့ဆီကို မမတို့ ရောက်တော့မှာပါ''

''ကျွိ''

မမမိက မည်းမှောင်နေသော လယ်ကွင်းဘေးက လမ်းမကြီးပေါ်ရောက်မှ ကားကိုထိုးရပ်ပြီး လာလမ်းကိုပြန်လှည့်လိုက်သည်။ ကားအသွားအလာရှင်းနေသလို မိုးစက်တွေကလည်း



သဲသဲမဲမဲ ရွာချနေသည်။

''ရော့…မိပြည့်ပြည့်၊ ဒါတွေအားလုံး ညည်းကို အပိုင်ပေးလိုက်တာ၊ ဒီအထုပ်ကိုကိုင်ထား၊ အထဲမှာ ပိုက်ဆံတွေပါ တယ်၊ ကဲ…ညည်းဆင်းတော့၊ ညည်းအမေဆီရောက်ပြီ''

''မိုးတိတ်အောင် ခဏလောက်စောင့်လိုက်ပါဦးလား မမမိရယ်''

ဒရိုင်ဘာကိုသိန်း တောင်းပန်စကားဆိုလိုက်သည်။

''အို…အချိန်မရှိဘူး၊ ဟဲ့…ပြည့်ပြည့် ဆင်းတော့လေ''

''မောင်လေးကိုပေးပါ အန်တီမိ၊ သမီး ချီမယ်''

''မမမိ''

''ဘာလဲ''

''ပြည့်ပြည့်ဟာ ကျွန်တော့်သမီး မဟုတ်တာတော့ မှန်ပါတယ် မမမိရယ်၊ ဒါပေမဲ့ သူ့မှာ ဘာအပြစ်မှမရှိပါဘူး၊ အိမ်ကိုပဲ ပြန်ခေါ်သွားရအောင်ဗျာ''

''နင် မရှည်နဲ့ မောင်သိန်း၊ ဒါ ငါ့ကိစ္စ၊ ဒီလိုမှမရှင်းရင် ကိုကို ပြန်ရောက်တဲ့အခါ ပိုရှုပ်ကုန်လိမ့်မယ်၊ ဟဲ့…ဘာနားထောင်နေတာလဲ၊ ဆင်းတော့လေ၊ ညည်းအမေဆီ ရောက်နေပြီ''

''မောင်လေးကိုပေးပါ အန်တီမိ၊ ဖေဖေ မောင်လေးကို ပေးပါ''

''အောက်ရောက်ရင်ပေးမယ်၊ ဆင်း…မြန်မြန်ဆင်း''

www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးကိုတွန်းဖွင့်ရင်း မမမိက အတင်း ပြည့်ပြည့်ကို ဆွဲခေါ်လေတော့သည်။ ကြောက်ကြောက်လန့်လန့်ဖြင့် သူ့မမေမေရှိသည်ဆို၍သာ ပြည့်ပြည့် ဆင်းလိုက်ရသည်။ ပြည့်ပြည့်မောင်လေးကို အန်တီမိဆီက တောင်းလိုက်သည်။ ကားပြတင်းကို မမိမကမ်း အရပ်လေးဖြင့်ကိုင်ရင်း သူ့မောင်လေးကိုသာ အတင်းတောင်းနေသည်။

"အူဝဲ...အူဝဲ"

"မောင်လေး ငိုနေပြီ၊ အန်တီမိ မောင်လေးကိုပေးပါ၊ မေမေ့ဆီရောက်ပြီဆို"

"အူဝဲ...အူဝဲ"

"မောင်လေး အရမ်းငိုနေပြီ အန်တီမိရဲ့"

အံကိုတင်းတင်းကြိတ်ပြီး ကားစက်နှိုးလိုက်သူက မိမိမေပါ။

"မောင်လေးကိုပေးပါ အန်တီမိ၊ သမီးကိုတစ်ယောက်တည်း မထားခဲ့ပါနဲ့၊ မောင်လေးကိုပေးပါ၊ မောင်လေးရေ"

မကြားရက်တော့သဖြင့် နားအစုံကိုပိတ်လိုက်မိသူက ကိုသိန်း။ ကားလေးက တဖြည်းဖြည်း မောင်းထွက်သွားလေသည်။

"ဖေဖေရေ သမီးကို တစ်ယောက်တည်းမထားခဲ့ပါနဲ့၊ မောင်လေး...အန်တီမိ...မထားခဲ့ပါနဲ့"

"မောင်လေး...မောင်လေးရေ"



"ဟီး...ဟီး"

ညအမှောင်ထုထဲမှ အငြိုးကြီးစွာ ရှာချလိုက်သော မိုးစက်တွေအောက်မှ ပြည့်ပြည့်လေးတစ်ယောက် ကျန်ရစ်ခဲ့ရတော့သည်။

"မောင်လေးရေ...မောင်လေး"

"အန်တီမိ ပြည့်ပြည့်ကြောက်တယ်၊ ပြည့်ပြည့်ကို မထားခဲ့ပါနဲ့ အန်တီမိ"

ကြောက်လန့်မှုနှင့်အတူ ကားနောက်ကို ပြေးလိုက်နေသော ပြည့်ပြည့်လေးကို လျှပ်စီးရောင်အောက်မှာ နောက်ဆုံးတွေ့ခဲ့ရသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

''အဟင့်…အဟင့်''

''မင်းသိပ်ဝမ်းနည်းနေလား ကဗျာ၊ အဲဒီတုန်းက မမခံစားခဲ့ရတဲ့ ထိတ်လန့်စရာ အိပ်မက်ဆိုးကြီးကို မမနေရာကနေ မင်း မျှဝေခံစားကြည့်စမ်းပါ၊ ဒီအဖြစ်အပျက်ကြောင့် မမ အသည်းတွေ ကွဲကြေမ[illegible]တ် နာကြည်းခံစားခဲ့ရတယ်ဆိုတာ မင်း ယုံလား၊ ပြောလေကွာ၊ မမ မေးတာကို ပြန်ဖြေကြပါဦး''

မမအသံ တိမ်ဝင်သွားပြီး နှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်ယင်နေတော့သည်။

''မုန်းတယ်၊ ဒေါ်မိမိမေကို မမ မုန်းတယ်၊ ဒေါ်မိမိမေကို မမ မုန်းသလို သူ့ရဲ့မျိုးဆက် သူ့ရဲ့သွေးကိုလည်း မမမုန်းတယ်၊ မုန်းတယ်၊ မမ အသည်းနှလုံးကို အရက်စက်ဆုံး ခြေမွ ဖျက်ဆီးခဲ့တဲ့ ဒေါ်မိမိမေ၊ အို…သူ့ကို အရမ်းမုန်းတယ်၊ မုန်းတယ်၊



မုန်းတယ်''

''မမ..မမ''

ပန်းနုဝေ ဟန်မဆောင်နိုင်ဘဲ ကြေကွဲဝမ်းနည်းစွာ ငိုချလိုက်မိသည်။ မမကိုကြည့်ပြီး လင်းထက်တို့နှစ်ယောက် ရင်နင့်စွာ ခံစားလိုက်ရလေသည်။ မမကိုကြည့်ပြီး မမ ထပ်တူ လင်းထက် ခံစားနေရသည်မဟုတ်လား။

''ဒါပေမဲ့ အနှစ်နှစ်အလလက ပျောက်ဆုံးနေခဲ့တဲ့ မမရဲ့မောင်လေးကို အခုလိုပြန်တွေ့ရလို့ မမ သိပ်ပျော်တယ်၊ အဲဒီတုန်းက ပျောက်ဆုံးခဲ့တဲ့မင်းဟာ မမမောင်လေးပဲ၊ မမမောင်လေးက မင်း''

''ဗျာ''

မမနှုတ်မှ မထင်မှတ်ဘဲ ကြားလိုက်ရသောစကားကြောင့် လင်းထက် အံ့သြသွားရသည်။

''ကျွန်တော်ဟာ မမရဲ့မောင်လေး၊ ဟုတ်လား မမ၊ မမရဲ့မောင်လေး''

''ဟုတ်တယ်၊ မင်းဟာ မမရဲ့မောင်လေး၊ မမကားနဲ့ တိုက်မိတုန်းက မင်းခြေသလုံးက အမှတ်ညိုကြီးကို မမ တွေ့လိုက်ရတယ်လေကွာ၊ မသေချာလို့ မမ မင်းကိုမပြောသေးတာ၊ ဒီမှာ ကြည့်စမ်း လင်းထက်၊ ဒါ ဘာလဲဆိုတာ''

''ဟင်…အသည်းပုံဆွဲပြားလေး''

www.burmeseclassic.com

www.burmeseclassic.com



"ဒီဆွဲပြားလေးက ဒေါ်မိမိမေ နောက်ဆုံးပေးလိုက်တဲ့ အထဲမှာ ပါလာတဲ့ ဆွဲပြားလေး၊ ဒီဆွဲပြားလေးနှစ်ခုကို စာနာစိတ်ရှိတဲ့ ဦးဦးဆီက မမတို့ လက်ဆောင်ရခဲ့ရတာ၊ ခုတော့ မင်းမှာ တစ်ခုရှိနေပြီဆိုတော့ မင်းဟာ မမမောင်လေးဆိုတာ သေချာနေပြီပေါ့"

တစ်ယောက်နှင့်တစ်ယောက် တင်းကျပ်စွာ ဖက်ထားမိလိုက်ကြသည်။ နှစ်အတော်ကြာ ခွဲခွာခဲ့ရတဲ့ မောင်လေးကို ကြင်နာယုယစွာ ပန်းနုဝေ နမ်းရှိုက်လိုက်လေသည်။ ဝမ်းသာလွန်းလို့ မမရဲ့မျက်ရည်များ ကျရလေသည် မောင်လေးရယ်။

"ဟုတ်ပါတယ် သမီးလေးရယ်၊ သမီးပြောတာတွေ အားလုံး အမှန်တွေချည်းပါပဲ"

"ဟင်...ဖေဖေ"

မထင်မှတ်ဘဲ ဖခင်ဖြစ်သူ ဦးအောင်သိန်းကို တွေ့လိုက်ရသဖြင့် လင်းထက် အံ့ဩသွားရသည်။ ဒေါ်သက်ဝေဓါခင်ပွန်း ဒရိုင်ဘာကြီး ဦးအောင်သိန်းပါပဲလေ။

"တကယ်တော့ သမီးလေးကို ဖေဖေ့သမီးအရင်း မဟုတ်ဘူးဆိုပြီး ဒေါ်မိမိမေရဲ့အမိန့်ကို မလွန်ဆန်ရဲခဲ့လို့ သမီးလေးကို ရက်စက်ခဲ့ရတာပါ၊ သမီးလေးကို ဖေဖေတို့ထားခဲ့တဲ့နေရာမှာ ညတွင်းချင်း ဖေဖေ လာပြန်ရှာပါသေးတယ် သမီးရယ်"

နောင်တ တရားတွေနဲ့အတူ ကြည်နူးဝမ်းသာဖြစ်နေရသူ



ဦးသိန်း မျက်နှာပေါ်မှာ ရောယှက်နေပါပြီလေ။

"ကဗျာ့ဖေဖေ ကိုကိုပြောပြလို့ အမှန်တရားအားလုံးကို သိတဲ့နေ့ကစပြီး သမီးလေးအတွက် ရင်ကွဲမတတ် ဖေဖေ ခံစားခဲ့ရပါတယ် သမီးရယ်၊ အဲဒါကြောင့် ကဗျာကိုမွေးတော့ ကဗျာ သုံးနှစ်အရွယ်မှာ သမီးလေးအတွက် လက်စားချေဖို့ ကဗျာလေးကို အဝေးမှာ သွားပစ်ခဲ့ဖို့ ဖေဖေ မိုက်မဲစွာကြံစည်ခဲ့သေးတယ်၊ ဒါပေမဲ့ ဒေါ်မိမိမေလို ဖေဖေ့အသည်းနှလုံးတွေက မမာကျောနိုင်ခဲ့ဘူး၊ ဖေဖေ မရက်စက်နိုင်ခဲ့ဘူး၊ ဒါကို ဒေါ်မိမိမေ သိသွားတဲ့အတွက် ဖေဖေတို့သားအဖနှစ်ယောက်ကို အလုပ်ကထုတ်ပစ်တာ ခံခဲ့ရတာပါ"

"ဖေဖေရယ်"

ဖေဖေ့ရင်ခွင်ထဲကို ခေါင်းလေးတိုးဝင်ပြီး ပန်းနုဝေ ငိုလိုက်မိတော့သည်။

"ဖေဖေ့ကို ခွင့်လွှတ်ပါ သမီးရယ်"

"ဖေဖေ့ကို သမီး ခွင့်လွှတ်ပါတယ်"

"အို...သမီးလေးရယ်"

အခုတော့ သားအဖသုံးယောက် ဆုံတွေ့ခဲ့ရပြီဆိုတော့ ဝမ်းနည်းစရာတွေ ဘေးဖယ်ထားပြီး ရယ်မောပျော်ရွှင်နေတော့သည်။

ကဗျာလေးကတော့...

o o o

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၃၀]

သာယာအေးချမ်းတဲ့ ကျောင်းသခ်မ်းလေးတစ်ခုထဲမှာ လင်းထက်နှင့် မမ ရောက်နေပါသည်။ သူတို့နှစ်ဦးရှေ့မှာ ဣန္ဒြေ ကြီးစွာ သင်္ကန်းကို လွှမ်းခြုံထားပြီး တည်ငြိမ်စွာ မျက်လွှာချ ထိုင်နေသူကတော့ ဦးအောင်သိန်းတဖြစ်လဲ ဦးစန္ဒောဘာသာ။

"မငိုပါနဲ့ ဒကာလေးနဲ့ ဒကာမလေးရယ်၊ လူ့လောက ကြီးဆိုတာ ဘယ်ဟာမှ မတည်မြဲကြပါဘူးကွယ့်၊ ချစ်ခင်ပေါင်း သင်း ဆက်ဆံခြင်းဆိုတာ ကွေကွင်းနောက်ဆုံးရှိချေ၏တဲ့၊ ဒကာလေး နဲ့ ဒကာမလေးကို လွှမ်းချင်ပေမယ့် လွှမ်းခွင့်ဆိုတာက ဦးပဥ္စင်း မှာ ကုန်ခဲ့ပြီမဟုတ်လား၊ ဒကာလေးနဲ့ ဒကာမလေးကို ဦးပဥ္စင်း မလွှမ်းသာတော့ပါဘူးကွယ်"

တည်ငြိမ်သော နှလုံးသားမှပြောနေသောစကားသံလေး မဟုတ်လား။ တသိမ့်သိမ့်ရှိုက်ငိုရင်း ခေါင်းလေးငုံ့ကာ ပန်းနုဝေ



နားထောင်နေမိသည်။

"ဒကာမလေးရဲ့ အတိတ်က နာကြည်းချက်ကြောင့် ဒီမြေ၊ ဒီရေကို စွန့်ခွာပြီး ဒကာမလေးရဲ့ဘဝကို ကယ်တင်ခဲ့တဲ့ မွေးစား ဖခင်နဲ့ မိခင်ရှိရာ ဂျပန်ပြည်ကို အပြီးအပိုင် လိုက်သွားကြတော့မယ် ဆိုလို့ ဦးပဥ္စင်း ကျေနပ်ပါတယ်၊ ဒါပေမဲ့ကွယ် ဒကာလေးကိုတော့ ခေါ်မသွားစေချင်ဘူး"

ဖခင်ဖြစ်သူ ဦးပဥ္စင်းကြီးထံမှ တည်ငြိမ်ပြတ်သားစွာ ကြားလိုက်ရသည့် စကားသံကြောင့် ပန်းနုဝေ ရင်နင့်ခဲ့ရပြီ။

"တပည့်တော်မ...တပည့်တော်မ မောင်လေးကို မခွဲရက် နိုင်လို့ ခေါ်သွားရတာပါ အရှင်ဘုရား၊ ပြီးတော့လေ...ပြီးတော့"

"ဦးပဥ္စင်း နားလည်တယ် ဒကာမလေး၊ ဒကာမလေး ရင်ထဲက နှလုံးသားဆန္ဒကို ဦးပဥ္စင်း သိနေတယ်၊ အင်းလေ... ဘာကယ့်ကို နာကြည်းစရာကောင်းတဲ့ အိပ်မက်မျိုးကို ဒကာမလေး က ရွေးမက်ခဲ့တာကိုး၊ ဦးပဥ္စင်း နားလည်ပါပြီကွယ်၊ ကဲ...ကဲ.. အချိန်လည်းနှောင်းတော့မယ်၊ သွားကြပေတော့"

မောင်နှမနှစ်ယောက်ကတော့ ဖခင်ဖြစ်သူကို ရဟန်း သံဃာ သာသနာ့ဘောင်ထဲမှာ ကျောင်းဆောက်လှူဒါန်းခဲ့ပြီး ဖြစ်တဲ့အတွက် စိတ်ချစွာ ချန်ထားခဲ့ကြလေသည်။ လက်အုပ်လေး ချီပြီး ရိုသေစွာ ဦးခိုက်ကန်တော့လိုက်သည်။

"သားလေး သမီးလေး သွားလေရာ ခရီးတွင်မထိ

www.burmeseclassic.com

www.burmeseclassic.com



ဆူးမငြိဘဲ ကြဲတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ကြပါစေဆိုတာ ဦးပဉ္စင်း ဆုတောင်းပေးလိုက်ပါတယ်ကွယ်''

''တပည့်တော်တို့ မောင်နှမနှစ်ယောက်ကို သွားခွင့်ပြု ပါတော့ အရှင်ဘုရား''

''အိမ်း...သွားကြပေတော့''

အထုပ်အပိုး ကိုယ်စီလွယ်ရင်း မင်္ဂလာဒုံလေယာဉ်ကွင်း သို့ ရောက်ခဲ့ကြလေပြီ။ သူတို့နှစ်ယောက်ရဲ့ ဖြူစင်တဲ့ မျက်နှာ လေးတွေပေါ်မှာတော့ ဝေဒနာလေးတွေ စွန်းထင်းလို့နေလျက်ပါ၊

''မောင်လေး''

''ခင်ဗျာ...မမ''

''မင်းရင်ထဲမှာ သိပ်ကိုခံစားနေရလားဟင်၊ မင်း ဘာတွေ ပြောချင်နေတယ်ဆိုတာ မမ သိပါတယ်ကွယ်''

မမက လင်းထက်မျက်နှာလေးကို လှည့်မကြည့်ဘဲ တည်ငြိမ်စွာပြောလိုက်သည်။

''အစကတည်းက ဂျပန်ကို အပြီးလိုက်သွားဖို့ မမ ဆုံးဖြတ်ထားတာပါ၊ မင်းကို မမ မထားခဲ့ချင်ဘူး၊ မမနဲ့အတူတူ မမအနားမှာ မောင်လေးကိုရှိနေစေချင်တာ၊ ဒါ မမ မျှော်လင့် တောင့်တလာခဲ့ရတဲ့ ဆန္ဒလေးတစ်ခုပါ''

''မဲမရယ်''

''မင်းကို ရှာတွေ့တဲ့အချိန်ကျမှ လိုက်မယ်ဆိုပြီး ခေါင်းမာ



နေခဲ့တဲ့ မမကို ဖေဖေနဲ့မေမေက မမကို ထားခဲ့ကြတာပါ၊ ခုတော့ လေ မမ သိပ်ကို ကျေနပ်ဝမ်းသာနေရတယ်ဆိုတာ မင်း နားလည် သွားစမ်းပါ၊ မင်းကို ဒီတစ်ခါ ထပ်ပြီးခွဲရမယ်ဆိုရင် မမအသက် ကိုတောင် စွန့်ရတော့မယ်ဆိုတာ မမ သိထားပါတယ် မောင်လေး ရယ်''

နွေးထွေးသော လက်လေးများဖြင့် လင်းထက် မမကို နှစ်သိမ့်မိသည်။

''လင်းထက်...မောင်လင်းထက်''

''ဟင်...ဦးလေးခန့်''

ကြေကွဲဝမ်းနည်းမှုတွေနဲ့ မိမိတို့မောင်နှမနှစ်ယောက်ကို သိကြိုနေသူက ဦးလေးခန့်ပါ။ ဦးလေးခန့် မျက်နှာမကောင်းပါ။ အသံတွေက တုန်နေလေသည်။

''မင်း...မင်း တကယ်လိုက်သွားတော့မှာလားဟင် မောင်လင်းထက်၊ မင်း တကယ်လိုက်သွားတော့မှာလားကွာ''

ဦးလေးခန့်မျက်နှာကို ရူးစိုက်သောမျက်လုံးလေးဖြင့် စိုက်ကြည့်နေသူက မမ။ ပြီးတော့ နှုတ်ခမ်းဖွင့်ရုံ မမ ပြုံးလိုက် သည်။

''ဟုတ်ပါတယ်၊ ကျွန်မမောင်လေးကို ဒီကနေ အပြီး ခေါ်သွားဖို့ ဆုံးဖြတ်ပြီးပါပြီ''

စကားတစ်ခွန်းမှမပြောဘဲ ကျောက်ရုပ်လိုရုပ်နေသူက

www.burmeseclassic.com

www.burmeseclassic.com



လင်းထက်။ လင်းထက်မျက်နှာလေးက ဆွေးမြေ့ကြေကွဲစွာ ခံစားနေရသည်မဟုတ်လား။

"မင်း…မင်း တကယ်သွားတော့မှာဆိုရင် မင်းကို နှုတ်ဆက်ချင်လွန်းလို့ လိုက်လာတဲ့သူကိုတော့ မင်း ဝင်တွေ့သင့်ပါတယ်ကွာ၊ ဟိုမှာလေကွာ မင်းကိုစောင့်နေတာ"

"ဟင်…ကဗျာ"

လင်းထက်ရင်တွေ မီးတောက်မီးလျှံတွေနဲ့ လောင်မြိုက်သလို ခံစားလိုက်ရသည်။

"ကဗျာရယ်"

"ကဗျာ…မောင့်ကိုနှုတ်ဆက်ချင်လို့လား၊ မောင် ရောက်လာပြီလေ ကဗျာ"

"ကဗျာ"

ခေါ်သံကြောင့် တသိမ့်သိမ့်ငိုနေရာမှ မော့ကြည့်လိုက်သည့် ကဗျာ့မျက်ဝန်းလေးများကိုကြည့်ပြီး ရင်နင့်သွားရသူက လင်းထက်။ ကဗျာ သူ့ကို ကြောင်ကြည့်နေတာပါလား။

"မောင်လေ ကဗျာ၊ ကဗျာ မောင့်ကိုမမှတ်မိတော့ဘူးလား၊ မောင်လေ"

ကဗျာ့ပုံစံကတော့ ကျောက်ရုပ်လေးတစ်ရုပ်လို တကယ်ကို မလှုပ်မရှား ဖြူဖျော့နေသော နှုတ်ခမ်းပါးလေးနဲ့ မျက်တွင်းဟောက်ပက်ဖြစ်ကာ သိသိသာသာ ပိန်သွားသည့် မျက်နှာလေးက



လင်းထက် မြင်တွေ့လိုက်ရသည်။

"ကဗျာ…မောင် ရောက်လာပြီလေ၊ ကဗျာရဲ့မောင်လေ၊ မောင့်ကို မမှတ်မိတော့ဘူးလား"

လင်းထက် ဦးလေးခန့်ဘက်ကို လှည့်ကြည့်လိုက်ပြီး

"ဘယ်လိုဖြစ်တာလဲ ဦးလေးခန့်ရာ၊ ကျွန်တော့်ကို ပြောစမ်းပါဦးဗျာ"

"မင်း ဂျပန်ကို အပြီးထွက်သွားတော့မှာကို သိတဲ့နေ့ကစပြီး သူ ငယ်ငယ်ကဖြစ်ခဲ့ဖူးတဲ့ ဝေဒနာဟောင်း ပြန်ဖြစ်ပြီး အိပ်ရာထဲလဲခဲ့ရာက ခုတော့ မင်းမြင်တဲ့အတိုင်း မင်းကို သိပ်ချစ်တဲ့ကဗျာ၊ မင်းကို ချစ်ခဲ့တဲ့ဆုလာဘ်တွေ ရခဲ့ပြီပေါ့ကွာ"

"ခင်ဗျာ"

လင်းထက် တစ်ကိုယ်လုံးမှာရှိသမျှ အစိုင်အခဲတွေအားလုံး ပေါက်ကွဲလွင့်စင်ခဲ့ရပါပြီ။ မောင့်ကိုချစ်တဲ့ အချစ်ရလဒ်တွေတဲ့သား ကဗျာရယ်။ ပန်းနုဝေက သည်မြင်ကွင်းကို ဆက်မကြည့်ချင်တော့သဖြင့် မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

"မောင်ရယ် ကိန္နရာဆွဲပြားလေးကို မောင် မေ့လိုက်ပြီလားဟင်၊ ကိန္နရာလေးတွေဟာ တစ်ယောက်နဲ့တစ်ယောက် အရမ်းချစ်ကြတယ်ဆိုတာလေ၊ ကိန္နရာလေးတွေကို မသနားတော့ဘူးလား မောင်ရယ်"

"အဟင့်…အဟင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဝေဒနာတွေပါ လင်းထက်၊ အဲဒါ မင်းကိုသိပ်ချစ်ခဲ့တဲ့ ဝေဒနာတွေပါ၊ ခြံထဲမှာကတည်းက ကဗျာတစ်ယောက်တည်း ငိုလိုက် ရယ်လိုက် ဖြစ်နေတာ"

"ကဗျာရယ် ကဗျာခံစားနေရတဲ့ ဝေဒနာတွေကို မောင် ဘယ်လို ကြည့်နေနိုင်တော့မှာလဲကွာ၊ ကဗျာ့ကို သနားပါ မမ ကဗျာတစ်ယောက်တည်း ကျွန်တော် မထားခဲ့ပါရစေနဲ့ မမရယ်"

မမပခုံးကို ကိုင်လှုပ်ရင်း ထိခိုက်ကြေကွဲစွာပြောနေသော လင်းထက်ကို ယန်းနုဝေက

"ဘာပြောတယ် လင်းထက်၊ မမက ကဗျာကို သနား ရမယ်ဟုတ်လား၊ တော်စမ်း…မင်းပါးစပ်ကို ပိတ်ထားလိုက် အပြစ်မဲ့တဲ့ မမတို့မိသားစုတစ်ခုလုံးကို သောကဝေဒနာတွေနဲ့ တစ်ကွဲတပြားစီဖြစ်အောင် ရက်စက်စွာ ခွဲချေခဲ့တဲ့ ဒေါ်မိမိမော် သမီးကို မမ သနားရမယ်တဲ့လား ဟင်း…ဟင်း"

"သိပ်ကို ရယ်ဖို့ကောင်းနေပါလား လင်းထက်ရယ် မေ့လိုက်စမ်းပါကွာ၊ မင်း မမေ့ရဲဘူးလား၊ မမကိုပြောစမ်း"

လင်းထက် အသည်းကြေမွ အက်ကွဲနေရပြီ မမရယ် လင်းထက်တစ်ကိုယ်လုံး တောင့်တင်းအေးစက်စွာ ရပ်နေတော့ သည်။ ကဗျာက စကားဝါပွင့်ခြောက်နွမ်းနွမ်းလေးကို လက်ကိုင် ပဝါလေးဖြင့် သေသပ်စွာ ထုပ်ထားရာမှ အသာဖြေကြည့်နေသည်။

သူတို့နှစ်ယောက်ရဲ့သက်သေ စကားဝါပွင့်စာချုပ်လေး



တွေလေ။

ကဗျာနဲ့မောင်ရဲ့ လက်မှတ်လေးတွေကို စကားဝါပွင့်ဖြူဖြူ လေးတွေပေါ်မှာထိုးပြီး ကြည်နူးစွာချုပ်ဆိုခဲ့သည့် စကားဝါပွင့် စာချုပ်လေးပါ။ အခုတော့ ထိုစကားဝါပွင့်လေးတွေ နွမ်းခြောက် ခဲ့ရပြီမဟုတ်လား။

"အဟင့်…ဟင့်…မောင် မရှိတော့ဘူး ဦးလေးခန့်ရယ်၊ မောင်ပေးခဲ့တဲ့ စကားဝါပွင့်တွေလည်း နွမ်းခြောက်ကုန်ပြီ၊ စကားဝါ ပွင့်လေးတွေနဲ့ ကိန္နရာလေးတွေကိုလည်း မောင် မေ့လိုက်ပြီ ထင်ပါရဲ့ ဦးလေးခန့်ရယ်"

"မမရယ်…ကဗျာ့မှာ ဘာအပြစ်မှမရှိပါဘူး၊ ကဗျာ့ ကိုတော့ ကျွန်တော် ဘယ်လိုမှမခွဲနိုင်တော့ဘူး၊ မမ ကဗျာ့ကို ကျွန်တော်သနားတယ်၊ ကဗျာကို ကျွန်တော် လက်ထပ်မယ်"

"ဘာ…ပြန်ပြောစမ်း လင်းထက်၊ ပြန်ပြောစမ်း၊ ကဗျာ့ ကို မင်းက လက်ထပ်မယ်"

"ဟုတ်တယ် မမ၊ ကဗျာ့ကို ကျွန်တော် လက်ထပ်မယ်"

"ကဲဟယ်…အဲဒါ လက်ထပ်ချင်ဦး"

"ဖြန်း"

"အင့်"

မမရိုက်ချက် ပြင်းလွန်းလှသောကြောင့် လင်းထက် ပါးစပ်ထောင့်စွန်းလေးမှာ သွေးစလေး ထွက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းထက်က မမကို ပြန်ပြောလိုက်သည်။

"ရိုက်လေ မမ၊ မမ ထပ်ရိုက်ဖို့ စကားတစ်ခွန်းကို ကျွန်တော် ထပ်ပြောပါရစေ၊ ပြီးရင် ကျွန်တော့်ပါးတစ်ဖက်ကို မမ ထပ်ရိုက်လိုက်စမ်းပါ၊ ကဗျာကို ကျွန်တော် မခွဲနိုင်ဘူး၊ ဒါကြောင့် ကဗျာနဲ့အတူတူနေဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပြီ မမ၊ ကဲ… ရိုက်တော့လေ၊ မမ ထပ်ရိုက်လိုက်ပါဗျာ"

"မင်းကို မမက ထပ်ရိုက်ရမယ် ဟုတ်လား၊ မမ မင်းကို ထပ်ရိုက်ရမယ် ဟုတ်လား"

ရုတ်တရက် အသားတွေ တဆတ်ဆတ်တုန်ပြီး မျက်ရည်ပေါက်တွေကျရသူက ဒေါ်ကေတာပန်းနုဝေပါ။ သူမ အသည်းနှလုံးတွေ မောင်လေးအတွက်ပါ ခံစား စာနာတတ်ခဲ့ရပြီမဟုတ်ပါလား။

"ဟုတ်ပါတယ် သမီးရယ်၊ သမီးက အခုချိန်ထိ အန်တီမိကို စိတ်နာနေတုန်းပဲလားဟင်"

"ဟင်"

သူမအနား ကြေကွဲဝမ်းနည်းနေသော မျက်နှာလေးများဖြင့် ရပ်နေသူတွေကတော့ ဦးကိုကိုနှင့် ဒေါ်မိမိမေပါ။ အသံတွေ တုန်နေသလို မျက်လုံးတွေက ရီဝေနေပြီး ခေါင်းလေးတွေ ကိုယ်စီငုံ့ထားကြသည်။

"ဟုတ်ပါတယ် သမီးရယ်၊ ချောကလက်လေးတွေ အမြဲ ပေးခဲ့တဲ့ ဦးကိုကိုပါ၊ သမီးလေး မှတ်မိတယ်မဟုတ်လားဟင်၊



သမီးလေးအတွက် ခံစားကြေကွဲခဲ့ရတဲ့ အသည်းနှလုံးတွေကို သမီးလေးသာ သိခဲ့မယ်ဆိုရင် ဦးဦးတို့အားလုံးကို ခွင့်လွှတ်နိုင်ခဲ့မယ်လို့ ဦးဦး ယုံကြည်ထားပါတယ်၊ ခုတော့လေ ဦးဦးတို့မှာရှိတဲ့ စည်းစိမ်ချမ်းသာတွေအားလုံးကို မောင်လင်းထက်နဲ့ ကဗျာတို့အတွက် ဦးဦးတို့နှစ်ယောက်က ပေးခဲ့ပြီး စစ်ကိုင်းတောင်ရိုးကို ထွက်သွားကြတော့မှာပါ"

"သမီးမောင်လေးကို ထားခဲ့ရမယ် ဟုတ်လား ဦးဦး၊ မောင်လေးကို သမီးထားခဲ့ရမယ်"

"ဒါကိုတော့ သမီးလေးပဲ ဆုံးဖြတ်ပေးပါ သမီးလေးရယ်၊ ဒီအချိန်ဟာ သမီးလေးရဲ့ အတိတ်က နာကြည်းချက်တွေအတွက် လက်စားချေစရာ အကောင်းဆုံးအချိန်ပါ။ သမီးလေး အဲဒီလိုလုပ်ရင် ကြေကွဲဝမ်းနည်းဝေဒနာတွေကို တစ်သက်လုံး ခံစားသွားရမယ့်လူက ဟောဟိုက ဦးဦးရဲ့ အပြစ်မဲ့တဲ့သမီးလေး ကဗျာပါ၊ သမီး လက်စားချေမယ်ဆိုလည်း ဦးဦးတို့က သမီးကို ခွင့်လွှတ်နိုင်ပါတယ်"

"အန်တီမိကို သမီးမုန်းတယ်၊ ဦးဦးကို ခွင့်လွှတ်နားလည်ပေးမယ့် သမီးတို့မိသားစုအပေါ် ရက်စက်ခဲ့တဲ့ အန်တီမိကို သမီးခွင့်မလွှတ်နိုင်ဘူး၊ ဒီလောကကြီးမှာ သမီး အမုန်းဆုံးလူဟာ အန်တီမိ"

ခေါင်းလေးကို ခါယမ်းပြောလိုက်သဖြင့် ဒေါ်ကေတာ

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုဝေ၏ မျက်လုံးအိမ်ထဲမှ မျက်ရည်စက်များ လွင့်စင်ထွက်သွားရသည်။

သူမ တစ်သက်လုံးခံစားရတဲ့ ဝေဒနာတွေဟာ သူမဘဝတစ်ခုလုံး ဘယ်တော့မှ မေ့နိုင်တော့မှာမဟုတ်ဘူးလေ။

"မောင်လေးရေ"

"အန်တီမိ"

"မောင်လေးကို ပေးခဲ့ပါ"

"သမီးကို တစ်ယောက်တည်း မထားခဲ့ပါနဲ့"

"မောင်လေး"

ပူလောင်ခါးသီးစွာဖြင့် နားထဲသို့ လျှံတက်လာသည့် အသံတွေ။

"ကျေးဇူးပြုပြီး နားဆင်ပါရှင်၊ ကျွန်မတို့ရဲ့ လေယာဉ်ခရီးစဉ် အမှတ် (……) ဖြင့် ဘန်ကောက်မြို့သို့ လိုက်ပါကြမည့် ခရီးသည်များအားလုံး မကြာခင်အချိန်အတွင်းမှာ ခရီးစတင်ထွက်ခွာတော့မှာမို့ မိမိတို့ရဲ့ ထိုင်ခုံနံပါတ်များမှာ အဆင်သင့်နေရာယူပေးထားကြပါရန် လေးစားစွာဖြင့် ကြိုတင်တောင်းပန်အပ်ပါတယ်ရှင်"

"ဟော…လေယာဉ်တောင်ထွက်တော့မယ်၊ ဆုံးဖြတ်လေ သမီးရဲ့၊ သမီးရဲ့အဆုံးအဖြတ်ကို ဦးဦးတို့အားလုံး အရမ်းသိချင်နေကြတယ်ဆိုတာ သမီးလေး နားလည်ပါ"



"ဟင်း…ဟင်း…ဒီလောကကြီးထဲ သမီးအလိုချင်ဆုံးသမီး အမက်မောဆုံးက ဖြူစင်သန့်ရှင်းတဲ့ အကြင်နာတရားတွေပါ ဦးဦး၊ ဂုဏ်ပကာသနရဲ့ တစ်မျက်နှာတည်းကိုကြည့်ပြီး အဆင့်အတန်းခွဲခြားတတ်လွန်းတဲ့ လူတွေအားလုံးကို သမီး မုန်းတယ်၊ ကိုယ်ချင်းမစာတတ်တဲ့ အသည်းနှလုံး၊ ရက်စက်ယုတ်မာလွန်းတဲ့ နှလုံးသားတွေကို သမီး နာကြည်းတယ်၊ အန်တီမိကို သမီးရဲ့ ဘဝတစ်သက်တာမှာ ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့ဘူးဆိုတာ ဦးဦး ယုံပါ"

ပန်းနုဝေ ချာခနဲ လှည့်ပစ်လိုက်ပြီး ဝိုင်းစက်နေသော မျက်လုံးလေးများဖြင့် ကဗျာ့ဘက်ကို လှည့်ကြည့်လိုက်သည်။

"မမမျက်နှာကို သေသေချာချာကြည့်စမ်း ညီမလေး၊ မမပန်းနုဝေလေ…မမပန်းနုဝေလေ"

"ပန်းနုဝေ ဟုတ်လား၊ မမ ပန်းနုဝေ"

"ဒီမှာကြည့်စမ်း ညီမလေး၊ ဒီဆွဲပြားလေးကိုရော ညီမလေး သိတယ်မဟုတ်လား၊ ညီမလေးကို လင်းထက်ပေးခဲ့တဲ့ အသည်းပုံဆွဲပြားလေး"

"အို…မမ"

မမ လက်ချောင်းလေးနှစ်ချောင်းကြားမှ တွဲလွဲလေး လှုပ်ရှားနေသည့် ဆွဲပြားလေးကိုကြည့်ပြီး မျက်ရည်ပေါက်ကြီးတွေ စီးကျလာရသူက ကဗျာရယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



''မမကို မှတ်မိပြီနော်၊ ကဲ…ဒါဆို ဟိုမှာဘယ်သူလဲဆိုတာ သေသေချာချာ ကြည့်လိုက်စမ်းပါဦး''

''အို…မောင်…မောင်''

''ကဗျာ''

ကဗျာ အားလုံးကို သတိရခဲ့ပြီလေ။

မောင့်ဆီကို အပြေးလေးရောက်အောင် ကဗျာ ပြေးသွားလိုက်သည်။

မောင်ပါ။ ကဗျာသိပ်ချစ်ခဲ့ရတဲ့ မောင်ပါ။ မောင့်ကို ဖွဲလမ်းခဲ့ရတဲ့စိတ်ကြောင့် ကဗျာ ခံစားနေရတဲ့ ဝေဒနာတွေပါ။ မောင် ရောက်လာမှာမဟုတ်တော့ဘူးလို့ သွေးပျက်ချောက်ချားစွာ တုန်လှုပ်ခံစားခဲ့ရတဲ့ ကဗျာ၊ မောင့်ကို ကဗျာ အားရဝမ်းသာစွာ ဖက်တွယ်ထားလိုက်လေသည်။ ယိုင်နေတဲ့ ကဗျာ့ကိုယ်လေး လဲမကျသွားအောင် အလိုက်သိစွာ ပြန်ဖက်တွယ်ထားလိုက်သည်။

''ကဗျာရယ်··ကဗျာ့နားမှာ မောင်ရှိတယ်နော်၊ ကဗျာ ဘာမှ အားမငယ်နဲ့တော့နော် သိလား''

''မောင်…မောင်…မမပန်းနုဝေနဲ့ လိုက်သွားတော့မယ် မဟုတ်လား၊ ကဗျာကိုထားခဲ့ပြီပေါ့ မောင်ရယ်''

မျက်ရည်များပြည့်နေသော မျက်ဝန်းများဖြင့် မမပန်းနုဝေကို ကဗျာ လှမ်းကြည့်လိုက်သည်။

''မမရယ်…ကဗျာ့ကိုသနားရင် မောင့်ကို ခေါ်မသွားပါနဲ့နော်၊ မောင့်ကို ကဗျာ မခွဲပါရစေနဲ့၊ ခွဲမသွားပါရစေနဲ့ မမရယ်''

နာကြည်းကြေကွဲစွာ ပြုံးလိုက်သူက ပန်းနုဝေပါ။

''မမဘဝမှာ ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့တဲ့ လူတစ်ယောက်ကလွဲရင် အားလုံးကို မမ ခွင့်လွှတ်နိုင်ပါတယ် ကဗျာ၊ ရော့…ဒီပစ္စည်းနှစ်ခုကို မင်းတို့နှစ်ယောက် ပြန်ယူထားလိုက်ကြပါတော့''

''အို''

အသည်းပုံဆွဲပြားလေးနှစ်ခုကို ကဗျာ့လက်ထဲအရောက် မမ ပေးအပ်ခဲ့ပြီးဖြစ်သည်။

''မောင်လေး''

''ဗျာ…မမ''

''မမကို မင်းသိပ်ချစ်လားဟင်''

''ချစ်တာပေါ့ မမရယ်''

''ချစ်ရင် မမပါးလေးကို မင်း နမ်းပါကွာ''

လင်းထက်. မမကို နမ်းလိုက်လေသည်။

''မမရယ်''

ထိခိုက်ကြေကွဲ ရင်နင့်ရသည့်မြင်ကွင်း။

လေယာဉ်ကြီးရှိရာကို တစ်လှမ်းချင်း ကျောခိုင်းထွက်ခွာသွားတဲ့ မမကိုကြည့်ပြီး ကျွန်တော်တို့အားလုံး ဝမ်းနည်းစွာ ကျန်ခဲ့ရတော့မယ်ဆိုတာ မမ သဘောပေါက်မှာပါဗျာ။ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



နေ့မှာ မမရှိနေမယ့် ဂျပန်ပြည်ကို ကျွန်တော်တို့ ရောက်လာကြမှာပါ။ ကဗျာရဲ့လက်လေးတွေကိုဆုပ်ရင်း လေယာဉ်လှေကားထိပ်ကို ရောက်သွားသည့် မမကို သူတို့အားလုံး လက်လေးတွေဝှေ့ယမ်းပြနေသည်ကိုတော့ မမမြင်တွေ့နိုင်မည် ထင်ပါသည်။

မမရယ်....

တစ်သက်တာ ထာဝရအတွက် နှုတ်ဆက်ခြင်းမျိုးမဟုတ်တဲ့ နှုတ်ဆက်ခြင်းတွေနဲ့ ကျွန်တော်တို့ လက်လေးတွေကို ပြမိတာပါ။

ကဗျာက မောင့်လက်မောင်းလေးတစ်ဖက်ကို အားကိုးတကြီး ဆုပ်ဖက်တွယ်လိုက်သည်။ ကဗျာရဲ့ ရှိုက်သံလေးကတော့ တသိမ့်သိမ့်လေး လွှင့်ပျံနေဆဲပါပဲလေ။

သင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com